
www.burmeseclassic.com
ပုညခင်စာအုပ်တိုက်
BURMESE CLASSIC .com
ပုညခင်
မမုန်းနိုင်
www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

မမုန်းနိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

❧ ❧ ❧

"ဟာ ... ဟော့ကောင် မောင်ကြီး ... လျှော့ ... လျှော့၊ မင်းကားကို အရှိန်လျှော့၊ ရှေ့မှာ ဖုန်တထောင်းထောင်းနဲ့ ဘာများဖြစ်နေလဲ မသိဘူးကွ ..."

မောင်မောင်ကြီးသည် ကားထဲမှ သူငယ်ချင်းတွေရဲ့ အလန့်တကြား အော်ဟစ်သံကြောင့် ကားကို အရှိန်လျှော့ကာ နေကာ မျက်မှန်ကို နဖူးပေါ်သို့ ပင့်တွန်းတင်လိုက်ပြီး ရှေ့နားက မြင်ကွင်းကို သေချာလှမ်းကြည့်မိခိုက်မှာ ရင်ထဲ အသည်းထဲ ကလီစာထဲကပါ ကြက်သီးစိမ့်ဖြာသွားရသည်။ ပြီးတော့ ... စိတ်ထဲက 'ရှေ့မှာ ရန်သူ ... ရန်သူ' ဟု အော်ဟစ်လိုက်မိလေသည်။

မောင်ကြီးရဲ့ ရန်သူ (သို့မဟုတ်) အဖေ့ရဲ့ ချစ်လှစွာသော ငယ်သူငယ်ချင်း တောသား တစ်အုပ်တမကြီးသည် ငှက်ပျောခိုင်ထမ်းသူက ထမ်း၊ ပိန္နဲသီးတွဲကို ဆွဲသူကဆွဲ၊ ဘူးသီး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသည့် တောင်းကို ရွက်သူကရွက်၊ ဖောင်းဖောင်းကားကား ပိုနန်အိတ်အကြီးစားကြီးတွေကို လွယ်သူကလွယ်၊ ငါးခြောက်တွဲကို ဆွဲသူကဆွဲဖြင့် မောင်ကြီးရဲ့ အရှေ့ဆီမှာ ဖုန်တထောင်းထောင်းထအောင် ခပ်သုတ်သုတ် လျှောက်လျက်ရှိလေသည်။

မောင်ကြီးတို့ နေထိုင်သည့် လမ်းသည် ကတ္တရာလမ်း ဖြစ်သော်လည်း ထိုလမ်းသွယ်သို့မရောက်မီမှာ မြေလမ်းတစ်ခုကို ဖြတ်ရ၏။ ထိုမြေလမ်းသည် နွေရာသီဆို ဖုန်ထူလှပေရာ ခုလိုလူစုလူဝေးဖြင့်သွားလာလေသောအခါ ဖုန်တထောင်းထောင်းထ၍ လာခြင်းတည်း။ မောင်ကြီးသည် ထိုလူအုပ်ကြီးဟာ ကိုယ့်အိမ်မှာ ရက်ရှည်ကြာအောင် တည်းခိုနေထိုင်တော့မည့် အဖြစ်ကို ကြိုတွေးမြင်ယောင်ကာ ကားစတီယာရင်ကို တင်းတင်းကြီးဆုပ်လျက် ကြက်သီးထလို့မှ မဆုံးခင် သူငယ်ချင်းတွေက ထိုလူအုပ်ကြီးကို လှမ်းမျှော်ကြည့်ရင်း …

"ဒါ … မင်း ဖားသားကြီး ရွာက ဧည့်သည်တွေထင်တယ်ကွ …"

"ဟာ … ဟုတ်တယ်ဟေ့၊ ဒါဆို ငါတို့ မလိုက်တော့ဘူး၊ ရပ် … ရပ် … ကားရပ်တော့ …၊ ငါတို့ ဒီမှာပဲ ဆင်းပြီး ကားပြန်ငှားသွားတော့မယ်"

မောင်ကြီးက ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ရင်း …





"လိုက်ခဲ့ပါကွ … မင်းတို့ကလည်း …"

"ဟာ … မလိုက်ရဲပါဘူးကွာ၊ ကြောက်လို့ပါ၊ ဟိုတစ်ခါ ဆုံကတည်းက ကြောက်လွန်းလို့ပါ …"

"ဟုတ်တယ် မောင်ကြီး …၊ မင့်ရွာသားတွေက မလွယ်ကြောကြီးတွေကွ၊ တော်ကြာနေ အလကား အခြောက်တိုက် ဆုံးမခံနေရပါဦးမယ်ကွာ …"

"ဟီး ဟီး … မင်းတော့ ကံဆိုးသူမောင်ရှင်ပဲ ဟေ့ကောင်ရေ …၊ ခံပေဦးတော့ …၊ ငါတို့တော့ လစ်ပြီ … ဘိုင့်ဘိုင် …"

အိမ်မှာ ညအိပ်ဖို့ လိုက်လာသော သူငယ်ချင်းလေးယောက်လုံးက မောင်ကြီးကားပေါ်မှ အလျင်စလို ဆင်းကာ တာ့တာပြသွားကြလေသည်။

ထိုအဖြစ်ကြောင့်ပင် မောင်ကြီးရဲ့ ဒေါသတွေသည် တောသားတစ်အုပ်ဆီသို့ ကျရောက်သွားရ၏။

သို့သော် … သူ့ဘာသာ သေအောင် မချိဒေါသတွေ ဖြစ်နေလည်း ဒီတောသားတစ်အုပ်ကိုတော့ဖြင့် သူ လုံးဝမနိုင်ချေ …။

ထိုတောသားများသည် မောင်ကြီးအဖေ၏ ချစ်လှစွာသော ငယ်ပေါင်းသူငယ်ချင်းများပေတည်း …။

အဖေသည် ခုချိန်မှာ လူရှိန်စရာ သူဌေးတစ်ယောက်ဖြစ်နေသော်လည်း ခြောက်အိမ်တန်း ရွာကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့ရသော သူ့ငယ်ဘဝကို မမေ့လျော့ခဲ့ခြင်းကပင် မောင်ကြီးရဲ့ ဘဝတစ်ခုလုံးကို အခက်တွေ့စေခဲ့တာ ဖြစ်သည်။

အဖေ့ရဲ့ အမည်နာမကား ဦးဖိုးမောင် ခေါ် ဦးမောင်မောင် ...၊ ငယ်နာမည်က ချက်စူ ...။ သူ့ရွာကလူတွေရဲ့ အခေါ်ကတော့ ဗိုလ်ချက် ...။

အဖေသည် ရန်ကုန်မြို့ကြီးမှာ လုပ်ငန်းရှင်ကြီးအဖြစ် ဝံ့ဝံ့ထည်ထည်နေကာ နိုင်ငံခြားသို့ အခေါက်ခေါက်သွားနေသော်လည်း ဦးဖိုးမောင်အမည်ဖြင့် နေမြဲ ...။ သူ့ကို ဗိုလ်ချက်ဟု ပျစ်ပျစ်နှစ်နှစ် အော်ကြီးဟစ်ကျယ် ခေါ်တတ်သော သူ့သူငယ်ချင်း တောသားများနှင့် လည်ပင်းဖက်၍ ပေါင်းဆဲ ...။ 'တို့က တောသားပါကွ ...'ဟူသော စကားကို မကြာခဏ အပ်ကြောင်းထပ်မျှ ပြောဆို ကြွေးကြော်မြဲ ...။

မောင်ကြီး ဘဝတစ်ခုလုံးကို အခက်တွေ့အောင် အဖေလုပ်ခဲ့ပုံကတော့ ... မောင်မောင်ကြီးဟူသော ရှေးရိုးဆန်ဆန် နာမည်တစ်ခုကို မှည့်ခေါ်ပေးခဲ့ခြင်းပင် ...။ အီမိုစတိုင်လ်ဆံပင်၊ ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ဝတ်ကာ အမိုးဖွင့် ပြိုင်ကားလေးကို မောင်း၍ နိုက်ကလပ်၊ ကစားကွင်း၊ စားသောက်ဆိုင်၊ ရှော့ပင်းစင်တာတွေမှာ လှည့်လည်သွားလာနေသော၊ စင်ကာပူမှာ တောင် ကျောင်းသွားတက်ခဲ့ဖူးသော သူလို ဒီဇိုင်း လန်းလန်း လူငယ်လေးနဲ့ အဖေပေးတဲ့နာမည်ဟာ ဘယ်လိုမှ မအပ်စပ် ...။

ပြီးတော့ ... အဖေဟာ သူ့ကို ဒက်ဒီတွေ ပါပါ





တွေ ဖေဖေတွေ ခေါ်တာ လုံးဝမကြိုက်သဖြင့် 'အဖေ'ဟုသာ ခပ်တုံးတုံး ခေါ်ရသည်။ အဖေက မောင်ကြီးကို မကြာခဏ တောဝါဒတွေခြွေမိန့်ကာ တောဇာတ်သွင်းသော်လည်း မောင်ကြီးက တောစိတ်မပေါက် ...။ တောသားတွေကိုလည်း အထင်မကြီး၊ တောကိုလည်း မခင်တွယ်ချေ ...။

မောင်ကြီးသည် ရှေ့မြင်ကွင်းထဲက တောသားတစ်အုပ် ပျောက်ကွယ်သွားတော့မှ စိတ်မသာယာစွာဖြင့် ကားစက်နှိုးလိုက်ရ၏။

မောင်ကြီး၏ကား ခြံရှေ့သို့ရောက်လာတော့ ခြံရှေ့မှာ ရောက်နှင့်နေသော တောသားတစ်အုပ်ကို တွေ့လိုက်ရသည်။ ထိုတောသားများသည် ခြံထဲသို့ လှမ်းမျှော်ကြည့်ရင်း တကြော်ကြော် လှမ်းအော်ခေါ်လျက်ရှိသည်မှာ ...

"ဗိုလ်ချက်ရေ ... ဗိုလ်ချက်၊ ချက်စူရေ ... ငါတို့လာတယ်ဟေ့၊ တံခါး ဖွင့်ပေးပါဦးကွ ..."

"ဗိုလ်ချက်ရေ ... ဒီမှာ သံချောင်းရော၊ ကျောက်ခဲရော၊ ဝက်ပေါ်ရော ပါလာတယ်ဟေ့ ..."

တစ်ယောက်တစ်ပေါက် အော်ခေါ်နေသံများကြောင့် တစ်ဖက်အိမ် ဝရန်တာဆီမှ လူတွေရပ်လာကြည့်ကြ၏။ လမ်းသွားလမ်းလာတွေက ပြုံးစိစိလုပ်သွားကြ၏။ အဖေတော့ မသိ ... မောင်ကြီးကတော့ ရှက်လာကာ ကားပေါ်မှ ကမန်းကတန်း ဆင်းလာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ … ဒီမှာ … ကျေးဇူးပြုပြီး အဲဒီလောက် အော်စရာ မလိုပါဘူး၊ ဒီမှာ ဘဲလ်ရှိတာပဲဗျ၊ ဘဲလ်ကိုနှိပ်ပေါ့ …”

ဟု လှမ်းပြောလိုက်လျှင် တောသားတစ်အုပ်ရဲ့ ခေါင်းတွေက မောင်ကြီးဘက်သို့ ချာခနဲ လှည့်လာကာ …

“ဟာ … မင်း … ဗိုလ်ချုပ် သား မဟုတ်လား၊ မိန်းမရေ ကြည့်စမ်းပါဦး … ဗိုလ်ချုပ်သားက ဗိုလ်ချုပ် ငယ်ငယ်က ရုပ်အတိုင်းပဲ၊ တစ်ပုံစံတည်းပဲ”

“ဟုတ်ပါ့တော် …၊ ဒါပေမယ့် ဆံပင်ပုံစံကတော့ မတူဘူးတော့ …၊ ဟဲ့ ဖိုးသား … နင့်ဆံပင်က ဘာလို့ ကြက်အမောက်နဲ့ တူနေရတာလဲ …”

အဒေါ်ကြီး၏ မေးခွန်းကြောင့် မောင်ကြီးမျက်နှာ ရှုံ့မဲ့သွားကာ …

“ဒါ … အီမိုဗျ … အီမို …”

“ဘာ … အီငို … ဟုတ်လား”

“အီမိုပါဗျ၊ တော်ပါပြီဗျာ …၊ ရှင်းပြလည်း နားလည်မယ့် ပုံ မဟုတ်ပါဘူး၊ ဒါနဲ့ ဦးလေးတို့လူအုပ်က များလှချည် လား၊ ဒီလောက် လူတွေအများကြီး ရန်ကုန်တက်လာ တော့ ရွာမှာ အလုပ်ပျက် အကိုင်ပျက်တွေ ဖြစ်ကုန်တော့ မှာပေါ့ …”

“အလုပ်အကိုင် မပျက်ပါဘူး၊ စပါးပေါ်ပြီးပြီဆိုတော့ ငွေစလေး ဘာလေး ရှင်နေကြတာနဲ့ ရွှေလေးဘာလေး





လည်း ဝယ်ရ၊ အလည်အပတ်လေးလည်း ထွက်ရအောင် ရန်ကုန်တက်လာကြတာကွယ့် …”

“မမေးမစမ်းနဲ့ ရန်ကုန်တက်လာတော့ ဦးလေးတို့ ပင် ပန်းကြတော့မှာပဲ၊ ရန်ကုန်နေက ပူမှပူဗျာ …၊ ရာသီဥတု ပူလွန်းလို့ အပူဒဏ်ကာကွယ်ရေး နှီးဆော်ချက်တွေတောင် သတင်းစာထဲ တီဗီထဲမှာ အဆက်မပြတ်ပါနေတာ မမြင် ဘူးလား၊ နေ့ခင်း နေ့လယ်ဘက် ကားတွေကို ဆီလာ မထည့်ဖို့တောင် ခာတ်ဆီဆိုင်က မေတ္တာရပ်ခံထားရတာ၊ အပူဒဏ်မိပြီး ဖျားနာသေတဲ့လူတွေတောင် ရှိတယ်ဗျ၊ ဒီအချိန်ကြီးမှာ ဦးလေးတို့ တစ်နေကုန် လျှောက်သွား နေရင်တော့ အပူရှပ်ပြီး ဂန့်မှာသေချာတယ် …”

“ဟား … ဟား … ဟား …”

“ခိ … ခိ … ဟင်း ဟင်း …”

မောင်ကြီးရဲ့စကားကို မျက်လုံးအပြူးသားဖြင့် နား ထောင်နေသော တောသားတစ်အုပ်မှာ မောင်ကြီးစကားဆုံးတာ နှင့် တဝါးဝါး တဟားဟား ရယ်ချလိုက်ကြတာမို့ သူတောင် လန့်ဖျပ်သွားရလေသည်။ သူ့စကားက ဘယ်လောက်တောင် ရယ်ရသလဲတော့ မသိ …၊ မိန်းမတွေကလည်း ဗိုက်နှိပ်ရယ်၏။ ယောကျ်ားတွေကလည်း ဝါးလုံးကွဲရယ်၏။ မောင်ကြီးသည် ထိုလူစုကို အံ့သြလန့်ဖျပ်နေရင်းက …



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲဗျ၊ ကျွန်တော့်စကားထဲမှာ ဘာများ ရယ်စရာပါလို့လဲ ..."

ဟု အော်လိုက်တော့မှ ရယ်သံတွေက နည်းနည်း ပတ်တုတ်သွားကြကာ ...

"မင်းစကားက တကယ်ရယ်ရလို့ပါကွာ၊ မင်း တော်တော် နောက်တတ်တဲ့ ကောင်ပဲကွ ..."

"ကျွန်တော် ဘာနောက်လို့လဲ၊ ဘာမှမနောက်ဘူး ..."

"ဟ ... မင်းစကားကို မင်း ပြန်စဉ်းစားကြည့်ဦးလေကွာ၊ ငါတို့က တောသားတွေကွ၊ ခုနေပူလိုက်၊ ခုရေစိုလိုက်နဲ့ လယ်ထဲဆင်းနေတဲ့ သူတွေ ...၊ လရောင်အောက်မှာ လျှောက်သလိုမျိုး နေရောင်အောက်မှ စိမ်ပြေနပြေ လျှောက်လာတဲ့ ကောင်တွေ၊ မင်းတို့ ရန်ကုန်နေပူတာ လောက်ကတော့ ပျင်းတောင်ပျင်းသေးဗျာ ..."

ဟုတ်တော့လည်း ဟုတ်ပေသား ...။ သူကလည်း ဒီအုပ်စုကြီးကို ရန်ကုန်က မြန်မြန်ပြန်စေချင်ဇောဖြင့် ပြောခဲ့မိတာပင် ...။ ဒီလူတွေအားလုံးသာ မောင်ကြီးတို့အိမ်မှာ ရက်ကြာကြာ တည်းမယ်ဆိုရင်ဖြင့် မောင်ကြီးလည်း ဘယ်သွားနေရမှန်း မသိတော့ပါ။

မှန်း ... ဘယ်နှယောက်ပါလိမ့် ...။ မောင်ကြီးက သူတို့အုပ်စုဆီ ကဲကြည့်ကာ စိတ်ထဲကနေ ရေတွက်ကြည့်မိ





သည်။ အိမ်ကို မကြာခဏ လာနေကျ အဖေ့သူငယ်ချင်း စုံတွဲက နှစ်တွဲ၊ သူတို့ရဲ့ အမျိုးတွေလား ဘာတွေလားမသိသော ဦးလေးကြီးနှင့် အဒေါ်ကြီးတစ်ယောက်၊ တူ တူမလား သားသမီးလား မသိသော မောင်ကြီးအရွယ် ယောကျ်ားလေးက နှစ်ယောက်။ ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးက နှစ်ယောက်။ ဘုရား ... ဘုရား စုစုပေါင်း ... ဆယ်ယောက်တောင်ပါလား။ မောင်ကြီးတို့အိမ်က ကျယ်ဝန်းသည်မှန်သော်လည်း ဒီလောက် လူအများကြီးနဲ့ဆို နေရာတကာ သူတို့မျက်နှာချည်း ဖြစ်နေတော့မှာ။ ပြီးတော့ သူတို့က အလိုက်သိကြတာလည်း မဟုတ်။ အဖေ့ရဲ့ 'ကိုယ့်အိမ် ကိုယ့်ရာလို သဘောထားပြီးနေကြ' ဟူသော စကားကို မြေဝယ် မကျ နားထောင်ကြမည့်သူတွေချည်း ...။

မောင်ကြီးသည် အဖမသိခင် ဒီလူအုပ်ကို ဘယ်လို ပထုတ်ရရင် ကောင်းမလဲဟု စဉ်းစားကာ ...

"ဒါနဲ့ ... ဦးလေးတို့က ရန်ကုန်ရောက်တုန်းရောက်ခိုက် အဖ့အတွက် ရှာလက်ဆောင်တွေ လာပေးကြတာထင် တယ်၊ ပြီးရင် တည်းတဲ့နေရာကို ပြန်ကြမှာမဟုတ်လား"

"ဟာ ... မပြန်ပါဘူးကွာ၊ စိတ်ချပါ၊ မင်းတို့အိမ်မှာပဲ တည်းမှာပါ၊ ရန်ကုန်ရောက်တာတောင် ဗိုလ်ချုပ်အိမ်မှာ မတည်းဘဲ တခြားမှာ သွားတည်းရင် အားနာစရာတွေ ဖြစ်ကုန်မှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အံမယ် … သူတို့ လာတည်းတာကိုတောင် ဒီက လူတွေက ကျေးဇူးတင်ရတော့မလို …။ မောင်ကြီးက ဘယ်နည်း ထပ်သုံးရင် ကောင်းမလဲဟု စဉ်းစားကာ …

"အင်း … ရန်ကုန်မှာလည်း ဘာမှ ထွေထွေထူးထူး သွားစရာ မရှိပါဘူး၊ နှစ်ရက်လောက် လည်လိုက်ရင် နှံ့ပါတယ်"

"နှစ်ရက်လောက်နဲ့တော့ မနှံ့ပေါင် မောင်ရာ …၊ ဦးကြီးတို့က ပဲခူးတို့ သန်လျင်တို့ကိုပါ နေ့ချင်းပြန် ဘုရားဖူးသွားချင်သေးတာ၊ ပြီးတော့ … နောက်တစ်ပတ် ရုံတင်မယ့် ရုပ်ရှင်လေးပါ စောင့်ကြည့်ပြီးမှပြန်ကြမှာ၊ ဗိုလ်ချုပ်ကလည်း ဦးကြီးတို့ကို ကြာကြာနေဖို့ ဆွဲထားဦးမှာဆိုတော့ အနည်းဆုံးတော့ ဆယ်ရက်လောက် နေဖြစ်သွားမှာပဲ …"

မောင်ကြီး တော်တော် စိတ်ဆင်းရဲသွားပါသည်။ ဒီတောသားတွေ ရောက်လာပြီဆို အိမ်မှာ နေရထိုင်ရတာလည်း မလွတ်လပ် …။ သူငယ်ချင်းတွေကို အိမ်ခေါ်လာလို့လည်း အဆင်မပြေ …။ တစ်နည်းကြံဦးမှ …။

"ဦးလေးတို့ လာလည်တော့လည်း အဖေ ဝမ်းသာမှာပါပဲ၊ ဒါပေမယ့် အဖေ့ခမျာ သနားစရာ …"

"ဘာဖြစ်လို့တုန်းကွ …"





"အဖေ့ကို ဗေဒင်က ဟောထားတယ်၊ ခုရက်ပိုင်းအတွင်း အိမ်မှာ ဧည့်သည် လက်မခံပါနဲ့တဲ့၊ လက်ခံရင် ကျန်းမာရေး၊ စီးပွားရေး ထိခိုက်မယ်တဲ့ …"

"ဟေ … ဟုတ်လား"

"အဖေကတော့ ဦးလေးတို့ကို အားနာလို့ ဘာမှပြောမယ် မထင်ပါဘူး၊ ဦးလေးတို့ဘာသာ အလိုက်တသိနဲ့ မြန်မြန် ပြန်ကြရင်ကောင်းမယ်၊ အဲ့ … အဲ့ဒါမှ … ဟင် …"

မောင်ကြီးက ညာဖြီးနေဆဲမှာ အိမ်ထဲမှ အဖေ ထွက်လာတာကို လှမ်းမြင်လိုက်ရတာမို့ စကားမဆက်ဘဲ နေလိုက်ရင်း စိတ်ထဲမှာတော့ 'ပြဿနာပဲ'ဟု အကြိမ်ကြိမ် ရေရွတ်နေလိုက်မိသည်။

ထိုခဏမှာပဲ တောသားတစ်အုပ်က အဖေ့ကို လှမ်းမြင်သွားကြကာ ကျယ်လောင်လှစွာသော အသံများဖြင့် အုတ်အော်သောင်းနင်း နှုတ်ဆက်လိုက်သည်။

"ဟာ … ဗိုလ်ချုပ် လာပြီ … ဗိုလ်ချုပ်၊ ဟော့ကောင် ဗိုလ်ချုပ် မင်းကို အော်ခေါ်နေတာ ကြာပြီကွ၊ မင်းကွာ သူဌေးဖြစ်ပြီး ခြံစောင့်လေးဘာလေးတောင် မထားနိုင်ဘူးလား …"

"ခြံစောင့် မထားပေမယ့် ငါ့ခြံတံခါးက ရိမုနဲ့ လှမ်းဖွင့်ပေးလို့ရတဲ့ တံခါးကွ၊ မင်းတို့ကဘဲလ်နှိပ်မှ ငါက အထဲကနေ လှမ်းဖွင့်ပေးနိုင်မှာပေါ့၊ မင်းတို့ကွာ … လာမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောရောပေါ့၊ ငါ ကားလွတ်ကြိုခိုင်းမှာပေါ့၊ ဟာ ... ဒီတစ်ခါတော့ လူစုံတက်စုံပါပဲလားကွဟေ ...”

“စုံတယ်ဟေ့ ...၊ ဒါက တို့သူငယ်ချင်း မကျည်းတန်ရဲ့ သားနဲ့ သမီးပဲ၊ ကျောင်းပိတ်တုန်း မင်းအိမ်ရောက်ဖူးအောင်လို့ ခေါ်လာတာ ...၊ ဒါက ကြီးတော်ဂွက်ထော်ရဲ့ မြေးနှစ်ယောက် ...၊ ဒါက ဖိုးတုတ်ရဲ့ သမက် ...”

“ဟ ... ဖိုးတုတ်က သမက်တွေ ဘာတွေတောင် ရနေပြီလား၊ သူ့သမီးက ဘယ်အရွယ်မို့လို့လဲ ...”

“၁၆ နှစ် ရှိပြီလေကွာ ...”

“ဟုတ်လား ... ဟား ... ဟား ... ဒီကောင် အေးမိကို ယူတုန်းကလည်း ၁၆ နှစ်ပဲကွ၊ ကဲ ... လာ ... လာကြ ဝင်ကြ ...”

အဖေက ခြံတံခါး ဖွင့်ပေးလိုက်သော်လည်း တောသားတွေက ခြံထဲသို့ လှမ်းဝင်မလာဘဲ ...

“မဝင်တော့ပါဘူးကွာ ...”

“ဟ ... ဘာဖြစ်လို့လဲ၊ ဟား ... ဟား ... သိပြီ၊ မင်းတို့ အကြာကြီး အော်ခေါ်နေရလို့ ငါ့ကို စိတ်ကောက်နေကြတာလား”

“မဟုတ်ပါဘူးကွာ၊ ငါတို့ကို လက်ခံလိုက်ရင် မင်းရဲ့ ကျန်းမာရေး၊ စီးပွားရေးတွေ ထိခိုက်မှာစိုးလို့ပါ”

“ဟေ ...”





မြတ်စွာဘုရား ...။ ဒီလူတွေတော့ မောင်ကြီးကို ပျားတုပ်ခံရအောင် လုပ်တော့မှာပါလား။ မောင်ကြီးသည် ကြက်သီးထလာကာ ထိုလူအုပ်ကို ကပျာကယာ ကျော်ခိုင်း၍ ရပ်ထားသော ကားဆီသို့ ပြန်လျှောက်လာဆဲ ...

“ငါက ဘာလို့ ထိခိုက်ရမှာလဲ ...”

“မင့်သား ခုပဲပြောလို့ ငါတို့သိရတာ၊ မင်းကို ဗေဒင်က ဧည့်သည် လက်မခံဖို့ ဟောထားတယ်ဆို ...”

“ဟေ ...”

အဖေ့ ဟေသံက မိုးကြိုးပစ်လိုက်သလို စူးရှစွာ မြည်ဟည်းသွားပြီး တစ်ဆက်တည်းမှာပင် ...

“ဟေ့ကောင် ... မောင်ကြီး”

“ဗျ ... ဗျာ ...”

“မင်း ဘာတွေလျှောက်ပြောထားတာလဲ”

“ဟို ... ဗေ ... ဗေ ... ဗေ ...”

“ကိုကြီး ... ကိုကြီး ... ဗေလုဝလား၊ ဗေလုဝလို့ ပြောမလို့လား၊ ဗေလုဝပါတဲ့ ရုပ်ရှင် သားတို့လည်း ကြည့်ချင်တယ်”

ကလေးက ဝင်ပြောလိုက်တော့မှ အဖေက အာရုံပြောင်းသွားကာ မောင်ကြီးကို မျက်ထောင့်နီဖြင့် တစ်ချက်လှမ်းကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး … ကြည့်ရမှာပေါ့ကွာ၊ လာ … လာ … အိမ်ထဲဝင်ကြ၊ ဖေဒင်တွေ ဘာတွေ ငါအယုံအကြည်မရှိပါဘူးကွာ၊ အလကားပါ … မောင်ကြီးက သူ့အသိဖေဒင်ဆရာ တစ်ယောက် ဟောသွားတာကို စိတ်စွဲပြီး ပြောနေတာပါ၊ ဟော့ကောင် မောင်ကြီး …"

"ဗျာ … အဖေ …"

"အထုပ်အပိုးတွေ ကူသယ်လိုက်ဦး"

"မနိုင် … မနိုင် …"

"မင်း အခြောက်လား …

"ဟာ … မဟုတ်ပါဘူး အဖေကလည်း …"

"အခြောက်မဟုတ်ရင် ဒီလောက်တော့ နိုင်မှာပေါ့၊ ဟိုငှက်ပျောတစ်ခိုင် မင်းဆွဲလာခဲ့ …"

"ဟုတ် … ဟုတ်ကဲ့ …"

မောင်ကြီးက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ငှက်ပျောခိုင်ကိုဆွဲကာ ကားပေါ်သို့ မ,တင်လိုက်ပြီး ခြံထဲသို့ ကားမောင်း၍ဝင်လာပါသည်။

ဧည့်ခန်းထဲမှာတော့ အဖေနှင့် တောသားတစ်အုပ်သည် ဆူဆူညံညံ ဖက်လှဲတကင်း စကားတွေပြောနေကြသည်။ တောသားပြောသော တောစကားတွေမို့ နားဝင်မချို …။ အသံတွေက တစ်ယောက်တစ်ပေါက် ကျယ်လောင်ကျယ်လောင် …။ အီတာလျံ မွေးပွကော်ဇောခင်းပြီး လည်သာ ဆိုဖာဆက်တီကြီး





တွေ ချခင်းထားသော ခမ်းနားထည်ဝါသည့် ဧည့်ခန်းကြီးနှင့်မှ မလိုက် … ဧည့်ခန်းထဲမှာရောက်နေကြသော တောသား ဖြုတ်စဖျင်းတောင်းတွေကို သူ ကြည့်မရတာမို့ နှုတ်ခမ်းကို ရွဲ့လိုက်ချိန်မှာ အဖေ လှမ်းကြည့်တာနှင့် ဆုံသွားတာမို့ ရွဲ့ရာကနေ ကမန်းကတန်း ပြုံးပြလိုက်ရသည်။ အဖေက သူ့တောသားတွေနှင့် စကားပြောရင်းက ပင် 'မင်းနော် … မင်း … သတိထား၊ ပြီးရင် ငါနဲ့တွေ့မယ်' ဟု အဓိပ္ပာယ်သက်ရောက်သော ကြိမ်းဝါးခြိမ်းခြောက်သည့် အကြည့်မျိုးဖြင့် သူ့ကို လှမ်းလှမ်းကြည့်နေတာမို့ အဖေ့မမြင်ကွယ်ရာ အပေါ်ထပ်သို့ ခပ်မြန်မြန်လေးဟက်ခဲ့ရပါသည်။

"ဟဲ့ … သား … မျက်နှာကြီးက စူပုပ်ပုပ်နဲ့ ဘာဖြစ်လာတာလဲ …"

အပေါ်ထပ်ရောက်တော့ အမေက လှမ်းမေးတာမို့ တိုင်တည့်စရာ ရသွားကာ …

"အဖေပေါ့ …"

"မင်း အဖေနဲ့ ဘာဖြစ်လာပြန်ပြီလဲ …"

"အောက်မှာ အဖေ့သူငယ်ချင်း တောသားတွေ ရောက်နေပြန်ပြီလေ …၊ အမေ မကြားဘူးလား၊ ဒီလောက် ဆူညံနေတာကို …"

အမေက အပေါ်ထပ် ဧည့်ခန်းထဲမှာ ထိုင်၍ တီဗီကြည့်နေတာမို့ တီဗီကို ရီမုဖြင့် လှမ်းပိတ်လိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အမေ တီဗီကြည့်နေလို့ မကြားတာဖြစ်မယ်၊ အခန်းကလည်း အဲကွန်းဖွင့်ပြီး အလုံပိတ်ထားတာလေ"

မောင်ကြီးက အမေ့ဘေး ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ...

"အဖေ့ကြောင့် စိတ်ညစ်ပါတယ် အမေရာ ...၊ အမေလည်း အဖေ့ကို နည်းနည်းပါးပါး ကြည့်ကျက်ပြောပါဦး၊ ဒီလောက်ချမ်းသာတဲ့ သူဌေးကြီးပဲဖြစ်နေပြီ၊ ဒီတောသားတွေနဲ့ လည်ပင်းဖက် ပေါင်းနေတာ မသင့်တော်ပါဘူး"

"အမေလည်း အရင်တုန်းကတော့ ခဏခဏ ပြောပါတယ် သားရယ်၊ ဒါပေမယ့် မင်းအဖေကမှ နားမထောင်တာ ...၊ သူ ပျော်သလိုနေတာ နေပါစေပေါ့ သားရယ်"

"ကြည့်မရဘူးဗျာ ... အဲ့ဒီ တောသားတွေကို၊ အဖေ့ကုမ္ပဏီမှာဆို ... အဖေ့ကို လူတိုင်းက ဆရာ ဆရာနဲ့ လေးစားတယ်၊ သူတို့ ပါးစပ်ထဲရောက်ရင် အဖေက ဖိုလ်ချက်ဖြစ်ရော၊ ချက်စူဖြစ်ရော ..."

"အဲ့ဒါက ဖျောက်မရတော့တဲ့ ငယ်နာမည်လေ သားရဲ့၊ မင်းအဖေငယ်ငယ်က ချက်ကလေးစူနေလို့ ချက်စူလို့ တစ်ရွာလုံးက ခေါ်ကြတာတဲ့ ..."

"ဒါပေမယ့် အခု သူဌေးဦးမောင်မောင်ဖြစ်နေပြီပဲ၊ လူရှေ့မရှောင် အော်ကြီးဟစ်ကျယ်နဲ့ ဖိုးမောင်တို့ ဖိုလ်ချက်တို့





ခေါ်ဖို့ မသင့်ဘူးဆိုတာ သူတို့သိရမှာပေါ့၊ တောသားတွေများ ရိုင်းကိုင်းပါတယ် အမေရာ ..."

"ရိုင်းတာမဟုတ်ပါဘူး သားရဲ့၊ ရိုးတာပါ ..."

"အမေကတော့ အဖေ့ဘက်ကချည်းပဲ၊ အဖေ့လို ဝကျကျ လူမျိုးကို အမေ ဘယ်လိုများ မျက်စိကျခဲ့လဲ ..."

"ရိုးတာလေးကိုပဲ မျက်စိကျခဲ့တာပေါ့ သားရဲ့ ..."

ဒေါ်နီနီတင်က သားကို ပြုံးပြုံးလေးပြန်ဖြေရင်း ကိုမောင့်ငယ်ရုပ်သွင်ကို ပြန်မြင်ယောင်လာရပါသည်။ နီနဲ့စတွေ့တော့ ကိုမောင့်ပုံစံက ပုဆိုးတိုတို၊ ဘိုကေတိုတိုနှင့် တကယ့်တောသားပုံစံမျိုးပင် ...။ နီ တက္ကသိုလ် စတက်သည့်နေ့က နီတို့ စာသင်ခန်းထဲကို နောက်ကျမှ ဝင်လာသည့် ကိုမောင့်ပုံစံကိုကြည့်ရင်း နီတို့ အတန်းထဲက လူတွေအားလုံး ကျိတ်ရယ်မိခဲ့ကြပါသည်။

ပုဆိုးတိုတိုနှင့် ရှပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်ထိ ခေါက်ဝတ်ကာ လွယ်အိတ်လွယ်ထားသော ကိုမောင်က အတန်းထဲ မဝင်ခင် အခန်းဝမှာ လက်ပိုက်၍ရပ်လိုက်ပြီး ...

"ဆရာ ... ဝင်ခွင့်ပြုပါ ခင်ဗျာ"

ဟု ဆရာကို လှမ်းအော်ခွင့်တောင်းခဲ့ပါသည်။ သူ့အသံက တော်တော်ကျယ်လောင်တာမို့ ဆရာတောင် လန့်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဝင်ခွင့်ပြုတော့ သူက သူ့ဖိနပ်လေးကို ချွတ်ကိုင်ပြီး အတန်းထဲကို ခါးကလေးကိုင်းကိုင်းနှင့် လှမ်းဝင်လာသည်။ ပြီးတော့ ... ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ရင်း ဖိနပ်ကို ခုံအောက်မှာချသည်။ ပြီးမှ တစ်ခုခုကို သတိရသလိုလိုနှင့် ဆတ်ခနဲ မတ်တတ်ထရပ်ပြန်ကာ ...

"မင်္ဂလာပါ ဆရာ ..."

ဟု အလန့်တကြား နှုတ်ခွန်းဆက်သလိုက်ပြန်သောအခါ အတန်းထဲကလူအားလုံးက ရယ်ချင်စိတ်ကို မအောင့်နိုင်တော့ဘဲ တဝါးဝါး တဟားဟား ပွဲကျသွားကြပါသည်။ သူကတော့ သူ့ကိုဝိုင်းရယ်ကြသည့်သူတွေကို ရိုးစင်းပြုံးကြောင်သည့် အကြည့်မျိုးဖြင့် ခေါင်းချာချာလည်၍ကြည့်ပြီးမှ သူ့ရဲ့ တိုထောင်ထောင် ကတုံးဆံပင်ပေါက်လေးကို တစ်ချက်ပွတ်ရင်း ရှက်ရယ်ရယ်လိုက်ပါသည်။ အဲ့ဒီ အမူအရာလေးဟာ ဘယ်လို ချစ်စရာကောင်းမှန်းမသိ။ နီ့စိတ်ထဲမှာ ဘယ်လိုချစ်စနိုးဖြစ်မိမှန်း မသိ ...။

မောင့်လို တောသားကို မကြိုက်ဖို့ နီ့သူငယ်ချင်းတွေက ဘယ်လောက်ပဲတားတား နီကတော့ ကိုမောင့်ကို ချစ်စနိုးစိတ်ဖြင့် တစ်မျိုး၊ သနားကရုဏာဖြင့်တစ်ဖုံ ချစ်မြတ်နိုးခဲ့မိတာပင်။

တကယ်တော့ ကိုမောင်ဟာ လူဖြောင့်စိတ်တို၊





ဝွကျကျလူမျိုး။ သူများကိုလည်း မတရားမလုပ်၊ သူများက မတရားလာလုပ်လျှင်လည်း ခေါင်းငုံ့မခံ၊ ဘုန်းကြီးကျောင်းမှာနေပြီး တက္ကသိုလ်မှာ ပညာလာဆည်းပူးနေတဲ့ ကိုမောင့်ပုံစံက ဘုန်းကြီးကျောင်းသားပုံလည်း ပေါက်နေသေးသည်။ နီ့သူငယ်ချင်းတွေက ...

"နီရယ် ... နင့်မလည်း ကြိုက်စရာရှားလို့ ဒီလို ဘုန်းကြီးကျောင်းသား တောသားကိုမှ ရွေးကြိုက်ရသလား၊ နင် သူ့ယူရင်တော့ မွဲမှာပဲ ..."

ဟု ကြိုတင် နိမိတ်ဖတ်ကြသော်လည်း နီကတော့ ကိုမောင့်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားမှုနှင့် စိတ်ဓာတ်ကောင်းမြတ်မှုကို ယုံကြည်ကာ ကိုမောင်ဟာ တစ်နေ့မှာ ကြီးပွားချမ်းသာရမယ့် သူမျိုးပဲဟု ယုံကြည်ခဲ့ပါသည်။

နီတို့ လက်ထပ်ပြီးနောက်မှာတော့ နီ ယုံကြည်သလို ဖြစ်လာခဲ့သည်။ အောက်သက်ကြေသော ကိုမောင်ဟာ သူ့ရွာဝန်းကျင်က စပါးတွေကို လိုက်ဝယ်ရသည့် စပါးပွဲစားအလုပ်ကို စ,လုပ်ခဲ့ပြီးနောက်မှာတော့ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ဆန်ကုန်သည်ကြီး ဖြစ်လာခဲ့သည်။ စီးပွားရေး လုပ်ငန်းများစွာကို ချဲ့ထွင်ရင်း ခုတော့ဖြင့် ခြောက်အိမ်တန်းရွာသား ချက်စူ ခေါ် ဖိုးမောင် ခေါ် ဦးမောင်မောင်ဟာ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသော်လည်း ကိုမောင်ဟာ ဘဝမမေ့၊ ခြောက်အိမ်တန်းရွာသားဟု ပြောရမှာကိုလည်း ဂုဏ်ယူ၏။ သူများတကာ သူဌေးတွေလို တန်ဖိုးကြီး အသုံးအဆောင်တွေကို မသုံးစွဲ၊ မဝတ်ဆင်၊ ရှပ်လက်တို လက်ရှည်တွေနှင့် ချည်ပုဆိုးကိုသာ စွဲစွဲမြဲမြဲ ဝတ်ဆင်တတ်သူပင် ...။

"အမေ့ ..."

"ဟေ ... ဟေ ...၊ ပြော ... သား ... ပြော ..."

ဒေါ်နီနီတင် အတွေးကောင်းနေဆဲမှာ သားက နားနားကပ်၍ ခေါ်လိုက်တာမို့ ဒေါ်နီနီတင်က လန့်ဖျပ်၍ပြန်ထူးရသည်။

"အမေကဗျာ ... သားပြောတာ မကြားတော့ဘူးလား၊ ပြုံးပြုံးကြီးနဲ့ ဘာတွေတွေးနေတာလဲ ...၊ အဖေ့အကြောင်း တွေးနေတာ မဟုတ်လား၊ မှန်မှန်ပြော ..."

"အေးဟယ် ... ဟုတ်တယ်၊ မင့်အဖေအကြောင်း တွေးနေတယ် ..."

"လုပ်ပြီ ... အမေတို့ကတော့ အဖေ့ဆို အပြစ်မမြင်ပါဘူး xxx ချစ်ချင်တာပဲ သိတဲ့နော် xxx"

မောင်ကြီးက သီချင်းအော်ဆိုတော့မှ အမေက မောင်ကြီးကို မျက်စောင်းထိုးရင်း ...

"မင်းကတော့ အဖေ့ကို အပြစ်ချည်းမြင်နေတယ်မဟုတ်လား၊ သားအဖေက တကယ့် လူတော်လူကောင်း တစ်





ယောက်ပါ သားရယ်၊ အမေဆို ဘယ်လောက် စိတ်ချမ်းသာရသလဲ ကြည့် ...၊ သူများတကာ သူဌေးတွေဆို ကီပင်နဲ့၊ ကာရာအိုကေ သွားရတာနဲ့၊ ဂေါ့ဖ်သွားသွားရိုက်ရတာနဲ့၊ မင်းအဖေက အပျော်အပါးလည်း ဝါသနာမပါဘူး၊ ကီပင်လည်းမထားဘူး၊ ရိုးရိုးသားသားပဲ နေထိုင်တယ်၊ ဘဝမမေ့ဘူး၊ ဇာတိမမေ့ဘူး၊ လှူရေး တန်းရေးဝန်မလေးဘူး၊ ရွာမှာ မင့်အဘိုးအဘွားတွေ မရှိတော့ပေမယ့် ရွာကျောင်းကလေးကို အမြဲထောက်ပံ့လှူတန်းတယ်၊ ရွာဦးဘုန်းကြီးကျောင်း ဆောက်ပေးတယ်၊ ဘယ်လောက်လေးစားစရာ ကောင်းလဲ ..."

"ဒါပေမယ့် သူဌေးက သူဌေးလိုမနေဘဲ တွေ့ရာလူနဲ့ လည်ပင်းဖက်ပေါင်းနေတော့ အရှိအသေတန်တယ် အမေရ ...၊ သား သူငယ်ချင်းတွေကလည်း အဖေနဲ့ အဖေ့ သူငယ်ချင်းတွေကို ဟားကြတယ်၊ ခုဆို ... အဖေ့သူငယ်ချင်းတွေကို တွေ့တာနဲ့ သူငယ်ချင်းတွေတောင် အိမ်လိုက်မလာတော့ဘူး"

"ဘာဖြစ်လို့လဲ ..."

"အဲ့ဒီ တောသား အူကြောင်ကျားတွေကို စိတ်ပျက်လို့ပေါ့ အမေရာ၊ ဟိုတစ်ခါ ... သား သူငယ်ချင်းတွေနဲ့ အဖေ့ သူငယ်ချင်းတွေ ဆုံပြီးကတည်းက သူတို့ကြောက်သွားတာ၊ တောသားတွေက အိမ်လာသမျှ လူကို အတင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူးပြကြည့် ...၊ အမြင်မတော်ဘူးဆိုပြီး ဆုံးမစကားတွေ ဝင်ပြော၊ ဘာတွေမှန်းကို မသိဘူး၊ ရှုပ်နေတာပဲ ...”

“ရှုပ်နေတာက မင်း ...”

“ဟာ ... အဖေ ...”

အပေါ်ထပ်သို့ တက်လာသော အဖေ့ကြောင့် မောင်ကြီး နည်းနည်းတော့ လန့်သွားသည်။ အဖေက မောင်ကြီးဆီ လျှောက်လာနေရင်း ...

“ငါ့သူငယ်ချင်းတွေ ရှုပ်တာက မင်းရှုပ်တာကို မမီဘူး မောင်ကြီး၊ မင်းကို ငါ တော်တော်ကြည့်မရဖြစ်နေပြီ၊ မင်းရုပ်ကို မြင်လိုက်ရတဲ့သူမှန်သမျှ မင်းဟာ အပိုးမကျိုး၊ လက်ကြောမတင်းတဲ့ ပေါ်ကြော့ သူဌေးသားမှန်း သိတယ်၊ ဘာကိုမှ အလေးအနက်မထားတဲ့ ပေ့ါပေါ့နေ ပေ့ါပေ့ါစား ဆန်ကုန်မြေလေး တစ်ယောက်ကို ပြပါဆိုရင် မင်းကို လက်ညှိုးထိုးပြရမှာပဲ မောင်ကြီး ...”

ဦးမောင်မောင်က သားဖြစ်သူရှေ့မှာ လက်ပိုက်ရပ်လျက် သားကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း တစ်လုံးချင်း လေးနက်စွာ ပြောလိုက်ပါသည်။ ပြီးတော့ ... မေးတစ်ချက်ဆတ်ပြလိုက်ရင်း ...

“ကဲ ... ပြောစမ်းပါဦး၊ မင်းရဲ့အချိန်ဇယားကို ...”

“ခင်ဗျာ ...”





“မနက်အိပ်ရာထကနေ ညအိပ်ချိန်အထိ မင်း ဘာတွေလုပ်တယ်ဆိုတာ ငါ့ကိုပြောပြစမ်းပါ”

မောင်ကြီးက မျက်လုံးကို အပေါ်တစ်ချက်ပင့်ကြည့်၍ စဉ်းစားလိုက်ပြီးမှ ...

“မနက်ဆို ... ၁၀ နာရီလောက်မှာ အိပ်ရာနိုးတယ် အဖေ”

“ဟုတ်ပြီ ... ဆက်ပြော”

“နိုးပြီးတော့ ... အင်း ... နိုးပြီးတော့ ... ဖုန်းတွေပြောတယ် အဖေ ...”

“မျက်နှာ ထမသစ်သေးဘဲနဲ့ပေါ့”

“ဟုတ်ကဲ့ အဖေ ...”

“သြော် ... သြော် ... ဆက်ပြော ... ဆက်ပြော”

“ဖုန်းပြောပြီးတော့ မျက်နှာသစ်၊ သွားတိုက်၊ ရေတွေဘာတွေ ချိုးပြီး ဘရိတ်ဖတ်နဲ့ နေ့လယ်စာကို ပေါင်းစားလိုက်တယ် အဖေ ...”

“ဖုန်းပြောရင်းနဲ့ပဲပေါ့ ...”

“စားနေတုန်း ဖုန်းလာလို့ ပြောရင်းနဲ့ စားတာပါ၊ တစ်ခါတစ်ခါကျတော့လည်း တီဗီကြည့်ရင်း၊ ကက်ဆက်နားထောင်ရင်း စားပါတယ်၊ ပြီးတော့ ... သူငယ်ချင်းတွေနဲ့ အတူ ဟိုဒီလျှောက်သွားပါတယ်၊ ဒါမှမဟုတ် တစ်အိမ်အိမ်မှာ စုဆုံပြီး စားကြ၊ သောက်ကြ၊ ဂစ်တာတီးကြပါတယ်၊ ဂိမ်းဆော့တာ၊ ဘီလီယက်ထိုးတာတွေ လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါတယ်၊ အချိန်ဇယားရယ်လို့ အတည်တကျ သတ်သတ်မှတ်မှတ်တော့ မရှိပါဘူး အဖေ၊ အဆင်ပြေသလို လှုပ်ရှားတာပါပဲ၊ ညကျရင်တော့ တစ်ခါတလေ နိုက်ကလပ်လေး ဘာလေး သွား၊ စတိတ်ရှိုးလေး ဘာလေး ကြည့်၊ ဒါမှမဟုတ်လည်း အိမ်ပြန်လာပြီး ဖုန်းပြောရင် ပြော၊ အင်တာနက် ကြည့်တဲ့အခါ ကြည့်ပြီး ည ၂ နာရီ ၃ နာရီလောက်ဆိုရင်တော့ မဖြစ်မနေ အိပ်ပါတယ်"

"တော်လိုက်တဲ့ ငါ့သား၊ လိမ္မာလိုက်တဲ့ ငါ့သား၊ တန်ဖိုးရှိလိုက်တဲ့ ငါ့သား"

ဦးမောင်မောင် ဒေါသထွက်နေတာကို သိသော ဇနီးဖြစ်သူက သားရှေ့မှာ ကမန်းကတန်း ဝင်ရပ်လာကာ ...

"သားက လိမ္မာတာလေးတွေတော့ ရှိပါတယ် ကိုမောင်ရဲ့၊ ခုဆို ကြည့်လေ ... သူမညာဘူး၊ အမှန်အတိုင်းပဲ ပြောတယ်လေ ..."

"ညာမရလို့ အမှန်အတိုင်း ပြောတာပါ နီရယ်၊ ဝင်ကာကွယ်မနေစမ်းပါနဲ့၊ ဟော့ကောင် ... လာစမ်း၊ မင်း အမေနဲ့ ကွယ်ရပ်မနေနဲ့၊ ဒီရှေ့ကို လာစမ်း ..."

မောင်ကြီးက အမေ့ကို ကွယ်နေရာမှ ရှေ့သို့ထွက်ရပ်လိုက်သည်။

"ဒါ အကုန်ပဲလား ... မောင်ကြီး"

"ခင်ဗျာ ..."





"မင်း တန်ဖိုးက ဒါအကုန်ပဲလား၊ လူတစ်ယောက်ရဲ့ တန်ဖိုးက အဲဒီလို ရှင်သန်နေထိုင်ခြင်းလား ..."

ဦးမောင်မောင်က သားကိုမေးရင်း ဒေါသတွေ တလိတ်လိတ် ထွက်လာရပါသည်။

ဒါ ... ဖိုးမောင် သားတဲ့။ ရာဇဝင်ရိုင်းလိုက်လေဟု မချိတင်ကဲ ညည်းတွားရတော့မတတ်ပင်။ သားရဲ့ပုံစံ၊ ဘဝဟန်ပန်က ပေါ့သွမ်းလှပါသည်။ ဖိုးမောင် ငယ်ငယ်ကနဲ့တော့ နံ့သာဆီနဲ့ အီးလို ကွာခြားလွန်းလှ၏။

ဖိုးမောင်တို့က ကျွဲနဲ့ နွားနဲ့ ဖက်ပြီး ကြီးပြင်းလာရတဲ့ တောင်သူလယ်သမား သားသမီး ...။ မြေကြီးနဲ့နီးသော လူတန်းစား ...။ ကလေးဘဝကတည်းက လက်ကြောတင်းတင်း အလုပ်လုပ်လာခဲ့သူမျိုး ...။ ပျိုးနုတ်၊ ကောက်စိုက်၊ လယ်ထွန်လိုက်ရင်း စာသင်လာသည့်သူ။ ဘဝနာသည့်သူမို့ အသိလည်းသာကာ ဘဝကို အောက်ခြေမှစ၍ ရုန်းကန်ရင်း ကြီးပွားလာခဲ့ရတာပင် ...။

ကိုယ်မွေးထားတဲ့ သားကျတော့ ကိုယ်နဲ့ဆန့်ကျင်ဘက် ...။ လက်ကြောကမတင်း၊ ပျင်းရိခြင်း ခြောက်ပါးစွဲကပ်ကာ ဟိုလိုလို ဒီလိုလို ဝေလေလေအချိန်ဖြုန်းသည်။ ပိုက်ဆံရှိသားသမီးပီသစွာ အဝတ်အစား အသုံးအဆောင်မှန်သမျှကို ကောင်းပေ့ ညွန့်ပေ့ ဈေးကြီးပေ့ဆိုတာမျိုးကိုသာ ရွေးချယ်သုံးစွဲသည်။ အချိန်ဖြုန်း၊ ငွေဖြုန်း၊ ဖြုန်းနှစ်ဖြုန်းကို လက်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော 'ဖ' နှစ်လုံး သားမျိုး ...။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ...၊ ပေါ့ပေါ့တွေး၍ ပဲများနေတတ်သော၊ အဖေက ဆူလိုက် မာန်လိုက်လျှင် ပေါတောတောလို လုပ်ပစ်တတ်သော 'ပ' ငါးလုံးဆောင် အိုတောင်မချမ်းသာမည့် သူမျိုးမို့ မောင်မောင်ကြီးဟူသော ဒီသားတစ်ယောက်ကို စိတ်တိုင်းကမကျ။ ကိုယ် ငယ်ငယ်ကနှင့် နှိုင်းယှဉ်တွေးကာ အားလည်းမရ။

ဦးမောင်မောင်သည် သားဖြစ်သူကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေရင်းကပင် ...

"ငါမေးတာ ဖြေလေ ... မောင်ကြီး၊ မင်း ဒီလိုပဲ နေသွားတော့မှာလား"

"ဟုတ်ကဲ့ ... အဖေ ..."

"ဘာ ..."

ဦးမောင်မောင်က ဒေါသဖြင့်အော်သည်။ မောင်ကြီးက အဖေ့ကို မျက်လွှာတစ်ချက် ပင့်ကြည့်ပြီးမှ မျက်နှာသေကလေးဖြင့် မျက်လွှာပြန်ချကာ ...

"သားကုသိုလ်နဲ့ သားမို့လို့ပါ အဖေ၊ သားရဲ့ ဘဝပေးကုသိုလ်ကိုက ကောင်းလွန်းလို့ အဖေ့လို ပိုက်ဆံရှိတဲ့ လူတစ်ယောက်ရဲ့ သားအဖြစ် ဒီဘဝမှာ လူလာဖြစ်ရတာပါ၊ သားကိုမွေးပြီးမှ အဖေတို့ စီးပွားတက်တာဆိုတော့ သားက ကိုယ့်အထုပ်နဲ့ကိုယ် လာတဲ့သဘောပေါ့၊ သားကံကြောင့် အဖေတို့ စီးပွားတက်ခဲ့တာလေ၊ အဖေ့ပိုက်ဆံ





ကို သုံးပေးမယ့် တခြား သားသမီးလည်းမရှိတော့ သားပဲ သုံးပေးနေရတာ၊ သားဘဝက ဒီလို ဖန်တီးလာမှတော့ သားလည်း ဒီလိုပဲနေနေရတာပေါ့ အဖေရယ် ..."

"အောင်မယ် ... ဆင်ခြေကတော့ ချောနေတာပဲ၊ ဒီမှာ မောင်ကြီး ... မင်း သေချာမှတ်ထား၊ ကုဋေရှစ်ဆယ် သူဌေးသားတောင်မှ အသိဉာဏ်ပညာမရှိရင် မွဲသွားသေးတာပဲ၊ မင်း ဒီလိုပဲ နေနေရင်တော့ တစ်နေ့ကျ ကုဋေရှစ်ဆယ် သူဌေးသားလို ဖြစ်မှာပဲ၊ မင်းကွာ ... ဖိုးမောင်သားလို့ ပြောရမှာတောင် ရှက်တယ်၊ ငါ ငယ်ငယ်တုန်းကနဲ့ဆို နံ့သာဆီနဲ့ အီးအတိုင်းပဲ"

"သားက အီးလား အဖေ ..."

"ဘာ ...၊ မင်း ဒါမေးစရာလား၊ မင်းက အီးမဟုတ်ရင် ငါက အီးဖြစ်ရမှာလား၊ မင်းက မင်းကိုယ်မင်း နံ့သာဆီလို့ ထင်ချင်သေးတာလား"

"ဒါဆိုလည်း သားပဲ အီးဖြစ်လိုက်ပါတော့မယ် အဖေ"

ဦးမောင်မောင်က ဒေါသဖြင့် ဆွေ့ဆွေ့ခုန်နေသော်လည်း မောင်ကြီးက မျက်နှာသေကလေးဖြင့် အေးအေးဆေးဆေး တုံ့ပြန်နေသည်။ သားအဖနှစ်ယောက် စကားနိုင်လုနေပုံကို ကြည့်ရင်း ဒေါ်နီနီတင်က ကျိတ်ပြုံးရသည်။

ဦးမောင်မောင်က ဒေါသမပြယ်နိုင်သေးဘဲ ...

"မင်းကို ငါ လုံးဝ ကြည့်မရတော့ဘူး မောင်ကြီး ...၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်မင်း သူဌေးသားပဲဆိုပြီး အောက်ခြေလွတ်ပြီး ငါ့သူငယ်ချင်းတွေကို နှိမ်ချင်သလိုလို လုပ်တတ်တဲ့ မင်းရဲ့ အမူအရာတွေကို ပြင် ...၊ ဟိုလူတွေက တောသားဆို ပေမယ့် မင်းထက် တန်ဖိုးရှိတယ်၊ အလုပ်ကို ကြိုးကြိုး စားစားလုပ်ပြီး ကိုယ့်ထမင်း ကိုယ်ရှာစားနေကြတဲ့သူ တွေ ...”

“သားလည်း တစ်ခါတစ်ခါ ကိုယ့်ထမင်း ကိုယ်ရှာစား ပါတယ် အဖေ ...”

“ဘာ ... ဘာ ... ဆိုစမ်းပါဦး၊ မင်း ဘယ်တုန်းက ကိုယ့် ထမင်း ကိုယ်ရှာစားတယ်ဆိုတာ ...”

“တစ်ခါတလေ ... အမေ အပြင်သွားရင် သားဘာသာ မီးဖိုချောင်ထဲဝင်ပြီး အိုးတွေဖွင့်လှန်ပြီး ကိုယ့်ထမင်း ကိုယ်ရှာစားတာပဲ အဖေ ...”

“မောင်ကြီး ... မင်း ...”

ဦးမောင်မောင်က တံမြက်စည်း တစ်ချောင်းကို ပြေးဆွဲလိုက်သည်။ မောင်ကြီးကလည်း အမေ့နောက်သို့ ပြေး ကပ်လိုက်သည်။ အမေက အဖေ့လက်ထဲက တံမြက်စည်းကို သွားဆွဲယူရင်း ...

“ကဲ ... တော်ပါတော့ ကိုမောင်ရယ်၊ သားက ဒီလိုပဲ ပျော်ပျော်နေတတ်လို့ ရယ်စရာ လျှောက်ပြောတာပါ”

“မင့်သား ငါ့ကိုလှောင်နေတာကွ ...”





“သား မလှောင်ပါဘူး အဖေ၊ အမှန်အတိုင်းပဲ ပြောပြ မိတာပါ”

“ဟေ့ကောင် ... မင်းအမေကို ကာဘာယူပြီး ငါ့ကို ခံပက် မနေနဲ့ ...၊ ရှေ့ထွက်ခဲ့ ...”

မောင်ကြီးက တွန့်ဆုတ်ဆုတ်ဖြင့် ရှေ့ထွက်လာ သည်။ ဦးမောင်မောင်က သားမျက်နှာကို စေ့စေ့ကြည့်ရင်းက ...

“မင်းမျက်နှာကို ကြည့်လေ ကြည့်လေ ဒေါသထွက်ရ လေပါလား မောင်ကြီးရာ ...”

“သားတို့ရုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ် ပေါက်ကျရုံနဲ့ မိဘတို့ဝမ်း ငြိမ်းစတမ်းတည်းလို့ပဲ ကြား ဖူးပါတယ် အဖေ ...”

“မင်း ... မရှည်နဲ့၊ မင်းပါးစပ်ကို ပိတ်ပြီး ငါပြောတာ နားထောင်၊ ငါမေးတာပဲဖြေ၊ မင်း ... စောစောက ခြံဝ မှာငါ့သူငယ်ချင်းတွေ အိမ်မှာလာမတည်းအောင် လျှောက် ပြောနေတာ မဟုတ်လား ...”

“ဟုတ်တော့ ဟုတ်ပါတယ် အဖေ၊ ဒါပေမယ့် သားပြော တာလည်း သားအလွန်တော့ မဟုတ်ပါဘူး”

“ဩော် ... ဟုတ်လား”

ဦးမောင်မောင် ငေါ့တော့တော့ ရေရွတ်လိုက်သည်။

“ဟုတ်ပါတယ် အဖေ ...၊ သူတို့တွေ လာလည်ပြီဆို သား အိမ်မှာနေရတာ အရမ်းစိတ်ညစ်တယ်၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလည်း အော်ကျယ်အော်ကျယ် ...၊ စပ်စုလိုက်တာကလည်း တရားလွန်၊ ပြီးတော့ ... သားနဲ့ သားသူငယ်ချင်းတွေကို ခေါ်ခေါ်ပြီး ဆုံးမစကားတွေ ပြောတတ်တာက အဆိုးဆုံးပဲ ...”

“မင်းတို့ကိုက ဆုံးမချင်စရာကောင်းနေလို့ ဆုံးမတာနေမှာပေါ့ ...၊ မင်း သူတို့ကို အထင်သေးတဲ့ မျက်စိနဲ့ပဲ ကြည့်မနေနဲ့၊ ငါ့သူငယ်ချင်းတွေက အနေကုပ်ပေမယ့် သူတို့ရွာမှာတော့ သူတို့ သူဌေးပဲ ...၊ အားလုံးပြည့်စုံတယ်၊ မပြည့်စုံတဲ့သူတွေကလည်း ပြည့်စုံအောင် ကြိုးစားနေကြတဲ့ သူတွေချည်းပဲ၊ ရွာက ကလေးတွေခများ မြို့တက်ပြီး ပညာသင်နိုင်ဖို့ အပတ်တကုတ် ကြိုးစားနေကြတဲ့အချိန်မှာ မင်းကတော့ စင်ကာပူ ပို့ပြီး ကျောင်းထားတာတောင် မပျော်လို့ဆိုပြီး ပြန်လာတယ်”

“သားက အမိနိုင်ငံတော်ကို ချစ်မြတ်နိုးလို့ပါ အဖေ၊ တိုင်းတစ်ပါးမှာ မပျော်နိုင်ပါဘူး”

“မင်းအပိုမပြောနဲ့ ဟေ့ကောင်၊ ဟိုမှာက ဒီမှာလို အနေမချောင် အစားမချောင် ဇိမ်မကျလို့ ပြန်လာတာမဟုတ်လား၊ ဟိုကလူတွေက ပညာသင်တဲ့သူကလည်း အပတ်တကုတ် သင်တယ်၊ အလုပ်လုပ်တဲ့ သူကလည်း မနိမကပ် လုပ်တဲ့သူတွေချည်းပဲဆိုတော့ မင်းလို ဝေလေလေကောင်နဲ့ ကာရန်မညီလို့ မဟုတ်လား ...”





“အဟဲ ... အဖေက အကြားအမြင်ရနေသလိုပဲ၊ သိပြီးသားပဲဟာ၊ သားကို ဘာလို့မေးနေမှာလဲ ...”

“မောင်ကြီး ... မင်း ...”

ဦးမောင်မောင်က တံမြက်စည်း ပြေးဆွဲ၊ ဒေါ်နီနီတင်က ဖွတ်ပြန်လုရင်း ရှန်းရင်းဆန်ခတ်ဖြစ်နေချိန်မှာ မောင်ကြီးက အသာလေး လစ်ထွက်လာခဲ့ပါသည်။

အဖေ့ဒေါသကိုဆွရတာ ပျော်စရာ အလွန်ကောင်းပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

"ဟေ့ကောင် ... ဗိုလ်ချုက်၊ ငါတို့တွေ ကြီးတော် မပု ကြက်ခြံထဲ ခိုးဝင်ပြီး ကြက်ဥသွားကောက်တဲ့ညကို မင်း မှတ်မိသေးလား ..."

"ဟား ... ဟား ... မမှတ်မိဘဲ နေမလား၊ အဲ့ဒီညက ငါတို့က ကြက်ခြံထဲခိုးအဝင် ... ကြီးတော်ပု သမီးက ကြက်ခြံထောင့်မှာ ရည်းစားနဲ့ချိန်းအတွေ့ ပက်ပင်းကြီး ကို တိုးတော့တာလေကွာ ..."

"ဟား ... ဟား ... အဲဒီတုန်းက မှောင်တောထဲမှာ မင်းက ကြက်ဥလှမ်းစမ်းတော့ ဘာများစမ်းမိတုန်း ..."

"ဟေ့ကောင်တွေ ..."

"ဟား ... ဟား ... ဒီကောင် ဗိုလ်ချုက် ကြီးတော်မပု သမီးကို စမ်းမိလို့ ... ဟိုက လန့်ဖျပ် ထအော်တော့ တစ်အိမ်လုံးနိုးပြီး ဒေါ်ပုသမီးကို ရည်းစားနဲ့ ပက်ပင်း မိပါရောလား ..."





"အဲ့ဒီကတည်းက ဒေါ်ပု သမီး မိငြိမ်းက သူ့ရည်းစားနဲ့ ကွဲရတာ မင်းကြောင့်ဆိုပြီး စိတ်နာသွားတာ ခုထိပဲ မောင်ရေ ...၊ ခုထိ သူက အပျိုကြီး၊ စကားဝိုင်းမှာ မင်းအကြောင်း ပြောမိရင်တောင် ထိုင်ရာကနေ ချက်ချင်း ထသွားတာ ..."

"ဟား ... ဟား ... သူ အပျိုကြီး ဖြစ်ရတာ ဗိုလ်ချုက် တရားခံလို့ ယူဆထားတာကိုးကွ ..."

"ဟား ဟား ... ဟား ဟား ဟား ..."

စိတ်လေတယ် ... တကယ် ...။

အပေါ်ထပ်မှ ဆင်းလာသော မောင်ကြီးသည် လှေကားတစ်ဝက်မှာ ရပ်၍ ဧည့်ခန်းထဲသို့ ငုံ့ကြည့်ရင်း စိတ်ပျက် စိတ်လေ စိတ်ကုန်သွားရတာမို့ ကိုယ့် အိမ်မိုဆံပင်ပုံလေး ရှုပ်ပွ သွားအောင် ခေါင်းကိုကုပ်ဖွပစ်လိုက်မိပါသည်။

ဧည့်ခန်းထဲမှာ အဖေနှင့် သူငယ်ချင်းတစ်စုရဲ့ ရယ်သံတွေက အုံးအုံးကျွတ်ကျွတ် ညံနေသည်။ ဧည့်ခန်းထဲမှာလည်း သူတို့ချည်း အောင်ပွဲခံနေတာ ဘယ်နှရက်ရှိပြီလဲ ...။

အပေါ်စီးကနေ လှမ်းမြင်နေရသည့် မြင်ကွင်းက တော်တော်မှ စိတ်ပျက်စရာကောင်းလှပါသည်။ သူတို့အားလုံးက ဆိုဖာတွေပေါ်မှာ လုံးဝမထိုင်၊ ဆိုဖာရှေ့ ကြမ်းပြင်ပေါ်မှာ ခြေဆင်းထိုင်သူနှင့် ဒူးထောင်၊ တင်ပျဉ်ခွေထိုင်သူနှင့် ...။ ပဲကြီး



www.burmeseclassic.com

www.burmeseclassic.com



လျော် ပန်းကန်၊ ထန်းလျက်ပန်းကန်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ပဲခြမ်းကြော်သုပ်နှင့် ကောက်ညှင်းပေါင်း၊ ငါးရံ့ခြောက်ဖုတ် ပန်းကန်၊ အကြော်စုံပန်းကန်တွေက သူတို့ဝိုင်းအလယ် ကြမ်းပြင်ပေါ်မှာ၊ ရေနွေးကြမ်းအိုးကလည်း ပါသေးရဲ့ ...။

မနက်တိုင်း ကောက်ညှင်းပေါင်းနှင့် ငါးရံ့ခြောက်ဖုတ် ဆီဆမ်းကိုသာ စားလေ့ရှိသော အဖေက သူ့တောသားတွေ လာပြီဆို တောစာ ပွဲတော်ကြီး တည်ခင်းဧည့်ခံပြီး တောအကြောင်း တောင်အကြောင်းတွေ တသောသောပြောကာ တဝါးဝါး တဟားဟား ရယ်မောနေကျ ...။ မောင်ကြီးမှာဖြင့် ဒီရက်ပိုင်းတွေမှာ ဧည့်သည် မလာပါစေနဲ့ဟု ဆုတောင်းနေရသည်။ ခုလိုအချိန်မျိုးမှာ ဧည့်သည်သာရောက်လာရင်တော့ သူ့ဒွေးကြီး ဦးမောင်မောင်ရဲ့ ဖြစ်အင်ကိုကြည့်ကာ မျက်လုံးအပြူးသား၊ ပါးစပ်အပြဲသား ဖြစ်ရမှာမလွဲပေ ...။

အဖေက စွပ်ကျယ်နှင့် ပုဆိုးကိုဝတ်ထားပြီး ပုဆိုးကို ဒူးပေါ်အောင်ဆွဲတင်ထားကာ ဒူးထောင်၍ထိုင်နေရင်း စကားပြောလိုက်၊ စားစရာတစ်ခုခု ယူစားလိုက်၊ အော်ရယ်လိုက်ဖြင့် တအုံးအုံး ပွဲကျနေသည်။ အဖေနှင့် တောသားများဟာ တသားတည်းကျလို့ နေပါသည်။

အဲ့ဒီ ဧည့်ခန်းကို မောင်ကြီး သုံးခွင့်မရတာ ဘယ်လောက်ကြာပြီလဲ ...။ ကိုယ့်အိပ်ခန်းထဲက တီဗီက ၂၁ လက်မ ဖလက်တီဗီမို့ ဧည့်ခန်းထဲက လက်မ ၄၀ LCD တီဗီကြီးနဲ့





ကြည့်ချင်လို့ ဆင်းဆင်းလာတိုင်း ဒီလို ပုံပန်းတွေနှင့်တိုးကာ အပေါ်ထပ်သို့ ပြန်တက်လာရမြဲပင် ...။

မောင်ကြီးသည် သက်ပြင်းချရင်း အဖေတို့အုပ်စုဆီ လှမ်းကြည့်ပြန်သောအခါ တဟားဟား အော်ရယ်လိုက်သော ပါးစပ်တွေကို အပေါ်စီးမှ မြင်လိုက်ရသည်။ အမလေးဗျာ ... ကြည့်ပါဦး၊ ပါးစပ်ထဲမှာ ပဲကြီးလျော် ဝါးလက်စတွေ၊ ကောက်ညှင်းပေါင်း ဝါးလက်စတွေနဲ့ ရွံ့စရာကြီးပါလားဗျာ ...။

မောင်ကြီးက ချာခနဲ မျက်နှာလွှဲကာ အပေါ်ထပ်သို့ ပြန်ပြေးတက်လာသည်။ အပေါ်ရောက်တော့ ဖုန်းသံမြည်လာတာမို့ မောင်ကြီးက ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားသည့် i phone ပြားပြားလေးကို ဆွဲထုတ်လိုက်ပြီး ...

"ဟဲလို ..."

"ဟဲ့ ... မောင်ကြီး ..."

"ဟာ ... ရီစီ၊ နင် ... ဘယ်ကဆက်နေတာလဲ"

"ဒီကပေါ့ဟဲ့ ... ဒီက ..."

"ဒီက ဆိုတာ ..."

"ဖုန်းနံပါတ် မမြင်ဘူးလား တော့်းရဲ့၊ ငါ့ဟန်းဖုန်းနဲ့ ဆက်နေတာပေါ့၊ အမိမြန်မာနိုင်ငံကပေါ့ ..."

"ရုတ်တရက်ကြီးဆိုတော့ အံ့သြသွားလို့ပါဟာ၊ နင်က ပြန်လာမယ်ဆိုတာ ကြိုမပြောတာ၊ အလည်ပြန်လာတာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အပြီး ပြန်လာတာ၊ ဟိုမှာ မပျော်ဘူးလေ၊ အနေမချောင် အစားမချောင်နဲ့ ...၊ ဒီမှာဆို အေးဆေးနပ်နေလို့ရတယ်၊ အဲ့ဒါကြောင့် နင့်ကိုအားကျပြီး ပြန်လာတာပေါ့ဟယ် ..."

"အဟား ..."

မောင်ကြီးက ရိစီလှဦးရဲ့ အပြောကို သဘောကျစွာ ခေါင်းမော့ ရယ်မောလိုက်ပါသည်။

ရိစီလှဦးဆိုတာကလည်း အဖေ သဘောမကျတဲ့ မောင်ကြီး သူငယ်ချင်းတွေထဲက တစ်ယောက်ပေါ့ ...။

ရိစီလှဦးဟာ အဖေ့ရဲ့ သူငယ်ချင်း ဦးလှဦးရဲ့ သမီး ...။ ဦးလှဦးဆိုတာ အဖေနဲ့ တစ်ရွာတည်းသား။ သွားကလေးခေါတဲ့ ဦးလှဦးရဲ့ ငယ်နာမည်ဟာ ခေါ်တော ...။ ဦးလှဦးကတော့ အဖေနဲ့ လုံးဝမတူတဲ့ တောသားဟော့ရှော့ တောဂေါ်လီ ...။ ကုန်တင်ကားတွေ၊ ခရီးသည်တင်ကားတွေ ထောင်ရင်း ချမ်းသာလာသူ ...။ သူ့ကျတော့ အဖေနဲ့ ကွဲလွဲစွာ ဗိုလ်ဆန်ချင်လှသူမို့ သူ့သမီးကို ဘိုဆန်ဆန် နာမည်(သူ့အထင်) ရိစီလှဦးဟု ပေးခဲ့ပြီး ဟော့ရှော့ပုံစံလေးဖြစ်အောင် မြှောက်ပေးခဲ့သူ ဖြစ်ပါသည်။ သူ့ကိုယ်သူလည်း အနောက်တိုင်းဆန်ဆန် ဆင်မြန်းကာ တောစတိုင်လ်ပျောက်အောင် အားထုတ်တတ်သည်။ ရုပ်အင်္ကျီဝတ်တိုင်း မဖြစ်မနေ နက်ခ်တိုင်စည်းတတ်သော သူ့ပုံစံက မြို့သားမပီ တောသားမကျ စကောစက ဝှကျနေတတ်၏။ တောက သူငယ်ချင်းတွေနှင့် ခပ်ကင်းကင်းနေပြီး မြို့က





ပါတီပွဲတွေ၊ ညစ်ခံပွဲကြီးတွေမှာ ဝင်ဆန့် ပွဲတိုးနိုင်အောင် ကြိုးစားအားထုတ်နေတတ်သူပင် ...။

အဖေကတော့ ဦးလှဦးကို လုံးဝကြည့်မရဘဲ ဦးလှဦးရဲ့ ရှေ့မှာရော ကွယ်ရာမှာပါ ခေါ်တောဘိုရှူး၊ ကြောင်လျှာသီးဟု ခေါ်ရမှာ ဝန်မလေး။ အမေက ဆက်ဆံရေးကောင်းသူမို့သာ လုံးဝ ရန်သူဖြစ်မသွားဘဲ ကြည့်မရတဲ့ကြားကပဲ မိတ်မပျက်အောင် ဆက်ဆံနေနိုင်ခဲ့ပါသည်။

မောင်ကြီးနဲ့ ရိစီလှဦးကတော့ စိတ်သဘောတွေ တူညီကြတာမို့ သူငယ်ချင်းအဖြစ် ပေါင်းဖြစ်နေကြတာပင် ...။ ဆယ်တန်းအောင်တော့ အဖေက မောင်ကြီးကို စင်ကာပူ ပို့ပြီး ကျောင်းထားဖို့ စီစဉ်သည်။ ဦးလှဦးကလည်း အားကျမခံပင် ရိစီလှဦးကို စင်ကာပူပို့လိုက်သည်။ ဟိုရောက်တော့ ကျောင်းတက်ရသည့် နေရာက တစ်ယောက်တစ်နေရာဆိုပေမယ့် မကြာခဏ တွေ့ဖြစ်ခဲ့ကြပါသည်။ ဟိုမှာ မနေချင်သည့် တူညီသော သဘောထားတွေကို ဖလှယ်ကြပြီး လည်ပတ်သုံးဖြုန်းလိုက်ကြသည်။ အကျင့်တူစရိုက်တူမို့ တွဲဖြစ်ကြပြီး မောင်ကြီးက အရင် မြန်မာပြည်ကို ပြန်လာဖြစ်ခဲ့သည်။ ရိစီကတော့ သူ့အဖေကြီးကို ကြောက်ကြောက်နှင့်ပဲ ကျန်ရစ်ခဲ့ရသည်။ ခုတော့ ... သူလည်း ပြန်ဖြစ်အောင် ပြန်လာခဲ့ပြီပေါ့ ...။ ရိစီ ပြန်လာကြောင်းသာ အဖေသိရင် ဆုံးမစကားတွေ ခေါ်ပြောတော့မှာ သေချာပါသည်။

"မောင်ကြီး ... နင် အခု ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ..."

"အိုကေ ... ဒါဆို ငါလာခဲ့မယ်"

"ဟမ် ..."

"ငါက အခု နင်တို့အိမ်နားကို ရောက်နေတာလေ ...၊ နောက် ငါးမိနစ်ဆို ရောက်ပြီ ..."

"ဟာ ... မလာနဲ့၊ မလာနဲ့ ..."

"ဘာဖြစ်လို့လဲ ..."

"အိမ်မှာ ရွာက အဖေ့ ဧည့်သည်တွေ ရောက်နေတယ်ဟ"

"အဲ့ဒါ ဘာဖြစ်လဲ ..."

"ဘာမှတော့ မဖြစ်ဘူးပေါ့၊ ဒါပေမယ့် စိတ်ရှုပ်စရာကြီးဟ၊ နင်လာလည်း အေးအေးဆေးဆေး စကားပြောရမှာ မဟုတ်ဘူး၊ မလာပါနဲ့ဟာ ..."

မောင်ကြီးက ပျာပျာသလဲ တားရ၏။ မတားလို့လည်း မဖြစ်။ ဧည့်ခန်းမှာ ဒီလောက် ရှုပ်ပွဆူညံနေတဲ့ဟာ။ ပြီးတော့ ... ကိုယ့်အဖေရဲ့ ယခုရုပ်သွင်ကိုလည်း ရိုစီ မမြင်စေချင်ပါ ...။ ရိုစီက သူမြင်ခဲ့တဲ့ အဖေ့ရုပ်သွင်ကို ဦးလှဦးကို ပြန်ပြောမိလို့ အဖေ့ကို ဦးလှဦးက အထင်အမြင်သေးမှာ၊ ကဲ့ရဲ့စကားတင်းဆိုမှာကိုလည်း မခံချင်ပါ ...။

"ငါ မလာလို့ မရတော့ဘူး မောင်ကြီး၊ ငါ နင့်အမေကို ဖုန်းဆက်ထားပြီးပြီ၊ နင့်အမေဖို့ ဝယ်လာတဲ့ လက်ဆောင်





လည်း ယူလာခဲ့ပြီးပြီ၊ ခုလောက်ဆို နင့်အမေက အိမ်ထဲကနေ ရိုမှုနဲ့ ခြံတံခါးတောင် ဖွင့်ပေးပြီးလောက်ပြီ၊ နင့်အမေဆီ ဆက်ပြီးမှ နင့်ဆီဆက်လိုက်တာ၊ ကဲ ... ဒါပဲ အိမ်ထဲရောက်မှ ဆက်ပြောမယ် ..."

ရိုစီ ဖုန်းပိတ်သွားချိန်မှာ မောင်ကြီးမှာတော့ ပျာယာခတ်သွားရပါသည်။ ကိုယ့်အဖေပုံကို ရိုစီ မမြင်စေချင်ဖော ဖြင့် အိမ်ပေါ်ထပ်မှ ခပ်မြန်မြန်လေး ပြေးဆင်းလာပြီး ဧည့်ခန်းကိုမဖြတ်ဘဲ ဘေးဘက်တံခါးမှ ထွက်လာသည်။ ရိုစီက ခြံထဲသို့ လျှောက်ဝင်လာနေပြီ။

ရိုစီ့ပုံစံက ထုံးစံအတိုင်း ပြောက်ကြွကြွ ဂျစ်ကန်ကန်ပုံမျိုး ...။ ဗစ်တိုးရီးယားဘက်ခမ်း ဆံပင်လို နောက်ဘက်က ကုပ်ပေါ်ဝဲကာ ... ဘေးတစ်ခြမ်းက မျက်နှာပေါ်အုပ်ကျနေသော ဆံပင်ပုံနှင့် ...။ ဆံပင်ရောင်က ရွှေညိုရောင် ...။ ဂျင်းဘောင်းဘီအတို ငှဝါရောင်လေးက ပေါင်ရင်းအထိလောက်ပဲ အုပ်ဆိုင်းထားသည်။ စင်းဖြောင့်သော ခြေတံရဲ့အဆုံး၌ ခြေကျင်းဝတ်မှာ ကြိုးတွေပတ်ချည်၍ဝတ်ရသော ဖိနပ်ကို စီးထားသည်။ အစိမ်းရောင် တီရှပ်ခါးတို လွတ်လွတ်လေးက ဂျင်းဘောင်းဘီနှင့် မထိတရိလေးမို့ လက်တွေဘာတွေ မြှောက်လိုက်ရင် ဗိုက်သားလောက်တော့ ပေါ်နိုင်သည်ပေါ့ ...။ ဒီပုံကိုသာ အဖေမြင်လျှင် ကဲ့ရဲ့လိုက်မယ့်အမျိုး ...။ ဧည့်ခန်းထဲက အဖေ့ပုံကိုသာ ရိုစီ မြင်လျှင် ဟားလိုက်မယ့် အမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးသည် နှစ်ဦးနှစ်ဖက်အတွက် စိတ်မအေးနိုင်ဘဲ အသံခပ်အုပ်အုပ်ဖြင့် လက်ရပ်ခေါ်လိုက်သည်။

“ရှိစီ ... လာ ... လာ၊ ဒီဘက်ကိုလာ ...”

“ဘယ်ဘက်ကိုလဲ ...”

“ဒီမှာလေ ... ဒီဘေးကို၊ အိမ်ဘေးမှာလည်း အိမ်ထဲဝင်ဖို့ တံခါးရှိတယ်လေ ...”

“အိမ်ရှေ့ကဝင်တော့ ဘာဖြစ်မှာမို့လို့လဲ ...”

“ဧည့်ခန်းထဲမှာ ဧည့်သည်တွေ ရှိလို့ပါဟာ ...”

“ဩော် ... နင့်အဖေ သူငယ်ချင်း တောသားတွေလား၊ တွေ့ဖူးချင်တာနဲ့ အတော်ပဲ၊ ငါ ... အိမ်ရှေ့ကပဲ ဝင်လိုက်တော့မယ်”

“ဟာ ... ရှိစီ ... နေဦး ...”

မောင်ကြီးက ရှိစီ့ဆီ အပြေးသွားကာ လက်ကိုဆွဲခေါ်သော်လည်း ရှိစီက ဖွတ်ရန်းကာ ဧည့်ခန်းဘက်သို့ အပြေးသွားပြီး မှန်တံခါးပေါက်မှ ချောင်းကြည့်လိုက်ချိန်မှာ ဧည့်ခန်းထဲမှ ရယ်သံတွေ လျှံထွက်လာလေသည်။ ရှိစီသည် ပါးစပ်အဟောင်းသားပွင့်သွားကာ အဖေ့ကို လက်ညှိုးထိုးပြရင်း ...

“မောင်ကြီး ... ဟိုဟာ နင့်အဖေ မဟုတ်လား၊ ဒါဘယ်လိုဖြစ်သွားတာလဲ၊ အဟီးဟီး ... ဟား ... ဟား ...”

ရှိစီက ရယ်ချလိုက်တာမို့ မောင်ကြီးက စိတ်တိုလာကာ ...





“နင်က ဘာရယ်တာလဲ ...”

“နင့်အဖေကိုလေ၊ ကြည့်စမ်း ... တကယ့် တောသားကြီးအတိုင်းပဲ၊ ဒါ ... သူဌေး ဦးမောင်မောင်တဲ့၊ မယုံနိုင်စရာပဲ၊ ငါ နင့်အဖေကို တောသားမှန်းတော့ အရင်ကတည်းက သိပါတယ်၊ ဒါပေမယ့် ခုလောက်ထိ အဖြစ်ဆိုးမယ်မှန်း မသိပါဘူး၊ အမလေး ... ကွမ်းတွေ ဘာတွေတောင် စားလို့ ...”

“နင့်အဖေလည်း တောသားပဲ မဟုတ်လား”

“ငါ့အဖေမှာက တောစတိုင်လ် ပျောက်နေပြီလေ ...”

“ဒီနေ့ နင်မြင်ရတဲ့ အဖေ့ပုံစံကို နင့်အဖေကို လုံးဝပြန်မပြောပါနဲ့ဟာ ...”

“ပြောတော့ ဘာဖြစ်လဲ ...”

“ပြောတော့ နင့်အဖေက ငါ့အဖေကို ကဲ့ရဲ့မှာပေါ့ ...”

“နင့်အဖေလည်း ငါ့အဖေကို ကဲ့ရဲ့နေကျပဲဟာ၊ ငါ့အဖေ ဘာသာ နက်ခ်တိုင်ဝတ်ရင်လည်း ဘိုရူးတို့က ကြောင်လျှာသီး ကြိုက်တယ်တို့ ဘာတို့ ပြောဆိုကဲ့ရဲ့နေတာ နားနဲ့တောင်မဆန့်ဘူး၊ ကဲ ... လာပါဟာ ... အိမ်ရှေ့ကပဲ ဝင်လိုက်ကြရအောင်ပါ၊ ခုလောက်ဆို နင့်အမေလည်း ငါစားဖို့ တစ်ခုခု စီစဉ်နေလောက်ပြီ၊ ဟီဟိ ... စားရချေသေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... နေ ... နေပါဦးဟ"

"မနေဘူး ..."

ရိစီက အိမ်ထဲသို့ ဖွတ်ပင် လှမ်းဝင်လိုက်သော အခါ ...

"ဟာ ..."

ရိစီ့ကို ရုတ်တရက်ကြီး မြင်လိုက်ရသော အဖေ့သူငယ်ချင်းတစ်စုသည် ပြောဆိုရယ်မောနေရာမှ ဖြုန်းဆို တိတ်ဆိတ်သွားကြလျက် ရိစီ့ကို မင်သက်ငေးမောသွားကြသည်။ ပြီးမှ ချောင်းဟန့်သူက ဟန့်၊ မျက်နှာလွှဲသူကလွှဲ ဖြစ်ကုန်သည်။ အိမ်တံခါးဝကို ကျောခိုင်း၍ထိုင်နေသော အဖေသည် သူ့သူငယ်ချင်းတွေရဲ့ ထူးခြားသော အမူအရာကြောင့် အိမ်တံခါးဝသို့ ချာခနဲ လှည့်ကြည့်လိုက်ပြီးသည်နှင့် ချက်ချင်းပင် ထမင်းစားခန်းဘက်သို့ လှမ်းအော်ပြောလိုက်သည်။

"နီရေ ... နီ၊ ရိစီလှဦး လာတယ်ဟေ့၊ မင့်ထဘီတစ်ထည် ယူပေးလိုက်ပါဦး ..."

အဖေ့စကားကြောင့် ရိစီ့မျက်နှာက စူပုပ်သွားကာ ညှော်ခန်းနားက ခပ်မြန်မြန်ဖြတ်လျှောက်၍ ထမင်းစားခန်းဘက်သို့ ဝင်လာရင်း ...

"အဲ့ဒါ နင့်အဖေ ငါ့ကို တမင်နှိပ်ကွပ်လိုက်တာ သိလား၊ ငါ ဘောင်းဘီတို ဝတ်ထားတာကို အမြင်မတော်လို့ နင့်အမေ ထဘီ ပေးဝတ်ခိုင်းတာ၊ ဒီလို နှိပ်ကွပ်ခံရမှန်း





သာ သိရင် ခုန နင့်အဖေ ဝါးလုံးကွဲအော်ရယ်နေတဲ့ ဖြစ်ကတတ်ဆန်းပုံကြီးကို ဓာတ်ပုံရိုက်ယူထားလိုက်ပါတယ်"

"ဘာလုပ်ဖို့လဲ ..."

"ငါ့အဖေကို ပြဖို့ပေါ့"

"နင်က တစ်မျိုး ..."

ရိစီက ထမင်းစားခန်း ခန်းဆီးစကို ဖယ်ကာ ဝင်လာလိုက်ရင်း ...

"ဟိုင်း ... အန်တီ ..."

ဟု အမေ့ထံ လက်နှစ်ဖက် ဆန့်တန်း၍ ပြေးသွားဖက်ပွေ့ကာ ဘိုဆန်ဆန် ရင်ချင်းအပ်၍ နှုတ်ဆက်လိုက်ပါသည်။

"ရိစီရယ် ... ရိစီ ဖုန်းဆက်တော့ အန်တီတောင် အံ့ဩသွားတယ်၊ ဘယ်တုန်းက ပြန်ရောက်လဲ သမီး"

"မနေ့က ပြန်ရောက်တယ် အန်တီ ..."

"အလည်ပြန်လာတာပေါ့ ..."

"မဟုတ်ဘူး အန်တီ၊ မောင်ကြီးလမ်းစဉ်ကို လိုက်လာတာ ..."

"ဟဲ့ ... ဒါဆို အပြီးပြန်လာတာပေါ့"

"ဟုတ် ... ၊ အန်တီ ... ဒီမှာကြည့်ပါဦး၊ အန်တီဝတ်ဖို့ ရိစီ ဝယ်လာတာ၊ ကြိုက်ရဲ့လားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရှိစီက လက်ဆွဲအိတ်ထဲက အင်္ကျီလေးတစ်ထည် ထုတ်ယူဖြန့်ပြလိုက်သည်။

"ဟယ် ... အင်္ကျီကလည်း အတွန့်အဖတ်လေးတွေနဲ့ပါလား၊ အန်တီ မဝတ်ရဲပါဘူး ရှိစီရယ်၊ ဒီအင်္ကျီနဲ့ အန်တီ ဝတ်နေကျ လုံချည်တွေနဲ့လည်း လိုက်ဖက်ညီမယ် မထင်ပါဘူး"

"လုံချည်နဲ့ဝတ်ရမှာမဟုတ်ဘူးလေ အန်တီရဲ့၊ ဘောင်းဘီနဲ့ ဝတ်ရမှာ၊ ဒီမှာကြည့် ... ဘောင်းဘီလည်းပါတယ်"

ရှိစီက ဘောင်းဘီရှည်တစ်ထည်ထပ်ထုတ်ပြတော့ ဒေါ်နီနီတင်က တွန့်ခနဲဖြစ်သွားကာ ...

"အမလေး ... ဘာစိတ်ကူးပေါက်ပြီး ဒါမျိုးတွေ ဝယ်လာရတာလဲ ရှိစီရယ် ..."

"အန်တီကို နုစေချင်လို့ပေါ့၊ လှစေချင်လို့ပေါ့၊ ခေတ်မီမီ ပုံစံမျိုးလေးမြင်ချင်လို့ပေါ့၊ အန်တီဝတ်ဝတ်နေတဲ့ ပါတိတ် ဝမ်းဆက်တွေက မမိုက်ပါဘူး အန်တီရာ၊ ရှိစီဆင်တဲ့ဟာကိုသာ အန်တီဝတ်လိုက်၊ အပြတ်မိုက်သွားစေရမယ်"

"အပြတ်လည်း မမိုက်ချင်ပါဘူး၊ သားအဖေကလည်း အန်တီ ဒီလိုဝတ်တာကိုပဲ သဘောကျနေတာ နှစ်ပေါင်းများစွာ ကြာပါပြီကွယ်၊ ဒီအတိုင်းပဲ ကောင်းပါတယ်"

ရှိစီက ဟွန့်ခနဲ တစ်ချက်မဲ့ကာ ဒေါ်နီနီတင့်နားနားသို့ တိုးကပ်လိုက်ရင်း တီးတိုးသံဖြင့် ...





"အဲ့ဒါ ... အန်ကယ်လ်က အန်တီ့ကို တောဆင်ဆင်ထားတာ၊ အန်တီပိုလှရင် သူစိတ်မချဖြစ်ရမှာစိုးလို့ တမင်မရင့်ရင့်အောင် ... ရင့်အောင် ..."

"ရှိစီလှဦး ..."

"ဟင် ..."

ရှိစီ့ စကားမှ မပြတ်သေးခင် ဦးမောင်မောင်က ထမင်းစားခန်းဝမှာ ခါးထောက်လျက်ပေါ်လာသည်။

"ဩော် ... အန်ကယ်လ် ... အဟင်း ..."

"ဘာ အန်ကယ်လ်လဲ ..."

"ဩော် ... မတွေ့တာကြာပြီမို့လို့ ... အခေါ်အဝေါ် မှားသွားတာပါ ဦးလေးရယ်၊ တောင်းပန်ပါတယ်နော် ..."

"ညည်း ... ငါ့မိန်းမကို ဘာလာဖျက်ဆီးနေတာလဲ"

"လက်ဆောင် လာပေးတာပါ ဦးလေးရဲ့ ..."

"ဘာလက်ဆောင်လဲ ... ပြစမ်း"

ဦးမောင်မောင်က ရှိစီ့လက်ထဲက အဝတ်အစားတွေကို ဆတ်ခနဲ ဆွဲယူဖြန့်ကြည့်လိုက်ပြီး ...

"ကြည့်စမ်း ... ဒါမျိုး ပေးစရာလား၊ မကြီးမငယ်နဲ့ ဒါမျိုး ဝတ်ရမှာလား ရှိစီလှဦးရဲ့ ...၊ သွား ... ပြန်ယူသွား"

ဦးမောင်မောင်က အဝတ်အစားတွေကို အိတ်ထဲသို့ ပြန်ထိုးထည့်ပြီး အိတ်ကို ရှိစီ့ရှေ့ ထိုးပေးလိုက်တာမို့ ရှိစီ



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ပြန်ယူရသည်။ ဦးမောင်မောင်က ရိုစီကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်ရင်း ...

“ညည်းက ဒီကို အလည်ပြန်လာတာလား”

“အပြီးပြန်လာတာပါ ဦးလေး ...”

“ဘာ ...”

ဦးမောင်မောင်က မဲ့ရွဲ့လိုက်ရင်း ...

“မောင်ကြီးနဲ့ တစ်ဂိုဏ်းတည်းသားချင်းလို့ မပြောရဘူး၊ အချိုးတွေက အတူတူချည်းပဲ၊ ညည်းအဖေ ကြောင်လျှာသီးက ညည်းကို မဆူဘူးလား”

“ဆူသားပဲ ...၊ ဒါပေမယ့် အေးဆေးပါ၊ ဒီဘက်နားက ဝင်ပြီးရင် ဟိုဘက်နားက ဖွတ်ဆို ထွက်သွားတာပဲ ...”

“သြော် ... တော်တော် လီမွာရေးခြားရှိတဲ့ သမီးလေးပါလား၊ နီ ... ဒီလို ကလေးမျိုးကို မင်းက ဘာတွေကျွေးဦး မလို့လဲ ...၊ ရေပဲတိုက်ပြီး ပြန်လွှတ်လိုက်၊ ဒီမှာ ရိုစီ ... ငါ့အိမ်ကိုလာရင် ဒီလောက်တိုတဲ့ ဘောင်းဘီနဲ့ မလာနဲ့၊ ညည်းပုံစံကိုမကြည့်ရဲလို့ ငါ့သူငယ်ချင်းတွေတောင် အခန်းထဲဝင်ပြေးကုန်ကြပြီ၊ တကတည်းဗျာ ခေတ်ကာလ သားသမီးတွေများ ယိုသူမရှက် မြင်သူရှက်၊ ခက်ကိုခက်ပါတယ်”

ဦးမောင်မောင်က တဗျစ်တောက်တောက် ပြော





ရင်း အခန်းထောင့်မှာ ရပ်နေသည့် မောင်ကြီးကိုပါ မျက်စောင်းထိုးသလို ဇွေကြည့်လိုက်ပြီး လှည့်ထွက်လိုက်စဉ် မောင်ကြီးက သိချင်ဇောကပ်ကာ လှမ်းမေးလိုက်မိသည်။

“အဖေ ... အဖေ့ဧည့်သည်တွေက ဘယ်တော့ ပြန်မှာလဲ ...”

မောင်ကြီး မေးခွန်းကြောင့် ဦးမောင်မောင်က ရွဲ့တဲ့တဲ့ ပြုံးရင်းက မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း ...

“မပြန်သေးတဲ့အပြင် ထပ်တောင်ရောက်လာဦးမှာကွ၊ ဒါအကုန်မဟုတ်သေးဘူး ...”

“ဗျာ ...”

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ...

ကံဆိုးစွာပင် ...

မောင်ကြီး တစ်ယောက်တည်း ခြံထဲမှာ ဘတ်စကတ်ဘော ကစားနေချိန်တွင် ခြံတံခါးရှေ့မှာ မိန်းမနှစ်ယောက် လာရပ်လေသည်။ တစ်ယောက်ကား အသက် ၅၀ ကျော်အရွယ် ဝဝဖိုင့်ဖိုင့် အဒေါ်ကြီးတစ်ဦးဖြစ်ပြီး တစ်ယောက်ကတော့ မောင်ကြီးတို့အရွယ် တောကျကျပုံစံ ကောင်မလေးတစ်ယောက် ဖြစ်သည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

အဒေါ်ကြီးက အသံကျယ်ဖြင့် လှမ်းအော်ခေါ်သော်လည်း မောင်ကြီးက တမင် မသိချင်ယောင်ဆောင်ကာ ဘောလုံးကို တော့၍ သယ်လာပြီး ခြင်းထဲသို့ ခုန်၍သွင်းလိုက်၏။ အဲ့ဒီနှစ်ယောက်ဟာ အဖေ ပြောသည့် နောက်တိုး ညှော်သည်တွေပဲ ဖြစ်မှာ သေချာတာမို့ မောင်ကြီး စိတ်ထဲမှာ မကြည် ...။





"ဟဲ့ ... ကလေး ... အဒေါ်တို့ကို တံခါးဖွင့်ပေးပါဦးကွယ့်၊ အဒေါ်တို့က ဒီအိမ်ရှင် ချက်စုတို့ ရှာကပါ ..."

အဒေါ်ကြီးအသံက ပိုကျယ်လောင်လာသော်လည်း မောင်ကြီးက ဆက်၍ မသိချင်ယောင်ဆောင်နေပြီး သူတို့ဘက်ကို ကျောခိုင်းကာ အနားက ရေသန့်ဘူးကို ယူ၍ မော့သောက်နေဆဲ ...

"ဟဲ့ ... ခေါ်နေတာ မကြားဘူးလား၊ နင့်နားပင်းနေလား"

"အဟွက် ... ဟွတ် ..."

မောင်ကြီးသည် ကြားလိုက်ရသော စွာစူးစူးအသံကြောင့် သောက်လက်စ ရေပင် လည်ချောင်းထဲမှ ပြန်ဆန်တက်ကာ ချောင်းတဟွတ်ဟွတ် ဆိုးသွားလေသည်။

မောင်ကြီးသည် ဒေါသထွက်လျက် နောက်သို့ ချာခနဲလှည့်ကြည့်လိုက်သောအခါ ခြံတံခါးကြားမှ ဂျစ်ကန်ကန် မျက်နှာတစ်ခုကို မြင်ရလေသည်။ ဒါ ... တောသူမရဲ့ အသံပေါ့။ တောသူမကများကွာ ... လူပါးဝလို့ ...။

မောင်ကြီးက ခြံတံခါးဝသို့ ခြေလှမ်းကျဲဖြင့် လျှောက်သွားလိုက်ပြီး ခြံတံခါးရှေ့မှာ ခါးထောက်ရပ်လျက် တောသူမကို စေ့စေ့ကြည့်လိုက်သည်။

တောသူမ ပုံစံက မြင်ရ တွေ့ရတာ အချိုးမပြေချေ။ ကချင်ကွက်လိုလို ထဘီနှင့် ...၊ ရှပ်အင်္ကျီလက်တိုအကွက်



www.burmeseclassic.com

www.burmeseclassic.com



ကို တွဲဝတ်ကာ ရှည်လျားသော ရှပ်အင်္ကျီအနားနှစ်ဖက်ကို ထုံးချည်ထား၏။ ပခုံးသာသာဆံပင်ကို နှစ်ဖက်ခွဲ၍ စည်းထားသဖြင့် ဖောင်းအစ်အစ် ပါးနှစ်ဖက်က ပြူးနေ၏။ ထိုပါးပြူးပြူးပေါ်မှာ ပါးကွက်နှစ်ဖက် ကွက်ကာ သွားပွတ်တံဖြင့် အစင်းပေါ်အောင် ခြစ်ထား၏။ ခပ်ထူထူထင်းထင်း မျက်ခုံးနှစ်ဖက်ပေါ်မှာ သနပ်ခါးအစအနတွေ ဟိုတစ်စ ဒီတစ်စထင်လျက်၊ မျက်လုံးက ခပ်ပြူးပြူး၊ နှုတ်ခမ်းက ခပ်ပါးပါး၊ အသားလတ်လတ်၊ အရပ်က ခပ်မြင့်မြင့် ...။ ဘယ်ခေတ်ဟောင်းကမှန်းမသိသော စလင်းဘတ်အိတ်ကြီးကိုလည်း လွယ်ထားသေးသည်။ ပုံစံကသာ တောကျနေသော်လည်း ရုပ်ကိုက တောသူမရယ်လို့ နည်းနည်းလေးမှ နောက်မတွန့်ဘဲ ရဲရဲတောက် အနေအထားမျိုးနှင့် ရပ်လျက် မောင်ကြီးကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေလေသည်။ မောင်ကြီးကလည်း သူမကို ပြန်စိုက်ကြည့်လိုက်ရင်း ...

"ဟဲ့ ... ကောင်မလေး နင် ခုန ဘာပြောလိုက်တာလဲ"

"နင် မကြားလိုက်ဘူးလား၊ နားက တကယ်ပင်းနေတာလား"

"ငါ နားမပင်းဘူးကွ ..."

"နင် နားမပင်းရင် ငါ့ အဒေါ် အော်ပြောနေတာကို မကြားချင်ယောင်ဆောင်နေတယ်ဆိုတာ သေချာတာပေါ့၊ နင့်မှာ ယဉ်ကျေးမှုမရှိဘူးလား၊ ငါတို့ ဒီအိမ်က သူဌေးချက်စုရဲ့ ဧည့်ကောင်းစောင်ကောင်းတွေဟဲ့ ...၊ ရွာကနေ





မနက်အစောကြီးကတည်းက ထော်လာဂျီတစ်တန်၊ ကားတစ်တန်စီးပြီး လာခဲ့ရတာ ...၊ အိမ်ထဲဝင်ပြီး နားချင်လှပြီ ...၊ ဗိုက်လည်းဆာပြီ ...၊ တံခါးဖွင့်တော့ ..."

"အောင်မာ ... လေသံကိုက အမိန့်သံနဲ့၊ ရုပ်နဲ့မလိုက်လိုက်တာ၊ မဖွင့်ပေးတော့ ဘာဖြစ်လဲ"

"မဖွင့်ပေးရင် နင်နဲ့ သူဌေးချက်စုနဲ့ ပြဿနာ အကြီးအကျယ် တက်သွားမှာပေါ့၊ ငါ့အဖေက သူဌေးချက်စုရဲ့ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ဟဲ့၊ ဒါနဲ့ နေစမ်းပါဦး၊ နင်ကရော ဘယ်သူမို့လို့ ငါတို့ကို ဆီးဟောက်နေရတာလဲ၊ ရုပ်ကိုက ငါတို့အိမ်က ကြက်ဖကြီးရဲ့ အမောက်လို ဆံပင်မျိုးနဲ့ ...၊ မျက်စိနောက်လိုက်တာ၊ နင့်ကြည့်ရတာ မြင်ကွင်းမရှင်းဘူး၊ အဲ့ဒီဆံပင် တစ္ဆေတစောင်းကြားကနေ ငါ့ကိုပြူးကြည့်မနေနဲ့၊ နင့်ဆံပင်တွေကို သပ်တင်လိုက်ဦး ..."

"အပြောအဆိုက အရမ်းကို ပြောင်မြောက်ပါလား ဂျမ်းဒေါ်မရဲ့ ...၊ နင်က ငါ့ရည်းစားမို့လို့ ငါ့ကို ပုံသွင်းချင်နေတာလား ..."

"ဘာ ... ဘာ ..."

တောသူမက ဆွေ့ဆွေ့ခုန်သွားလေသည်။ ဟင်းခနဲ ဟွန်းခနဲ အသံတွေထွက်ကာ ဒေါသတကြီး ဖြစ်လာတာမို့ မျက်လုံးကပိုပြူးကာ ပါးကပိုဖောင်းလာသည်။ မောင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အဖေ မရှိရှိက်မို့ ညစ်ချင်စိတ်ပေါ်လာသည်။ တောသား တစ်အုပ်ကလည်း အဖေ စီစဉ်ပေးလိုက်သော Hight Ace ကား တစ်စီးဖြင့် အလည်အပတ် ထွက်သွားကြပြီ ...၊ အမေကလည်း အပေါ်ထပ်မှာမို့ မောင်ကြီးက ပို၍ အရဲကိုးလာကာ ...

"ဒီမှာ ... ငါက ဒီအိမ်ရှင်ပဲ၊ နင့်အဖေ သူငယ်ချင်း ဦးချက်စုဆီက ဝယ်လိုက်တာ မကြာသေးဘူး၊ ဒီအိမ်က ငါ့အိမ် ...၊ ဦးချက်စုအိမ် မဟုတ်တော့ဘူး"

"ဟင် ... ဒါဆို ဦးချက်က ဘယ်ပြောင်းသွားလဲ ..."

ငါ့ အဖေကိုများ ဦးချက်တဲ့ကွာ၊ တောက် ...။

မောင်ကြီးက စိတ်တိုသထက် တိုလာသည်။ တောသူမရဲ့ မျက်လုံးတွေက ပြူးရုံမက ဝိုင်းဝိုင်းလည်လာသည်။

"ဟဲ့ ... ငါမေးနေတာ ဖြေလေ၊ ဦးချက်က ဘယ်ပြောင်းသွားလဲ ..."

"ဟိုးအဝေးကြီးကို ပြောင်းသွားပြီ"

"ဟိုးအဝေးကြီးဆိုတာ ဘယ်မှာလဲ၊ လိပ်စာပြော ..."

"တောင်ဒဂုံကို ပြောင်းသွားတာ ..."

"တောင်ဒဂုံဆိုတာ ဘယ်နားမှာလဲ ..."

"ဟိုးအဝေးကြီးမှာ ..."

"တိတိကျကျ ပြောပါလားဟဲ့ ..."

"အင်း ... တိတိကျကျ ပြောရရင် တောင်ဒဂုံဆိုတာ ဒီရန်ကုန်မြို့ကြီးရဲ့ တောင်ဘက်အစွန်းကျကျမှာပေါ့ ..."





"အဲ့ဒါ နင်ပြောမှလား ...၊ ငါ့ကို လိပ်စာအတိအကျပြောပြီး ဘယ်လိုသွားရမယ်ဆိုတာသာ ညွှန်လိုက် ..."

"လိပ်စာအတိအကျက အိမ်နံပါတ် ၁၀၁၊ မိုးရိပ်လမ်း၊ တောင်ဒဂုံ၊ ၄၃ ဘတ်စ်ကား တက်စီးသွားရင် ရောက်တယ်၊ သေချာမှတ်သွား ..."

"ပြီးရော ... သွားမယ်၊ လာ ... ဒေါ်လေး"

တောသူမက အဒေါ်ကြီးလက်ကိုဆွဲကာ ထွက်သွားတော့မှ မောင်ကြီးက ပခုံးတစ်ချက်တွန့်ကာ ဟိခနဲ အသံတိတ် ရယ်ရင်း လှောင်ပြောင် တာ့တာပြနေဆဲ ...

ကျောခိုင်းသွားသော တောသူမ၏ ခြေလှမ်းတွေက တုံ့ခနဲ ရပ်တန့်သွားပြီး မောင်ကြီးဘက်သို့ ခပ်ဖြည်းဖြည်း လှည့်ကြည့်လာသည်။

ထိုအကြည့်က သင်္ကာမကင်းသည့် အကြည့်မျိုး။

မောင်ကြီးက တာ့တာပြနေသည့် လက်ကို အမြန်ရပ်ကာ ပခုံးကုပ်သလိုလို မေးစေ့ကုပ်သလိုလို လုပ်လိုက်ရသည်။

သူမက ခြံတံခါးဆီသို့ ခပ်ဖြည်းဖြည်းပြန်လျှောက်လာကာ မောင်ကြီးကို သေချာစိုက်ကြည့်နေရင်း ...

"နင့်ကို ငါ မသင်္ကာဘူး"

"ဘာလဲ ...၊ ဓယားရှုပ်လိုက်တာ၊ သွားရှာမှာဖြင့် မြန်မြန်သွားရှာတော့လေ ..."

"နင့်ကို ငါ မသင်္ကာဘူး၊ သံသယရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောသူမ အကြည့်က အရှိန်အဝါကြီးလွန်းတာမို့ မောင်ကြီးတောင် နည်းနည်း မလုံမလဲဖြစ်လာသည်။ သို့သော်လည်း မောင်ကြီးက ဟန်မပျက်အောင်ထိန်းရင်း ...

"ငါ့ကို တရားခံကြည့် လာကြည့်မနေနဲ့၊ အကောင်းလည်း လိပ်စာပြောပြရသေးတယ်"

"အဲဒီလိပ်စာက အမှန်ရောဟုတ်လို့လား"

"ဘာလို့မဟုတ်ရမှာလဲ ..."

"ငါဖတ်ဖူးတဲ့ ဝတ္ထုစာအုပ်တွေထဲမှာတော့ ဦးချက်တို့လို သူဌေးတွေနေတဲ့နေရာက ရွှေတောင်ကြားတို့ သံလွင်လမ်းတို့၊ အင်းလျားလမ်းတို့၊ တက္ကသိုလ်ရိပ်သာလမ်းတို့မှာပါ၊ ငမိုးရိပ်လမ်းမှာ သူဌေးနေတယ်ရယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

"နင်က တောသူမဆိုတော့ ဒိတ်အောက်နေတာကိုး၊ နင် ဘာသိလို့လဲ ...၊ ခုနောက်ပိုင်းမှာ သူဌေးတော်တော်များများက ငမိုးရိပ်လမ်းဘက်မှာ နေကုန်ကြပြီ၊ နင်ဖတ်ဖူးတဲ့ ဝတ္ထုစာအုပ်တွေက အဟောင်းတွေမို့လို့ ငမိုးရိပ်လမ်းကို ထည့်ရေးမထားသေးတာ နေမှာပေါ့ ..."

"ငါဖတ်တဲ့ ဝတ္ထုစာအုပ်က အသစ်တွေဟဲ့ ..."

"ဝတ္ထုရေးတဲ့ စာရေးဆရာတွေ ကိုယ်တိုင်က ခေတ်နဲ့ မျက်ခြည်ပြတ်ပြီး အိမ်တွင်းအောင်း စာရေးနေကြလို့ ဒါလေးတောင် မသိတာပေါ့ ..."





"နေစမ်းပါဦး ... ငမိုးရိပ်လမ်းဆိုတာကရော တကယ်ရှိလို့လား၊ နင့်ပါးစပ်ထဲတွေ့ရာ လျှောက်ပြောလိုက်တာ မဟုတ်လား"

"စေတနာနဲ့ပြောပြတဲ့သူကို အဲ့လို မစော်ကားရဘူးလေ"

တောသူမက မောင်ကြီးတို့အိမ်ကြီးကို တစ်လှည့်၊ မောင်ကြီးကို တစ်လှည့် ကြည့်လိုက်ရင်း မယုံသင်္ကာစွာဖြင့် ...

"ဒီအိမ်က နင့်အိမ်ဆိုတာ သေချာရဲ့လား"

"သေချာတယ်"

"နင် ဝယ်ထားတာပေါ့ ..."

"မှန်တယ် ..."

"နင့်အသက် ဘယ်လောက်ရှိပြီလဲ ..."

"နှစ်ဆယ်ဝန်းကျင်ပေါ့ ...၊ ဟာ ... ဘာလုပ်မလို့လဲ၊ သန်းခေါင်စာရင်း လာစစ်နေတာလား ..."

တောသူမက မောင်ကြီးကို မျက်မှောင်ကြုတ်၍ ကြည့်နေရင်းက ခဏ နှုတ်ဆိတ်သွား၏။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်ရွဲ့ကာ မဲ့တဲ့တဲ့ပြုံး၍ ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်ရင်း ...

"မဖြစ်နိုင်ဘူး ..."

"ဘာကိုလဲ ..."

"သေချာတယ်၊ လုံးဝမဖြစ်နိုင်ဘူး၊ နင့်ရဲ့ ဥပဓိရုပ်က ဒီခြံနဲ့ အိမ်ကို ဝယ်နိုင်တဲ့ ဥပဓိမဟုတ်ဘူး၊ နင့်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး နင်နဲ့ စကားပြောလိုက်တာနဲ့ နင့်ရုပ်က ပေါ့ပေါ့နေ ပေါ့ပေါ့စားရုပ် ထွက်နေတယ်၊ ဒီအရွယ်နဲ့ ဒီလောက်ချမ်းသာလာအောင် အရည်အချင်းရှိမယ့်ပုံမဟုတ်ဘူး"

"အောင်မာ ... တောသူမ အနုံညာတ ရုပ်ကများ ပြောရတယ် ရှိသေး၊ ငါက အတိတ်ဘဝ ကုသိုလ်ကံကောင်းလွန်းလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ အမွေတွေ အများကြီးရပြီး ချမ်းသာနေလို့ ဝယ်နိုင်တာပေါ့ ..."

"အေးလေ ... နင်ပြောတာ ဟုတ်မဟုတ် ကြည့်ကြသေးတာပေါ့ ..."

တောသူမက သူ့ပခုံးမှာ လွယ်ထားသည့် ပုံတုံးတုံး အိတ်ကြီးကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်ပြီး ဇစ်ကိုဖွင့်လိုက်သည်။ ဘာများထွက်လာမှာပါလိမ့်ဟု မောင်ကြီးက သူမအိတ်ထဲသို့ ကဲ၍ကြည့်လိုက်သည်။ အိတ်ထဲမှာ မဂ္ဂဇင်းစာအုပ်ဆိုဒ်လောက်ရှိမည့် ဖုဖုဖောင်းဖောင်း အထုပ်တစ်ထုပ်ကို တွေ့ရသည်။ သူမက ထိုအထုပ်ကို ဆွဲထုတ်ပြီး အထုပ်ကို သေချာပတ်ထားသည့် ပလတ်စတစ်အိတ်ကို ဖြည်ချလိုက်သောအခါ ကြိုးမဲ့တယ်လီဖုန်းတစ်လုံးကို တွေ့လိုက်ရလေသည်။

မောင်ကြီးက အိမ်ဖုန်းမှာသုံးသည့် အထိုင်ပါဖုန်းကို အူကြောင်ကြောင် ကြည့်နေမိဆဲမှာ သူမက ထိုဖုန်းရဲ့ ဧရိယာတိုင်ကို ဆွဲထုတ်လိုက်သည်။





"တောသူမ ... နင်ဘာလုပ်မလို့လဲ ..."

"ဖုန်းဆက်မလို့လေ ...၊ ဦးချက်ဆီကို ဖုန်းဆက်မလို့၊ မြင်တယ်မဟုတ်လား ...၊ ဒါ ကမ်းရိုးတန်းဖုန်း၊ တောရော မြို့ပါ အသုံးပြုလို့ရတယ်"

မြတ်စွာဘုရား ... တောဂေါ်လီမကို အထင်သေးလို့မရပါလား။ ခင်း ဒီဖုန်းကြီးကို အိတ်ထဲထည့်သယ်လာတာ မသိလိုက်ရပါလား ...။ မောင်ကြီး ဓာချွေးပြန်လာဆဲမှာ သူမက အထိုင်ဖုန်းကို လက်တစ်ဖက်ကကိုင်ကာ ကျန်လက်တစ်ဖက်က ဖုန်းခွက်ကို ကိုင်ပြီး ဖုန်းခလုတ်တွေကို လက်ညှိုးကလေးဖြင့် ကျွမ်းကျွမ်းကျင်ကျင် နှိပ်၍ ဖုန်းခေါ်လိုက်လေသည်။

"ဟဲလို ... ဦးချက်လား၊ ကျွန်မက ဦးချက်သူငယ်ချင်း ဦးကြည်လွင်ရဲ့ သမီး လှလေးခင်ပါ၊ အဖေ မလိုက်နိုင်လို့ ဒေါ်ကြီးတင်နဲ့အတူ လာခဲ့တာပါ၊ အဖေပေးလိုက်တဲ့ လိပ်စာအတိုင်းလာတာ အဲ့ဒါ ဒီရောက်တော့ ကြက်အမောက်ဆံပင်နဲ့ ကောင်လေးက ဦးချက်တို့ အိမ်ပြောင်းသွားပြီပြောလို့ ... လှလေးတို့ ဘယ်လိုလာရမှန်းမသိလို့၊ ရှင် ... ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

မောင်ကြီးက ပြဿနာတက်တော့မည်ဆိုတာ သိတာမို့ ခပ်မြန်မြန် လှည့်ထွက်လာဆဲ ...

"ဟဲ့ ... နေဦး၊ ဒီမှာ ဦးချက်က နင်နဲ့ ဖုန်းပြောမလို့တဲ့၊ ရော့ ... ပြောလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



တောသူမက ဖုန်းကိုလှမ်းပေးနေသည်။ တစ်ဖက်က 'ဟဲလို … ဟော့ကောင်၊ ဟဲလို … ဟော့ကောင်' ဟူသော အဖေ့ရဲ့ အော်ဟစ်နေသံက ကျယ်လွန်းတာမို့ ဖုန်းခွက်အပြင်ကိုတောင် လျှံကျနေသည်။ မကိုင်၍ မဖြစ်တော့ပြီမို့ ဖုန်းခွက်ကို လှမ်းယူလိုက်ရပါသည်။

"ဟဲ … ဟဲလို …"

"ဟော့ကောင် မောင်ကြီး … မင်း အခုချက်ချင်း တံခါးဖွင့်ပေးလိုက်၊ မင်းတော့လား … ပြန်လာမှ ငါနဲ့တွေ့မယ်"

အဖေက ဒေါသတကြီး ကြုံးဝါးပြီး ဝုပ်ခနဲ ဖုန်းချသွားသည်။ မောင်ကြီးက ခြံတံခါးဖွင့်ပေးလိုက်တော့ တောသူမက မျက်နှာကို မော့ချီကာ မောင်ကြီးရှေ့မှ ဖြတ်လျှောက်ဝင်သွားသည်။ မောင်ကြီး စိတ်ထဲက အမြင်ကတ်စွာ မေတ္တာပို့သလိုက်မိသည်။

အလကား တောသူမ …

တောင်ဂေါ်လီမ …

လူလည် ပန်ကာမ …

ဂျပိုးမ …

ဖွေးတုတ်မ …

စာဥမ … ။

● ● ●



✿ ✿ ✿

"ဟော့ကောင် … မောင်ကြီး"

"ဗျာ … အဖေ"

"လာ … တောင်းပန်လိုက်"

"ဟို … အဲ့ဒါတော့ …"

"ဟော့ကောင် … လာဆို လာ …"

မောင်ကြီးသည် အဖေ့ရှေ့မှာရပ်လျက် အခက်တွေ့၍ နေလေသည်။ သူ့ရွာက လူတွေကိုထိလျှင် မချိအောင် နာတတ်သော အဖေသည် လူလေးခင်ကို တောင်းပန်လိုက်ဖို့ မောင်ကြီးကို ဖွတ်တိုက်တွန်းနေသည်။ တောသူမကလည်း မျက်နှာပင့်ချီလျက် တောင်းပန်ခံဖို့ အဆင်သင့် စောင့်နေလေသည်။ အဲ့ဒီမျက်နှာထားဟာ မောင်ကြီး မြင်ဖူးသမျှ မျက်နှာထားများစွာထဲမှာ အမြင်ကတ်စရာ အကောင်းဆုံး မျက်နှာထားဖြစ်သည်။ အဲ့ဒီ တောသူမကို တောင်းပန်ရမယ့်အစား ငါ့ကိုယ်ငါပဲ သတ်သေလိုက်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အမှားကို မင်း သိတယ်မဟုတ်လား မောင်ကြီး"

"သားအထင်တော့ သားမမှားဘူးထင်တာပဲ ဖေဖေ"

"ဘာကွ ..."

"သူသာ သားကို ယဉ်ယဉ်ကျေးကျေး စကားပြောရင် သား သူ့ကို ဒီလိုချောက်မတွန်းပါဘူး"

"နင်က အရင် မယဉ်ကျေးတာကိုလည်း ထည့်ပြောလိုက်ဦးလေ ...၊ ငါ့အဒေါ်က တစာစာလှမ်းခေါ်ပြီး တံခါးဖွင့်ပေးဖို့ပြောတာတောင် နင်က မသိချင်ယောင်ဆောင်နေတာ မဟုတ်လား ..."

"နင် ငါ့အဖေရှေ့မှာ လာစွာမနေနဲ့ ..."

"စွာပစေ၊ စွာတာကောင်းတယ်၊ ပြောသာပြော လှလေး၊ တောကလာတယ်ဆိုပြီး ဘာမှကြောက်နေစရာမလိုဘူး၊ ဦးချက်လည်း တောသား၊ သမီးအရွယ်လောက်ကပဲ မြို့တက်လာတာ၊ မြို့သားလူစွာတွေက အလကား အရည်အချင်းမရှိဘဲ ဟန်လုပ်နေကြတာ များတယ်၊ အဲဒီလိုလူမျိုးတွေ ဗိုလ်ကျတာကို ငုံ့ခံစရာ အကြောင်းမရှိဘူး ..."

"ဟုတ်ကဲ့ပါ ဦးချက်၊ လှလေး ဘယ်တော့မှ ငုံ့မခံပါဘူး၊ အဖေကလည်း လှလေးကို အဲ့ဒီလိုပဲသင်ထားတာ ..."

"အေး ... ကောင်းတယ်၊ ဦးချက်ကလည်း သတ္တိရှိတာကိုပဲ သဘောကျတယ်၊ ညည်းက ဒီမှာ သုံးလေးလနေပြီး





သင်တန်းတက်မှာဆိုတော့ ပြောရဲ ဆိုရဲ သွားရဲ လာရဲ ရှိမှ ဖြစ်မယ် ..."

မြတ်စွာဘုရား ...။

မောင်ကြီးသည် ကြားလိုက်ရသော အဖေ့စကားကြောင့် ခေါင်းပေါ်က ရှိရှိသမျှ ဆံပင်တွေအားလုံး ထောင်သွားသည်ဟုပင် ထင်လိုက်ရလေသည်။

"အ ... အဖေ ... သူ ... သူက ခဏတစ်ဖြုတ် အလည်လာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သုံးလပြတ် ကွန်ပျူတာသင်တန်း လာတက်တာ ...၊ သင်တန်းအပ်ဖို့ကိစ္စတွေကို မင်း လိုက်လုပ်ပေးရမယ်"

မောင်ကြီးက တွန့်ခနဲ ဖြစ်သွားကာ ...

"သား မအားဘူး အဖေ ..."

"မအားရအောင် မင်းက ဘာတွေများ လုပ်နေရတာမို့လို့လဲ ...၊ အားအားလျားလျား လျှောက်သွားနေတဲ့ကောင်ကများ ...၊ အပိုတွေ လာပြောမနေနဲ့၊ ငါခိုင်းတဲ့အတိုင်းလုပ် ...၊ ကဲ ... လောလောဆယ်တော့ မင်းအမှားအတွက် အရင်တောင်းပန်လိုက်ဦး ..."

မောင်ကြီးက တွေဝေတွန့်ဆုတ်နေကာ ...

"သား ... စဉ်းစားပါရစေဦး အဖေ"

"ဘာကိုလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တောင်းပန်သင့် … မသင့်"

"ဩော် … ဩော် … ဒါကို စဉ်းစားချင်သေးတာပေါ့၊ ကောင်းပြီလေ … စဉ်းစား စဉ်းစား၊ မင်းကြိုက်သလောက်သာ အချိန်ယူ စဉ်းစား …"

အဖေ့စကားကြောင့် မောင်ကြီး အားတက်သွားသည်။ ခုလိုကျတော့လည်း အဖေက မောင်ကြီးကို ငဲ့ညှာရှာသားပါလား …။ ဒါဟာ ပြစ်ဒဏ်တစ်ခုကို ဆိုင်းငံ့ပြစ်ဒဏ်အဖြစ် သတ်မှတ်လိုက်တဲ့ သဘော …။ ဆိုင်းငံ့ရင်းကပဲ သူ့အလိုလို ပြေပျောက်လွတ်ကင်းသွားနိုင်တာပဲ မဟုတ်လား။ အေးလေ … အဖေလည်း ယောကျ်ားပဲဟာ သူ့သားကို မိန်းကလေးတစ်ယောက် ရှေ့မှာ အောက်ကျို့ နောက်ကျို့ တောင်းပန်စေချင်ပါ့မလား …။ မဆုံးမရင် အရိုအသေတန်မှာစိုးလို့သာ တောသူမရှေ့မှာ ဆုံးမပြနေရရှာတာ၊ တကယ်တန်းကျတော့ ကိုယ့်သားဘက်က ရပ်တည်မှာပဲ မဟုတ်လား …။ ကျေးဇူးပါပဲ အဖေရယ် …။

"အေး … ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

အဖေ့ ဒါပေမယ့်ကြီးကြောင့် ကွေးညွှတ်ပြုံးလုလု မောင်ကြီး နှုတ်ခမ်းက ပြန်၍ တည့်မတ်သွားသည်။

"မင်း စဉ်းစားလို့ အဖြေမထွက်မချင်း မင်း အခုရပ်နေတဲ့ နေရာကနေ တစ်လှမ်းမှ မရွေ့နဲ့ …၊ လှလေး … သူ့ကို စောင့်ကြည့်ထား …၊ မတောင်းပန်ခင် ခြေလှမ်းရွေ့ရင်





ဦးချက်ဆီကို ဖုန်းဆက်လိုက်၊ ဦးချက်တို့ အပြင်သွားလိုက်ဦးမယ်၊ နီရေ … သွားရအောင်ဟေ့"

"ဟာ … အဖေ အဲ့ဒီလိုတော့ မလုပ်ပါနဲ့ဗျာ …"

အဖေက မောင်ကြီးကို အရေးမလုပ်ဘဲ မောင်ကြီးရှေ့မှ ထထွက်သွားသည်။ အမေ အပေါ်ထပ်က ဆင်းလာတော့ မောင်ကြီးက အဖေ မကြားအောင် ပါးစပ်လှုပ်ရုံ စကားလည်း လှမ်းပြော၊ လက်ဟန်တွေလည်းပြ၊ လက်အုပ်ကလေးတောင် ချီကာ အဖေ့ကို ပြောပေးဖို့ အသံတိတ် တောင်းပန်ပါသော်လည်း အမေက ပခုံးတွန့်၊ လက်ဝါးဖြန့်ပြကာ မတတ်နိုင်ဘူးဟု အသံတိတ်ပြောပြီး အဖေ့နောက်သို့ ဖဝါးခြေထပ် လိုက်ပါသွားလေသည်။

မောင်ကြီးသည် စိတ်တတ်ကျွစွာဖြင့် ခေါင်းငိုက်စိုက်ချကာ ရပ်တန့်ကျန်ရစ်ခဲ့ရသည်။ အဖေ့ကား ထွက်သွားသံကြားတော့မှ မောင်ကြီးက ဖြန်းခနဲ မျက်လွှင့်ပင့်ကာ တောသူမကို ဂြိုဟ်ကြည့်ကြည့်လိုက်စဉ်မှာ မောင်ကြီးကို တရားခံကြည့် စိုက်ကြည့်နေသော တောသူမရဲ့ မျက်ဝန်းတွေနှင့် ဆုံသွားသည်။ ကြည့်စမ်း … ခင်းကများ ငါ့ကို ဒီလိုကြည့်ရတယ်လို့။ ရပ်နေပုံကိုက ခြေတစ်ဖက်ကို ချဲထားကာ လက်တောင်ပိုက်ထားလိုက်သေးရဲ့ …။

"ဟဲ့ … တောသူမ"

"ဘာတုန်း …"



www.burmeseclassic.com

www.burmeseclassic.com



ကြည့် … ထူးပုံကိုက …။

"နင် ငါ့ရှေ့က အခုချက်ချင်း ထွက်သွားရင် ကောင်းမယ်"

"ထွက်မသွားနိုင်ပေါင်တော်၊ နင့်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေဖို့ ဦးချက်က တာဝန်ပေးအပ်သွားတာ နင် မကြားလိုက်ဘူးလား"

"အေး … နင်ထွက်မသွားရင် ငါပဲထွက်သွားတော့မယ်၊ နင့်ကို မြင်ရ၊ နင့်အသံကို ကြားနေရတာ အကုသိုလ် အလုံးလိုက် တက်တယ်"

"ထွက်သွားရဲရင် ထွက်သွားကြည့်လိုက်လေ၊ နင် အဲ့ဒီ နေရာကနေ ခြေတစ်လှမ်းရွှေ့တာနဲ့ ငါက ဦးချက်ဆီကို ဖုန်းဆက်ပြီးသားပဲ …"

တောသူမက ပြောပြောဆိုဆို ဧည့်ခန်းထောင့် စားပွဲပေါ်မှာ တင်ထားသည့် သူမအိတ်ကို သွားယူကာ အိတ်ထဲက ဖုန်းကြီးကို ထုတ်ပြီး လက်မှာအသင့်ကိုင်ထားလိုက်လေသည်။ အဲ့ဒီ ပုံစံဟာ အင်မတန်မှ ရယ်ဖွယ်ကောင်းလေစွတည်း …။ မြင်ယောင်ကြည့်ကြပါကုန် …။

ခြေချဲ၍ရပ်နေသော တောသူမသည် သူ့ကမ်းရိုးတန်း ဖုန်းရဲ့ ခလုတ်ခုံကို လက်တစ်ဖက်က ကိုင်၊ ကျန်တစ်ဖက်က အထိုင်ဖုန်းပေါ်က ဖုန်းခွက်ကို လက်ဖြင့် အသင့်အုပ်ကိုင်





လျက် မောင်ကြီး၏ ခြေထောက်အစုံကို စူးစိုက်ကြည့်လျက်ရှိ၏။ မောင်ကြီး ခြေထောက် နည်းနည်းရွှေ့တာနှင့် ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။ ခြေတစ်လှမ်း လှမ်းမိလျှင် ဖုန်းခလုတ်တွေကို စ,နှိပ်၏။ မောင်ကြီး ကိုယ့်နေရာကိုယ် ပြန်ရပ်လျှင် ဖုန်းခလုတ် နှိပ်တာကို ရပ်လျက် ဖုန်းခွက်ကို ပြန်ချထားလိုက်၏။ မောင်ကြီး လှုပ်ရှားတိုင်း ထိုသို့ အကြိမ်ကြိမ် လုပ်ဆောင်နေပုံက ရယ်စရာပင်တည်း …။

မောင်ကြီးသည် တောသူမကို တမင် ပညာပြချင်လာရတာမို့ ခြေတစ်လှမ်းလှမ်းလိုက်၊ မူရင်းနေရာမှာ ပြန်ရပ်လိုက်ဖြင့် အကြိမ်ကြိမ် လုပ်ဆောင်၏။ တောသူမကလည်း ဖုန်းခွက်ကို အကြိမ်ကြိမ် ကောက်ကိုင်၏။ မောင်ကြီးကလည်း မလျော့၊ လှလေးခင်ကလည်း မလျော့၊ ကြာတော့ မောင်ကြီးပဲ မောလာကာ …

"ဟဲ့ … တောသူမ၊ နင် ခုထိ မမောသေးဘူးလား"

"နင်ရော ခုထိ စဉ်းစားလို့မပြီးသေးဘူးလား"

"ငါက ဘာကိုစဉ်းစားရမှာလဲ …"

"ငါ့ကို တောင်းပန်ဖို့လေ"

"ဟား … ဟား … ဝေးသေး၊ စဉ်းစားစရာတောင် မလိုဘူး၊ အစကတည်းက မတောင်းပန်ဘူးဆိုတဲ့ အဖြေက ထွက်ပြီးသား …"

"ဒါဆိုလည်း အဲ့ဒီမှာပဲ ရပ်နေလိုက်တော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ရပ်မှာ၊ ငါ့ခြေထောက်တွေ သွေးခဲပုပ်သိုးပြတ်ကျတဲ့အထိ ရပ်ရမယ်ဆိုလည်း ရပ်နေလိုက်မယ်၊ နင့်ကိုတော့ လုံးဝ မတောင်းပန်နိုင်ဘူး"

"ပြီးတာပဲလေ ...၊ ရပ်နိုင်ရင် ရပ်ပေါ့ ...၊ ငါကတော့ အေးဆေးပဲ"

တောသူမက ခပ်အေးအေးပြောကာ မောင်ကြီးရှေ့မှာ ခုံတစ်လုံး ဆွဲယူ၍ ထိုင်လိုက်လေသည်။ ပြီးတော့ ... မောင်ကြီးကို မကြည့်တော့ဘဲ စာအုပ်တစ်အုပ် ဆွဲယူဖတ်ရင်း တစ်ချက်တစ်ချက်၌ နှုတ်မှ တီးတိုးရေရွတ်နေသည်မှာ ...

"ရပ်နိုင်ပေ့ ... ရပ်နိုင်ပေ့ ..."

ဟူ၍တည်း ...။

ရပ်ရတာ ကြာ၍ ခြေထောက်တွေ ညောင်းတောင့်လှပြီဖြစ်သော မောင်ကြီးသည် တောသူမကို အံကြိတ်၍ စိုက်ကြည့်နေရာမှ ဒေါသက အလိုက်လိုက် ထွက်လာကာ ...

"ဟဲ့ ... တောသူမ နင့်ပါးစပ် ပိတ် ..."

ဟု ကြုံးအော်လိုက်လေရာ တောသူမက မျက်နှာတစ်ချက်မပျက်ဘဲ မျက်ကြောစင်းကလေးဖြင့် မဂ္ဂဇင်း စာမျက်နှာကိုသာ စိုက်ကြည့်နေရင်း ...

"ငါ့ဘာသာ မဂ္ဂဇင်းထဲက ကလေးလေး မတ်တတ်ရပ်နေတဲ့ ပုံကိုကြည့်ပြီး ပြောနေတာ ဘာဖြစ်လဲ ..."





"နင် အပိုတွေ ပြောမနေနဲ့၊ နင် ငါ့ကို လှောင်နေတာ ငါမသိရင်ခက်မယ်"

"ဩော် ... ကဲ ... ဒီမှာကြည့် ... တွေ့လား၊ ကလေးလေး ရပ်နေတဲ့ပုံ ..."

သူမက မဂ္ဂဇင်းစာမျက်နှာကို မောင်ကြီးမြင်အောင် ထောင်ပြလိုက်သည်။ ကလေးလေးပုံကို တကယ်ပဲ မြင်လိုက်ရတာမို့ မောင်ကြီးမှာ ရှေ့ဆက်ပြောခွင့်မသာဘဲ ငြိမ်နေလိုက်ရသည်။

ရပ်နေရတာ ကြာပြီဖြစ်သော်လည်း မောင်ကြီးက လှလေးခင်ကို တောင်းပန်ဖို့ မစဉ်းစား၊ လှလေးခင်ကလည်း မောင်ကြီးကို ပညာပြဖို့ အမျိုးမျိုး စဉ်းစားလျက်ရှိသည်။ မောင်ကြီး ဗိုက်ထဲမှာတော့ တကြုတ်ကြုတ် ဆာလောင်လှပြီဖြစ်သည်။ အစာအိမ်နံရံတွေချင်း ကျိတ်ချေလွန်းလို့ အစာအိမ်တောင် ပါးပြီး ပေါက်တော့မလား မသိချေ ...။

မောင်ကြီးသာ တောင်းပန်လိုက်လျှင် ဒီဒုက္ခတွေ အားလုံးကနေ လွတ်မြောက်သွားမည်ဖြစ်သော်လည်း မောင်ကြီးက လွယ်လွယ်နဲ့တော့ မာနမချချင် ...။ အဖေ့စကား နားမထောင်ဘဲ ဖွတ်ထွက်သွားလိုက်လို့ရသော်လည်း နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာမှာကိုတော့ မောင်ကြီးက ကြောက်ရသေးသည်။ ဥပမာ ... မောင်ကြီး စီးနေတဲ့ ကားကို ပြန်သိမ်းပြီး မုန့်ဖိုးဖြတ်တောက်လိုက်မှာမျိုး၊ မောင်ကြီးရဲ့ လွတ်လပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရုပ်သိမ်းပြီး အဖေ့အလုပ်ခွင်ထဲကို ဖွတ်ပင် သွတ်သွင်းခံလိုက်ရမှာမျိုးတော့မဖြစ်ချင်။ အဲဒီဒုက္ခတွေက အခု ခြေထောက်တောင့်၊ ဗိုက်ဆာနေရတဲ့ ဒုက္ခတို့ထက် ပိုမိုဆိုးရွားလာမှာ သေချာတာမို့ပင် ...။

မောင်ကြီးက မောလျ ဖျော့တော့ဆုတ်နစ် ဆာလောင်နေချိန်တွင် လှလေးခင်က ဖတ်လက်စ စာအုပ်ကိုချကာ သူ့ဗိုက်သူ ပြန်ပွတ်လိုက်ရင်း ...

"ဗိုက်တောင် ဆာလာပြီ၊ တစ်ခုခုတော့ စားဦးမှ ..."

ဟု ရေရွတ်လိုက်ပြီး သူ့အဒေါ်ကြီးကို လှမ်းအော်ခေါ်လိုက်ပုံမှာ ...

"ဒေါ်ကြီးရေ ... လှလေး ဗိုက်အရမ်းဆာနေလို့ လှလေးကို တစ်ခုခု ကျွေးပါလား အဒေါ်ကြီးရယ်"

"အေး ... အေး ... ခဏစောင့်၊ ဒေါ်ကြီး ယူခဲ့ပေးမယ်"

ခဏကြာသော် ဒေါ်ကြီးက အငွေ့တထောင်းထောင်း ထကာ မွှေးပျံ့ကြိုင်လှိုင်နေသော ထမင်းတစ်ပန်းကန်ကို မ,ကာ ဧည့်ခန်းထဲသို့ ဝင်လာလေသည်။ ဟင်းရနံ့က မောင်ကြီး၏ အာရုံကို နှိုးဆွလိုက်တာမို့ မောင်ကြီးက လည်ပင်းကလေးမသိမသာ ရှည်ကာ ဒေါ်ကြီးလက်ထဲက ထမင်းပန်းကန်ကို မျှော်ကြည့်လိုက်၏။ ထမင်းပေါ်မှာ ပုံထည့်ထားသော ကြက်သားတုံးကြော်များ၊ ဘာလချောင်ကြော်များ၊ ချဉ်ပေါင်ကြော်များက စားချင်စဖွယ်မို့ ခံတွင်းထဲက သွားရည်တချို့ စိမ့်ပျို့လာကာ ...





"ဒေါ်ကြီး ... ကျွန်တော့်ဖို့လည်း ထမင်းတစ်ပန်းကန် ခူးခဲ့ပေး ..."

ဟု ခပ်တည်တည် လှမ်းပြောလိုက်သည်။ အဒေါ်ကြီးက လှလေးခင်ထံသို့ ထမင်းပန်းကန်လှမ်းပေးရင်း မောင်ကြီးကို လှည့်ကြည့်ကာ ...

"ထမင်းက ကုန်ပြီကွယ့် ...၊ ဒါအကုန်ပဲ ...၊ ဟင်းတွေက ဒေါ်ကြီး ရွာကနေ ချက်ယူလာတာ၊ မင်းတို့အိမ်က ဟင်းမဟုတ်ဘူး၊ ဒေါ်ကြီးတို့ ချိုင့်ထဲက ဟင်းတွေကို မင်းတို့ မီးဖိုချောင်ထဲမှာ ပြန်နွှေးပြီး ထည့်ယူလာတာ၊ မင်း စားချင်ရင် လှလေးပန်းကန်ထဲက တစ်ဝက်ခွဲထည့်ပေးမယ်၊ စားမလား ..."

"မစားပါဘူး၊ တောချက်တွေ စားကောင်းမှာမှ မဟုတ်တာ"

"နင် စားလည်း မကျွေးပါဘူး၊ နင့်အဖေ ငါ့ကို နိုင်းခဲ့တဲ့ အထဲမှာ နင့်ကို ထမင်းကျွေးဖို့ မပါဘူး"

လှလေးခင်ကခပ်တည်တည်လှမ်းပြောပြီး မောင်ကြီးရှေ့မှာထိုင်ကာ ထမင်းကို အားပါးတရ စားပြနေလေသည်။ မောင်ကြီးသည် ဗိုက်ကလည်းဆာ၊ စိတ်ကလည်း တိုသထက် တိုလာကာ မီးဖိုချောင်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း ...

"အေးရီ ... အေးရီ ... ဟဲ့ ... အေးရီ၊ ငြိမ်းတင် ... နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်နေလဲ ... လာခဲ့ကြစမ်း၊ ငါ့ဖို့ ထမင်းတစ်ပန်းကန် ချူးခဲ့ကြစမ်း"

"ဟဲ့ ... အော်မနေနဲ့ လေကုန်ရုံပဲ ရှိမယ်၊ နင်တို့အိမ်က ကောင်မလေး နှစ်ယောက်လုံး ဈေးဝယ်သွားတယ်၊ နင် သိပ်ဗိုက်ဆာနေရင် ငါ့ကို တောင်းပန်ပြီး နင့်ဘာသာ ထမင်းသွားချူးစားလိုက်ပေါ့ ..."

"တောက် ... ဗိုက်ပေါက်ပြီးတော့ပဲ အသေခံလိုက်တော့မယ်"

"ဒေါ်ကြီးရေ ... သူတို့မြို့က နာရေးကူညီမှုအသင်း ဖုန်းနံပါတ်က ဘယ်လောက်လဲ သိလား ..."

လှလေးခင်က ထမင်းစားရင်း ပလုတ်ပလောင်းသံဖြင့် လှမ်းအော်မေးလိုက်တာမို့ မောင်ကြီးမှာသာ ဒေါသဖြင့် ဆတ်ဆတ်တုန်လာရသည်။

"ဒေါ်ကြီးရေ ... ဒေါ်ကြီး ... လှလေးမေးတာကြားလား"

"အေး ... ကြားတယ် ... ကြားတယ်၊ ဖုန်းနံပါတ်က ဂျာနယ်အဟောင်းထဲမှာတော့ ဖတ်ဖူးတယ်၊ အလွတ်တော့ မရဘူးဟဲ့၊ ညည်းက ဘာလုပ်မလို့လဲ ..."

"လိုရမည်ရ ကြိုတင်ဘွတ်ကင်လုပ်ပေးထားရင် ကောင်းမလားလို့ ..."

လှလေးခင်က မောင်ကြီးရဲ့ ဒေါသကိုဆွနေသည်။ မောင်ကြီးက တောသူမရဲ့ မချိုမချဉ် ပြောင်စပ်စပ်ရုပ်ကို အညိုး





တကြီး စိုက်ကြည့်မိသည်။ တောသူမကလည်း အားပါးတရ စားပြနေသည်။

ထိုခဏမှာ မောင်ကြီးရဲ့ ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော ဟန်းဖုန်းမှ အသံမြည်လာပါသည်။ မောင်ကြီးက ဖုန်းကို ဆွဲထုတ်ပြီး ဖုန်းမှာပေါ်နေသည့် နံပါတ်ကို ငုံ့ကြည့်လိုက်သည်။ ဒါ ... ရိုစီလှဦးရဲ့ ဖုန်း ...။ မောင်ကြီးက ဖုန်းဖွင့် နားထောင်လိုက်ရသည်။

"ဟဲ့ ... မောင်ကြီး"

"အေး ... ရိုစီ ... ပြော"

"နင် အခုဘယ်မှာလဲ"

"အိမ်မှာ ..."

"ခု ထွက်ခဲ့ ..."

"ဘယ်ကိုလဲ ..."

"အင်းလျားလမ်းထဲက Happy ကို လာခဲ့၊ ဒီမှာ လူစုံနေတယ်၊ ဘိုဘိုရော၊ ဝေယံရော၊ ညီထက်ရောပဲ၊ ဒီမှာ နင့်ကိုစောင့်နေကြတယ်"

မောင်ကြီးသည် ချွေးပြန်ချင်လာကာ ...

"နင်တို့က ကြိုလည်းမချိန်းဘဲနဲ့ ..."

"အချင်းချင်းတွေ ကြီးကျယ်မနေနဲ့၊ အရင်တုန်းကရော ကြိုချိန်းဖူးလို့လား၊ လာ ... ခုထွက်လာခဲ့၊ နင်မလာလို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ …"

"ငါတို့စားထားတာ လက်လွန်နေပြီ၊ ပိုက်ဆံမလောက်တော့ဘူး၊ နင်မလာရင် ငါတို့ အရှက်ကွဲပြီ …"

"ဟာ … နင်တို့ကလည်းဟာ …"

"ဘာဖြစ်သွားတာလဲ … နင့်အသံက၊ ထမင်းတစ်ရက်မစားရတဲ့ အသံမျိုး ဖြစ်နေပါလား …"

မှန်လိုက်လေ ရီစီရယ် …။

မောင်ကြီးက အားရပါးရ ထမင်းစားနေသော တောသူမကို တစ်ချက် လှမ်းကြည့်လိုက်ပြီး အသံကို တမင်မြှင့်ကာ …

"ငါလာလို့ မရဘူးဟ၊ အီးတွေ တအားပန်းနေလို့ …"

"ဟင် …"

လှလေးသည် ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာသော မောင်ကြီးအသံကြောင့် စားလက်စ ထမင်းလုတ်တောင် နင်သွားရပါသည်။

ရုတ်တရက် တုံ့ဆိုင်းသွားသော လှလေးခင်ကို ကြည့်ရင်း မောင်ကြီးက ကျိတ်ပြုံးသည်။ ပြီးတော့မှ အသံကို မြှင့်သထက်မြှင့်ကာ …

"ငါ မနက်ကတည်းက အီးတွေ အရမ်းပန်းနေတာဟ၊ အရည်တွေချည်းပဲ …"





ဟု အော်ပြောလိုက်ချိန်မှာ လှလေးခင်က ထမင်းပန်းကန်ကို စားပွဲပေါ်သို့ ဆောင့်ခနဲ ဆောင့်ချပစ်လိုက်လေသည်။ တစ်ဖက်က ရီစီကလည်း လှမ်းအော်နေသည်။

"ဟဲ့ … မောင်ကြီး ဘာလို့ ဒီလောက်တောင် စွတ်အော်နေတာလဲ၊ ဒီမှာ စားသောက်နေကြတာဟဲ့၊ ကျက်သရေကို တုံးတယ်၊ နင့်အသံကြားရတာ မူမမှန်ဘူး၊ နင် ညာနေတာပဲဖြစ်မယ်"

"ငါ မညာပါဘူး၊ တကယ်ပါ …"

"မယုံဘူး၊ နင့်မှာ ငါတို့မသိအောင် ဖုံးထားတဲ့အကြောင်း တစ်ခုခုတော့ ရှိမှာ သေချာတယ်"

"မရှိပါဘူးဟာ …"

"ရှိ မရှိ သေချာအောင် လာကြည့်လိုက်မယ်လေ၊ ကဲ ဘိုဘိုတို့ နင်တို့ ခဏစောင့်ကျန်ခဲ့ကြ …၊ ငါ မောင်ကြီးအိမ်ကို ခဏသွားကြည့်လိုက်ဦးမယ်"

"ဟာ … ရီစီ … မလာနဲ့၊ မလာနဲ့ …"

ပြောသလိုလုပ်တတ်သော ရီစီ့ရှေ့မှာ အရှက်မကွဲချင်တာမို့ မောင်ကြီးမှာ ခေါင်းနားပန်းတောင် ကြီးချင်လာသည်။

ရီစီ ရောက်လာရင် ကိုယ့်အဖြစ်ကို တွေ့ရတော့မှာ …။ ပြီးရင် … မောင်ကြီးအဖြစ်ကို ဟားတော့မှာ …။ သူငယ်ချင်းတွေကို ပြန်ပြောပြီး ဟားဦးမှာ …။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ငါ့ကို နင့်အိမ်ကိုမလာနိုင်းရင် တစ်ခုခုကို ဖုံးကွယ်ထားလို့ပဲဆိုတာ အတွေ့အကြုံအရ ငါသိနေပြီ မောင်ကြီး ...၊ ငါ လာပြီး အဖြစ်မှန်ကို ဖော်ထုတ်မှ ဖြစ်မယ်"

မောင်ကြီးသည် ရုတ်တရက် ဘားကျပ်နံကျပ်ဖြစ်သွားကာ ...

"ကဲ ... ကဲ ... ငါပဲလာတော့မယ်ဟော့၊ ခုထွက်လာခဲ့မယ်၊ နင် မလာနဲ့တော့ ..."

ဟု ကမန်းကတန်း ပြောရင်း ဖုန်းပိတ်လိုက်ပါသည်။ တောသူမကို လှမ်းကြည့်မိတော့ အောင်ပွဲခံတော့မည့် ဆဲဆဲ မျက်နှာထားဖြင့် မောင်ကြီးကို လှမ်းကြည့်နေတာ မြင်ရသည်။ မောင်ကြီးက ထိုမျက်နှာကို မကြည့်နိုင်စွာ မျက်နှာလွှဲလိုက်ရင်း အေးစက်စက် ပြောလိုက်သည်။

"ငါ သွားစရာရှိတယ်"

"တောင်းပန်ပြီးရင် သွားနိုင်တယ်"

"တောင်းပန်တယ်"

"ဘယ်သူ့ကိုလဲ ..."

"နင့်ကို ..."

"နင့်လေသံကို နည်းနည်းပြင်၊ ပြီးတော့ ... ငါ့မျက်နှာကို ကြည့်ပြီးပြော ..."

တောက် ...။ လှလေးခင်ရာ ... မင်းတော့လား။





မောင်ကြီးက မျက်နှာလွှဲထားရာမှ လှလေးခင်ဘက်ကို လှမ်းကြည့်လိုက်ရင်း လေသံကို မပျော့ချင် ပျော့ချင် ပျော့ရကာ ...

"နင့်ကို ငါ တောင်းပန်ပါတယ် ..."

"ကောင်းပြီလေ၊ တောင်းပန်တာကို လက်ခံရမှာပေါ့၊ နောက်ကို မမှားစေနဲ့ ... ကြားလား"

တောသူမရာ မိုးကောင်းတုန်းတော့ ရွာထားလိုက်ဦးပေါ့ ...။

မောင်ကြီးက စိတ်ထဲမှ ကျိတ်၍ ကြိမ်းဝါးရင်း သူမရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

တောသူမကိုတောင် မနိုင်ဘူးဆိုရင် မောင်ကြီးတို့ ရာဇဝင် ရိုင်းသွားမှာပေါ့ ...။

တကွေ့ကွေ့တော့ တွေ့ကြသေးတာပေါ့ တော်ဂေါ်လီမရယ် ...။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

"ခါးပတ်က ဘယ်မှာလဲ ..."

"ငါ့ခါးမှာ ပတ်ထားတာပေါ့"

"နင့်ခါးက ခါးပတ်ကို ငါက ဘာလုပ်ရမှာလဲ၊ ငါက ကားထိုင်ခုံ ခါးပတ်ကို မေးတာ ..."

"ဘာလုပ်မလို့လဲ ..."

"ပတ်မလို့ပေါ့ဟဲ့ ..."

အောင်မာ ... တောသူမကများ ကြီးကြီးကျယ်ကျယ်။

မောင်ကြီးသည် တောသူမအပြောကြောင့် မျက်နှာကို မဲ့ရွဲ့ပစ်လိုက်ရင်း လှောင်ပြုံးကလေးလည်း ပြုံးမိရပါသည်။

တောသူမကတော့ ခပ်တည်တည်ပင် ... ဟိုဒီငုံ့ကြည့်ရင်း ထိုင်ခုံခါးပတ်ကို ရှာနေသည်။ မောင်ကြီးက အမြင်ကတ်လာကာ ...





"နင်တို့တောမှာ လှည်းစီးရင် ခါးပတ်ပတ်ပြီး စီးနေကျလား ..."

"လှည်းစီးတာက ခါးပတ် ပတ်စရာမလိုပါဘူး၊ ငါတို့တောက လှည်းတွေက နင်တို့မြို့က ကားတွေလို အရမ်းမမောင်းဘူး၊ ကိုယ့်လှည်းလမ်းကြောင်းနဲ့ကိုယ် အေးဆေးမောင်းတာ၊ နင်တို့တွေသာ စည်းမရှိ ကမ်းမရှိ မောင်းလွန်းလို့ ခဏခဏ ကားတိုက်မှုတွေ ဖြစ်ကုန်တာ၊ ငါ့အန္တရာယ် ငါ ကာကွယ်တဲ့အနေနဲ့ ခါးပတ်ကတော့ ပတ်မှဖြစ်မယ်"

"ထိုင်ခုံ ခါးပတ် ပတ်စီးလို့ရမှန်း နင်က ဘယ်လိုသိလဲ"

"ငါတို့အိမ်မှာ တီဗီရှိတယ်လေ ..."

"အဲ့ဒါ ဘာဖြစ်လဲ ..."

"တီဗီရှိတော့ ကိုရီးယားကား ကြည့်တာပေါ့၊ ကိုရီးယားကား ကြည့်တော့ ခါးပတ်ပတ်စီးတာ မြင်ဖူးတာပေါ့၊ တောသူဆိုပြီး အထင်မသေးနဲ့၊ အကြားအမြင် ဗဟုသုတတော့ ရှိသင့်သလောက် ရှိတယ်၊ ဟော ... ဒီမှာ တွေ့ပြီ"

လှလေးခင်က ခါးပတ်ကို ရှာတွေ့သွားကာ ဟိုလိုတပ်ကြည့်လိုက်၊ ဒီလိုတပ်ကြည့်လိုက်နှင့် နောက်ဆုံးမှာ ခါးပတ်ပတ်နိုင်သွားသည်။

ကြီးပဲ ကြီးကျယ်နိုင်လွန်းသော တောဂေါ်လီမရဲ့ အပြုအမူတွေက ရယ်စရာလည်းကောင်း၊ အမြင်ကတ်စရာလည်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကောင်းတာမို့ သူမနှင့် ပြောဆို ဆက်ဆံရတိုင်း မောင်ကြီး စိတ်ထဲမှာ အကုသိုလ်တွေ တက်နေရသည်။

မောင်ကြီးသည် အမြင်ကတ်ကတ်နှင့်ပင် ကားကလပ်ကို ဆောင့်လွှတ်ကာ ကားကို အရှိန်ပြင်းပြင်း မောင်းထွက်လာတော့ သူမက သူမရင်ဘတ်ကို လက်ဖြင့် ဖိထားကာ

"အံမယ်လေး ... ဒီလိုမောင်းပုံမျိုးနဲ့ ခါးပတ် ပတ်လာမိလို့ တော်ပါသေးရဲ့ ..."

ဟု ရေရွတ်လိုက်ပြီး သက်မချလိုက်လေသည်။ သူမရဲ့ အပြုအမူတိုင်း စကားလုံးတိုင်းက မောင်ကြီး၏ နားထဲမှာ မျက်စိထဲမှာ ခုလုလုဖြစ်ရတာတော့ အမြန်တည်း ...။ တောသူမဖြစ်ပြီး ခင်ကြီးကျယ် လုပ်နေပုံက ဘယ်လောက် အမြင်ကတ်စရာ ကောင်းသနည်း။

မောင်ကြီးမှာ အဖေ့စနက်ကြောင့် တောက ခင်ကြီးကျယ်နှင့် မပတ်သက်ဘဲလည်း နေလို့မရချေ။ မတန်မရာ ကွန်ပျူတာသင်တန်း တက်မယ်ဆိုတာမို့ သင်တန်းလိုက်အပ်ပေးဖို့ တာဝန်ကို မောင်ကြီး မယူချင်ဘဲ ယူလိုက်ရတာပင် ...။

လှလေးခင်နှင့် တွဲသွားရတာကိုတော့ မောင်ကြီးက နည်းနည်းရှက်မိသေးသည်။ ကိုယ်နဲ့တွဲသွားဖူးတဲ့ မိန်းကလေးတွေထဲမှာ ဒီလိုပုံစံမျိုး တစ်ယောက်မှ မပါပေ။ သူမပုံစံက ကြည့်လိုက်တာနဲ့ပင် တောက ဇွေးတုတ်မှန်း သိသာနေသည်။ ဆံပင်ကို နှစ်ဖက်ခွဲစည်းကာ မျက်နှာပေါ်မှာ အစင်းရာတွေ





ခပ်ရေးရေးထင်အောင် သနပ်ခါးလိမ်းထားသည်။ ချည်ထည်ပွင့်ရိုက်ဆင်ကို ဗမာအင်္ကျီနှင့် လုံချည် ဝမ်းဆက်ချုပ်ဝတ်ထားကာ ကချင် လွယ်အိတ်ကို လွယ်ပြီး ကတ္တီပါဖိနပ်ကို စီးထားသည်။ တွေ့စကလိုပင် မျက်ခုံးမွေး မည်းမည်းထူထူပေါ်က သနပ်ခါးကို စင်အောင် ခြစ်ချမထား။ ပုံစံကသာ တောသူမပုံ ဖြစ်နေပေမယ့် ကြောက်ကြောက်ရွံ့ရွံ့ပုံစံတော့ လုံးဝမရှိဘဲ အရာရာကို သွက်သွက်လက်လက် စူးစမ်းစပ်စုနေတတ်သည်။ တစ်ခါမှ ကုပ်ချောင်းချောင်း နုံအအ ဖြစ်နေပုံမျိုး မတွေ့ဖူးချေ။

ဒီနေ့ မောင်ကြီး ယူလာသော ကားက မောင်ကြီးတစ်ယောက်တည်းသာ စီးလေ့ရှိသော အမိုးဖွင့် ပြိုင်ကားလေးဖြစ်သည်။ လှလေးခင်က ကားအမိုးဖွင့်လို့ ရတာကို သဘောကျနေပုံဖြင့် ...

"နင့်ကားက မဆိုးဘူးပဲ၊ ငါတို့ရွာက ထော်လာဂျီလိုပဲ အမိုးမပါတော့ လေလေးတဖြူးဖြူးနဲ့ စီးလို့ကောင်းတယ်"

"နင့်ထော်လာဂျီနဲ့ ငါ့ကားကို လာမနှိုင်းနဲ့၊ ငါ့ကား သိက္ခာကျတယ်၊ ငါ့ကား မီးလုံးတစ်လုံးရဲ့ တန်ဖိုးက နင်တို့ ထော်လာဂျီတစ်စီးလုံးရဲ့ တန်ဖိုးထက်များတယ်"

"ဟုတ်လား၊ မှတ်ထားမယ် ..."

"အေး ... မှတ်ထား၊ တောရောက်ရင် ပြန်ကြွားပေါ့၊ ဒီလောက်တန်ဖိုးကြီးတဲ့ ကားမျိုး စီးဖူးလာတဲ့အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



လှလေးခင်က မောင်ကြီး စကားကြောင့် ခဏစဉ်းစားသလိုလေး ငြိမ်သွားပြီးမှ ...

"တစ်ခုတော့ ရှိတယ်ဟ ...၊ ငါ ရှာမှာစီးရတဲ့ ထော်လာဂျီက ငါတို့ရွာက နင့်အရွယ်ကောင်လေးတစ်ယောက်က စပါးစိုက် ပဲစိုက် နွားကျောင်းလိုက်ပြီး ရလာတဲ့ ချွေးနဲ့စာလေးကို စုပြီး ဝယ်ထားတာတဲ့၊ နင့်ကားကရော နင့် ချွေးနဲ့စာလေး စုပြီး ဝယ်ထားတဲ့ ကားပဲလား ..."

ဖွေးတုတ်မ။ ငါ့ကို နှိပ်ကွပ်ဖို့ဆို စကားလုံးတွေက ထွက်ကိုထွက်တယ်။

"ငါ့အဆင့်က ချွေးနဲ့စာလေးစုပြီး ဝယ်မှရမယ့်အဆင့် မဟုတ်ဘူး၊ ငါ့ဘုန်း ငါ့ကံကြောင့် ငါ့အဖေပိုက်ဆံကို အဆင်သင့် သုံးနေရတာ၊ မနာလိုဖြစ်မနေနဲ့ ..."

လှလေးခင်က လှောင်ပြုံးကလေးနှင့် ငြိမ်သက်သွားသည်။ အဲ့ဒီအပြုံးက မောင်ကြီးကို မခံချိမခံသာ ဖြစ်စေသည်။

ဖွေးတုတ်မက တောသူဆိုသော်လည်း ဘယ်နေရာမှာမှ ထုံထိုင်းလေးလံခြင်း မရှိ၊ မဝံ့မရဲလည်း မဖြစ်ဘဲ သွားလာလှုပ်ရှား ပြောဆိုသမျှအားလုံးက သွက်လက်ဖျတ်လတ် ရဲရင့်ဝံ့စား၍နေလေသည်။ ဘာမဆို သိချင်တတ်ချင် စူးစမ်းချင်စိတ်ဖြင့် လေ့လာမေးမြန်း စပ်စုသမျှကို စိတ်မရှည်စွာ ပြန်လည်





ဖြေကြားရင်း သူမကို အပ်နှံပေးရမည့် ကွန်ပျူတာသင်တန်းရှိရာသို့ ကားမောင်းလာခဲ့ရသည်။ မီးပွိုင့်တစ်ခုမှာ မီးနီမိတော့ မောင်ကြီးက လှလေးခင်ကို ငဲ့ကြည့်ရင်း လှောင်ပြုံးကလေးနှင့် မေးခွန်းထုတ်လိုက်သည်။

"ဖွေးတုတ်မ ... နင်တို့တောမှာ စပါးတွေ ဘာတွေ စိုက်ရင် ကွန်ပျူတာနဲ့ ပရိုဂရမ်တွေ ဘာတွေဆွဲပြီးမှ စိုက်ကြသလား ..."

"နင် ရူးလို့ အဲ့ဒီမေးခွန်း မေးတာလား"

"နင်က ကွန်ပျူတာသင်တန်း လာတက်တာဆိုတော့ ဒီပညာနဲ့ တောမှာ ဘာပြန်လုပ်လို့ ရသလဲလို့ စဉ်းစားကြည့်မိတာပါ"

"အတတ်ပညာဆိုတာ ခုလောလောဆယ် အသုံးချလို့ မရသေးလည်း တကွေ့ကွေ့တော့ အသုံးချရမယ့် အခြေအနေကို ရောက်လာနိုင်တာပဲ ...၊ ငါ့အဖေက ငါ့ကို အမြဲပြောတယ်၊ ခေတ်ပညာဆိုတာ တတ်ကို တတ်ထားရမယ်တဲ့၊ မိန်းကလေးဆိုပြီး ဘာကိုမှ မသင်ယူမလေ့လာဘဲ ထုံနနဖြစ်အောင် မနေနဲ့တဲ့ ...၊ တောသူဆိုပြီး အားငယ်စရာမလိုဘူးတဲ့၊ တောသူ ထူးချွန်ပြီဆိုရင် မြို့သူတောင် လိုက်လို့မမီဘူးတဲ့ ...၊ ကမ္ဘာမှာရော မြန်မာမှာပါ ထူးချွန်အောင်မြင်နေတဲ့ အတတ်ပညာရှင် အနုပညာရှင်တွေထဲမှာ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တောသူတောင်သား ဘဝက လာတဲ့သူတွေမှ အများကြီး တဲ့၊ အရာရာပြည့်စုံတာပဲဆိုပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စား နေနေတဲ့ မြို့သူမြို့သားတွေထက် ခုချိန်မှာ မပြည့်စုံပေ မယ့် နောင်တစ်ချိန်ကျ ပြည့်စုံဖို့အတွက် ခက်ခက်ခဲခဲ ကြိုးစားအားထုတ်နေတဲ့ တောသူက ပိုပြီး တန်ဖိုးရှိတယ် တဲ့၊ ငါက ငါ့အဖေရဲ့ သွန်သင်မှုကြောင့် သဘောထား ပြည့်ဝရင့်ကျက်ပြီးသား၊ နင် ဘယ်လောက်နှိမ်နှိမ် အား ငယ်စိတ်ပျက် လက်လျှော့သွားလိမ့်မယ်လို့ မထင်လေနဲ့၊ နင် ငါ့ကို တောသူမပဲခေါ်ခေါ် တောဂေါ်လီပဲခေါ်ခေါ်၊ စာဥပဲခေါ်ခေါ်၊ ဖွေးတုတ်မပဲခေါ်ခေါ် ... နင့် နှုတ်ထွက် စကားက နင့်စိတ်ဓာတ်အဆင့်အတန်းကို ပြတာပဲ၊ ငါက တော့ တုန်လှုပ် ညှိုးကုပ်သွားမှာမဟုတ်ဘူး ...”

မောင်ကြီးသည် တောသူမရဲ့ စကားကြီး စကား ကျယ်တွေကြောင့် တစ်ဖက်သို့လှည့်ကာ နှုတ်ခမ်းကိုရွဲ့ပြီး မီးပွိုင့် စိမ်းတော့ ဆက်မောင်းလာခဲ့သည်။ ဒီဖွေးတုတ်မဟာ မခေတာ သေချာသမို့ လွယ်လွယ်လေးနဲ့ ပညာပေးနိုင်မှာ မဟုတ်တာ လည်း သေချာပေသည်။

နေပူလာပြီမို့ မောင်ကြီးက ကားအမိုးတွေကို တင် လိုက်သည်။

ထို့နောက် ကားမောင်းလာနေရင်းကပင် ခပ်ပါး ပါးလေးပဲဖြစ်ဖြစ် ပညာပြလိုစိတ်ကလေး ရိပ်ခနဲဝင်လာကာ





သင်တန်းမရောက်မီ လမ်းတစ်လမ်းသို့ ကားကို ချိုးကွေ့ဝင်လိုက် ပြီး ၈ ထပ်တိုက်တစ်လုံးရှေ့မှာ ကားရပ်ကာ ...

“ဖွေးတုတ်မ ... နင်တက်ရမယ့် သင်တန်းက ဟိုးအပေါ် ၇ လွှာမှာ၊ အဲ့ဒီလောက် အမြင့်ကြီး ငါမတက်နိုင်ဘူး၊ နင့်ဘာသာ တက်သွားပြီး နင်တက်နိုင်မယ့်အချိန်ကို ရွေးပြီး သင်တန်းကြေး သွင်းခဲ့၊ အဲ့ဒီလောက်တော့ နင့် ဘာသာ လုပ်တတ်တယ် မဟုတ်လား”

“လုပ်တတ်တယ် ...”

လှလေးခင်က ကားပေါ်မှဆင်းလိုက်ပြီး ချက်ချင်း တက်မသွားသေးဘဲ ဟိုဟိုဒီဒီ မော့ကြည့်ကာ မျက်မှောင်ကြုတ် လိုက်ရင်း ...

“မောင်ကြီး ... အဲ့ဒီ ၇ လွှာမှာ သင်တန်းဖွင့်တာ သေချာ လို့လား”

“မသေချာဘဲ ပြောပါ့မလား ...”

“တစ်မျိုးတော့ တစ်မျိုးပဲ ...”

“ဘာတစ်မျိုးလဲ ...”

“မဂ္ဂဇင်းတွေထဲမှာ ရုပ်ရှင် ဗီဒီယိုတွေထဲမှာ ငါတွေ့တွေ့ နေတာတော့ ဒါမျိုးသင်တန်းတွေက အထပ်နိမ့်တွေမှာပဲ ဖွင့်တာပါ၊ ပြီးတော့ သူတို့ သင်တန်းခန်းမတွေရှေ့မှာ ဆိုင်းဘုတ်ကြီးတွေ တပ်တပ်ထားတာ မြင်ဖူးပါတယ်၊ နင့်သင်တန်းက ဆိုင်းဘုတ်တောင် မတွေ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကြောပါလား ...။ ပါးပါးကိုလုပ်နေတာပါပဲလား ...။

မောင်ကြီးက ရုပ်တည်ကြီးဖြင့် ဆက်၍လှိမ့်ရသည်။

"နင်က ဆိုင်းဘုတ်ကြီးမှ သင်တန်းကြီးလို့ မှတ်နေတာလား၊ တောင်ဂျီလီတို့က အဲ့ဒါတွေ ခက်တာပဲ၊ ဘာမှလည်း မသိဘဲနဲ့ ဆရာကလည်း လုပ်လိုက်ချင်သေးတယ်၊ ဒီသင်တန်းက လူနည်းနည်းလေးကိုပဲ စပါယ်ရှယ်သင်ပေးတဲ့ အထူးသင်တန်း ...၊ လူများများ လာအပ်လည်း လက်မခံနိုင်လို့ ဆိုင်းဘုတ်ချိတ်မထားတာ၊ သွားမှာဖြင့် မြန်မြန်သွား၊ တော်ကြာ လူပြည့်နေပြီဆိုမှ မတက်ရတော့ဘဲ နေဦးမယ်"

လှလေးခင်က မောင်ကြီးကို မယုံသလို တစ်ချက်လှမ်းကြည့်သည်။ မောင်ကြီးက စိုးရိမ်ပူပန်ဟန်ကလေးဖြင့် 'သွား ... သွား' ဟု လက်ဟန်ပြ၍ အမြန်သွားခိုင်းလိုက်တော့မှ လှလေးခင်က မောင်ကြီး ညွှန်ပြထားသည့် တိုက်ဘက်သို့ လျှောက်သွားလေတော့သည်။

မောင်ကြီးသည် ဒီတစ်ခါတော့ သူမကို ပညာပြလို့ရပြီပဲဟု ကျေနပ်သွားကာ ရှီခနဲ လေတစ်ချက်ချွန်၊ ကားကက်ဆက်ကို လှမ်းဖွင့်လိုက်ပြီး ကားထိုင်ခုံကို နောက်သို့လှန်၍





ခေါင်းမော့မှီထားလိုက်ရင်း မျက်လုံးစုံမှိတ် သီချင်းလိုက်ဆိုနေလိုက်သည်။ သို့သော် ... ခဏကြာတော့ အနားမှာ ငှက်ဆိုးထိုးသံက ကပ်ပေါ်လာသည်။

"ဟဲ့ ... မောင်ကြီး"

"ဟင် ... စာဥပါလား၊ မြန်လှချည်လား၊ အပ်ပြီးပြီလား"

"မအပ်ရသေးပါဘူး၊ နင့်သင်တန်းက အဲ့ဒီ ၇ လွှာမှာမှ မရှိတာ ..."

"ဟုတ်လား၊ ငါ လိပ်စာမှားမှတ်မိတာထင်တယ်၊ ၇ လွှာထိ တက်သွားရတာ တော်တော်ပင်ပန်းသွားမှာပေါ့နော်"

မောင်ကြီးက ခနိုးခနဲ့ပြောတော့ လှလေးခင်က ရှုံ့တဲ့တဲ့ တစ်ချက်ရယ်လိုက်ရင်း ...

"မပင်ပန်းပါဘူး၊ ငါမှ အပေါ်တက်မသွားတာ ..."

"ဟာ ... ဘာလို့ အပေါ်တက်မသွားတာလဲ၊ အပေါ်တက်ပြီး သေသေချာချာ စုံစမ်းမှပေါ့ ..."

"စုံစမ်းပြီးပြီလေ၊ တိုက်အောက်ခြေ လှေကားထောင့်က ကွမ်းယာဆိုင်လေးမှာ စုံစမ်းနေတုန်း နင်ညွှန်လိုက်တဲ့ ၇ လွှာအခန်းမှာနေတဲ့ အဒေါ်ကြီးတစ်ယောက်ကိုတွေ့လို့ အဲ့ဒီအခန်းမှာ ဘာသင်တန်းမှ မရှိကြောင်း ငါသိပြီးပြီ"

"တိုက်က နှစ်ခန်းတွဲပဲဟာ ... အဲ့ဒီ အဒေါ်ကြီးအခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းမှာ ရှိမှာပေါ့ ...၊ ငါ ဘယ်ညာမှားမှတ်မိတာဖြစ်မယ်၊ ၇ လွှာကတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း သေချာပြီးသားပါ၊ အဲ့ဒီမျက်နှာချင်းဆိုင် အခန်းကလည်း လူမနေဘဲ ပိတ်ထားတာ ကြာပြီတဲ့ ..."

"အဒေါ်ကြီး မသိလို့နေမှာ၊ အဒေါ်ကြီး သတိမထားမိတဲ့ အချိန်မှာ အခန်းလာဖွင့်ပြီး သင်တန်းတစ်ချိန်စာ သင်သင် သွားတာလည်း ဖြစ်နိုင်တယ်"

လှလေးခင်က ဒုတိယအကြိမ် ရွဲ့တဲ့တဲ့ ရယ်ပြန်ကာ ...

"အဲ့ဒီ အခန်းသော့က အဒေါ်ကြီးကို အပ်ထားတယ်၊ အဒေါ်ကြီးက အိမ်ပွဲစား၊ အဲ့ဒီအခန်းကို ငှားဖို့ လူလာကြည့်ရင် ဖွင့်ဖွင့်ပြရတယ်၊ ရှင်းပြီလား ..."

ဟုပြောလိုက်လေသောအခါ မောင်ကြီးမှာဒီတစ်ခါလည်း ပညာပြခွင့် မသာရပြန်ချေ ...။

"ရှင်းသွားပြီဆိုရင် ကဲ ... လာ ... ကားပေါ်က ဆင်းခဲ့"

သူမစကားကြောင့် မောင်ကြီးက သူမကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ရင်း ...

"ဘာဖြစ်လို့ ဆင်းရမှာလဲ"

"တိုက်အောက်က လူက ကွန်ပျူထာသင်တန်းလိပ်စာကို သေချာညွှန်လိုက်တယ်လေ ..."

"အဲ့ဒီတော့ ..."

"အဲ့ဒီတော့ လမ်းလျှောက်သွားမှာပေါ့ ...၊ ဦးချက်က ငါ့ကို သင်တန်းအပ်ပေးဖို့ နင့်ကို တာဝန်ပေးထားတယ်





မဟုတ်လား၊ ဦးချက်ဆီ ငါဖုန်းဆက်မတိုင်စေချင်ရင် နင် ငါနဲ့အတူ လျှောက်လိုက်ခဲ့ပေါ့"

"ကားနဲ့ သွားမယ်လေ ..."

"ကားနဲ့ဆို တစ်ပတ်ကြီး ပြန်ပတ်နေရမှာတဲ့၊ လာပါ မဝေးပါဘူး၊ ဒီကနေ သုံးလေးလမ်းကျော်လိုက်ရင် ရောက်ပြီတဲ့"

လှလေးခင်က ပြောပြောဆိုဆို သူမ၏ လွယ်အိတ်ထဲက ခေါက်ထီးအဖြူလေး တစ်လက်ကို ဆွဲထုတ်ဖွင့်ဆောင်းလိုက်ပြီး ရှေ့မှ ကျော့ကျော့လေး ထွက်သွားတာမို့ မောင်ကြီးက ကားတံခါးကို ခပ်မြန်မြန်ပိတ်ကာ နောက်မှလိုက်လာခဲ့ရသည်။

နေမြင့်လာပြီမို့ အပူရှိန်က ပြင်းလာလေပြီ ...။ မောင်ကြီးသည် ခုလို နေပူထဲမှာ ဝေးဝေးလံလံ လမ်းလျှောက်လေ့ မရှိတာမို့ ပင်ပန်းကာ ချွေးပြိုက်ပြိုက်ကျလာသည်။

တကတည်း ... တောသူမ ခြေလှမ်းတွေက လိုက်လို့မမီအောင် သွက်လှပေသည်။ ရွှံ့ထဲ ဗွက်ထဲ ရုန်းလျှောက်ခဲ့ရတဲ့ ခြေထောက်မို့ ဒီလောက်ထိ သွက်လေသလား ...။

မောင်ကြီးက နေပူကြောက်လှတာမို့ သူမ၏ ထီးရိပ်အောက်သို့ လိုက်လိုက်ခိုသော်လည်း ဖွေးတုတ်မက သူမ၏ ထီးကို တစ်ဖက်သို့ မသိမသာ ယိမ်းကာရှောင်၏။

ပြီးတော့ ... လူကို လှည့်လှည့်ကြည့်ရင်း ပြောသေးသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မြန်မြန်လာလေ၊ မီးကလေး ခြေလှမ်းကိုတောင် မီအောင်မလျှောက်နိုင်ဘူးလား၊ မြို့သားတွေများ အားကို နွဲ့တယ်၊ နင့်ခါးမှာပတ်ထားတဲ့ သံကြိုးခါးပတ်ကြီးက လေးလို့လား၊ အမလေးဟဲ့ … ခါးပတ်အလေးချိန်နဲ့ ခါးတောင် နွဲ့တဲ့တဲ့ဖြစ်နေပြီလားမသိ … အဟီ …"

လုပ်လိုက်ဦးပေါ့ … ဗွေးတုတ်မရယ် …။

နင့်ကို ငါ ပြန်ပြီး ပညာပြနိုင်တဲ့ တစ်နေ့တော့ ရောက်လာဦးမှာပါ …။

● ● ●



* * *

"ဟား ဟား … အဲ့ဒီတော့ မင်းက တောသူမကို ပညာပြချင်တယ်ပေါ့ … ဟုတ်လား"

"ဟုတ်တယ်ကွာ … မင်းတို့လည်း ဝိုင်းစဉ်းစားပေးကြစမ်းပါ"

မောင်ကြီးသည် လှလေးခင်ကြောင့် မခံချိမခံသာဖြစ်ရလွန်းတာမို့ သူငယ်ချင်းတွေကို ဖွင့်ပြောပြကာ အကူအညီတောင်းခံလိုက်ရလေသည်။ တစ်ယောက်အားနဲ့ နှိမ်နင်းလို့မရတော့လည်း အများအားနဲ့ နှိမ်နင်းရတော့မှာပေါ့ …။

သူငယ်ချင်းတွေကလည်း တစ်ယောက်တစ်ပေါက်အကြံဉာဏ်တွေ ဝိုင်းပေးကြပါ၏။ သူတို့ပေးသည့် အကြံဉာဏ်တွေက လှလေးခင်လို တောသူမအတွက် 'ပျင်းတောင်ပျင်းသေး' ဟု ဆိုလောက်စရာမို့ မောင်ကြီးမှာ ပေးသမျှအကြံဉာဏ်ကို ခေါင်းတွင်တွင်ယမ်းကာ ပယ်ချနေရ၏။ သို့သော် … နောက်ဆုံးမှာတော့ အကောင်းဆုံး အကြံဉာဏ်တစ်ခုကို ရလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုက လက်ဖျောက်တစ်ချက်တီးရင်း ထိုအကြံကို ပေးခဲ့တာပင် ...။

"ငါ အကြံရပြီ မောင်ကြီး ...၊ ရှေ့အပတ်ထဲကျရင် ရိုစီတို့ အိမ်တက်ပွဲရှိတာ မင်းသိတယ်မဟုတ်လား"

"ငါ မသိဘူးကွ ...၊ ခုတလော ရိုစီနဲ့ အဆက်အသွယ် ပြတ်နေတယ်၊ ဘန်ကောက်မှာ အဝတ်အစားသွားဝယ် မလို့ဆိုလား ဖုန်းနဲ့လှမ်းပြောသွားတယ်၊ ပြန်မရောက်သေးဘူး ထင်တယ် ..."

"သန်ဘက်ခါ ပြန်ရောက်မယ်တဲ့ကွ၊ သူ့အဖေ ကြောင်လျှာသီးနဲ့ ငါနဲ့ တွေ့တယ်"

"မင်းနဲ့ ဘယ်မှာဆုံတာလဲ ..."

"စားသောက်ဆိုင် တစ်ခုမှာ ...၊ သူက သူ့ဧည့်သည် တစ်ယောက်ကို ဘိုစာလိုက်ကျွေးတာ ...၊ သိတယ် မဟုတ်လား ... မစ္စတာကြောင်လျှာသီးတို့က ...၊ သူပဲ စားစား သူများပဲကျွေးကျွေး ဘိုစာမှ ဘိုစာပဲ ..."

"အဖေနဲ့တော့ ကွာပါ့၊ အဖေတို့က တောစာမှ တောစာ၊ ငပိမပါရင် ထမင်းစားမဝင်တဲ့ သူမျိုး ..."

"မစ္စတာ ကြောင်လျှာသီးနဲ့ မင်းအဖေတို့က တစ်ရွာတည်းထွက် ဖြစ်ရက်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ"

"နှစ်ယောက်လုံးက အိုဗာတွေပါကွာ၊ ဆက်ပြောစမ်းပါဦး၊ မစ္စတာကြောင်လျှာသီးနဲ့ တွေ့တော့ ဘာဖြစ်လဲ ..."





"ငါ့ကို အကြွားစကားတွေ လာပြောတာပေါ့ကွာ ...၊ သူတို့မိသားစုတွေ အိမ်သစ်ကြီးမှာ ပြောင်းနေကြပြီဖြစ်တဲ့ အကြောင်း၊ အိမ်သစ်က အိမ်ဟောင်းထက် ဘယ်လို ကောင်းကြောင်း သာကြောင်း၊ အိမ်တက်ပွဲကို ကြီးကြီး ကျယ်ကျယ် လုပ်မှာဖြစ်ကြောင်းတွေပေါ့"

"အိမ်တက်အလှူဆိုတာ ဘုန်းကြီးဆွမ်းကပ်ပြီး လူတွေကို အကျွေးအမွေးနဲ့ ဧည့်ခံရုံပဲမဟုတ်လား၊ ဘာတွေ ဘယ်လိုချဲ့ဦးမှာတဲ့လဲ ..."

"မနက်ပိုင်း ဆွမ်းကျွေးပြီးရင် ညပိုင်းကျတော့ ခြံထဲမှာ ဒင်နာလုပ်မှာတဲ့ကွ ...၊ ထုံးစံအတိုင်း ယူရိုပီယမ်စတိုင်ပေါ့ကွာ ...၊ ငါတို့အားလုံးကိုရော မင်းတို့မိသားစုကိုပါ ဖိတ်မှာတဲ့ ..."

"ဖိတ်ခေါ်ကြွားမွေးမှာပေါ့ ..."

"ကျွေးမွေးမှာပါကွ ..."

"ကြွားမွေးပါကွာ ...၊ စားရတာက နည်းနည်း၊ သူ့အကြွားစကားတွေကို နားထောင်ရတာက များများ၊ နေစမ်းပါဦး ... အဲ့ဒါနဲ့ တောသူမကို ပညာပြမယ့် ကိစ္စနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ ..."

"မဝေးနဲ့လေ ...၊ အဲ့ဒီလို ပွဲမျိုးမှာ ကျွေးတဲ့အစားအစာတွေအကြောင်း မင်းသိသားပဲ၊ ကိုစ်နဲ့ တစ်မျိုးပြီးတစ်မျိုး ကျွေးတာ ...၊ ခက်ရင်း၊ ဇွန်း၊ ဓားတွေနဲ့ အဆီအငေါ်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့် လှီးဖြတ်ပြီး စားရတာ ...၊ ဝိုင်ထည့်တဲ့ ခွက်က သပ်သပ်၊ အချိုရည်ထည့်တဲ့ ခွက်က သပ်သပ်၊ ရေခွက်က သပ်သပ်၊ ဘာပြီးဘာ စနစ်တကျ အဆင့်အတန်းမြင့်မြင့် စားရတာ ...၊ မင်းတောသူမက ဒါမျိုး ဘယ်စားတတ်မလဲ၊ ထမင်းဖြူထဲ ဟင်းရည်ဆမ်းပြီး ဟင်းတုံးသေးသေးလေး ဖဲ့မြုပ်စားတာမျိုးပဲ လုပ်တတ်မှာပေါ့"

"မစ္စတာကြောင်လျှာသီးတို့ မိသားစုက တောကျတဲ့သူဆိုကဲ့ရဲ့တတ်တာ လွန်ရော ...၊ အဲ့ဒီပွဲမှာ အဆင့်အတန်းမြင့်မြင့် လူကြီးလူကောင်းတွေပဲ ဖိတ်မှာတဲ့၊ မင်းတို့ငါတို့ကိုတောင် သူ့သမီးရဲ့ သူငယ်ချင်းတွေမို့လို့ ဖိတ်တာတဲ့ ...၊ အဲ့ဒီပွဲကို တောသူမကိုသာ ခေါ်သွားလိုက်ရင် လူပုံအလယ်မှာ ကောင်းကောင်းအရှက်ကွဲပြီပဲ ..."

ကောင်းလိုက်တဲ့ အကြံဉာဏ်ကွာ ...။ ဘိုဘို့ အကြံကြောင့် မောင်ကြီး မျက်နှာက ဝင်းလက်တောက်ပသွားပါသည်။

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ၊ မစ္စတာ ကြောင်လျှာသီးကို ခြောက်အိမ်တန်း ရွာသားမှန်းသာသိရင် တောသူမတို့က အငြိမ်နေမှာမဟုတ်ဘူး၊ သေချာပေါက် ဆွေမျိုးစပ်တော့မှာ၊ မစ္စတာကြောင်လျှာသီးတို့ကလည်း သူ့ကိုလူကြားထဲမှာ တောသားမှန်း သိအောင်လုပ်တဲ့သူကို





အရမ်း စိတ်ဆိုးတာကွ၊ ဟီဟိ ... တွေ့ကြပြီပေါ့ တောသူမရာ ..."

မောင်ကြီးမှာ ငွကျနေမည့် တောသူမ ဖြစ်ပုံကို မြင်ယောင်စိတ်ကူးကြည့်ရုံနှင့်ပင် ရွှင်ပျအူမြူးနေရလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

တောသူမရဲ့ဖြစ်အင်ကို မမြင်ရသေးခင် မောင်ကြီးတို့ရဲ့ ဖြစ်အင်မှာကား ...

"ကဲ ... မောင်ကြီးတို့ ... ဝေယံတို့ ... ညီထက်တို့ သမီးသူငယ်ချင်းတွေအားလုံး အထူးတည်ခင်းထားတဲ့ စားသောက်ဖွယ်ရာများကို အရသာခံ စားသုံးနိုင်ကြပါပြီ"

ထုံးစံအတိုင်း ရိုစီအဖေ ဦးလှဦး ခေါ် မစ္စတာကြောင်လျှာသီးက စကားလုံးခပ်မြင့်မြင့်သုံး၍ စတင်ဧည့်ခံလိုက်လေသည်။

ဤနေရာမှာ မစ္စတာကြောင်လျှာသီးရဲ့ ဝတ်စားဆင်ယင်ထားသော စတိုင်လ်ကိုလည်း အထူးပြောပြလိုပေသေးသည်။

သူဝတ်ထားသော ရှပ်အင်္ကျီ၏အရောင်မှာ ငှက်ပျောညွန့်စိမ်းကလေးဖြစ်ပြီး ဘောင်းဘီအရောင်ကား အပြုရောင်





ဖြစ်၏။ လည်ပင်းတွင် တပ်ဆင်ထားသော နက်ခ်တိုင်အတိုလေးမှာ အနီရောင်တောက်တောက်ဖြစ်၏။ ပြီးတော့ ... ဘယ်လိုစိတ်ကူးကြောင့်မှန်းမသိ နိုင်ငံခြားကားတွေထဲက တချို့ သူဌေးကြီးတွေ Dinner ပါတီတွေမှာ ဆောင်းတတ်သည့် ခေါင်မြင့်မြင့်အနားပတ်လည်ပါ အမည်းရောင် ဦးထုပ်ကိုဆောင်းလျက် ညာဘက်လက်တစ်ဖက်က တန်ဖိုးကြီး တုတ်ကောက်တစ်ချောင်းကို စတိုင်လ်ထုတ်၍ ဟန်ပါပါ ထောက်ကိုင်ထားကာ ရှူးဖိနပ်အကောင်းစား စီးထားသည့် ဘယ်ခြေဖျားတစ်ဖက်ကို ကော့ထောင်၍ ရပ်နေပုံမှာ ကာယကံရှင်ကသာ ဝက်ဆန် (west-အနောက်) လိုဟန် ရှိသော်လည်း ဘယ်လိုမှ ဝက်မဆန်ဘဲ မျက်လှည့်ဆရာပုံစံမျိုးသာ ပေါက်၍နေလေသည်။ ဤကားခြောက်အိမ်တန်းရှာသား ဦးလှဦး၏ စတိုင်လ်တည်း ...။

မောင်ကြီးတို့ သူငယ်ချင်းတစ်စုသည် ရိုစီအဖေရဲ့ မြောက်ကြွကြွ အူကြောင်ကြောင် စတိုင်လ်ကို ရယ်ချင်လှပြီဖြစ်သော်လည်း ရိုစီအဖေ ဖြစ်နေတာက တစ်ကြောင်း၊ အထူးစပါယ်ရှယ် တည်ခင်းပေးမည့် စားသောက်ဖွယ်ရာများကို အားနာရတာက တစ်ကြောင်း၊ တောသူမကို ပညာပြဖို့ စိတ်အားထက်သန်နေတာက တစ်ကြောင်း အကြောင်းကြောင်းကြောင့်ပင် ရယ်ချင်စိတ်ကို ကျိတ်မှိတ်မျိုသိပ်ကာ မျက်နှာသေကလေးတွေဖြင့် မစ္စတာကြောင်လျှာသီးကို မော့ကြည့်နေကြရ၏။

'စားသုံးနိုင်ကြပါပြီ' ဆိုသဖြင့် စားသုံးမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကာ စားပွဲပေါ်သို့အကြည့်ရွေ့စဉ်မှာ ဦးလှဦးက စကား ဆက်လာပြန်သဖြင့် ဦးလှဦးကို ပြန်မော့ကြည့်ရပြန်၏။

"ဒါ ... ဟိုတယ်က စားဖိုမှူးရဲ့ လက်ရာနော် ...၊ အရသာ ရှိသလောက် တန်ဖိုးလည်း ကြီးတယ်၊ အန်ကယ်လ်က အန်ကယ့်လ် အိမ်တက် အခါသမယမှာ မင်္ဂလာယူတဲ့ အနေနဲ့ရော အန်ကယ့်လ် မိတ်ဆွေတွေကို စားကောင်း သောက်ဖွယ်တွေ အားရပါးရစားကြပါစေဆိုတဲ့ စေတနာ နဲ့ရော ခုလို အကုန်အကျတွေခံပြီး ကျွေးမွေးဖြစ်တာ ..."

ဩော် ... စကားလုံးတွေကလည်း မိုးပေါ်ကကို မဆင်းပါလားနော်။ ဘယ်တော့များမှစားရမှာပါလိမ့်ဟု မောင်ကြီး က တွေးနေဆဲမှာ မောင်ကြီးဘေးမှာ ထိုင်နေသည့် လှလေးခင်က ပြုံးယောင်ယောင်မျက်နှာထားနှင့် မောင်ကြီးနား ကပ်ကာ ...

"စားရမှာနဲ့ မကာမိပါလားနော်၊ နင်တို့ မြို့ကအရှူတွေ က ဒီလိုပဲလား"

ဟု တိုးတိုးပြောလိုက်လေသည်။ မောင်ကြီးသည် တောသူမကို မျက်မှောင်ကြုတ်၍ ခပ်တည်တည် တစ်ချက် ငဲ့ကြည့်လိုက်ပြီး ဦးလှဦးကို ပြန်မော့ကြည့်ရပြန်သည်။ မောင်ကြီး တို့ သူငယ်ချင်းတစ်စုမှာ စားပွဲရှည်ကြီးတွင် မျက်နှာချင်းဆိုင် တန်းစီထိုင်လျက် အစာမစားရသေးမီ မျက်နှာလေးတွေမော့လျက် မစ္စတာ ကြောင်လျှာသီးကို ကြည့်နေကြရကုန်၏။ မောင်ကြီးတို့ ရဲ့ပုံစံမှာ ဘာနဲ့တူသလဲဆိုရင် မီဘမဲ့ကလေးကျောင်းမှာ အလှူ





ရှင်က တစ်နပ်စာ လာရောက်ကျွေးမွေးသဖြင့် ထမင်းပွဲလေးတွေ ရှေ့မှာ ချကာ အလှူရှင်နှင့် အလှူခံအကြီးအကဲတို့ ပြောဆိုမိတ် ဆက်နေကြပုံကို မျှော်မော့ကြည့်နေရသလိုတည်း ...။

"စားသောက်ပြီးကြရင် အန်ကယ့်လ်အိမ်ထဲကိုလည်း ဝင် ကြည့်ကြဦးနော်၊ နာမည်ကြီး Home Decoration ကန်ပဏီက ဒီဇိုင်နာနဲ့ အန်ကယ့်လ်စိတ်ကူးနဲ့ ပေါင်းပြီး ရုပ်ရှင်မင်းသား ဘရပ်ပစ်နဲ့ ဂျိုလီရဲ့ အိမ်အတွင်းပိုင်းပုံ တွေ၊ ဒေးဗစ်ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားဘက်ခမ်းတို့ အိမ်အတွင်းပိုင်းပုံတွေကိုကြည့်ပြီး ပေါင်းစပ်ပြင်ဆင်လိုက် တာ၊ ဧည့်ခန်းက ဘက်ခမ်းတို့ အိမ်ဧည့်ခန်းဒီဇိုင်းကို ယူထားတယ်၊ ထမင်းစားခန်းက ဘရပ်ပစ်တို့ ထမင်းစား ခန်းဒီဇိုင်းနဲ့ အတူတူပဲ၊ ဩော် ... ကျန်သေးတယ်၊ အန်ကယ်လ်တို့ အိပ်ခန်းက တိုက်ဂါးဝုဒ်တို့ အိပ်ခန်းပုံစံ အတိုင်း ပြင်ထားတယ်"

တိုက်ဂါးဝုဒ် အိပ်ခန်းအတိုင်း ပြင်ထားတာ တိုက် ဂါးဝုဒ်ကို အားကျလို့ နေမှာပေါ့ ...။ တိုက်ဂါးဝုဒ်က မြာပွေတဲ့ နေရာမှာ 'ဆိုက်ကို'ကြီး လိုတောင် ဖြစ်နေတဲ့ဥစ္စာ၊ အေးလေ မစ္စတာကြောင်လျှာသီး ကြည့်ရတာလည်း ဆိုက်ကိုဆန်ဆန်ပါပဲ ဟု တွေးလိုက်ပြီးမှ သူငယ်ချင်း ရိစ့်ကို စိတ်ထဲကနေ အားနာ ပါးနာ ဆောရီးလုပ်လိုက်ရ၏။

"အိမ်အတွင်းပိုင်းက လုံးဝပါဖက်ဖြစ်ပေမယ့် အန်ကယ့်လ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထင် အိမ်အပြင်ပိုင်းက နည်းနည်းလေးများ လိုနေသလားလို့ ထင်မိတယ်၊ အဆေးကြည့်ကြည့်လို့ လှရဲ့လားလို့ တစ်ချက်လောက် လှမ်းကြည့်ပေးဖန်ပေးကြစမ်းပါဦးကွာ ...”

ဦးလှဦးက လက်ကို သူ့အိမ်ဘက်သို့ ဆန့်တန်းပြကာ ကြည့်ခိုင်းပြီး သူကိုယ်တိုင်ကလည်း လက်တစ်ဖက်ပိုက်၊ ကျန်တစ်ဖက်က မေးစေ့ကိုပွတ်ရင်း သူ့အိမ်ကြီးဆီကို မျှော်ငေးပြလိုက်တာမို့ မောင်ကြီးတို့မှာ သူကြည့်သလို မကြည့်လို့လည်း မကောင်းတာမို့ အားနာပါးနာနှင့်ပင် ခေါင်းကလေးတွေကို ချာခနဲ နောက်ပြန်လှည့်ကာ သူ့အိမ်ကြီးကို သမင်လည်ပြန်ကြည့်လိုက်ရင်း သံပြိုင်လိုလိုပင် ...

“ကောင်းပါတယ် အန်ကယ်လ် ... ကောင်းပါတယ်၊ ဘာမှ မလိုပါဘူး”

ဟု ပြီးပြီးရော ပြောလိုက်မိကြသည်။

“လူပြိန်း မျက်စိထဲတော့ အဆင်ပြေတာပေါ့ကွာ၊ ဒါပေမယ့် ပညာရှင်အမြင်မှာတော့ လိုအပ်ချက်တွေရှိမှာ စိုးမိတယ်”

သြော် ... စကားကို တော်တော် အညွှန့်တင်ပြောတတ်တာပါလားဟု လက်ဖျားခါချင်သလိုတောင် ဖြစ်လာ၏။ တောသူမကို ပညာမပြရသေးခင် ကိုယ်တွေက အရင်ပညာပြခံနေရ၏။





“ကဲ ... အန်ကယ်လ် စကားရှည်နေတာနဲ့ မင်းတို့တွေလည်း ဗိုက်ဆာနေရှာတော့မယ်၊ ခဏနေ တခြားဧည့်သည်တွေလည်း ဒီဝိုင်းလာထိုင်ကြလိမ့်မယ်၊ ရိုစီလည်း လာပါလိမ့်မယ်၊ သမီးက အလှပြင်လို့ မပြီးသေးဘူး ထင်တယ်၊ သမီး ဘန်ကောက်သွားတာက ဒီနေ့မှာ အန်ကယ်လ်တို့ တစ်မိသားစုလုံးဝတ်ဖို့ အဝတ်အစားတွေ သွားဝယ်တာလေ ...၊ အိမ်သစ်တက်ပွဲနေ့မှာ အားလုံး အသစ်ပဲဖြစ်ချင်တာကိုး၊ ဒါနဲ့ မောင်ကြီး မင်းအဖေရော မတွေ့ပါလား”

“လာပါလိမ့်မယ် အန်ကယ်လ် ...”

“သူလာရင် သူ့ကိုလူကြီးဝိုင်းဘက် ပို့လိုက်ကွာ၊ မင်းအဖေကိုလည်း သူဌေးပီပီ အဆင့်မြင့်မြင့်နေဖို့ တိုက်တွန်းပါကွ မောင်ကြီးရ ...၊ ကိုယ်နေတဲ့ အိမ်ကလည်း ကိုယ့်အဆင့်အတန်းကို ပြတာပဲ ...၊ မင်းတို့အိမ်ပုံစံက နည်းနည်းတုံးနေပြီကွ ...”

“အဖေက Antique (ရှေးဟောင်း) ပုံစံပဲကြိုက်လို့ပါ အန်ကယ်လ်”

“ဟေ ... ဟုတ်လား၊ ချက်စွတို့ကတော့ကွာ ခြောက်အိမ်တန်း ရွာသားလို့ကို မပြောရဘူး ... ဟား ... ဟား”

သူကျတော့ ခြောက်အိမ်တန်းရွာသား မဟုတ်တဲ့ အတိုင်း ... ဟု မောင်ကြီးစိတ်ထဲမှ ခံပက်ဆဲမှာ ကြောင်လျှာသီး



www.burmeseclassic.com

www.burmeseclassic.com



က မောင်ကြီးတို့အနားမှ ထွက်ခွာသွားသဖြင့် မောင်ကြီးတို့ အားလုံး သက်ပြင်းချနိုင်ကြလေသည်။

မကြာခင် စားပွဲကြီး စ,တင်လေသည်။ မောင်ကြီးတို့အားလုံး တိုင်ပင်ထားကြသည်မှာ တောသူမ အတုခိုးခွင့်မရအောင် တောသူမ မစားခင် ဘယ်သူကမှ စားမပြကြဖို့ဖြစ်သည်။

မောင်ကြီးတို့ သူငယ်ချင်းအချင်းချင်း မျက်စပစ်၍ အချက်ပြလိုက်ကြပြီး တောသူမကို တစေ့တစောင်း အကဲခတ်နေလိုက်ကြ၏။ တောသူမကား သူတို့ မျှော်လင့်ထားသလို ဒီစားပွဲသောက်ပွဲကြီးကို လန့်ရှိန်နေပုံမရဘဲ ခပ်မတ်မတ်လေး ထိုင်ကာ စားပွဲပေါ်ကို ဝေ့ဝဲကြည့်၏။ သူမအကြည့်က အကဲခတ် သုံးသပ်နေသလိုမျိုး။ ထိုအခိုက် မောင်ကြီးတို့ဝိုင်းမှာ တခြားဧည့်သည်တွေကလည်း လာထိုင်ကြ၏။ လူစုံချိန်မှာ တောသူမက ဇွန်း ခက်ရင်းသံတွေ ပေးကာ ကမောက်မကဖြစ်ခဲ့လျှင် ကောင်းကောင်း အရှက်ကွဲတော့မှာ ဖြစ်သည်။

မောင်ကြီးသည် မသိမသာလေး ပြုံးကာ မျက်လုံးလေး ခဏမှိတ်ပြီး တောသူမရဲ့ဖြစ်အင်ကို မြင်ယောင်ကြည့်လိုက်၏။ သူ့စိတ်ကူးထဲက တောသူမသည် အသားတုံးကို ခက်ရင်းဖြင့် ထိုးဖဲ့ရင်း ချော်ထွက်သွားကာ ခက်ရင်းနှင့် ကြွေပန်းကန်ပြား ထိသံက ကျွယ်ကျွယ်လောင်လောင် ထွက်ပေါ်လာပြီး အသားတုံးက လွင့်ထွက်သွား၏။ ထိုလွင့်ထွက်သွားသော အသားတုံးသည် အနားမှာ လာရပ်၍ အကြွားစကားတွေ ပြော





နေသော မစ္စတာကြောင်လျှာသီးရဲ့ မျက်နှာကို ဘတ်ခနဲ ပြေးကပ်၏။ ကြောင်လျှာသီးသည် တောသူမကို ဒေါသူပုန်ထကာ သူ့လက်ထဲက တုတ်ကောက်ဖြင့် ခေါင်းကိုခေါက်ထည့်လိုက်၏။ ရုတ်တရက်ပင် လှလေးခင်ရဲ့ ထိပ်တည့်တည့်မှာ ကီလိုမာလကာသီးလောက် ရှိမည့် ဘုသီးကြီး စူထွက်လာ၏။ လှလေးခင်သည် သူမခေါင်းပေါ်က ဘုသီးကြီးကို ဖုံးကွယ်ရန်အလို့ငှာ ဦးလှဦးရဲ့ ခေါင်းပေါ်က ဦးထုပ်ကို လှမ်းဆွဲချွတ်လိုက်ပြီး သူ့ခေါင်းမှာ ဆောင်းလိုက်၏။ ထိုအချိန်တွင် ရီစိက ဂါဝန်အသစ်ကြီး တဖားဖားဖြင့် ပျာယီးပျာယာ ပြေးထွက်လာကာ လှလေးခင် ခေါင်းပေါ်က သူ့အဖေ ဦးထုပ်ကို ပြန်လု၏။ ကြောင်လျှာသီးက လှလေးခင်ကို ခြံထဲမှဆွဲထုတ်၏။ ရုန်းရင်းဆန်ခတ် ဖြစ်နေဆဲမှာ မောင်ကြီးအဖေ ဦးဖိုးမောင် ရောက်ရှိလာကာ ဦးလှဦး လည်ပင်းက အနီရောင် ကြောင်လျှာသီးကို လှမ်း ဆွဲလိုက်သဖြင့် ဦးလှဦးမှာ ပြူးအစ်သွားရတော့၏။ လှလေးခင်လည်း လူပုံအလယ်မှာ အရှက်ကွဲ၊ သိပ်ကြည့်မရတဲ့ မစ္စတာကြောင်လျှာသီးလည်း ဒုက္ခရောက် ...၊ မောင်ကြီးရဲ့ စိတ်ကူးထဲမှာတော့ ဟုတ်၍နေလေသည်။

သို့သော် ...

စိတ်ကူးရဲ့ ပြင်ပမှာကား ...

လှလေးခင်သည် စားပွဲပေါ်မှာ ယပ်တောင်ပုံစံလေး ခေါက်တင်ထားသော လက်သုတ်ပုဝါကို ရွရွလေးယူကာ



www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်ပါပါလေး ဖြန့်လိုက်ပြီး သူမ၏ ပေါင်ပေါ်မှာ သေသေသပ်သပ်လေး ခင်းလိုက်လေသည်။ ယနေ့ညအဖို့ သူမ ဝတ်စားလာပုံမှာ ထုံးစံအတိုင်း ဆံပင် ဂျိုနှစ်ဖက်ထောင်၊ မျက်ခုံးမှာ သနပ်ခါးမစင်သော သနပ်ခါးအစင်းခြစ်ရာထင် မျက်နှာ၊ ဗမာချည်ထည် လုံခြည်နှင့် ရင်ဖုံးအင်္ကျီခါးတိုသာ ဖြစ်သော်လည်း စားသောက်ဖို့ ဟန်ပြင်လိုက်ပုံမှာ တကယ့် အင်္ဂလန်ပြည်သူအလား ...။

မောင်ကြီးတို့ သူငယ်ချင်းတစ်စုသည် တစ်ယောက်နှင့်တစ်ယောက် မသိမသာ မျက်စပစ်ပြကြပြန်၏။ မောင်ကြီးမှာတော့ သူမပုံစံကြောင့် မျက်ခုံးပင့်မိ၏။

အစားအသောက်များ လာချပေးသောအခါတွင်ကား လှလေးခင်သည် ဇွန်း၊ ခက်ရင်း၊ ဓားတို့ကို သေသပ်စွာ ကိုင်တွယ်အသုံးပြုလျက် မောင်ကြီးတို့အားလုံး အံ့အားသင့်ရလောက်အောင် စ,တင် စားသောက်လေသည်။

မျှော်လင့်သလို ဖြစ်မလာတာမို့ အံ့သြရသော်လည်း လှလေးခင်က ဝိုင်ကို အချိုရည်အမှတ်နဲ့ မှားသောက်ပြီး မူးဝေယိမ်းယိုင်လာလျှင်လည်း သူတို့အကြံအစည် တစ်ဝက်တော့ အောင်တာပါပဲဟု တွေးလျက် သူမ ဝိုင်သောက်မည့်အချိန်ကို စောင့်နေလိုက်၏။

မောင်ကြီးက ဘိုဘို့ကို လှမ်းကြည့်တော့ ဘိုဘိုက သူပေးတဲ့အကြံ မအောင်တာမို့ နှာခေါင်းရှုံ့ပြသည်။ မောင်ကြီးက





အစားကို စိတ်မပါ လက်မပါစားရင်းက လှလေးခင်ကို အကဲခတ်ရင်း ဝိုင်ခွက်ကို လှမ်းယူကာ ပြီးပြီးရော တစ်ငုံသောက်လိုက်မိသည်။

လှလေးခင်သည် ဘာ့ကြောင့်မှန်းမသိ မောင်ကြီးကို ငဲ့ကြည့်ကာ လှောင်သလိုလေး ပြုံးလိုက်ပြီးမှ သူမရှေ့က ဝိုင်ခွက်ကို လှမ်းယူလိုက်၏။ ထို့နောက် ချက်ချင်း မသောက်သေးဘဲ ဝိုင်ခွက်ကို လှုပ်ယမ်းလျက် မျက်လုံးစုံမှိတ်ကာ အနံ့ရှူလိုက်ပြီးမှ ဖြည်းရုံလောက်ကလေး သောက်လေသည်။ ပြီးမှ မောင်ကြီးနားသို့ ကပ်ကာ သတိပေးသလို တိုးတိုးပြောပုံမှာ ...

"ဝိုင်ဆိုတာ အနံ့လေးရှူပြီးမှ အရသာခံသောက်ရတယ်
ဆိုတာတောင် မသိဘူးလား၊ တောကျလှချည်လား"

ဟူ၍တည်း ...။

မောင်ကြီးနှင့်တကွ သူငယ်ချင်းများသည် တောသူမရဲ့ စမတ်ကျပုံကို အံ့သြခြင်းကြီးစွာဖြင့် ကြည့်နေမိကြ၏။ တောသူမသည် ဝိုင်နဲ့ အချိုရည် မှားသောက်ပြီး မူးဝေယိမ်းယိုင်ဖို့ ဝေးလို့ တစ်ချက်မှတောင် ဟန်မပျက်။

မောင်ကြီးက သူမနားသို့အသာကပ်ကာ မေးလိုက်မိ၏။

"စာဥ ... နင် မသောက်စဖူးတွေ သောက်နေတာ၊ မူးရီရီလေးတောင် မဖြစ်ဘူးလား"

"ရိုးနေပြီလေ ...၊ ရွာမှာဆို ထန်းရည် မြည်းနေကျ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမကခပ် ပြုံးပြုံး ပြန်ဖြေ၏။ မောင်ကြီးသည် သိချင်စိတ်ကို မအောင့်နိုင်ဘဲ ထပ်မေးမိပြန်သည်။

"ဖွေးတုတ် ... နင် ... ဒါမျိုးတွေ ဘယ်မှာ စားဖူးလဲ ..."

"မစားဖူးပေမယ့် ရုပ်ရှင်တွေထဲမှာ မြင်ဖူးတယ်၊ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်၊ ငါက နိုင်ငံခြားကားတွေ အများကြီး ကြည့်တယ်လေ၊ ဒါမျိုး စားသောက်ပွဲတွေ ကြည့်ရတိုင်း သေချာမှတ်ပြီး အတုခိုးထားတာပေါ့ ...၊ ခုခေတ်က ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဆိုတာ နင် မကြားဖူးဘူးလား၊ ကမ္ဘာကြီးဆိုတာ တို့ ခြောက်အိမ်တန်းရွာလို ဖြစ်နေပြီလေ ...၊ ငါတို့ရွာမှာဆို ကျီးဒေါ်မပုအိမ်က ကြက်မကြီး ကြက်ဥ ဘယ်နှစ်လုံး ပေါက်တာကအစ တစ်ရွာလုံးသိတယ်၊ အိုင်တီခေတ်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ အင်ဖော်မေးရှင်း (သတင်းအချက်အလက်) တွေ လျင်လျင်မြန်မြန် ပျံ့နှံ့တဲ့ခေတ်ဆိုတာ ငါတို့လို ရွာမျိုးတွေမှာ စခဲ့တာပါဟ ...၊ နင်တို့ ရန်ကုန်က သတင်းလောက်တော့ ငါတို့ရွာမှာ မသိချင်မှအဆုံး၊ နင်တို့ဆီက ခိုးကူးခွေတွေဆိုတာ မကြည့်ချင်မှအဆုံး၊ ငါတို့ရွာမှာ ဖုန်းရှိတယ်၊ တီဗီရှိတယ်၊ စလောင်းရှိတယ်၊ ခိုးကူးခွေရှိတယ်၊ အိုဘားမား သိတယ်၊ ဘင်လာဒင် သိတယ်၊ မျက်စိတွေပွင့် နားတွေပွင့်ကုန်ပြီဟဲ့၊ တောသူမ ဆိုပြီး လာလျှော့တွက်မနေနဲ့ ...၊ နင့်သူငယ်ချင်းတွေကို





လည်း လှမ်းပြောလိုက်ဦး၊ ငါ့ကို အမှားစောင့်ဖမ်းမယ့် မျက်လုံးမျိုးတွေနဲ့ ကြည့်မနေကြနဲ့လို့ ..."

ဒီတစ်ကြိမ်မှာလည်း တောသူမကသာ အပေါ်စီးက ဖြစ်ရပြန်သည်။ မောင်ကြီးသည် စာဥရုပ်နှင့် ဥရောပစတိုင်လ် စားနေသော တောသူမကို ကြည့်နေရင်းက ဘာမှ ပြန်မပြောနိုင်တော့ဘဲ တစ်ဖက်သို့လှည့်ကာ နှုတ်ခမ်းကို ရွဲ့မိလေသည်။

သို့သော် ... မောင်ကြီးတို့က မလျော့ချင်သေး ...။ တစ်နည်းနည်းနဲ့တော့ ချောက်တွန်းမှ ကျေနပ်နိုင်မှာမို့ မောင်ကြီးတို့ဝိုင်းဘက်သို့ လျှောက်လာနေသော မစ္စတာကြောင်လျှာသီးဘက်သို့ မေးငေါ့ပြလိုက်ရင်း ...

"တောသူမ ... ဒီအိမ်ရှင် ဦးလှဦးက နင်တို့ ခြောက်အိမ်တန်း ရွာသားဆိုတာ သိလား ..."

"ဟယ် ... ဟုတ်လား၊ ငါ မသိလို့ပါဟယ်၊ နင်ကလည်း စောစောက ပြောရောပေါ့"

တောသူမက ရုတ်တရက် (ဆွေမျိုးစပ်ချင်ဇောဖြင့်) တက်ကြွလာကာ ကြောင်လျှာသီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။ မောင်ကြီးတို့သည် ပွဲကတော့ ကြည့်ကောင်းဦးတော့မှာပဲဟု တွေးကာ ဘာတွေဆက်ဖြစ်လာဦးမလဲဟု မျှော်စောင့်နေလိုက်သည်။

လှလေးခင်က ကြောင်လျှာသီးကို နှုတ်ဆက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဓာဖြင့် လှမ်းမျှော်ကြည့်နေချိန်မှာပင် ကြောင်လျှာသီးက လှလေးခင်ရှိနေသာ မောင်ကြီးတို့ဝိုင်းဘက်သို့ ပြန်လျှောက်လာနေတာကို အသည်းထိတ်ဖွယ် တွေ့မြင်နေကြရလေသည်။ သို့သော်လည်း ဦးလှဦးက မောင်ကြီးတို့ဝိုင်းသို့ ရောက်ခါနီးမှ ကျောခိုင်းကာ တခြားတစ်ဖက်ထောင့်ရှိ စားပွဲဝိုင်းဘက်သို့ လှည့်သွားချိန်မှာ လှလေးခင်က မအောင့်နိုင်တော့ပုံဖြင့် ...

"ဦးလေး ဦးလှဦး ... ဦးလေး ဦးလှဦး"

ဟု အသံကျယ်ဖြင့် လှမ်းခေါ်လိုက်လေသည်။

ဦးလှဦးသည် တုံ့ခနဲ ရပ်တန့်သွားပြီး ချက်ချင်း ပြန်လှည့်မကြည့်သေးဘဲ ကျောခိုင်းအနေအထားဖြင့် ငြိမ်သက်နေ၏။ ကြည့်ရတာ မသိချင်ယောင်ဆောင်နေရကောင်းမလား၊ ပြန်လှည့်ကြည့် နှုတ်ဆက်ရင် ကောင်းမလားဟု စဉ်းစားနေပုံရလေသည်။ ထိုသို့ ဦးလှဦးဘက်က ဆုံးဖြတ်ချက်မချနိုင်သေးခင်မှာပဲ လှလေးခင်ရဲ့ အသံ ထပ်မံပေါ်ထွက်လာပြန်သည်။

"ဦးလေး လှဦး ... လှလေးက ဦးလေးလှဦးနဲ့ တစ်ရွာတည်းသား ကျောင်းဆရာ ဦးကြည်လွင်ရဲ့ သမီးပါ ..."

လှလေးခင်ရဲ့ အသံကြောင့် အနီးအနားဝိုင်းတွေက လူတချို့က ဦးလှဦးကို လှည့်ကြည့် လှည့်ကြည့် လုပ်လုပြီဖြစ်ရာ ဦးလှဦးလည်း မနေသာတော့ဘဲ လှည်းကြိတ်ခံထားရသော ဖရဲသီးလို ကွဲကြေလျက် ဟိုတစ်ကွက် ဒီတစ်ကွက် နီရဲနေသော မျက်နှာထားဖြင့် လှလေးခင်ဘက်သို့ လှည့်လာရလေသည်။





လှလေးခင်သည် ပါးစပ်က နားရွက်သို့တက်ချိတ်တော့မတတ် ရယ်ပြလိုက်ရင်း ...

"ကျွန်မနာမည် လှလေးခင်ပါ ဦးလေး ... ၊ ဦးလေးက ခြောက်အိမ်တန်းရွာသားဆိုတာ ခုမှ မောင်ကြီးပြောလို့ သိရတာ ..."

ဦးလှဦးရဲ့ အကြည့်စူးစူးက မောင်ကြီးဆီ တန်းခနဲ ရောက်သွားသဖြင့် မောင်ကြီးမှာ အသည်းထဲတောင် အေးစိမ့်တုန်သွားရလေသည်။ တောသူမကို ချောက်တွန်းကာမှ ကိုယ်ပါ ချောက်ကျရတော့မည့်အဖြစ်မျိုး ...။ အဲဒီ တောသူမဟာ စကားကိုများတာ ...။

"ဦးလေးက ခြောက်အိမ်တန်းရွာသားဆိုတော့ ကျွန်မ အဖေကို သိမှာပေါ့နော် ..."

မစွတာကြောင်လျှာသီးမှာ အမှန်လည်း မပြောချင်၊ ငြင်းလို့လည်းမကောင်းတာမို့ ခပ်အင်အင်ပုံစံဖြင့် ...

"အင်း ... အန်ကယ်လ်က ခြောက်အိမ်တန်းရွာသား ဆိုပေမယ့် ရွာသား ပီပီကြီးတော့ မဟုတ်ပါဘူးကွယ်၊ အမျိုးတွေက မြို့ပေါ်မှာဆိုတော့ မြို့မှာအနေများပြီး မြို့သားတစ်ပိုင်းပါပဲ ..."

"ဦးလေးကို မွေးတာက ရွာမှာမဟုတ်ဘူးလား ..."

"အင်း ... မဟုတ်ဘူးထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင် … ဦးလေးကလည်း ကိုယ့်ကို ဘယ်မှာမွေးတယ် ဆိုတာတောင် မသိဘူးလား …”

“အမေ မြို့သွားရင်း မြို့ပေါ်က ဆေးရုံမှာပဲ မွေးတာလို့ ပြောတာကြားဖူးလို့ပါ …”

“အန်ကယ်လ် ကြီးပြင်းတဲ့ ဇာတိက ခြောက်အိမ်တန်းမှာ မဟုတ်ဘူးလား”

“ဒါတော့ ဒါပေါ့ …၊ ဒါပေမယ့် အန်ကယ့်လ်ချက်ကို မြှုပ်ခဲ့တာက မြို့ဆေးရုံနားမှာပဲဆိုတော့ အန်ကယ့်လ်ချက် မြှုပ်ကတော့ မြို့အရပ်မှာပဲပေါ့ …”

“ဒါဆို … ခြောက်အိမ်တန်းရွာက ဦးလေးဦးလှဦးရဲ့ ဇာတိချက်မမြှုပ်အရပ်လို့ ပြောရမှာပေါ့နော် …”

“အင်း … အဲ့ဒီလိုပြောရင်တော့ ရမယ်ထင်တာပါပဲ”

“ဦးလေးရဲ့ချက် မြှုပ်သည်ဖြစ်စေ၊ မမြှုပ်သည်ဖြစ်စေ ဘယ်သူမဆို ကိုယ့်ဇာတိကိုတော့ လွမ်းဆွတ်ကြမှာပဲ နော် …”

“အန်ကယ်လ်ကတော့ မြို့မှာပဲ အနေကြာလို့ ထင်ပါရဲ့၊ ရွာကအကြောင်းတွေကို သိပ်သတိမရတော့ပါဘူးကွယ်၊ ဒါတွေက လွန်ခဲ့ပြီလေ …”

“လှလေး အဖေ ကျောင်းဆရာ ဦးကြည်လွင်ကိုရော ဦးလေး မသိဘူးလား”

“သိပ်မမှတ်မိဘူးကွ…ဝါးတားတားပဲ၊ ဪ…အခြောက်





ကြည်လွင်ကို ပြောတာထင်တယ်၊ ပိန်ပိန်ညှပ်ညှပ်လေးလေ …၊ အန်ကယ်လ်တို့ ကျောင်းအတူတက်တုန်းက အန်ကယ်လ် တို့ ယောက်ျားလေးတွေ သောကန်နေရင် သူက သစ်ပင် အောက်မှာ စာပဲဖတ်နေတာ …”

လှလေးသည် ကိုယ့်အဖေကို အခြောက်ဟု အပြော ခံရတာမို့ ဦးလှဦးကို စိတ်တိုသွားမိကာ …

“အဖေ့ကို အခြောက်လို့ မပြောပါနဲ့ ဦးလေး၊ အဖေ အခြောက်မဟုတ်လို့သာ လှလေးကို မွေးတာပေါ့၊ အဖေ က ပျော့နွဲ့တာမဟုတ်ဘူး၊ ယဉ်ကျေးတာ …”

“ဪ … ဟုတ်လား … ဟား ဟား … မသိပါဘူးကွာ၊ ငယ်ငယ်တုန်းကတော့ အခြောက်ကြည်လွင်လို့ ခေါ်နေ ကျမို့လို့ အကျင့်ပါနေတာပါ …”

“ဦးလေးက ရွာက တခြားအကြောင်းတွေသာ မမှတ်မိ တာ ဒါမျိုးကျမှတ်မိသားပဲနော်၊ ခြောက်အိမ်တန်းရွာသား က ခုလိုမျိုး အိမ်ကြီးအိမ်ကောင်းနဲ့ နေနိုင်တာ၊ စား ကောင်းသောက်ဖွယ်တွေ ကျွေးနိုင်တာကို လှလေး ဝမ်း သာပါတယ်၊ ဒီ စားသောက်စရာတွေက တစ်ပွဲ တစ်ပွဲ ဘယ်နည်းမလဲနော် …”

“ဒါပေါ့ … တစ်ဝိုင်းစာဆို သိန်းချီနေတာ”

“လာစားကြတဲ့ သူတွေကလည်း ချမ်းသာတဲ့လူတွေချည်း ပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ အန်ကယ့်လ်အသိုက်အဝန်းက ဒီလိုလူမျိုးတွေချည်းပဲလေ ..."

"ဦးလေးက တော်တော် စိတ်ကူးလွဲတာပဲ ..."

"ဟော ... ဘာလို့တုန်း"

"စားနိုင် သောက်နိုင်တဲ့သူတွေကို ကျွေးတော့ အလကားအပိုဖြစ်တာပေါ့၊ လှလေးတို့ ရွာမှာဆို ဦးလေးတို့ လက်ထက်ကတည်းက ဆောက်ထားတဲ့ စာသင်ကျောင်းလေးက တော်တော်တောင် ဟောင်းနွမ်းယိုယွင်းနေပြီ၊ ဒီမှာ ကျန်ကျမယ့် ပိုက်ဆံတွေကို ရွာကျောင်းအတွက် လှူပေးရင် အရမ်းအကျိုးရှိမှာ၊ မောင်ကြီးအဖေ ဦးချက်ဆိုရင် ရွာအတွက် မိဘဆရာအသင်း အကျိုးဆောင်တောင် လုပ်ပေးပြီး လိုအပ်သမျှ ကူညီနေတာ ..."

"အဟမ်း ... ဟမ်း ..."

လှလေးခင် စကားကြောင့် ကြောင်လျှာသီးခများ ဘာဆက်ပြောရမှန်း မသိတော့ဘဲ တဟမ်းဟမ်း ချောင်းဟန့်လျက် လည်ချောင်းဝမှာ သလိပ်ကပ်သလိုဖြစ်နေဆဲတွင် တစ်နေရာမှာ ရပ်နားထောင်နေသော မောင်ကြီးတို့ အဖေက လှလေးတို့နားသို့ လျှောက်လာကာ ...

"ကျွဲပါးစောင်းတီးမနေပါနဲ့တော့ သမီးရယ် ...၊ ဒီကောင်က ပကာသနအတွက်ပဲ ငွေကုန်ခံချင်တာ၊ သူ ကျွေးနိုင်မွေးနိုင် လှူနိုင် တန်းနိုင်တာကို လူသိမှ လှူချင်တာ ...၊





ငယ်ငယ်လေးကတည်းက ဒီကောင့်အကျင့်က ပိုက်ဆံလေး ငါးမူးတစ်ကျပ် လှူတာတောင် အလှူခံပုံးထဲ ထည့်လိုက်ရင် လူမသိမှာစိုးလို့ အလှူခံဖြတ်ပိုင်းလေး ဖြတ်ပေးပြီး လော်စပီကာနဲ့ အလှူရှင်နာမည်ကို အော်ပေးတဲ့ အလှူခံဌာနမျိုးမှာမှ လှူဖို့အားသန်တာ ..."

"ချက်စု ... မင်း ငါ့ကို မဖဲ့နဲ့ ..."

"မင်းကို ငါ မဖဲ့ရဲပါဘူး ကြောင်လျှာသီးရယ် ...၊ မင်းစကားတွေကို အကြားမတော်လို့ အမှန်တရားတစ်ခုကို ဝင်ပြောရုံသက်သက်ပါ၊ မင်းက လှလေးခင်ရဲ့အဖေကို မသိသလို သိသလို ပဲများနေတာတော့ ငါ တော်တော်အသည်းယားတယ် သူငယ်ချင်းရာ၊ ကြည်လွင်ကို သူများတကာထက် မင်း ပိုသိရမှာလေ၊ မင်း အတန်းစဉ်တိုင်းမှာ အမြဲစာခိုးချလာတဲ့ ကြည်လွင်လေကွာ ..."

"မင်း ငါ့ကို မစွပ်စွဲနဲ့၊ ငါ ဘယ်သူ့ဆီကမှ စာခိုးမချဘူး၊ အခြောက်ကြည်လွင်ဆီကဆို ပိုတောင် ခိုးမချသေး"

"မင်းကွာ၊ ကြောင်ပဲ ...၊ ကြောင်လိမ်တဲ့အပြင် သူများတကာကို အခြောက်လို့တောင် စွပ်စွဲလိုက်သေးတယ်၊ မင်း အခြောက်လို့ စွပ်စွဲလိုက်တဲ့ ကြည်လွင်က ခုလိုယဉ်ကျေးထက်မြက်တဲ့ သမီးကောင်းရတနာလေး တစ်ယောက်ကို မွေးထုတ်ပျိုးထောင်ထားနိုင်တယ်၊ မင်းလိုကျားကျားလျားလျားကြီးက မွေးထုတ်ထားတဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရတနာကတော့ သရုပ်ပျက် ဘရုတ်ဘရက် ...၊ ဝတ်လိုက်မှဖြင့် အရုက်လုံရုံ ဘောင်းဘီတိုကလေးနဲ့ ...၊ ထဘီဝတ်မိရင် နူတော့မယ့်ပုံစံမျိုး ...၊ မိဘက ကြပ်ကြပ်မတ်မတ် ဆုံးမ မထားမှန်း မြင်ရုံနဲ့သိတယ်"

"ဟော့ကောင် ... မင်း ပါးစပ်ပိတ်"

ဦးလှဦးသည် ဒေါသထောင်းထောင်းထွက်သွားရပုံနှင့် ဦးမောင်မောင်၏ ရှပ်အင်္ကျီကော်လံစကို ဆွဲဆုပ်လိုက်သောအခါ ဦးမောင်မောင်က ဦးလှဦး လည်ပင်းက ကြောင်လျှာသီးကို ခပ်တင်းတင်း ပြန်ဆွဲထားလိုက်ရင်း ...

"ရှပ်အင်္ကျီစကို အဆွဲခံရတာနဲ့ ကြောင်လျှာသီးကို အဆွဲခံရတာက ပိုဆိုးတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ လည်ပင်းကို ကြိုးကွင်းအစွပ်ခံရသလိုမျိုးလေ ... အဟက်ဟက် ..."

"အဟွတ် ... ဟွတ် ..."

ဦးလှဦးသည် တကယ်ပဲ လည်ပင်းကို ကြိုးကွင်းစွပ်ခံရသလို ခံစားလာရကာ ချောင်းတဟွတ်ဟွတ် ဆိုးလာရသဖြင့် ဦးမောင်မောင်၏ ရှပ်အင်္ကျီကော်လံစကို လွှတ်ပေးလိုက်ရလေသည်။ ဦးမောင်မောင်ကလည်း ဦးလှဦးရဲ့ ကြောင်လျှာသီးကို ပြန်လွှတ်ပေးလိုက်သည်။

ဦးလှဦးက ဦးမောင်မောင်ကို မကျေမချမ်းကြည့်ရင်း ...





"ပိုက်ဆံ ဘယ်လောက်ရှိရှိ အဆင့်အတန်းရှိရှိ မနေတတ်၊ မစားတတ်၊ မဝတ်တတ်၊ မပြောတတ်တဲ့ လူမျိုးကို ဒီလိုပွဲမျိုးလာဖို့ ဖိတ်မိတာကိုက ငါ့အမှားပဲ"

ဟု ရေရွတ်လိုက်သည်။ ဦးမောင်မောင်ကလည်း ခပ်ပြုံးပြုံး တုံ့ပြန်သည်။

"ကြွားချင်လို့ဖိတ်တာပဲဟာ ဒီလောက်တော့ သည်းခံရမှာပေါ့ကွ ...၊ ငါ့မှာ ဒီလို အစားအစာမျိုးကို ကိုယ့်ဘာသာဝယ်စားနိုင်ရက်သားနဲ့ မင်းရဲ့ အကြွားစကားတွေကို နားထောင်ဖို့ တကူးတက ကြွရောက်လာရတာ မင်းငါ့ကို ကျေးဇူးတောင်တင်သင့်တာ ..."

လူကြီးနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကလိလို့ ရိလို့ မဆုံးနိုင်အောင်ဖြစ်နေကြချိန်တွင် သူငယ်ချင်းတွေက မောင်ကြီး နားနားကပ်ကာ တီးတိုးပြောလိုက်ကြသည်။

"ဘယ်လိုလဲ မောင်ကြီး ... မင်းပြောတော့ လှလေးခင်ကို ချောက်ချမလို့ဆို၊ ခုတော့ လှလေးခင်က ချောက်မကျတဲ့ အပြင် မစ္စတာကြောင်လျှာသီးကို သူကတောင် ပညာတွေ ဘာတွေပေးလို့ ...၊ မင်းအဖေကလည်း လှလေးခင်ဘက်က လိုက်ပြီး ကြောင်လျှာသီးနဲ့ အချေအတင်တွေဖြစ်လို့၊ ရည်ရွယ်ချက်နဲ့ ရလဒ်နဲ့ တခြားစီပါလား ..."

"ဒီကောင် ... လှလေးခင်ကို မနိုင်တာတော့ သေချာတယ်ကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"လှလေးခင်က တောသူမဆိုပေမယ့် ခပ်ညံ့ညံ့ထဲကတော့ မဟုတ်တာသေချာတယ်"

"မင်း ... သူ့ကို ပညာပြဖို့ဆိုရင် တော်တော် ကြိုးစားရဦးမယ်ထင်တယ်"

မောင်ကြီးသည် သူငယ်ချင်းများ၏ အလယ်တွင် အရှက်ရစ္ဆာဖြင့် မျက်နှာကြီး နီမြန်းလျက် အံကြိတ်နေမိသည်။ လှလေးခင်ကတော့ ခုချိန်ထိ အပြုံးမပျက် ပန်းပန်နေဆဲတည်း။

နေနှင့်ဦး ... တောသူမ

မင်းကိုမှ မနိုင်ရင် ငါ မောင်မောင်ကြီး မဟုတ်တော့ဘူး ...။

• • •



❧ ❧ ❧

ထိုဖြစ်ရပ်ရဲ့ နောက်ပိုင်းမှာတော့ တောသူမနှင့် ပတ်သက်၍ မောင်ကြီး ရင်ထဲမှ အကျိတ်အခဲသည် ပို၍ ပို၍ ကြီးထွားလာခဲ့ရလေ၏။ မောင်ကြီး၏ အဖေသည် နေ့စဉ်နှင့်အမျှ လှလေးခင်ကို ချီးပင့်မြှောက်စားလျက်ရှိပြီး မောင်ကြီးကိုတော့ အချိန်တိုင်း ချိုးနှိမ်ရှုံ့ချလျက်ရှိသဖြင့်လည်း မောင်ကြီး စိတ်ထဲမှ မခံချင်စိတ်များ တဖွားဖွား ပေါ်ထွက်လာရလေတော့သည်။

အဖေသည် မောင်ကြီးကိုကျတော့ မကောင်းပြော၊ လှလေးခင်ကျ အကောင်းပြောကာ လှလေးခင်၏ ကိစ္စဝိစ္စများကိုလည်း မောင်ကြီးအား မကြာခဏခိုင်းစေ၏။ မောင်ကြီးမှာ ရှိသာခိုး ငြိုးရက်ဆိုသလို စိတ်ထဲမှာ ဘယ်လိုမှ မကြည်သာဘဲ ခိုင်းသမျှကို လုပ်ပေးရသဖြင့် မောင်ကြီးဘဝသည် အချိန်တိုင်း 'ဇာတ်နာ' ၍ နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ အဖေက မောင်ကြီးအား လှလေးခင် ဈေးဝယ်ထွက်မည်ဖြစ်သောကြောင့် သူသွားလိုရာသို့ လိုက်ပါပို့ဆောင်စေဟု အမိန့်ချမှတ်လိုက်၏။ တောသူမကလည်း မောင်ကြီးသွားဖို့ အပျင်းဆုံး 'ယုဇနပလာဇာသို့ ငါကိုယ်တော်မြတ် ထွက်တော်မူမည်၊ မောင်မင်း ပို့ဆောင်လော့' ဟူသော စတိုင်လ်မျိုးဖြင့် ရှေ့ကနေ ထွက်တော်မူ၏။

မောင်ကြီးသည် ယုဇနပလာဇာထဲတွင် ခြေရာချင်းထပ်စေ့တော့မတတ် အခေါက်ခေါက် ပတ်လျှောက်နေသော တောသူမနောက်က ခပ်ခွာခွာလိုက်ရင်း မကြာခဏ တက်ခေါက်မိ၏။ ပုံစံကိုက ကြည့်ပါလား ... မျက်နှာက မော့တော့တော့နဲ့ ယုဇနပလာဇာကို သူ့အိမ် သူ့ရာလို သဘောထားပြီး လျှောက်နေလိုက်တာ အေးအေးဆေးဆေး ...။ ဝယ်တာက နည်းနည်း၊ ငေးမောတာက များများ ...။ တောသူမမို့ တွေ့သမျှ အသစ်အဆန်းချည်းထင်ကာ ဟိုဟာ ကောက်ကိုင်လိုက်၊ ဈေးမေးလိုက် ပြန်ချထားလိုက်၊ အားလည်းမနာ၊ ရှုံ့ကြောက်စိတ်ကလေးလည်း ရှိပုံမရ။ တောသားရဲ့ ဆွဲထုတ်ဆိုတာ ဒါမျိုးပဲလားတော့ မသိချေ။

မောင်ကြီးသည် သူမနောက်မှ မသိမသာ ခပ်ခွာခွာလေး လျှောက်လိုက်လာရင်း ညစ်ကျယ်ကျယ် အပြုံးလေးကို ပြုံးမိ၏။ ခဏကြာ၍ သူမက ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားချိန်မှာတော့ မောင်ကြီးက အပေါက်ဝနားမှာ ယောင်လည်လည် ရပ်





စောင့်နေသလိုလုပ်ရင်း သူမကိုထားခဲ့ကာ လစ်ထွက်လာခဲ့တော့သည်။

အဲ့ဒီ ပလာဇာ အကျယ်ကြီးထဲမှာ နင်တစ်ယောက်တည်း မျက်စိလည် လမ်းမှားပြီး စိတ်ဆင်းရဲနေလိုက်ပါဦး ...၊ ငါ အဲ့ဒီလောက် ပါးပါးလေးတော့ ပညာပြပါရစေဦး ...။

မောင်ကြီးက ပလာဇာ တတိယထပ်မှ ဓာတ်လှေကားဖြင့် ဆင်းလာခဲ့သည်။ ဓာတ်လှေကားထဲက ထွက်လာတော့ ကိုယ့်ဘာသာ သဘောတွေကျကာ မောင်ကြီးရုပ်က ပြုံးစိစိဖြစ်နေမှာ သေချာသည်။

ပလာဇာထဲက ထွက်လာပြီး မောင်ကြီးက သူငယ်ချင်းတွေ စုဆုံဖို့ ချိန်းထားသည့် ညီထက်တို့အိမ်သို့ ဦးတည်၍ ကားမောင်းလာခဲ့သည်။

မောင်ကြီးရောက်သွားတော့ ညီထက်တို့အိမ်မှာ လူစုံနေပြီ ...။

"ဟော ... မောင်ကြီး လာပြီဟေ့ ..."

"ဟေ့ကောင် ... မင်းပြောတော့ တောသူမကို လိုက်ပို့စရာရှိလို့ မလာတော့ဘူးဆို"

"ဘယ်လိုလဲ ... တောသူမ တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လို့ပြီးခဲ့ပြီလား"

"ဝမ်းသာစွာ ပညာပြပြီး ပြန်လာတာပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက သူ့အင်္ကျီကော်လံစကို ထောင်ကာ ဟန်ပါပါ ပြောလိုက်ပါသည်။

"မင်း ပညာပြတာကတော့ ရိုးနေပါပြီကွာ"

"မင်းက ပြတာလား၊ မင်းကို ပညာပြခံလာရတာလား"

"မင်းတို့က မယုံဘူးလား ..."

"ယုံတော့ ယုံချင်ပါတယ်၊ ဒါပေမယ့် လက်ရှိအခြေအနေမှာ တောသူမက မင်းရှေ့က နှစ်ဂိုးကြောလောက် ပြေးနေတယ်"

"မင်းတို့မယုံရင် အိမ်လိုက်ခဲ့ပါလား"

"ဘာလုပ်ဖို့လဲ ..."

"တောသူမ ဘယ်လိုပုံစံနဲ့ ပြန်ရောက်လာမယ်ဆိုတာ လိုက်စောင့်ကြည့်ကြပေါ့၊ ငါက သူ့ကို ပလာဇာထဲမှာ တစ်ယောက်တည်း ထားပစ်ခဲ့တာ၊ သူဝယ်ထားတဲ့ပစ္စည်းတွေမှ အများကြီးပဲ၊ သူ့ရွာကလူတွေဖို့ ပစ္စည်းတွေလည်း ပါတယ်၊ အဲ့ဒီလောက်ပစ္စည်းတွေနဲ့ သူတစ်ယောက်တည်း ပလာဇာထဲက ပြန်ထွက်၊ ကားငှားပြီး ပြန်လာရမှာ ဖြုတ်စဗျင်းတောင်း ဖြစ်လာမှာ ..."

"ငါတော့ မထင်ဘူး ..."

"ဘာလို့လဲ ..."

"မင့်တောသူမက လူလည်၊ မင်းထက် အရင်တောင် ပြန်ရောက်ချင်ရောက်နေမှာ"





"အဲ့ဒါတော့ မဖြစ်နိုင်ဘူး"

"လောင်းမလား ..."

"လောင်းတယ်ကွာ ... တောသူမ ပြန်ရောက်နှင့်နေရင် မင်းကို ငါ ဟန်းဆက် နောက်ဆုံးပေါ် မော်ဒယ်တစ်လုံး ဝယ်ပေးမယ်၊ ပြန်မရောက်သေးရင် မင်း ငါ့ကို ဝယ်ပေးရမယ်"

"အိုကေ ..."

သူငယ်ချင်းတွေက မောင်ကြီးနောက်သို့ ချက်ချင်း ကောက်ထလိုက်လာသည်။ မောင်ကြီးက လေလေးချွန်ကာ အိမ်ဘက်သို့ မောင်းထွက်လာသည်။

မောင်ကြီးက ခြံတံခါးကို ကိုယ့်ဘာသာဖွင့်၍ ခြံထဲသို့ ဝင်လာခဲ့သည်။

မောင်ကြီးတို့အုပ်စု ဧည့်ခန်းထဲသို့ ဝင်လာတော့ ဧည့်ခန်းက ဆိုဖာတစ်လုံးပေါ်မှာ ငိုက်နေသော ဒေါ်ကြီးကို တွေ့ရသည်။ ဒေါ်ကြီးက သူ့မျက်လုံးတွေကိုသူပွတ်၍ တစ်ချက်သမ်းလိုက်ရင်း မောင်ကြီးတို့ကို လှမ်းကြည့်သည်။

"မောင်ကြီး ပြန်လာပြီလား၊ လှလေးရော ..."

"လှလေးခင် ပြန်မရောက်သေးဘူးလား ဒေါ်ကြီး"

"ဟင် ... မင်းနဲ့အတူသွားတာ၊ မင်းနဲ့ အတူမှပြန်လာမှာပေါ့ ..."

မောင်ကြီးက ဘာမှဆက်မပြောတော့ဘဲ ခနဲ့တဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးပြုံးကာ ညီထက်ကို လှမ်းကြည့်လိုက်သည်။ ငါနိုင်ပြီဆိုတဲ့ သဘော ...။

ညီထက်က ပခုံးတွန့်ပြလိုက်ရင်း ...

"ရှားရှားပါးပါး မင်း နိုင်မယ့်အခေါက်ကျမှ လောင်းမိတာ မှားပါတယ်၊ မင်း ဟန်းဆက်က မနက်ဖြန် ဝယ်ပေးမယ်၊ ခုတော့ ထမင်းကျွေးကွာ၊ ဗိုက်ဆာတယ်"

"မင်းတို့ဘာသာ မီးဖိုချောင်ထဲဝင်ပြီး ခူးခပ်စားကြကွာ"

"မင်းရော မစားဘူးလား"

"ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်"

"ပြီးမှလဲကွာ၊ တစ်ခါတည်း ဝင်စားလိုက် ..."

သူငယ်ချင်းတွေက ဖွတ်ခေါ်တာမို့ မောင်ကြီးက သူငယ်ချင်းတွေနှင့်အတူ မီးဖိုချောင်ထဲသို့ ဝင်လိုက်လာခဲ့သည်။ အမေ ဒီနေ့တစ်နေကုန် အပြင်ထွက်စရာရှိကြောင်း မောင်ကြီး အိမ်ကမထွက်ခင်ကတည်းက သိထားသည်။ အိမ်က ကောင်မလေးနှစ်ယောက်ကလည်း ဒီအချိန်ဆို အိပ်နေတတ်ကြတာမို့ မောင်ကြီးက ဟင်းအိုး ထမင်းအိုးတွေကို ကိုယ့်ဘာသာဖွင့်လှန် ကြည့်ရှုနေဆဲ နောက်ကျောဘက် ထမင်းစားခန်းထောင့်မှ အသံတစ်သံ ကပ်၍ပေါ်လာသည်။

"စားကြပါဦးလား ..."

"ဟင် ..."





မောင်ကြီးသည် ရုတ်တရက်ကြီး မမျှော်လင့်ဘဲ ကိုယ့်နောက်ဘက်က ကပ်ထွက်လာသော တောသူမ၏အသံကြောင့် လန့်ဖျပ်လျက် ချာခနဲ လှည့်ကြည့်မိရာ ...

ထမင်းစားပွဲတွင် အေးအေးလူလူ ထိုင်လျက် ထမင်းစားနေသော တောသူမကို ဘွားခနဲ တွေ့လိုက်ရလေသည်။

စားပွဲပေါ်မှာ ကုံးထက် ကြက်ဆီထမင်းဆိုင်တံဆိပ်ပါ ဖော့ဘူးအလွတ်တစ်ဘူးနှင့် ရေခဲမုန့်ဘူး တစ်ဘူးကို တွေ့ရ၏။ တောသူမ ပန်းကန်ထဲထည့်၍ စားနေသည်မှာ ကြက်ဆီထမင်း ...။

"မင်း ... မင်း ... ဘယ် ... ဘယ်တုန်းက ..."

မောင်ကြီးက မျက်လုံးပြူးလျက် လက်ညှိုးတစ်ချောင်းကို သူမဘက်သို့ တဆန့်ငင်ငင်ထိုး၍ မေးနေဆဲ သူမက ကြက်ကင်တစ်ဖတ်ကို တူနှင့်ညှပ်၍ အချဉ်ခွက်ထဲနှစ်လိုက်ရင်းက 'နင် ချောက်ချသွားပေမယ့် ငါ ချောက်မကျဘဲ သေးရန်ကင်းစွာ ပြန်ရောက်လာပါတယ်' ဟူသော စတိုင်လ်မျိုးဖြင့် ညင်ညင်သာသာလေး ပြုံးပြလိုက်ရင်း ...

"အဟင်း ... ပြန်ရောက်တာကြာပြီ၊ ဒေါ်ကြီး အိပ်ပျော်နေတာနဲ့ ကိုယ့်ဘာသာ အခန်းထဲဝင် ရေမိုးချိုး အဝတ်လဲပြီး ထမင်းထိုင်စားနေလိုက်တာ၊ ကြက်ဆီထမင်းနဲ့ ရေခဲမုန့်က ပလာဇာက ဝယ်လာတာ၊ ရေခဲမုန့်က ပျော်တောင် မပျော်သေးဘူး၊ စားကောင်းသေးတယ်၊ စားကြပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



လှလေးခင်က မောင်ကြီးသူငယ်ချင်းတွေဘက်ကို ပါ မေးလေးတစ်ချက်ဆတ်၍ လှမ်းမေးလိုက်သည်။

"စားပါ ခင်ဗျ၊ စားပါ ... စားပါ၊ ကျေးဇူးပဲ၊ အရမ်း ကျေးဇူးတင်ပါတယ်"

ညီထက်က ကိုယ့်အကြောင်းနှင့်ကိုယ် ကျေးဇူး စကားကို ပိုပိုသာသာ ပြောလိုက်သည်။ မောင်ကြီးက မင်း ကျေးဇူးတင်တာ ငါသိပါတယ်ဟူသော အကြည့်မျိုးဖြင့် ညီထက် ကို ကြည့်သည်။ ဟန်းဆက် ဝယ်ပေးရမှာမို့ လည်မျိုမှာ အလုံး နင်ကာ တောသူမကို သတ်ချင်လာပါသည်။

• • •



တစ်နေ့မှာ တောသူမက မောင်ကြီးကို တောင်းဆို လိုက်သည်။

"မောင်ကြီး ... ငါ ပဲခေါက်ဆွဲ စားချင်တယ်၊ ငါ့ကို ကိုရီးယားဆိုင် လိုက်ပို့"

မောင်ကြီးသည် လှလေးခင်ကို ကြည့်နေရင်းက မဲ့ရွဲ့ပစ်လိုက်ရင်း ...

"တောသူမပီပီ တောကိုကျတယ်၊ ဟိုအရင်တုန်းကတော့ ပြောတတ်ကြပါတယ်၊ တောသား မြို့ရောက် ဖာလူဒါ သောက်တဲ့၊ ခုခေတ်ကျတော့ တောသား မြို့ရောက် ပဲခေါက်ဆွဲစားလို့ ပြင်ပြောရတော့မလိုဖြစ်နေပြီ၊ တောက လူတွေများ ကိုရီးယားကားတွေကြည့်ပြီး ကိုရီးယားမလို ဝတ်ချင်ရတာနဲ့ ကိုရီးယားစာ စားချင်ရတာနဲ့ သိပ်အောက် တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မြို့ကလူတွေရော အဲ့လိုမလုပ်လို့လား၊ နင်တို့ မြို့သားတွေစားလို့သာ အဲ့ဒါမျိုးဆိုင်တွေ ပေါ်လာတာ ပေါ့"

"ဒီမှာ ... စာဥ၊ နင် မသိရင်မှတ်ထား၊ ပဲခေါက်ဆွဲဆိုတာ ရိုးရိုးခေါက်ဆွဲဖတ်တွေကို ပုန်းရည်ကြီးနဲ့ နယ်ထားသလို မျိုးပဲ၊ ဘာမှမထူးဆန်းဘူး"

"ထူးတယ် မထူးဘူးဆိုတာ ငါစားကြည့်ပြီးမှ ငါ့ဘာသာ ဆုံးဖြတ်မှာပေါ့ ...၊ ငါက ကိုရီးယားရောက်ါ ထလို့ ပဲခေါက်ဆွဲစားချင်တာမဟုတ်ဘူး၊ သူတို့ရိုးရာ ပဲခေါက်ဆွဲ နဲ့ ငါတို့ရိုးရာ မုန့်ဟင်းခါးကို နှိုင်းယှဉ်ကြည့်ချင်တာ၊ နင်လိုက်မပို့ချင်လည်း နေလေ၊ ဦးချက်ကို ကိုရီးယားဆိုင် ဘယ်မှာရှိလဲလို့ ဖုန်းဆက်မေးပြီး ငါ့ဘာသာ သွားစား လိုက်မယ်"

"နင်ဖုန်းဆက်မေးရင် အဲ့ဒီကိစ္စက ငါ့ခေါင်းပေါ်ပဲ ကျ လာမှာလေ ဖွေးတုတ်မရဲ့၊ ငါ့အဖေနဲ့ ငါ့ကို ရန်တိုက်ပေး မနေနဲ့၊ လာ ... လိုက်ခဲ့"

"ငါ ပိုက်ဆံအိတ် မယူတော့ဘူးနော်၊ ဦးချက်က ငါစား သမျှ ရှင်းပေးဖို့ နင့်ကိုမှာထားတယ်မဟုတ်လား"

"စေတနာကို မရှိတော့ဘူး"

"ငါကတော့ နင့်ကိုစေတနာရှိပါတယ်၊ ငါ့ကို တစ်ထောင်





ဖိုး ဝယ်ကျွေးပြီး နင့်အဖေဆီ တစ်သောင်းဖိုးလောက် စာရင်းလိမ်တင်စားနေတဲ့ ပိုက်ဆံတွေအတွက် ငါ့စိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး"

လူလည်မက မောင်ကြီး၏ခွင်တွေကို အကုန်သိ မြင်နေသဖြင့် နည်းနည်းတော့ ဖြုံမိတာအမှန်ပင်။ စေတနာမရှိလှ သော်လည်း နောက်ဆုံးတော့လည်း လှလေးခင်အလိုကျ လိုက် ပို့ပေးရပါသည်။

အဲ့ဒီ တောသူမဟာ တော်တော်တော့ ကြီးကျယ် ၏။ ပြောလိုက်တဲ့ စကားလုံးတွေဟာလည်း တကယ့် အလုံးကြီး တွေချည်း ...။ ကိုရီးယားစားသောက်ဆိုင်ရောက်တော့ ပဲခေါက် ဆွဲ တစ်ပွဲမှာကာ တမြုံ့မြုံ့ဝါး၍ အရသာခံစားရင်း ...

"နေစမ်းပါဦး ... သူတို့ ပဲခေါက်ဆွဲက ဘယ်လောက်များ ကောင်းလို့ ကမ္ဘာကျော်ရတာလဲ ...၊ ငါတို့ မုန့်ဟင်းခါး ကို ခြေဖျားတောင်မမီပါဘူး၊ ဒါနဲ့တောင် ငါတို့ရိုးရာ မုန့်ဟင်းခါးကို ကမ္ဘာကျော်သွားအောင် ဘာလို့မလုပ်နိုင် ရတာလဲ၊ သူတို့ ကိုရီးယားကားတွေထဲမှာတော့ ပဲခေါက် ဆွဲပွဲကြီးကို လှလှပပ ရိုက်ပြကြ၊ ကောင်းကောင်း မကောင်းကောင်း နာမည်ကြီး မင်းသား မင်းသမီး အချော အလှတွေက အားရပါးရ ခဏခဏစားပြကြတော့ သူတို့ ပဲခေါက်ဆွဲက ပေါက်သွားတာပေါ့၊ ငါတို့ ရုပ်ရှင်ကား တွေထဲမှာရော ပြေတီဦးတို့ အိန္ဒြာကျော်ဇင်တို့က လှလှ



www.burmeseclassic.com

www.burmeseclassic.com



ပပလေး ပြင်ထားတဲ့ မုန့်ဟင်းခါးပွဲကြီးကို အားရပါးရ စားပြတာမျိုး ရိုက်ပြလို့ မရဘူးလား ...”

သူမက သူမဘာသာ ရေရွတ်ညည်းတွားသလို အဆက်မပြတ် ပြောလိုက်၊ ခဏ အဆက်ပြတ်စဉ်မှာ ပဲခေါက်ဆွဲ တစ်လုတ် စားလိုက် လုပ်နေသည်။ ဘယ်လိုပဲကြည့်ကြည့် ဘယ်နေရာမှာပဲကြည့်ကြည့် ဘယ်အချိန်မှာပဲကြည့်ကြည့် အမြင်ကတ်စရာ ပုံစံက ထင်းခနဲ ကွင်းခနဲ ပေါ်လွင်လွန်းလှပါပေရဲ့ ကွယ်ဟု မှတ်ချက်ချမိ၏။

မောင်ကြီးက အအေးတစ်ခွက်ပဲ မှာသောက်ကာ သူမ စားအပြီးကို စောင့်ပေးနေရသည်။

သူမ စားလို့ပြီးခါနီးတော့ မောင်ကြီး ခေါင်းထဲမှာ အကြံတစ်ချက် လက်ခနဲ ပေါ်ထွက်လာပါသည်။

မောင်ကြီးသည် ပိုက်ဆံအိတ်ကို ဖတ်ခနဲ ဖွင့်လိုက်ပြီး ...

“ဟာ ... ပြဿနာပဲ”

ဟု ကိုယ့်နဖူးကိုယ်ရိုက်ကာ အော်မိတော့ သူမက မျက်ခုံးပင့်ကြည့်ကာ ...

“ဘာဖြစ်တာတုန်း ...”

“ပိုက်ဆံအိတ်ထဲကို ပိုက်ဆံဖြည့်ထည့်ဖို့ မေ့လာတယ်ကွာ ...၊ ပိုက်ဆံမရှိတော့မှန်း လုံးဝမသိလိုက်ဘူး”

“တစ်ပြားမှ မပါဘူးလား ...”





“အအေးတစ်ခွက်ဖိုးတော့ ပါပါတယ်”

“အဲ့ဒီတော့ ဘယ်လိုလုပ်မယ် စိတ်ကူးလဲ”

“ငါ့အအေးခွက်ဖိုးတော့ ငါ့ဘာသာရှင်းလိုက်မယ်လေ၊ နင့်ပဲခေါက်ဆွဲဖိုးတော့ နင့်ဘာသာ ကြည့်ကျက်ရှင်းပေါ့”

“ဩော် ... အဲ့ဒီလိုလား ...”

သူမက တစ်ခွန်းမှ ပြန်မပြောတော့ဘဲ ပဲခေါက်ဆွဲ လက်ကျန်ကို အပြီးသတ်စားလိုက်သည်။ မောင်ကြီးက စားပွဲထိုးလေးဆီက ဘောက်ချာလှမ်းတောင်းလိုက်သည်။ ခဏကြာတော့ စားပွဲထိုးလေးက သားရည်ဖုံးလေးထဲမှာ ဘောက်ချာစာရွက်ကလေး ညှပ်ယူလာပြီး မောင်ကြီးရှေ့မှာ ဖွင့်ပြလိုက်သည်။ မောင်ကြီးက ဘောက်ချာစာရွက်ကို လှမ်းယူကြည့်လိုက်ပြီး အအေးတစ်ခွက်ဖိုး ရှင်းပေးလိုက်ရာ ကောင်လေးက ပိုက်ဆံ ရေတွက်ကြည့်လိုက်ပြီး ...

“အစ်ကို ... ပဲခေါက်ဆွဲဖိုး ကျန်သေးတယ်ခင်ဗျ”

“ဩော် ... ပဲခေါက်ဆွဲဖိုးလား၊ အဲ့ဒါတော့ သူရှင်းပါလိမ့်မယ်”

စားပွဲထိုးလေးက လှလေးခင်ရှေ့မှာ သွားရပ်စောင့်နေလိုက်သည်။ မောင်ကြီးက တော်သူမတို့တော့ ဒီတစ်ခါ သေချာပေါက် အရှက်ကွဲပြီဟု ကျိတ်အားရလျက် သူမ ဘယ်လို တုံ့ပြန်မှာပါလိမ့်ဟု စောင့်ကြည့်နေလိုက်သည်။

“အဟမ်း ... ဟမ်း”



www.burmeseclassic.com

www.burmeseclassic.com



တောသူမက ရေတစ်ခွက်ကို လှမ်းယူသောက်လိုက်ပြီးမှ ခံတွင်းရှင်းသလို ခပ်တိုးတိုး ချောင်းဟန့်လိုက်ပြီး ခပ်ကျောကျော လေသံဖြင့် ...

"ဗမာငွေတော့ မပါဘူး"

"ခင်ဗျာ ..."

"မင်းတို့ဆိုင်က အက်ဖ်အီးစီနဲ့ ရှင်းရင်ရော လက်ခံသလား"

"လက်ခံပါတယ် ခင်ဗျ ..."

မောင်ကြီး မျက်လုံးပြူးသွားသည်။ တောသူမနဲ့ FEC ဆိုတာ နည်းနည်းမှ မအပ်စပ်၊ မြင်ဖူးမှာတောင်မဟုတ်။

"ဒါဆို ... FEC နဲ့ပဲ ရှင်းပေးလိုက်မယ်လေ ..."

လှလေးခင်က မျက်ခုံးလေးပင့်ချီ၍ ပြောလိုက်ရင်း သူမလည်ပင်းမှာ ဆွဲကြိုးလိုဆွဲပြီး အင်္ကျီထဲထည့်ထားသည့် ပိုးကြိုးစကလေးကို ဆွဲယူလိုက်တော့ ကြိုးဖျားမှာ အိတ်ရှုံ့သေးသေးလေး ပါလာသည်။ သူမက ထိုအိတ်ရှုံ့လေးထဲမှ FEC အလိပ်သေးသေးလေးကို ဆွဲထုတ်ယူပြီး စားပွဲထိုးလေးထံ လှမ်းပေးလိုက်ပါသည်။ ပြီးတော့ အိတ်ရှုံ့လေးကို အင်္ကျီထဲပြန်ထည့်ထားလိုက်ပြီး မောင်ကြီးကို အပေါ်စီးကနေ ငုံ့ကြည့်သော အကြည့်မျိုးဖြင့် ကြည့်လာကာ ...

"အဖေ မြို့တက် စပါးရောင်းတုန်းက ရထားတဲ့ ပိုက်ဆံ





တွေလေ ...၊ ခြေစောင့်လက်စောင့်လေးရအောင် ကိုယ်နဲ့ မကွာ ဆောင်ထားဆိုပြီး ပေးလိုက်တာ ..."

ဟု တင်တင်စီးစီး ခပ်ကျောကျောလေး ပြောလိုက်လေသောအခါ မောင်ကြီးမှာ ရင်ထဲ အောင့်မျက် အခံရခက်လျက် မခံချိမခံသာဖြစ်စွာ ရှုံးနိမ့်ရပြန်လေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

၃၉ ၃၉ ၃၉

ဤနေရာတွင် အကျဉ်းချုံး၍ ပြောပါတော့မည်။

အဖြစ်အပျက်တိုင်းကိုသာ ပြောရလျှင် တောသူမ၏ လူလည်ကျပုံများချည်း ဝတ္ထုတစ်ပုဒ်စာဖြစ်သွားနိုင်၍ပင် ...။

သူမ၏ လူလည်ကျပုံများထဲက နောက်ဆုံးတစ်ခုကို ရွေးထုတ်တင်ပြရလျှင် စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ရှိုးသွားဖို့ပူဆာရာက စတင်ရမည်ဖြစ်သည်။

ဧပြီလ ၁၀ ရက် မနက်ခင်းတစ်ခုမှာ သူမက မောင်ကြီးကို စတင်တောင်းဆိုလာသည်မှာ ...

"ဟဲ့ ... မောင်ကြီး၊ ဒီနေ့ ဘာနေ့လဲ နင်သိလား"

"ဧပြီ ၁၀ ရက်နေ့ပေါ့၊ ဘာထူးဆန်းလို့လဲ"

"ဒီနေ့ စိုင်းစိုင်း မွေးနေ့ဟဲ့ ငတုံးရဲ့၊ ဒါဟောင် မသိဘူးလား ..."

"စိုင်းစိုင်း ! ဘယ်က စိုင်းစိုင်းလဲ ..."





"ဒီငတုံးလေးက ပြောရခက်လိုက်တာ၊ စိုင်းစိုင်းခမ်းလှိုင်ကို ပြောတာဟဲ့ ..."

"သူ့မွေးနေ့ကို ငါကဘာလုပ်ရမှာလဲ ..."

"နင်သာ ဘာမှမလုပ်ပေမယ့် သူ့ပရိသတ်တွေက အရေးလုပ်တယ်ဟဲ့၊ ငါက သူ့ပရိသတ်"

"ဟုတ်လား ... ခွိ ... ခွိ ..."

မောင်ကြီးက ကိုယ့်ပါးစပ်ကိုယ် လက်ဝါးနှင့်ပိတ်ကာ တခိခိရယ်ပြ၍ သရော်လိုက်မိသည်။ သူမက သူ့ကို မျက်မှောင်ကြုတ်၍ကြည့်ရင်း ...

"နင်က ဘာကို ရယ်တာလဲ"

"နင်က စိုင်းစိုင်း ပရိသတ်ဆိုလို့ပါ၊ ငါတွေ့ဖူးသလောက်တော့ သူ့ပရိသတ်ထဲမှာ နင့်လို ဇွဲးတုတ်ဒီဖိုင်းမျိုးတစ်ယောက်မှ မပါဘူး၊ အားလုံး အလန်းဖယားလေးတွေချည်းပဲ"

"ဒီ ဒီဖိုင်းနဲ့ စိုင်းစိုင်းကို မကြိုက်ရဘူးလို့ ဘယ်သူမှ သတ်မှတ်မထားဘူး၊ ဒေါ်ကြီးတောင် ကြိုက်တယ်၊ သူ့သွားဆိုခိုင်းပါလား၊ အိုးလေးလှုပ်ပါဦးဆို အစအဆုံးရတယ်၊ ငါတို့ရွာက ကလေးတွေအကုန်လုံးလည်း ရတယ်၊ ငါလည်း သူ့သီချင်းတွေ အကုန်ရတယ်"

"တွံတေးသိန်းတန်သီချင်းတွေရော မရဘူးလား"

"ရတယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တကယ်ဆို နင်က တွဲတေးသီန်းတန်တို့ တွဲတေး စိုးအောင်တို့ ဗညားဟန်တို့ စိုးစန္ဒာထွန်းတို့ စန္ဒရား ချစ်ဆွေတို့ တင်တင်မြတို့ကို ကြိုက်ရမှာ ..."

"သူတို့သီချင်းတွေလည်း ကြိုက်သားပဲ၊ မွေးနေ့ရှိုးလုပ် ကြည့်ပါလား ... ငါ ရှေ့ဆုံးက သွားအားပေးမှာ၊ ကဲ ... စကားလုံးရှာပြီး ငါ့ကိုနှိပ်ကွပ်ဖို့ ကြိုးစားမနေနဲ့၊ စိုင်းစိုင်း လက်မှတ်သာ ရအောင်ဝယ်ပေး၊ ဒေါ်ကြီးဖို့ပါ တစ်စောင် ပိုဝယ်ခဲ့"

"ကောင်းပြီလေ ... ဝယ်ပေးဆိုတော့လည်း ဝယ်ပေးရ သေးတာပေါ့"

မောင်ကြီးသည် ကိုယ့်အကြံနှင့်ကိုယ်မို့ ဝယ်ပေးဖို့၊ လိုက်ပို့ဖို့ ဆုံးဖြတ်ရခြင်း ဖြစ်တော့သည်။

ထိုညမှာ ...

မောင်ကြီး၊ ဒေါ်ကြီးနှင့် လုလေးခင်တို့သုံးယောက် သည် မျှော်စင်ကျွန်းရှိ လူအုပ်ကြားထဲသို့ တိုးဝင်ရောက်ရှိလာပါ သည်။

မောင်ကြီးက တောသူမနှင့် ဒေါ်ကြီးတို့ကို စင်ရှေ့ လူအုပ်ကြားသို့ ပို့ပေးလိုက်ပြီး သူကတော့ ဘေးဘက်ကုန်းမြင့် ကလေးပေါ်မှာ ရပ်ကြည့်နေလိုက်သည်။

တောသူမသည် ဖွေးတုတ်ဒီဇိုင်းဖြင့် လူကြားသို့ ခပ်ရဲရဲတိုးဝင်သွားခဲ့တာ ဖြစ်သည်။ ဒီညမှာ သူမရဲ့ ဖွေးတုတ်





ဒီဇိုင်းက တစ်မျိုးတော့ဆန်းနေသည်။ လုံချည်က အဖြူရောင်ပေါ် မှာ အနက်စင်းတွေပါသည့် အဆင်မျိုး၊ ရင်ဖုံးခါးတိုအင်္ကျီခပ်ပွပွ လေးက အနက်ရောင် ...၊ ပြီးတော့ လည်ပင်းမှာ အဖြူရောင် ပုတီးအလုံးကြီး ဆွဲထားသည်။ ဆံပင်ကို နှစ်ဖက်ခွဲ၍ ဆံထုံးပိစိ လေး နှစ်ထုံးထုံးကာ ဆံထုံးတစ်ဖက်တစ်ချက်မှာ စံပယ်ပန်းကုံး လေးတွေဖြင့် ရစ်ခွေပတ်ထားသည်။ ကတ္တီပါ ပုံတော်ဖိနပ်ကို စီးထားသည်။ မျက်နှာမှာတော့ ထုံးစံအတိုင်း သနပ်ခါး အစင်း ခြစ်ပေါ့။ ဒီပွဲကို ဒီ ဒီဇိုင်းဖြင့်လာတာ ဒီတစ်ယောက်ပဲရှိမည် ထင်သည်။

မောင်ကြီးက သူမ ဘာများလုပ်မလဲဟု အပေါ်စီး ကနေ လှမ်းကြည့်နေလိုက်သည်။

သူမက ပထမတော့ လူအုပ်အလယ်မှာ အူကြောင် ကြောင် ရပ်နေသည်။ သူမဘေးက မိန်းကလေးအားလုံးလိုလို လက်တွေကို လေမှာဝှေ့ယမ်းကာ ကနေကြတာမို့ ဘယ်လှည့် ကြည့်လိုက်၊ ညာလှည့်ကြည့်လိုက်၊ ရှေ့ကလူတွေကိုကြည့်လိုက် နှင့် ခဏကြာတော့ လူက မသိမသာ ယိမ်းနွဲ့လာကာ ခြေလှုပ် လက်လှုပ် ရောယောင် ကလာသည်။ မကြာခင်မှာပဲ ပရိသတ် များနှင့် တစ်သားတည်းကျသွားကာ သီချင်းလိုက်ဆိုရင်း ယိမ်းနွဲ့ နေတော့သည်။

မောင်ကြီးသည် တောသူမရဲ့အရဲကိုးလုပ်ပုံကို အံ့ဩ ရယ်ချင်စွာဖြင့် မသိမသာ ဆုတ်ခွာလာသည်။ ထို့နောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ထားရစ်ခဲ့ကာ တစ်ယောက်တည်း ပြန်လာခဲ့လေသည်။ လူအုပ်ကြီးအလယ်မှာ သူတို့ဘာသာ အဆင်ပြေသလို ဆက်ပြီး စခန်းသွားကြပေါ့ ...။ အဖေမေးရင် လူချင်းကွဲသွားတာ ရှာမတွေ့လို့ အိမ်ကိုပြန်လာနှင့်တာဟု ပြောလိုက်မည်။

မောင်ကြီး အိမ်ပြန်ရောက်တော့ အဖေ့ကို မတွေ့သဖြင့် ဖြေရှင်းဖို့ သက်သာသွားသည်။ မောင်ကြီးက ကိုယ့်အခန်းထဲ ကိုယ်ဝင်ကာ အေးဆေးအိပ်နေလိုက်သည်။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ၊ တံခါးခေါက်သံကြောင့် မောင်ကြီး နိုးလာရပါသည်။

"သားရေ ... မောင်ကြီး"

မေမေ့အသံကြောင့် သူ အိပ်ရာမှ ထကာ တံခါးဖွင့်ပေးရသည်။

"သား ... လှလေးတို့ရော ..."

"သူတို့ ကြည့်ကျန်ခဲ့တယ် အမေ ...၊ သားက ခေါင်းကိုက်လို့ ပြန်လာနှင့်တာ"

"ဟယ် ... သူတို့ချည်း ထားခဲ့ရသလား ..."

"တောသူမက လူလည်ပါ၊ သူ ပြန်လာတတ်မှာပါ အမေရာ ..."

"ညဘက်ကြီးဆိုတော့ စိတ်မချစရာပါဟယ်၊ မင်း အဖေသိရင် ဆူတော့မှာပဲ၊ ဟော ... အိမ်ရှေ့မှာ ကားသံတော့ကြားတယ်၊ လာ ... သွားထွက်ကြည့်ရအောင်"





အမေက အိမ်ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ပြီး အောက်ထပ်ဧည့်ခန်းထဲ ဆင်းသွားနှင့်တာမို့ မောင်ကြီးက အိပ်ချင်မူးတူးဖြင့် ခေါင်းကိုကုပ်ဖွရင်း အမေ့နောက်မှ လိုက်လာခဲ့သည်။

ထိုအချိန်မှာပဲ ဧည့်ခန်းထဲသို့ တက်ကြွစွာ ဝင်လာသော လှလေးခင်တို့နှစ်ယောက်ကို တွေ့လိုက်ရသဖြင့် မောင်ကြီးတို့ သားအမိနှစ်ယောက်လုံး မျက်လုံးပြူးသွားရပါသည်။

အဘယ့်ကြောင့်ဆိုသော် ...

လှလေးခင်နှင့် သူ့အဒေါ်တို့ ဆင်တူဝတ်ထားကြသည့်မှာ Sai Sai စာသားပါ တီရှပ်များ ဖြစ်နေခြင်းကြောင့်ပင်။

လှလေးခင်က မောင်ကြီးကို စိတ်ဆိုးဖို့မေ့လျော့စွာ ပြုံးပီတိဖြာဝေနေသည်။

အဒေါ်ကြီးကလည်း ပြုံးပီတိဖြာဝေစွာဖောက်သည်ချသည်မှာ ...

"အဒေါ်လည်း တူမကျေးဇူးကြောင့် ဒီအသက်ဒီအရွယ်ရောက်မှ ဒီအဆိုတော်လေးကို အရှင်လတ်လတ် အနီးကပ် မြင်ဖူးလိုက်ရတာပဲ နီနီရေ ...၊ လှလေးက ဘယ်လောက် သတ္တိရှိသလဲဆို အဒေါ်က စိုင်းစိုင်းနဲ့ မျက်နှာချင်းဆိုင် နှုတ်ဆက်ချင်လိုက်တာလို့ပြောမိတော့ ချက်ချင်း အဒေါ့်လက်ကိုဆွဲပြီး စင်နောက်ကို တိုးဝှေ့ဝင်သွားတာ၊ အဲဒီမှာ သီချင်းဆိုပြီး ခဏဝင်နားနေတဲ့ စိုင်းစိုင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ တွေ့ပါလေရော ...၊ ကောင်လေးကလည်း ဘယ်လောက် သဘောကောင်းသလဲဆိုရင် လုလေး တောင်းလို့ သူ့တီရှပ်လေးကို ချွတ်ပေးလိုက်တာသာ ကြည့်ပေတော့၊ ဒီတစ်ထည်ကိုလည်း အဒေါ်အတွက် လက်ဆောင်ပေးလိုက်သေးတာ၊ ပြီးတော့ ဒီမှာကြည့် ... အဒေါ်လက်မှာရော လုလေးလက်မှာပါ လက်မှတ်ထိုးပေး လိုက်တာ တွေ့လား ...”

အဒေါ်ကြီးက တောသူမ လက်ကို လှမ်းဆွဲကာ သူ့လက်နှင့်အတူ ထောင်ဖြန့်ပြလိုက်သဖြင့် မောင်ကြီး အမေမှာ ခေါင်းတညိတ်ညိတ် နားထောင်ရင်း ရယ်မောသဘောကျနေ သည်။ မောင်ကြီးကတော့ ကိုယ့်လုပ်ရပ်ကြောင့် ဒုက္ခမရောက်တဲ့ အပြင် စိုင်းစိုင်း အင်္ကျီကိုပါ ရအောင်ယူလာနိုင်သော တောသူမ ကို တအံ့တသြကြည့်ရင်း ဒင်းကိုနိုင်ဖို့ နည်းလမ်းမရှိတော့ပါ တကားဟု လက်ဖျားခါရလေတော့၏။

သို့သော် ... မကြာသော တစ်နေ့မှာတော့ လုလေး ခင်ကို မောင်မောင်ကြီးက ကောင်းကောင်းကြီး ပညာပြနိုင်ခဲ့ပါ သည်။

● ● ●



❧ ❧ ❧

BURMESE CLASSIC .com

ထိုနေ့က မောင်ကြီးသည် လုလေးခင်ကို သင်တန်း မှ ပြန်ကြိုလာခဲ့ပါသည်။ မောင်ကြီး သူငယ်ချင်း ဝေယံက အချိန်အချက်လုပ်ထားသော သတ်မှတ်နေရာမှ ကားရပ်၍စောင့် နေမည်ဖြစ်ပြီး မောင်ကြီးက ထိုနေရာနားသို့ရောက်သည်နှင့် ကားပျက်ချင်ယောင်ဆောင်ဖို့ စည်းဝါးရိုက်ပြီးသား ဖြစ်သည်။

ဝေယံ စောင့်နေသော နေရာနားသို့ရောက်သည် နှင့် မောင်ကြီးက ကားကို တုံ့ခနဲ ရပ်ပစ်လိုက်ပြီး ...

“ဟာ ... ကားပျက်ပြီ”

ဟု ရေရွတ်လိုက်ရာ လုလေးခင်က မောင်ကြီးကို သင်္ကာမကင်းသလိုကြည့်ရင်း ...

“တစ်မျိုးပါလား၊ ကားရပ်တာနဲ့ပဲ ကားပျက်ရောလား၊ ဆိုကုန်တာရော မဖြစ်နိုင်ဘူးလား”

ဟု ထောက်၍ မေးလိုက်သည်။ မောင်ကြီးက သူမကို အထင်သေးကြည့်ဖြင့် ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်နှခါများ ကားစီးဖူးလို့ ထင်မြင်ချက်တွေ လာပေးနေတာလဲ၊ ငါက ကားနဲ့ဖက်ပြီး ကြီးလာတာ၊ ကားအကြောင်း နင့်ထက်ပိုသိတယ်၊ ဒါ ... ကားပျက်တာ၊ ဆင်းတွန်းမှ ဖြစ်မှာ ..."

"နင့်ကားက ဘယ်နေရာက ဘယ်လိုပျက်တာလဲ ...၊ ချို့ယွင်းချက်ကို ရှာပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ နည်းလမ်းရှာသင့်တာပေါ့ ..."

"ဒီမှာ ... တောသူမ ..."

"ဘာတုန်း ..."

သူက ဒေါသဖြင့်ခေါ်သော်လည်း သူမက မေးဆက်၍ ခပ်သာသာ ပြန်ထူးလိုက်သည်။

"နင်တို့ရွာမှာ နွားလှည်းစီးရင်း နွားက ရှေ့ဆက်မသွားဘဲ ရပ်သွားရင် ဘာလုပ်လဲ ..."

"ကြိမ်နဲ့ ရိုက်ရင်ရိုက်၊ ဒါမှမဟုတ်ရင်လည်း နွားတွေကို ဆင်းဆွဲရတာပေါ့"

"အေး ... နွားဆိုတာ ရပ်ရင် ဆင်းဆွဲရတယ်၊ ကားဆိုတာက ရပ်ရင် ဆင်းတွန်းရတယ်၊ ရွှေ့အောင်လုပ်ရတဲ့ သဘောတရားချင်းက အတူတူပဲ၊ ရှေ့ကဆွဲတာနဲ့ နောက်က တွန်းတာပဲ ကွာတယ် ..."

"နွားမှာ အင်ဂျင်တပ်မထားဘူးဟဲ့၊ နင့်ကားက အင်ဂျင်





တပ်ထားတယ်၊ နွားဗိုက်ကိုဖွင့်ပြီး ကလိလို့မရပေမယ့် နင့်ကားစက်ဖုံးကိုဖွင့်ပြီး ကလိလို့ရတယ်"

မောင်ကြီးသည် စကားတတ်လှသော လှတောသမီးရဲ့ စကားကို ဘယ်လို တွန်းလှန်ကာကွယ်ရမှန်းမသိဘဲ ချွေးတောင်ပြန်လာသည်။ ခပ်လွယ်လွယ်ပဲ ကားဆင်းတွန်းခိုင်းလို့ ရမယ်ထင်ခဲ့တာ။ ခုတော့ ...

မောင်ကြီးက တောသူမနှင့် အချေတင်ပြောရင်း ဝေယံ စောင့်နေမည့် လမ်းတစ်ဖက်ခြမ်းသို့ လှမ်းကြည့်လျက် ဝေယံ့ကားကို ရှာဖွေနေဆဲမှာ ဖုန်းမြည်လာပါသည်။

"ဟဲလို ..."

မောင်ကြီးက ဖုန်းဖွင့်နားထောင်ရင်း ကားပေါ်မှ ဆင်းလာလိုက်ပါသည်။

"ဟော့ကောင် ... မောင်ကြီး၊ ငါ့ကားက မင်းတို့ကား နောက်မှာ ရပ်ထားတယ်၊ ဘယ်လိုလဲ ... လုပ်ငန်းစရတော့မလား ..."

ဝေယံက အသံကျယ်ကျယ်ဖြင့် လှမ်းမေးသည်။ သူက အသံခပ်တိုးတိုးဖြင့် ...

"ဒီမှာကွာ ... တောသူမက အရစ်ရှည်နေလို့ မနည်းလှည့်ပတ်ပြောနေရတယ်၊ ကားဘောနက်ဖွင့်ပြီး နည်းနည်းပါးပါး ကလိပြပြီးမှ တွန်းခိုင်းလို့ရမယ်ထင်တယ်၊ သူဆင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တွန်းတာနဲ့ ခတ်ပုံရော ဗီဒီယိုရော သေချာရိုက်ထားနော်၊ ဟော့ကောင် ... ရုပ်ဆိုးမယ့် ရှုထောင့်ကနေ သေသေချာချာ ရိုက်၊ မသိမသာလုပ်ဦးနော်၊ စာဥက ပါးတယ်ကွ၊ ရိပ်မိသွားရင် ပြဿနာတက်လိမ့်မယ်"

"အေးဆေးပါကွာ၊ ငါ့ဘက်အပိုင်းကို စိတ်ချပါ၊ မင်းဘက်ကသာ ခွင်ဝင်အောင်လုပ် ..."

"ဟဲ့ ... မောင်ကြီး"

တောသူမက ကားပေါ်ကဆင်းပြီး မောင်ကြီးနောက်မှ လှမ်းခေါ်လိုက်တာမို့ လန့်ဖျပ်သွားမိသည်။ သူမကို လှည့်ကြည့်အကဲခတ်မိတော့ ကြားသွားပုံမရ ...။

"အဲ့ဒါ ဘယ်သူဆက်တဲ့ ဖုန်းလဲ"

"ငါ့သူငယ်ချင်း ဆက်တဲ့ဖုန်းပေါ့"

"အဲ့ဒါဆိုလည်း အဲ့ဒီသူငယ်ချင်းကို လာခိုင်းလိုက်ပါလား၊ ကားတွန်းစရာရှိလည်း သူ့ပဲတွန်းခိုင်းပေါ့ ..."

"သူ့ကို လာခိုင်းလို့မရဘူး၊ သူက နိုင်ငံခြားကဆက်တာ"

မောင်ကြီးက ဖုန်းပိတ်၍ ပြန်ပြောရင်း ကားရှေ့ပိုင်းသို့ လျှောက်သွားကာ ဘောနက်ဖုံးကိုဖွင့်၍ ဟိုဟာတို့သလို ဒီဟာထိသလို လုပ်ကြည့်နေလိုက်သည်။ လုံးဝ မကလိပြန်ရင်လည်း ယောကျ်ားလေးဖြစ်ပြီး ကားစီးတာတောင် ကားအကြောင်း ဘာမှမသိဘူးဟု အထင်သေးခံရဦးမည်လေ ...။

မောင်ကြီး ကလိနေဆဲမှာ တောသူမက မောင်ကြီး





နားမှာ ခါးထောက်၍ရပ်လာရင်း ဘောနက်ထဲသို့ ငုံ့ကိုင်းလျက် ပြူးပြဲကြည့်နေပြန်သည်။ ပြီးတော့ ပါးစပ်ကလည်း အငြိမ်မနေ။

"ဟဲ့ ... သေချာကြည့်နော် ... သေချာကြည့်၊ ဟိုပိုက်က ဆီပိုက်လား ...၊ ဆီပိုက်ပိတ်သလားမှ မသိတာ ... ဖြုတ်ပြီး နင့်ပါးစပ်နဲ့ မှုတ်ကြည့်ပါလား၊ သူများတွေ အဲ့လိုလုပ်တာ ငါမြင်ဖူးတယ် ..."

စကားက များလွန်းတာမို့ မောင်ကြီးက နားငြီးလာကာ ဘောနက်ဖုံးကို ခပ်မြန်မြန် ပြန်ပိတ်လိုက်ရင်း ...

"ကားက ဘယ်နည်းနဲ့မှ ပြင်မရဘူး၊ တွန်းပေးမှပဲရမယ်"

"ဟုတ်လား ... ဒါဆို နင်ပဲတွန်းပေါ့"

"ငါတွန်းတော့ ဘယ်သူမောင်းမလဲ၊ နင်မောင်းတတ်လား"

"မမောင်းတတ်ဘူး"

"မမောင်းတတ်ရင် တွန်းပေါ့၊ ကဲ ... သွားတွန်းတော့"

သူမက ချက်ချင်း မတွန်းသေးဘဲ တွေရပ်နေပြီးမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ...

"အေးလေ ... ငါစီးမိတဲ့ကားအတွက် ငါ့မှာတာဝန်ရှိတာပေါ့၊ လူမှန်ရင် တာဝန်ယူချင်တဲ့စိတ် ရှိရမယ်လို့ ငါ့အဖေက ဆုံးမထားတယ် ..."

ဟုပြောကာ ကားနောက်ဘက်သို့ လျှောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက်မှာတော့ မောင်ကြီးသည် စက်မနိုးဘဲ ဂီယာဖြုတ်ထားသည့် ကားပေါ်တွင် ခပ်မြိန်မြိန် ထိုင်လျက်၊ လှလေးခင်က ထိုကားကို မနိုင်ရင်ကာ တွန်းလျက်၊ ဝေယံနှင့် ညီထက်က မောင်ကြီး ကားနောက်မှ မောင်းလိုက်၍ တစ်ဖုံ၊ မောင်ကြီး ကားဘေးမှ တဖြည်းဖြည်း ကျော်တက်၍ တစ်နည်း လှလေးခင် ကားတွန်းနေပုံကို အမိအရ မှတ်တမ်းတင်လျက် ရှိသည်။ ငါးမိနစ်လောက် ပညာပြပြီးနောက်မှာတော့ မောင်ကြီးက ကားကို ဂီယာထိုးပြီး မောင်းထွက်လိုက်ရာ ကားတွန်းနေသော လှလေးခင်မှာ မှောက်ရက်လဲ၍ ကျန်ရစ်ခဲ့သည်။ ထိုပုံကို ဝေယံတို့က အမိအရ မှတ်တမ်းတင်လိုက်သည်။

မောင်ကြီးက ကားရပ်လိုက်ပြီး လှလေးခင်ဆီ ပြန်ပြေးလာကာ ပျာပျာသလဲ မေးလိုက်ပါသည်။

"ထနိုင်ရဲ့လား၊ သိပ်နာသွားလား၊ ဆောရီး ... ဆောရီး၊ ကားက ရုတ်တရက် ဆောင့်ထွက်သွားတော့ မထိန်းနိုင်ဘူး ဖြစ်သွားတယ်"

မောင်ကြီးက ပြောနေရင်း တစ်ဖက်လှည့်ကာ ကျိတ်ပြုံးသည်။ ပြီးတော့ ဝေယံသို့ဘက်သို့ လှမ်းကြည့်ကာ လက်မထောင်ပြလိုက်တော့ ဝေယံတို့ ကားက သူတို့ကားကို ကျော်တက်မောင်းထွက်သွားသည်။ လှလေးခင်ကတော့ သူ့ဘာသာ ထရပ်ကာ ...





"ကိစ္စမရှိပါဘူး၊ တမင် မလုပ်ဘူးဆိုတာ သေချာရင်ပေါ့"

လှလေးခင်က ခပ်တည်တည်ပြောပြီး ကားဆီသို့ လျှောက်သွားသည်။

မောင်ကြီးကတော့ လှလေးခင်ကို ပညာပြနိုင်ခဲ့သည့်အတွက် ကျေနပ်ပျော်မြူးလျက် ရှိလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

*   *   *

"ဟား … ဟား … ဟား … ကြည့်ဦး … ကြည့်ဦး … မချိမဆံ့ တွန်းနေလိုက်တာ၊ အံတောင်ကြိတ်ထားရတယ်၊ ဝေယံတို့ ရိုက်ချက်ကတော့ ရှယ်ပဲကွာ၊ ဟား … ဟား ဟော … ချော်လဲပြီ၊ ဟီးဟီး … ဝေယံတို့က လျှပ်တစ်ပြက် ရိုက်ချက်လည်း ရတာပဲ"

မောင်ကြီးတို့ သူငယ်ချင်းအုပ်စုမှာ ညှော်ခန်းထဲက တီဗီမှာ လှလေးခင် ကားတွန်းနေပုံကို မှတ်တမ်းတင်ထားသည့် ခွေအား ဖွင့်ကြည့်ရင်း တစ်ယောက်တစ်ပေါက် ပြောကာ ဝိုင်းဟားနေကြလေသည်။

"ဟော့ကောင် … မျက်နှာကို Zoom (အနီးကပ်) ဆွဲကြည့်၊ အရမ်းရယ်ရတယ် …"

"မောင်ကြီး … ဓာတ်ပုံတွေကိုရော မင်း ဘာလုပ်ထားလဲ"

"facebook မှာ တင်ထားတယ်ကွ၊ ဓာတ်ပုံ နာမည်ကို





မယ်ကာတွန်း (သို့မဟုတ်) မယ်ကားတွန်းလို့ ပေးထားတယ်၊ သူ တက်နေတဲ့ သင်တန်းက လူတွေ မြင်ရင်တော့ ဝိုင်းအဟားခံရမှာ သေချာတယ်"

အိမ်မှာ အဖေရော အမေပါ မရှိချိန်၊ လှလေးခင်ကလည်း သင်တန်းသွားနေချိန်မို့ ညှော်ခန်းထဲမှာ လွတ်လွတ်လပ်လပ် ရယ်မောပြောဆို ဟားတိုက်နေသည်။ မောင်ကြီးက သူငယ်ချင်းရှိရှိသမျှကို ဖုန်းလှမ်းဆက်ခေါ်ကာ အခွေကို ဖွင့်ပြသည်။ တောသူမပြန်လာလျှင်လည်း ဖွင့်ပြလိုက်မည်ဟု စိတ်ကူးထားသည်။

ထိုအချိန်မှာပဲ လှလေးခင် ပြန်လာတာကို လှမ်းမြင်လိုက်ကြသည်။

"ဟော့ကောင် မောင်ကြီး … လှလေးခင် ပြန်လာပြီကွ၊ ပိတ် … ပိတ် … မြန်မြန်ပိတ်"

"မပိတ်ပါဘူး၊ သူ့ကိုပြမလို့ စောင့်နေတာ၊ ဟိတ် … တောသူမ ခဏလာဦး"

မောင်ကြီးက လှလေးခင်ကို လှမ်းခေါ်လိုက်ပြီး တီဗီကို ခဏပိတ်ထားလိုက်သည်။ လှလေးခင်က ခပ်တည်တည် မျက်နှာထားဖြင့် ညှော်ခန်းထဲသို့ လျှောက်ဝင်လာပါသည်။

မောင်ကြီးက ပြုံးစိစိ မချိုမချဉ် မျက်နှာထားဖြင့် လှလေးခင်ကို လှမ်းကြည့်ရင်း …

"နင့်ကို အရမ်းကောင်းတဲ့ ဗီဒီယိုကားတစ်ကား ပြချင်လို့



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ ဓာတ်ကားထဲမှာ မင်းသား ကားပျက်တာကို မင်းသမီး တစ်ယောက်တည်း မနိုင်မနင်း တွန်းပေးရင်း ချော်လဲသွားတဲ့ အခန်းက အရမ်းကြည့်ကောင်းတယ်၊ ဒီဓာတ်ကားတော့ပေါက်မှာသေချာတယ်၊ ဒီမှာကြည့်...”

မောင်ကြီးက ရီမုတ်နှိပ်ပြီး တီဗီကို လှမ်းဖွင့်ပြလိုက်သည်။ ပြီးတော့... တောသူမ တစ်ယောက် ဒေါသဖြင့် ဘယ်လောက် ဗိုင်းဒိုင်းကျဲသွားမလဲဟု စောင့်ကြည့်နေလိုက်သည်။

သို့သော် အံ့သြစရာ... တောသူမက ဘာမှဖြစ်မသွားချေ။ ခပ်တည်တည်ပင်... ပြသမျှကို ဆုံးအောင်ကြည့်လိုက်ပြီးမှ မောင်ကြီးကို စိုက်ကြည့်လိုက်ရင်း...

“နင့်အဆင့်အတန်းက ဒီလောက်ပဲကိုး...”

ဟု ရေရွတ်လိုက်တာမို့ သူ့စိတ်ထဲမှာ အောင့်သက်သက် ဖြစ်သွားမိပေမယ့် ဟန်ကိုယ့်ဖို့လုပ်ရင်း...

“ငါတို့အုပ်စုက အနုပညာသမားတွေဆိုတော့ ဒါရိုက်တာလေး ဘာလေး လုပ်မလားလို့ လက်တည့်စမ်းကြည့်တာပါဟာ၊ ဟဲ ဟဲ... နင် သိပ်ရှက်သွားရင်တော့ ဆောရီး ကုဋေကုဋာပါကွာ...”

“ငါ မရှက်ပါဘူး”

လှလေးခင်က ဒေါသဖြင့် ပေါက်ကွဲမသွားဘဲ တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်သဖြင့် မောင်ကြီးမှာ စကား





မဆက်နိုင်ဘဲ သူမကို တအံ့တသြကြည့်နေလိုက်မိသည်။ သူမအကြည့်တွေက ရှတတ...။ သူမက စကားဆက်သည်။

“ရှက်ရမှာက ငါမဟုတ်ဘူး မောင်ကြီး၊ အောက်တန်းကျတဲ့ အလုပ်မျိုးကို လုပ်တဲ့သူကမှ ရှက်သင့်တာ၊ ကိုယ့်အဆင့် ဘယ်လောက်ရှိသလဲဆိုတာကို ကိုယ်တိုင်ပဲ သတ်မှတ်တာ...၊

“နင့်လုပ်ရပ်က နင့်အဆင့်အတန်းကို ဖော်ပြနေတာ၊ အဲ့ဒီတော့ ရှက်စရာရှိရင် နင်ပဲရှက်လိုက်...၊ နင် facebook မှာ တင်ထားတဲ့ ပုံတွေလည်း သင်တန်းက သူငယ်ချင်းတွေပြလို့ ငါကြည့်ပြီးပြီ...၊ ငါ့ရုပ်က ဟာသ ပြောက်ရင် ပြောက်လိမ့်မယ်၊ ဒါပေမယ့် မဖွယ်မရာပုံ မဟုတ်တဲ့အတွက် ရှက်လောက်စရာမရှိဘူး၊ ပြီးတော့... ငါ့သင်တန်းက မနက်ဖြန်ဆို ပြီးပြီ၊ ငါ့ရွာ ငါပြန်ပြီး ငါ့အလုပ်ကို ငါလုပ်တော့မှာ၊ ငါ ဘယ်သူဆိုတာ တခြားသူတွေလည်း သိပ်သိစရာအကြောင်း မရှိတော့ဘူး၊ သိလည်း အရေးမကြီးဘူး...၊

“နင့်ကို ငါမပြန်ခင် တစ်ခုတော့ အကြံပြုခဲ့ချင်တယ်၊ နင့်ဘဝက ပိုက်ဆံပြည့်စုံတော့ လူနေမှုအဆင့်အတန်းမြင့်မြင့်မားမား နေခွင့်ရတယ်၊ ခက်တာက လူနေမှုအဆင့်အတန်းသာ မြင့်မားပြီး စိတ်ဓာတ်က မြင့်မားမလာတာပဲ၊ နင် အထင်သေးတဲ့ တောသားတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝနိမ့်ပါးပေမယ့် နင့်ထက် စိတ်ဓာတ်အဆင့်အတန်း မြင့်တဲ့ သူတွေ ရှိတယ်ဆိုတာ သိချင်ရင် ငါတို့တောကို ခဏလောက် လာကြည့်လိုက်ဦး၊ ကိုယ့်လောက်မချမ်းသာတဲ့၊ ကိုယ့်လို မစားနိုင် မဝတ်နိုင်တဲ့ သူကို ချိုးနှိမ်ပြောလိုက်ရတာကို အရသာရှိတယ်လို့ထင်နေတဲ့ နင့်စိတ်ဓာတ်ကို ဒါ့ထက် မြင့်အောင် ပျိုးထောင်ပေးဖို့ နင့်အဖေကို ငါ တိုက်တွန်းပေးခဲ့ပါ့မယ်"

လှလေးခင်က ခပ်ပြတ်ပြတ်ပြောပြီး ဧည့်ခန်းထဲမှ ထွက်သွားသည်။ ဝေယံက ခေါင်းယမ်းလိုက်ရင်း ...

"အခြေအနေမကောင်းဘူး၊ မင်းအဖေနဲ့ မင်းတော့ ကျွိုင်မှာ အသေအချာပဲ"

ဟု ရေရွတ်လိုက်လေသည်။

● ● ●



❧ ❧ ❧

တောသူမ၏ လုပ်ရပ်ကား ပြောင်မြောက်လှပေသည်။

လှလေးခင်သည် သူ့ရွာကို မပြန်ခင် အချိန်လေးမှာပင် မောင်ကြီးကို ချောက်ထဲသို့ တွန်းပို့ပေးမည့် စာတစ်စောင်ကို ပြောင်မြောက်စွာ ရေးသားလျက် မောင်ကြီး အဖေအား ပေးအပ်သွားခဲ့လေသည်။

ထိုစာအပြည့်အစုံမှာ ...

*သို့ ...*

*ဦးချက်ရှင့် ...*

*ဦးချက်တို့ မိသားစုအတွက် မေတ္တာ စေတနာ ရှေ့ထားပြီး လှလေး ဒီစာကို ရေးခဲ့ပါတယ် ...။*

*လှလေး ငယ်ငယ်လေးကတည်းက လှလေးတို့*



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ဂုဏ်သတင်း မွှေးပျံ့ကျော်ဇောလှတဲ့ ဦးချက်ကို အားကျခဲ့ရပါတယ် ... ၊ ဦးချက် ရွာမှာမရှိတော့ပေမယ့်လည်း ဦးချက်ရဲ့ ဂုဏ်သတင်းကတော့ ခြောက်အိမ်တန်း ရွာကလေးမှာ တသင်းသင်း မွှေးနေတုန်းပါပဲ ... ။

ရိုးသား ကြိုးစားတဲ့ ဦးချက်၊ ဘဝမမေ့ ဘဝင်မမြင့်တဲ့ ဦးချက်၊ ဇာတိမြေကို အင်မတန် ချစ်မြတ်နိုးပြီး မမေ့မလျော့စွာ ပြန်လည်ကျေးဇူးပြုတဲ့ ဦးချက်၊ အဲဒီလို ဂုဏ်ပုဒ်များစွာနဲ့ ပြည့်စုံခဲ့တဲ့ ဦးချက်ဟာ လှလေးတို့ ခြောက်အိမ်တန်း ရွာကလေးအတွက်တော့ စံနမူနာထားပြီး အတုယူစရာ စံပြပုဂ္ဂိုလ်ကြီး တစ်ဦးပါပဲ။

ဆန်ကုန်သည်ကြီး ဦးမောင်မောင်ဆိုတာ ငါတို့ ခြောက်အိမ်တန်း ရွာသားကွလို့ ပြောလိုက်ရတာကိုက ခြောက်အိမ်တန်းရွာကလေးအတွက် ဂုဏ်တက်စရာပါပဲ။

ဦးချက် အိမ်ထောင်ပြုချိန်မှာလည်း လှလေးတို့ ရွာကလူတွေက ဦးချက်ယူတဲ့ မိန်းမဟာ ဘယ်လောက် တော်ကြောင်း၊ ဘယ်လောက် သဘောထားပြည့်ဝကြောင်းတွေ ချီးမွမ်းပြောဆို အားကျကြရပြန်ပါတယ်။ ဦးချက်တို့ အိမ်ကို အလည်ရောက်ဖူးခဲ့တဲ့ ရွာကလူမှန်သမျှဟာ ဦးချက်ဇနီးရဲ့ လေးစားချစ်ခင်ဖွယ် ကောင်းပုံကို သိကြသလို လှလေးလည်း သိခဲ့ရပါတယ်။





ဒါပေမယ့် ...

အဲဒီလို ဂုဏ်သတင်းအဖြာဖြာနဲ့ပြည့်စုံလှတဲ့ ဦးချက်တို့ ဇနီးမောင်နှံရဲ့ သားလှရတနာလေးကို သိခွင့်ရတဲ့အခါမှာတော့ ...

ဘာ့ကြောင့်များ ဦးချက်တို့ရဲ့ သားရွှေသွေးဟာ ဦးချက်တို့နဲ့ မတူကွဲပြားနေရတာပါလိမ့်လို့ လှလေး အံ့ဩရတော့တာပါပဲ ... ။

အားနာစရာကောင်းပေမယ့်လည်း ဦးချက်တို့ မိသားစုရဲ့ ကောင်းကျိုးကို ရည်မျှော်ပြီး ပြောပါရစေတော့ ဦးချက် ... ။

ဦးချက်ရဲ့ သား မောင်မောင်ကြီးဟာ ဦးချက်ရဲ့ ဂုဏ်သတင်းကြီးမြတ်မှုကိုမှ မထောက် ... ဦးချက် ရွာကလူဟွေ့ကို အထင်တသေး နှိမ့်ချခဲ့ပါတယ်။ အဲဒီလုပ်ရပ်ဟာ ဦးချက်မျက်နှာကို အိုးမည်းသုတ်လိုက်တာနဲ့ အတူတူပါပဲ။

ဦးချက်က အောက်သက်ကြေသလောက် မောင်မောင်ကြီးက ဘဝင်မြင့်ပါတယ်။ ဦးချက်က သဘောထားကြီးသလောက် မောင်မောင်ကြီးက သဘောထား သေးသိမ်ပါတယ်။ ဦးချက်က လုံ့လ ဝီရိယ ရှိသလောက် မောင်မောင်ကြီးက အပျင်းထူပါတယ်။ ဦးချက်က ချွေတာ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းသလောက် မောင်မောင်ကြီးက သုံးဖြုန်းလွန်းလှ ပါတယ်။

လှလေး ဦးချက်တို့အိမ်မှာ နေနေတဲ့အချိန်တွေမှာ လည်း ဦးချက်သားဟာ လှလေးကို အမျိုးမျိုး ပညာပြ ချောက်တွန်းဖို့ ကြိုးစားတဲ့အပြင် လှလေးကို ကားတွန်း ခိုင်းပြီး လှလေးဓာတ်ပုံတွေကို facebook မှာ တင်ခဲ့ပါ တယ်...။

လှလေးဖြင့် သူ့ကိုကြည့်ကြည့်ပြီး သြော်... အဖေ က တော်ပါရက်နဲ့ သားကျမှ ဘယ်လိုများ ဖြစ်ရတာပါ လိမ့်လို့ တွေးတွေးပြီး ဦးချက်အစား ယူကြုံးမရဖြစ်ခဲ့ရပါ တယ်...။

ဦးချက်ရဲ့ မျိုးဆက်ကလေးဟာ ဦးချက်ခြေရာကို မနင်းတဲ့အပြင် ဦးချက်မျက်နှာကို အိုးမည်းလိုက်သုတ်နေ တာကို မြင်ရတော့ သြော်... တစ်ချိန်ကျရင် ငါတို့ ခြောက် အိမ်တန်းရွာသား ဦးချက်ရဲ့ သားအတွက် ဂုဏ်ယူ ပြောပြ စရာ မရှိနိုင်တော့ပါလားလို့ တွေးပြီးတော့လည်း ရင်မော ရပါတယ်။

ဒါ့ကြောင့် ဦးချက်အနေနဲ့ ဦးချက်ရဲ့သားကို အချိန် မီ ကယ်တင်ပြုပြင် ပျိုးထောင်ပေးဖို့ နည်းလမ်းရှာသင့်ပြီ လို့ အကြံပြုရင်း ဒီစာကို ဦးချက်တို့မိသားစု ကောင်းကျိုးကို ရည်မျှော်ပြီး မေတ္တာနဲ့ ရေးခဲ့ရပါတယ်။





ဦးချက်တို့ မိသားစု စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာကြပါစေ...

လေးစားလျက်...

လှလေးခင်

ထိုစာရဲ့ အဆုံးမှာတော့...

“တောက်...”

ဟူသော... အဖေ့ တက်ခေါက်သံကြီးက ထင်ရှား စွာ ပေါ်ထွက်လာခဲ့တော့သည်။ ထို့နောက်...

“ရှက်ဖို့ကောင်းလိုက်တာကွာ၊ ရှက်ဖို့ကောင်းလိုက်တာ”

ဟု... မချိမဆံ့ ယူကြုံးမရသံကြီးဖြင့် ရေရွတ်နေ လိုက်ပြီးမှ...

“တောက်... ငါ့မျက်နှာကို ဓားနဲ့လှီးပစ်ဖို့ပဲ ကောင်း တယ်၊ မင်းလို လူပြိန်းအကြောင်းကို ပညာရှိဆန်ဆန် ရေးသွားတဲ့ ဟောဒီစာကို ဖတ်ရတာ ငါ့မျက်နှာကို လက် သီးနဲ့ အထိုးခံရတာထက် နာကျင်စေတယ်ကွ... မင်း သိရဲ့လား...၊

“ခုလောက်ဆို ချက်စုသား မောင်မောင်ကြီး အကြောင်းက ရွာမှာ မပြောချင်မှအဆုံး ဖြစ်နေလောက်ပြီ၊ တစ်ရွာလုံးရဲ့ လေးစားခံ၊ ရွာကျောင်းရဲ့ မိဘဆရာ အသင်း အကျိုးတော်ဆောင် ငါ့မျက်နှာကို ဘယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ထားရမလဲ၊ လှလေးခင် အဖေ ငါ့သူငယ်ချင်း ကြည်လွင်ကို ငါ မျက်နှာဘယ်လိုပြရမလဲ ... ဟင်"

အဖေ့မျက်နှာက ရဲရဲနီကာ ကြောက်စရာကောင်းလောက်အောင် ဒေါသပြင်းထန်လွန်းတာမို့ မောင်ကြီးမှာ ခံမပြောရဲဘဲ ငြိမ်ကုပ်ခေါင်းငုံ့နေရပါသည်။

"မင်းကို ဒီအတိုင်း ထားလို့တော့ မဖြစ်တော့ဘူး မောင်ကြီး"

အဖေ့စကားကြောင့် မောင်ကြီး ရင်ထိတ်သွားရပါသည်။ အဖေ သူ့ကို စင်ကာပူ ပြန်လွှတ်ရင်တော့ အခက်ပဲ။ ဟိုက အခန်းကျဉ်းကျဉ်းလေးထဲမှာ မောင်ကြီး မနေချင် ...။ ဘတ်စ်စီးပြီးတော့လည်း မသွားချင်။ ဒီမှာလို ကိုယ့်ကားလေး ကိုယ်မောင်းမသွားရဘဲ သူ ဘယ်လိုမှ နေပျော်နိုင်မှာမဟုတ်ပါ။

မောင်ကြီးသည် အဖေဖြစ်သူကို မရဲတရဲ မျက်လွှာပင့်၍ ကြည့်လိုက်ရင်း ...

"ဟို ... ဟို ... စင်ကာပူ ပို့မလို့လား အဖေ၊ အဲ့ဒါတော့"

"မပူပါနဲ့ ... မင်းကို စင်ကာပူ မပို့ပါဘူး၊ ပို့လည်း ငါ့ပိုက်ဆံပဲကုန်ပြီး မင်းမှာ ဘာပညာမှ အဖတ်တင်မှာမှ မဟုတ်တာ"

တော်ပါသေးရဲ့ဟု မောင်ကြီး ဝမ်းသာသွားသည်။

သို့သော် ...

"မင်းကို ပို့ရမယ့် တစ်နေရာတော့ ရှိတယ်၊ အဲ့ဒီကို





ပို့လိုက်ရင် ငါလည်း ပိုက်ဆံမကုန်ဘူး၊ မင်းလည်း တော်တော် အပိုးကျိုးသွားမယ် ..."

မောင်ကြီး ရင်ထိတ်မိပြန်သည်။ ဘယ်ကိုများ ပို့မလို့ပါလိမ့်။ ဘုန်းကြီးကျောင်းပို့ပြီး ဘုန်းကြီးများ ဝတ်ခိုင်းရင်တော့ အခက်ပဲ ...။ နှစ်လကြာရှည် မွေးထားရတဲ့ ကိုယ့်ဆံပင်လေးကို နှမြောစရာ ...။

မောင်ကြီးသည် အဖေပြောလာမည့် စကားကို ရင်တထိတ်ထိတ်နှင့် နားစိုက်ထောင်နေဆဲမှာ အဖေက မောင်ကြီး လုံးဝ မျှော်လင့်မထားသော စကားကို ပြောလိုက်လေသည်။

"မင်းကို ခြောက်အိမ်တန်းကို ပို့မယ်"

"ဗျာ ..."

မောင်ကြီးသည် ရုတ်တရက် အံ့အားသင့် ရင်ဆို့သွားရတာမို့ ပါးစပ်အဟောင်းသား ပွင့်သွားကာ အဖေ့ကို ဘာဆင်ခြေမှမပေးနိုင်ဘဲ ဆွံ့အနေပါသည်။

"သွား ... အထုပ်ပြင်တော့"

"ဗျာ ... အဖေ၊ ဘာ ... ဘာအထုပ်ကို ပြင်ရမှာလဲ"

"မင်း အဝတ်အစားထုပ်ကို ပြင်ခိုင်းတာလေ ..."

"အ ... အဖေ သားက ခြောက်အိမ်တန်းကို ဘာသွားလုပ်ရမှာလဲ"

"စာသွားသင်ရမှာ ..."

"ဗျာ ... ခြောက်အိမ်တန်းမှာ တက္ကသိုလ် ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို အသင်ခံဖို့ သွားရမှာမဟုတ်ဘူး၊ မင်းကသင်ဖို့ သွားရမှာ၊ ရွာက မူလတန်းကျောင်းမှာ မင်း ကျောင်းဆရာ လုပ်ရမယ်”

“ဟာ … အဖေကလည်း သားက ကလေးပိစိလေးတွေကို ဘယ်လို စာသွားသင်မှာလဲ၊ သားနဲ့ အဲ့ဒီအလုပ်နဲ့ မအပ်စပ်ပါဘူး၊ သား ဝါသနာလည်း မပါဘူး”

“မင်း ငါ့ကို လုံးဝ ဆင်ခြင်မပေးနဲ့၊ ငါခိုင်းတဲ့အတိုင်း လုပ်၊ ရွာက မူလတန်းကျောင်းမှာ ငါက ကျောင်းအကျိုးတော်ဆောင်၊ လိုအပ်တဲ့ ကျောင်းဆရာ ဆရာမကို လခပေးပြီး ငါကိုယ်တိုင် ခန့်ထားတာ၊ မင်းကိုလည်း ငါ လခပေးမယ်”

“လခက ဘယ်လောက်မို့လို့လဲ …”

“သုံးသောင်း …”

“ဟာ … အဖေ … မနောက်ပါနဲ့ အဖေရာ၊ အဖေ့လခ သုံးသောင်းကို သားက ဘာလုပ်ရမှာလဲ၊ သား တစ်ရက် မုန့်စားသလောက်ပဲ ရှိတာ …”

“ပူမနေနဲ့၊ မင်း လျှာမရှည်နဲ့၊ မင်း နေဖို့စားဖို့ကို ရွာက တာဝန်ယူပေးမှာ၊ တောမှာက နေစားစရိတ်ငြိမ်း သုံးသောင်းဆိုရင် ပိုတောင်ပိုသေးတာ၊ မင်းမှာ ပိုက်ဆံ သုံးသောင်းမက ရှိလည်း ရွာမှာ မင်း ပိုက်ဆံဖြုန်းဖို့





ရှော့ပင်းမော မရှိဘူး၊ ကော်ဖီဆိုင်မရှိဘူး၊ နိုက်ကလပ် မရှိဘူး၊ စတိတ်ရှိုးမရှိဘူး”

“အဲ့ဒီလို နေရာမျိုးမှာ သား မနေနိုင်ဘူး အဖေ …”

“မနေနိုင်လည်း နေရမယ်၊ မလုပ်ချင်လည်း လုပ်ရမယ်၊ ဒါမှ မင်း လူတွေအကြောင်းကို သိလာမယ်၊ စာနာတတ်လာမယ်၊ လူတိုင်းဟာ လုပ်ချင်တာကိုပဲ လုပ်ပြီး မလုပ်ချင်တာကို မလုပ်ဘဲနေခွင့်မရကြဘူး မောင်ကြီး၊ မလုပ်ချင်ပေမယ့် လုပ်သင့်လို့ လုပ်နေရတဲ့သူတွေမှ အများကြီးပဲ၊ လူတိုင်းရဲ့ ဘဝလမ်းဟာ မင်းလျှောက်ခဲ့တဲ့လမ်းလို ဖြူးဖြူးဖြောင့်မနေဘူး၊ ဒါတွေ မင်း တဖြည်းဖြည်း သိလာမှာပါ၊ ကဲ … သွားတော့ အထုပ်ပြင်တော့၊ ဟော့ကောင် အထုပ်ကို ခပ်သေးသေးပဲ ပြင်၊ ရှိရှိသမျှ အဝတ်အစားတွေ အကုန်ထည့်ယူမသွားနဲ့၊ နီရေ … မင်းသားကို ပုဆိုးနဲ့ ရှပ်အင်္ကျီ သုံးလေးစုံ လိုက်ဝယ်ပေးလိုက်၊ ကျောင်းစိမ်း ပုဆိုးရယ် ရှပ်အင်္ကျီအဖြူရယ်၊ တိုက်ပုံအင်္ကျီနဲ့ ကတ္တီပါ ဖိနပ်ပါ ဝယ်ပေးလိုက်၊ သြော် … ကချင်လွယ်အိတ် တစ်လုံးပါ ဝယ်ပေးလိုက်ဦး …”

“ဟုတ်ကဲ့ ကိုမောင် …”

“အဖေ၊ အဖေကလည်းဗျာ၊ အဲ့လိုကြီးတော့ မလုပ်ပါနဲ့၊ အမေ အဖေ့ကို ကူပြောပေးပါဦး”



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက အမေ့ကိုစစ်ကူခေါ်သော်လည်း အမေက ပခုံးတွန့်၍ လက်ခါပြသည်။

အဖေကတော့ သူ့ဆုံးဖြတ်ချက်ကို မပြင်ဘဲ...

"မင်း ငါ့ကွယ်ရာမှာ ထင်တိုင်းကျဲလို့မရအောင် ငါ့လူယုံ ကောင်လေးတစ်ယောက်ပါ ထည့်ပေးလိုက်မယ်၊ မင်း မနက်ဖြန်မနက်ပဲ သွားတော့ မောင်ကြီး...၊ ရွာမှာ ချို့ချို့တဲ့တဲ့ စာသင်နေတဲ့ ကလေးတွေကို ကြည့်ပြီး စင်ကာပူမှာ ကျောင်းတက်ရတာ မပျော်လို့ဆိုပြီး ပြန်လာတဲ့ မင်းကိုယ်မင်း ရှက်တတ်လာတဲ့တစ်နေ့ကို ငါစောင့်နေမယ်"

အဖေသည် ထိုသို့ ရက်စက်မှုအပေါင်း သရုပ်ဆောင်သော အမိန့်ကို ချမှတ်လိုက်လေသည်။

ဤအဖြစ်ကား တောသူမ ပေးခဲ့သော ဒုက္ခ၏အစပင် ဖြစ်လေသည်။

● ● ●



❧ ❧ ❧

"အစ်ကို... အစ်ကိုမောင်ကြီး... ကျွန်တော်တို့ ဒီမှာ ဆင်းရမှာဗျ..."

အဝေးပြေး ကားကြီးပေါ်တွင် အိပ်လိုက်လာသော မောင်ကြီးသည် အဖေ အဖော်ထည့်ပေးလိုက်သော ရုံးလုလင်ကောင်လေး သာစိန့်အသံကြောင့် အိပ်ရာမှနိုးလာလေသည်။

"အင်... ရောက်ပြီလား"

မောင်ကြီးသည် အိပ်ချင်စိတ်မပြေစွာဖြင့် ပါးစပ်ကို အစွမ်းကုန်ဖြဲကာ သမ်းဝေလိုက်ရင်း သာစိန့်ကို ပြန်မေးမိ၏။ ထို့နောက် မျက်လုံးကို လက်ဖြင့်ပွတ်လိုက်ရင်း...

"မြန်သားပဲ...၊ အဖေ့ရွာက သွားရေးလာရေးတော့ လွယ်သားပဲ"

ဟု ပြောရင်း ကားပြတင်းမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရွာက ဘယ်မှာလဲ"

လမ်းဘေးမှာ လွင်တီးခေါင် လယ်ကွင်းတစ်ခွင် တပြင်ကြီးကိုသာ မြင်ရတာမို့ မောင်ကြီးက သာစိန့်ကို အလျင်စလို မေးလိုက်ရသည်။

"ရွာကိုမရောက်သေးဘူး အစ်ကို၊ ဒီမှာဆင်းပြီး ရွာက လာတဲ့ ထော်လာဂျီကို စောင့်စီးရမှာ"

"ဘာ ..."

မောင်ကြီးသည် ရုတ်တရက် ပေါက်ကွဲသွားကာ "ဒီနေပူကြီးထဲကို၊ ဒီကွင်းပြင်ကြီးထဲကို ဖြတ်ပြီး ထော်လာဂျီ စီးရမယ် ဟုတ်လား၊ ခရီးပမ်းလို့ သေရောပေါ့ကွ၊ ဟိုတောသူမ ပြောသွားတာတော့ ဂလိုဘယ်လိုက် ဖေးရှင်းလား ဘာလား ကြီးကြီးကျယ် ...၊ သူတို့ရွာကို များ နယူးရော့(ခ်)က ရပ်ကွက်ကြီးတစ်ခုလောက်နီးနီး အမွှန်းတင်ပြီး ပြောသွားလိုက်တာ၊ အလကား ကြွေးမ ... လမ်းပန်းဆက်သွယ်ရေးဖြင့် မကောင်းဘဲနဲ့ သူ့ရွာက ဘာရုပ်ပေါက်လာမှာမို့လို့လဲ ..."

"ဒီလောက်က လမ်းပန်းဆက်သွယ်ရေး ကောင်းတယ်လို့ ပြောလို့ရတယ် အစ်ကို၊ လမ်းပန်းမကောင်းတဲ့ ရွာတွေဆို ကန်သင်းပေါင်အတိုင်း လျှောက်သွားပြီး ရွှံ့ဗွက်တွေထဲ ဖြတ်ရတာတွေတောင် ရှိတယ်"





သာစိန်က ပြောပြောဆိုဆို စင်ပေါ်က ခရီးဆောင်အိတ်တွေကို လှမ်းဆွဲထုတ်နေသည်။

"နေစမ်းပါဦး ... မင်းက တောအထာကျွမ်းလှချည်လား၊ မင်းရွာသားလား"

"ကျွန်တော် ခြောက်အိမ်တန်း ရွာသားပါ အစ်ကို"

"အဖေတို့ကတော့ကွာ ... အလုပ်ထဲမှာတောင် ရွာစော်နံအောင်ကို အလုပ်ခန့်တော့တာပဲ ..."

"အဟဲ ... အစ်ကို့ အဖေ အလုပ်မှာ ခြောက်အိမ်တန်း ရွာသားက တစ်ဝက်လောက်နီးနီး ရှိတယ် အစ်ကို ..."

"ကဲ ... ကဲ ... ဟိုနှစ်ယောက် စကားကောင်းမနေကြနဲ့၊ ဆင်းမှာဖြင့် မြန်မြန်ဆင်းကြပါ၊ တခြားခရီးသည်တွေ ခရီးဆက်ရဦးမယ် ..."

ယာဉ်နောက်လိုက်က စိတ်မရှည်သလို လှမ်းပြောလိုက်တာမို့ သာစိန်က အိတ်နှစ်လုံးကို ဆွဲကာ ...

"လာ ... အစ်ကို ... ဆင်းရအောင်"

ဟု ခေါ်သည်။ မောင်ကြီးက ယာဉ်နောက်လိုက်ကို ပေစောင်းစောင်း ကြည့်ပစ်လိုက်ရင်း ...

"ကျွတ် ... စပယ်ယာကများကွာ သဟောက်သဟနဲ့၊ သူ့ကားစုတ်ကို စီးချင်လို့စီးတယ်များ အောက်မေ့နေလား၊ သူ့ကားကဖြင့် ဂါကားမီးလုံးလောက်တောင် မတန်ဘဲနဲ့၊ ကျက်သရေကိုတုံးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပွစိပွစိပြောကာ ခေါင်းမော့ရင်ကော့လျက် ကားပေါ်မှ ဆင်းလာသည်။

“ဟား … ပူလိုက်တာ”

မောင်ကြီးသည် လူသူကင်းရှင်းလှသော အဝေးပြေး ကားလမ်းမကြီးဘေးတွင် ရပ်နေရင်း ဟိုးရှေ့က လယ်ကွင်းကြီးကို လှမ်းမျှော်ရင်မောသွားလေသည်။ ဘယ်အငြိုးနဲ့များ သားကို ဒီလောက်ရက်စက်ရပါသလဲ အဖေဟု ကွင်းပြင်ကြီးထဲမှာ အသံကုန်အော်ဟစ်ပစ်လိုက်ချင်သည်။ ဟို … ကျက်ရေတုံးမ လှလေးခင်ရဲ့ ရိုက်ချက်က တော်တော်ပြင်းလေသည်။

“သာစိန် … မင့် ထော်လာဂျီက မလာသေးဘူးလား”

“နည်းနည်းတော့ စောင့်ရဦးမယ် အစ်ကို …”

“ကျွတ် … အရှင်လတ်လတ် ငါးခြောက်လှန်းခံရသလို ပဲကွာ၊ မင်းမှာ ထီးမပါဘူးလား သာစိန်”

“ပါတယ် အစ်ကို …”

“ပါရင် ထုတ်၊ ငါ့ကို ဆောင်းပေး …”

“ဗျာ …”

“ထီးဆောင်းပေးလို့ ပြောနေတာကွာ”

“ဩော် … ဟုတ် … ဟုတ်ကဲ့”

သာစိန်က သူ့ စလွယ်သိုင်းအိတ်ထဲက ထီးတစ်ချောင်း ထုတ်ယူဖွင့်ကာ မောင်ကြီးကို ဆောင်းပေးလိုက်ရလေသည်။





ရာသီဥတုကား နွေအကုန် မိုးအကူးကာလ …။ မိုးက ပဲများသော အပျိုမလို မရွာချင်ရွာချင် အိုက်တင်ခံ၍ ရွာတတ်သော အခါသမယ …။ မိုးရွာတုန်း ခဏလေးသာ အေးသလိုရှိကာ မိုးစဲတော့ စောစောက မိုးရွာခဲ့တာ သူမဟုတ်သလို ချက်ချင်း ကောင်းကင်က လင်းလာပြီး ကိုရွှေနေမင်းက ထွက်ပေါ်ကာ ပူလောင်အိုက်ပြုတ် ချွေးတုတ်တုတ်ကျရပေသော အချိန်ကာလ …။ အဲကွန်းတပ်ကား၊ အဲကွန်းတပ်အိမ်၊ အဲကွန်းတပ် ရှော့ပင်းမော၊ အဲကွန်းတပ် ကော်ဖီဆိုင်လိုနေရာမျိုး၌သာ ကျင်လည်ခဲ့ရသော မောင်ကြီးအတွက်တော့ ခုလို ရာသီဥတုနှင့် ခုလိုနေရာဌာနက သည်းမခံချင်စရာ ကောင်းလှပေသည်။

မောင်ကြီးသည် လမ်းဘေး၌ ချထားသော ခရီးဆောင် သေတ္တာပေါ်တွင် ထိုင်ရင်း ထော်လာဂျီ လာမည့်လမ်းဆီသို့ မမှိတ်မသုန် မျှော်ငေးရင်း ချွေးပြိုက်ပြိုက်ကျလျက်ရှိသည်။ မျှော်သော်လည်း ပေါ်မလာနိုင်သောအခါ စိတ်ဂဏှာမငြိမ်ဖြစ်ကာ ထိုနားတစ်ဝိုက်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ ခါးထောက်၍ မတ်တတ်ရပ်လိုက်၊ ကျွတ်ခနဲ စုတ်သပ်လိုက်၊ အနားက တွေ့ရာ ခဲလုံးကို ကန်ပစ်လိုက် လုပ်နေသည်။

သာစိန်သည် ယောက်ယက်ခတ်နေသောမောင်ကြီး နောက်သို့ တကောက်ကောက်လိုက်၍ ထီးမိုးပေးနေရင်းက သက်ပြင်းချမိကာ …

“အစ်ကို မောင်ကြီး …”



www.burmeseclassic.com

www.burmeseclassic.com



"အေး … ပြော …"

မောင်ကြီးက ရွာလမ်းဘက်သို့ မျှော်ကြည့်နေရင်းက ပြန်ပြောလိုက်သည်။

"ဟိုလေ … အစ်ကို့ အဖေက ကျွန်တော့်ကို မှာလိုက်တယ်"

"ဘာမှာလိုက်လဲ …"

"အစ်ကို့ ဝေယျာဝစ္စတွေကို အစ်ကို့ဘာသာ လုပ်ပစေတဲ့၊ ဘာမှ ကူလုပ်မပေးနဲ့တဲ့၊ အစ်ကို့ ခရီးဆောင်အိတ်ကိုတောင် ကျွန်တော်က အစ်ကို့ကိုသနားလို့ ကူဆွဲပေးတာ"

မောင်ကြီးသည် မျက်လုံးပြူးကြီးဖြင့် သာစိန့်ကို လှည့်ကြည့်လာပါသည်။ သာစိန်က အားနာသလို ခေါင်းကုတ်ရင်း စပ်ဖြဲဖြဲ ရယ်ပြနေသည်။

"ငါ့ကိုသနားတဲ့အတွက် ကျေးဇူးကြီးလှပါတယ် သာစိန်"

"အဟဲ … မခံယူဝံ့ပါဘူး အစ်ကို"

"ငါက မင်းကို ငေါ့ပြောလို့ မင်းက ငါ့ကို ပြန်ငေါ့တာလား သာစိန်"

"မဟုတ်ရပါဘူး အစ်ကို"

"ကျွတ် … စိတ်ပျက်တယ်ကွာ၊ အားလုံးကို စိတ်ပျက်တယ်၊ အာရုံနှောက်တယ်၊ စိတ်လေတယ် …"

ဂျင်းဘောင်းဘီကျပ်ကျပ်၊ တီရှပ်နက်နက်၊ ခါးမှာအရိုးခေါင်းပုံ ခါးပတ်ခေါင်းပါ ခါးပတ်ပြားကြီးပတ်၍ ခါးပတ်





ကြိုး တန်းလန်းချလျက် ရှူးဖိနပ်မြင့်မြင့်စီးကာ လက်မှာ နိုင်းတူးဖိုက် ဟန်းချိန်း၊ ဘာဟန်းချိန်း ညာဟန်းချိန်းတွေ ရှုပ်နေအောင် ပတ်ထားသော မောင်ကြီးက သာစိန့်ကို ကျောခိုင်းလျက် လက်နှစ်ဖက်ကို မြှောက်၍ ဇော့ယမ်းရင်း အော်ဟစ် ညည်းညူလိုက်ချိန်မှာ သာစိန်က မိုးပေးထားသော ထီးကို ပိတ်ချပစ်လိုက်ပါသည်။ မောင်ကြီးသည် အော်ဟစ်နေရာမှ သာစိန့်ကို ချာခနဲ လှည့်ကြည့်လိုက်ရင်း …

"ဟော့ကောင် … နေပူတယ်ကွ၊ ဘာလို့ ထီးကိုပိတ်ပစ်တာလဲ"

"အစ်ကို့ အဖေက မှာထားတယ်လေ အစ်ကို၊ အစ်ကို့ကို ထီးမိုးပေးရင် အစ်ကို့အဖေ ကြိုက်မှာမဟုတ်ဘူး"

"ပြန်မပြောနဲ့ပေါ့ကွာ …"

"ကျွန်တော် အစ်ကို့အဖေ မှာထားတဲ့ စကားကို မဆန့်ကျင်ရဲဘူး အစ်ကို"

"ငါနော် … ငါ …"

မောင်ကြီးသည် ဒေါသကို မနည်းထိန်းချုပ်နေဆဲ ခါးမှာချိတ်ထားသော ဖုန်းက အသံမြည်လာသဖြင့် ဝမ်းသာသွားကာ …

"ဟာ … ဒီနားမှာ ဖုန်းမိသားပဲ"

"မမိတစ်ချက် မိတစ်ချက်လောက်ပဲ ရမယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို၊ အစ်ကို့ GSM က ရွာထဲရောက်ရင် မိမှာမဟုတ်တော့ဘူး"

မောင်ကြီးက ဖုန်းကို ခပ်မြန်မြန် ဖွင့်ကိုင်လိုက်သည်။ ခုလို ပျင်းနေတဲ့ စိတ်ညစ်နေတဲ့ အချိန်မှာ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောခွင့်ရလိုက်ရင်လည်း နည်းနည်းတော့ စိတ်အပန်းပြေတာပေါ့လေ။

"ဟဲလို ..."

"မောင်ကြီးလား ..."

"ဟာ ... ရီစီ ... ပြော၊ နင် ဘယ်ကဆက်နေတာလဲ"

"အိမ်က ဆက်နေတာပေါ့၊ ဒီမှာ ... ဝေယံတို့ပြောလို့ ခုမှသိရတယ်၊ နင့်ကို နင့်အဖေက မြိုင်ရပ်နှင်လိုက်တယ်ဆို ..."

"အဖေနှင်လို့ လာတာမဟုတ်ပါဘူး၊ ငါ့အသိစိတ်ဓာတ်နဲ့ ငါ အဖေ့ရွာမှာ ပညာဒါန လာလုပ်တာပါ"

"ပညာဒါန !... ၊ ဘာလုပ်မှာမို့လို့လဲ ..."

"ကျောင်းဆရာလုပ်မှာလေ၊ ရွာကျောင်းက ကလေးတွေကို စာလာသင်ပေးတာ ..."

"ဖြီးမနေပါနဲ့ မောင်ကြီးရာ၊ နင်လား အဲ့လို စိတ်မျိုးရှိမှာ ..."

ရီစီက လှောင်သလိုလေး ရယ်လိုက်ပြီးမှ ...

"နင့်တောသူမနဲ့ နင်က ရေစက်တော့ ပါတယ်နော်"





"ဘာလဲ ... ဘာရေစက်လဲ၊ အဲ့ဒီ တောသူမအကြောင်း မပြောစမ်းနဲ့ ..."

"နင်နဲ့ သူနဲ့က ရေစက်ပါလို့သာ သူက နင့်မြို့လာလိုက်၊ နင်က သူ့ရွာသွားလိုက် ဖြစ်နေကြတာပေါ့ ... ၊ နင်တော့ တွေ့ဦးမယ်"

"ငါက ကျောင်းမှာ ဆရာလုပ်ရမှာ၊ သူက သူ့ဘာသာ လယ်ကွင်းထဲမှာ ကောက်စိုက်ချင် စိုက်နေမှာပေါ့၊ တွေ့စရာအကြောင်းကို မရှိဘူး၊ ဟဲလို ... ဟဲလို ... ကြားလား ကြားလား ..."

"ဟဲ့ ... နင့်အသံက မကြားတစ်ချက် ကြားတစ်ချက်နဲ့၊ ဟဲလို ..."

မောင်ကြီးက ဟဲလိုသံ တညည်ညည်ပေးရင်း ဖုန်းကိုင်ထားသော လက်ကို ဆန့်တန်းဖော့ယမ်းကာ လေထဲက အသံလှိုင်းကို မရအရ ပြန်ဖမ်းနေသည်။

"ဟဲလို ... ကြားလား"

"ကြားပြီ ... ၊ ဟဲ့ ... ဟဲလို ဟဲလို ဘာမှမကြားရတော့ပြန်ဘူး၊ နင် ... ဘယ်ရောက်နေလို့ ဖုန်းလိုင်းက အဲ့လို ဖြစ်နေရတာပဲ"

မောင်ကြီးသည် ဟိုလျှောက် ဒီလျှောက် နေရာရွှေ့ကာ ဖုန်းလိုင်းဖမ်းနေရင်းက လယ်ကွင်းစပ်ရှိ ကျောက်တုံးတစ်တုံးပေါ်မှာ တက်ရပ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ရွာထိပ်မှာ ရောက်နေတာဟ၊ ဟဲလို ... ကြား ပြီလား"

"အေး ... ကြားပြီ"

"အိုးစည်ဗုံမောင်းသံတွေရော ကြားလား"

"မကြားပါဘူး ..."

"အေး ... ဝေးသေးလို့ မကြားတာဖြစ်မယ်၊ ငါ့ကို ရွာလုံး ကျွတ်နီးပါး အိုးစည်ဗုံမောင်းတွေနဲ့ တီးမှုတ်ကခုန်ပြီး လာကြိုကြတာဟ၊ ဒါပဲနော် ... ငါ လိုက်သွားရတော့ မယ်"

မောင်ကြီးက ကြွားလုံးထုတ်ပြီး ဖုန်းပိတ်လိုက်သည်။ ကိုယ့်ဖြစ်အင်ကို ရိုစီသိလို့မဖြစ်။ ရိုစီက နှုတ်ဖွာဖွာနှင့် သူ့အဖေကို ပြန်ပြောမှာ အသေအချာမို့ ဦးလှဦးရဲ့ ကဲ့ရဲ့တတ်သော ပါးစပ်ထဲမှာ ပက်လက်အမျောတော့ မခံနိုင်ချေ။

မောင်ကြီးသည် လေပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ရွာလမ်းကလေးဆီ လှမ်းမျှော်ကြည့်စဉ်မှာ ...

"ဟာ ... အစ်ကိုရေ ထော်လာဂျီတော့ လာပြီ"

သူ့ထီးသူ အကျအနဖွင့်ဆောင်းကာ အေးအေးလူ လူ ရပ်နေသော သာစိန်က ဝမ်းသာအားရ ထအော်လိုက်တာမို့ မောင်ကြီးက သာစိန်ကို ဂြိုလ်ကြည့်ကြည့်မိသည်။

ထော်လာဂျီက တရွေ့ရွေ့ နီးကပ်လာချေပြီ ...။ ထော်လာဂျီပေါ်မှာ ထော်လာဂျီမောင်းသူ၊ အသက် ၅၀ ကျော်





အရွယ် ဦးလေးကြီးတစ်ယောက်နှင့် ကလေးတစ်ပြုံတစ်မကြီးကို တွေ့လိုက်ရသည်။

ကလေးတွေက မောင်ကြီးတို့ကို လက်ဖွေ့ယမ်းပြနေကာ ထော်လာဂျီ ရပ်သွားသည်နှင့် ခုန်ဆင်းပြေးလာကြပြီး

"ကိုသာစိန် ... ဆရာအသစ်ပါမယ်ဆို၊ ပါမလာဘူးလား"

ဟု မေးလိုက်ကြတာမို့ သာစိန်က မောင်ကြီးဘက်သို့ မေးငေါ့ပြကာ ...

"မင်းတို့ဆရာက ဟိုမှာ ..."

"ဟင် ... ဟုတ်လို့လား"

ကလေးတွေက မောင်ကြီးကို ရှံ့တွန့်တွန့်ကြည့်ရင်း မယုံသလို ပြန်မေးလိုက်ကြသည်။

"ဟုတ်တယ် ...၊ အဲ့ဒါ မင်းတို့ ဆရာအသစ်ပဲ"

"ဟီးဟိ ... ဆရာက မိုက်တယ်"

ကလေးတွေက အချင်းချင်း ခပ်တိုးတိုးပြောကြ၏။ မောင်ကြီးနားသို့ မကပ်ရဲ ...။ ကျောင်းဆရာဖြစ်ဟန်တူသူ ဦးလေးကြီးက မောင်ကြီးတို့နားရောက်လာကာ မောင်ကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ...

"မင်းက ချက်စူ သားလား"

"ဟုတ်ပါတယ် ..."

"သြော် ... သြော် ... ချက်စူသားက ဒီလိုကိုး ...၊ မင်း အဖေ ချက်စူက ဆရာ့တပည့်ပဲကွ၊ ဆရာက ဒီရွာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီး၊ ကျောင်းမှာက လောလောဆယ် ဆရာရယ်၊ ဆရာမတစ်ယောက်ရယ်ပဲ ရှိတာ၊ မင်းနဲ့မှ သုံးယောက်ပေါ့ ...၊ ဆရာမကလည်း အလုပ်ဝင်တာ မကြာသေးဘူး၊ ဒါနဲ့ မင်းနာမည်က မောင်မောင်ကြီး နော်"

"ဟုတ်ပါတယ် ..."

"အေး ... အေး ... ဒါဆိုလည်း ဆရာမောင်မောင်ကြီးပေါ့ ကွယ်၊ ဆရာကတော့ မင်းကို ဆရာလေးလို့ပဲ ခေါ်မယ်"

"ဆရာကြီး ..."

"ဟော ... ပြော ဆရာလေး"

"ကျွန်တော့်ကို ဆရာလေးလို့ မခေါ်လို့ မရဘူးလား"

"ဘာဖြစ်လို့တုန်း ..."

"ဆရာလေးဆိုတာ သီလရှင်ကို ခေါ်တာလို့ ကြားဖူးလို့ ပါ"

"သြော် ... ကျောင်းဆရာ ငယ်ငယ်လေးကိုလည်း ဆရာ လေးလို့ ခေါ်တတ်ကြပါတယ်ကွယ်၊ ကဲ ... ကဲ ... လာ လာ ... သွားကြရအောင်၊ ကလေးတွေ မင်းတို့ ဆရာ့ ပစ္စည်းတွေ ကူသယ်ပေးလိုက်ကြပါဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာလေး ... ပေး ... ပေး ... အိတ်တွေ ကျွန်တော်တို့ သယ်ပေးမယ်"





ကလေးတွေက မောင်ကြီး ပစ္စည်းတွေကို အလု အယက် ဝိုင်းဝန်း သယ်ပိုးသွားကြတာမို့ မောင်ကြီးက သာစိန့် ကို မင်း မသယ်ပေးလည်း ရတယ်ဟု အဓိပ္ပာယ်ဆောင်သော အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်ပြီး ထော်လာဂျီပေါ်သို့ လှမ်း တက်လိုက်သည်။

ထော်လာဂျီပေါ်မှာ မောင်ကြီးအတွက် ဖျာခင်းပေး ထားတာမို့ မောင်ကြီးက အလယ်နေရာ ဖျာပေါ်မှာ တင်ပျဉ်ခွေ ထိုင်လိုက်သည်။ ကလေးတွေက မောင်ကြီး၏ ပတ်ပတ်လည်မှာ ဝိုင်းထိုင်လိုက်ကြပြီး မောင်ကြီးကို မျောက်ပွဲကြည့်သလို ဝိုင်း ကြည့်နေကြသည်။ မောင်ကြီးကတော့ ခပ်တည်တည် ...။

နေပူလာတော့ မောင်ကြီးက ခါးပတ်အိတ်ကို ဖွင့် ကာ မျက်မှန်ဘူးကို ထုတ်လိုက်သည်။ ကလေးတွေကလည်း မောင်ကြီး လှုပ်ရှားသမျှကို မျက်ခြည်မပြတ် လိုက်ကြည့်နေ သည်။ မောင်ကြီးက oklay မျက်မှန်ကို ထုတ်တပ်လိုက်တော့ 'ဝါး ... မိုက်တယ်' ဟု အချင်းချင်းကြားရုံ တီးတိုးပြောလိုက် ကြသည်။ ကျောင်းသား ခပ်ကြီးကြီးတွေက မောင်ကြီးကို အား ကျကြည့်ဖြင့် ဝိုင်းကြည့်နေကြပြီး ကျောင်းသား ခပ်ငယ်ငယ် လေးတွေက မောင်ကြီးအလစ်ကို ချောင်းကာ မောင်ကြီးခါးမှ တန်းလန်းကျနေသော ခါးပတ်ကြိုးကို ကိုင်ကြည့်လိုက်၊ မောင်ကြီးလက်မှ ဟန်းချိန်းတွေကို ထိကြည့်လိုက်၊ ဖိနပ်ကို ငုံ့ကြည့်လိုက် လုပ်လာသည်။ ဆရာလေး မောင်မောင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



တော့ အားလုံးအလယ်မှာ ခပ်မော့မော့ အိုက်တင်ထုတ်လျက် လိုက်ပါလာပါသည်။

တစ်နာရီလောက် ထော်လာဂျီ အဆောင့်ခံလိုက်ရပြီးချိန်မှာတော့ အဖေတို့ရဲ့ ခြောက်အိမ်တန်းရွာသို့ ရောက်ရှိလာပါသည်။

ဆရာကြီးက ထော်လာဂျီကို မောင်ကြီးနေဖို့ စီစဉ်ထားသည့် သာစိန်တို့ အိမ်ရှေ့မှာ ရပ်ပေးပြီး ...

"မနက်ဖြန် ကျောင်းတက်ရင်တော့ အဖြူ အစိမ်း ဝတ်လာခဲ့နော် ဆရာလေး ..."

ဟု သေသေချာချာ မှာသွားလေသည်။

ထို့ကြောင့် ...။

● ● ●



❧ ❧ ❧

"ဟာ ... အစ်ကို အဲ့ဒီလိုတော့ မဖြစ်ဘူးလေ"

သာစိန်သည် ဂျင်းဘောင်းဘီရှည် အစိမ်းရောင်နှင့် အော်လ်တာရှပ် ကိုယ်ကျပ်အဖြူရောင်လေးကို ဝတ်ကာ ကန်းထရီးရှူး အနက်ရောင်ပြောင်ပြောင်ကို စီး၍ ခပ်မော့မော့လျှောက်ထွက်လာသော မောင်ကြီးကို လှမ်းကြည့်ရင်း အလန့်တကြားတားမြစ်လိုက်မိလေသည်။

"ဘာလို့ မဖြစ်ရမှာလဲ ..."

မောင်ကြီးက သူ ဘာမှ တလွဲလုပ်မထားသလို ပုံစံနှင့် ခပ်တည်တည် ပြန်မေးလိုက်တာမို့ သာစိန်က တန့်နံ့အသည်းယားသွားကာ ...

"ဆရာကြီးက အဖြူ အစိမ်း ဝတ်ခဲ့ဖို့ သေသေချာချာ မှာထားတယ်လေ အစ်ကို"

"မင်း မျက်စိ ကန်းနေလား"



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျာ ...”

“ငါ ဝတ်ထားတာလည်း အဖြူ အစိမ်းပဲဟာ၊ မင်းမမြင်ဘူးလား”

“ဟာ ... အစ်ကိုကလည်း မနောက်ပါနဲ့ဗျာ၊ အဖြူအစိမ်းဆိုတာ အစ်ကို ငယ်ငယ်တုန်းက ဝတ်ခဲ့သလို လုံချည်စိမ်းနဲ့ အင်္ကျီဖြူကို ပြောတာလေ ...”

“ငါ ငယ်ငယ်တုန်းကလည်း ဘောင်းဘီအစိမ်းနဲ့ ရှပ်အင်္ကျီဖြူ ဝတ်ရတာပဲလေ”

“အစ်ကိုကလည်း သိသားနဲ့ဗျာ၊ အစ်ကိုက အခု ကျောင်းဆရာဖြစ်နေပြီဆိုတော့ ဆရာ ဆရာမတွေ ဝတ်သလို ကျောင်းယူနီဖောင်းမျိုး ဝတ်ရမှာလေ၊ အစ်ကို့အိတ်ထဲမှာ ပုဆိုးအစိမ်း သုံးထည်နဲ့ ရှပ်လက်ရှည် သုံးထည် ကျွန်တော်တွေ့ပါတယ်၊ တိုက်ပုံတစ်ထည်တောင် ပါသေးတယ်၊ အစ်ကို့အမေ ဝယ်ထည့်ပေးလိုက်တာ မဟုတ်လား၊ အဲ့ဒါပဲ ဝတ်လိုက်ပါ အစ်ကိုရာ ...”

“ငါမှ ပုဆိုးဝတ်နေမကျတာကွာ၊ မဝတ်ပါရစေနဲ့၊ ငါ့စတိုင်လ်နဲ့ငါပဲ ကောင်းပါတယ် ...”

“အစ်ကိုကလည်းဗျာ ...”

သာစိန်သည် မောင်ကြီးကို ဒီ့ထက်ပိုပြီးတော့လည်း တိုက်တိုက်တွန်းတွန်း မပြောရဲတော့တာမို့ ခေါင်းကိုသာ ကုပ်ဖွပစ်လိုက်မိပါသည်။





သာစိန့် မျက်စိထဲမှာတော့ အစ်ကိုမောင်ကြီးရဲ့ ပုံစံက ဘယ်လိုမှ အာစရိယဂုဏ်အင်္ဂါရပ်နှင့် မကိုက်ညီပေ ...။ ဂျင်းဘောင်းဘီ အစိမ်းရောင်ကလည်း ခပ်ကျပ်ကျပ်၊ ရှပ်အင်္ကျီကလည်း မော်ဒယ်တွေဝတ်သလိုမျိုး ခပ်ကျပ်ကျပ်၊ လက်မောင်းမှာ ကြယ်သီးလှန်တပ်ရသည့် အဖတ်ကလေးတွေကလည်း ပါသေး။ ခါးမှာပတ်ထားသည့် ခါးပတ်ကလည်း ဂေါ်လီဆန်နေသေး ...။ ရှေ့ဦးချွန် ဒေါက်မြင့်မြင့် ဖိနပ်ကြီးကိုလည်း စီးထားသေး ...။ အီမိုစတိုင်လ် ဆံပင်ပုံကလည်း မျက်နှာတစ်ခြမ်းပေါ်ကို တစ်စောင်းစွေချွန်ကျနေသေး ...။ ဒီလိုပုံစံကို ကျောင်းဆရာလို့ ဘယ်သူက သတ်မှတ်ပေးနိုင်မှာလဲဟု တွေးကာ ရင်လေးရလေသည်။

မောင်ကြီးကတော့ အဖေ့ရဲ့ ရက်စက်လှသော အမိန့်ကို မကျေနပ်လှတာမို့ လက်တစ်လုံးခြားလေးပဲဖြစ်ဖြစ် ကန့်လန့်တိုက်ပစ်လိုက်ချင်တာပင်။ ရွာကိုရောက်ရင် ရွာသားအချိုး ချိုးရမယ်လို့ ဘယ်သူကမှ သတ်မှတ်မထား ...။ အဖေခိုင်းတဲ့အလုပ်ကို လုပ်ဖို့ အဖေသွားခိုင်းတဲ့ နေရာကို လာခဲ့ပြီးပြီမို့ ကိုယ့်တာဝန်ကျေပြီဟု ယူဆသည်။ အဝတ်အစားကတော့ ကိုယ်ဝတ်ချင်တာ ဝတ်မှာပင် ...။ ကန်းထရီးရှူးလို့ အခေါ်ရှိတဲ့ ကျေးလက်စတိုင်လ် ရှူးဖိနပ်ကို မြို့ပေါ်မှာ ဝတ်ရတာထက် ခုလို ရွှံ့စပ်စပ်လမ်းကို ဖြတ်ရတဲ့ ရွာမှာဝတ်တာက ပိုတောင် ဆီလျော်အပ်စပ်သေးသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင်ကြီးအတွက် လောကမံ ဆိုတာကို ဒီရွာကိုလာရတဲ့ ခရီးအစမှာ စ၍ ကြုံခဲ့ရတာပင်။ ရက်စက်လေသော အဖေဟာ ကားနဲ့တောင် လိုက်မပို့တော့ဘဲ သူ့ကို အများသူငါ ဒူပေနာပေ စီးလေသော ခပ်ညံ့ညံ့ အဝေးပြေး ကားကြီးပေါ် တင်လွှတ်လိုက်သည်။ အဲကွန်းပါပြီး အဲကွန်းပျက်နေသော ကားပေါ်မှာ လူတွေရော ကွမ်းခြင်းတွေရော ကြပ်ညပ်နေသည်။ အလယ်ခုံတွေမှာပါ လူအပြည့်တင်လာသော ကားပေါ်မှာ လေပူတဟူးဟူးအတိုးခံရကာ အော့အန်မူးဝေလိုက်၊ ငိုက်မြည်းလိုက်ဖြင့် ဒုက္ခခံလိုက်ပါလာရပြီး ... အိပ်ပျော်သွားတော့လည်း ကားတစ်ချက်ဆောင့်လိုက်တိုင်း လန့်နိုးလာရသည်။ လမ်းကောင်းသွားလို့ ခပ်ကြာကြာလေး အိပ်ပျော်မယ်မှ မကြဲသေးခင် 'ရောက်ပြီ' ဆိုတာကြောင့် ကားပေါ်က ဆင်းရပြန်သည်။ နေပူထဲမှာ ရပ်စောင့်ရပြန်သည်။ ထော်လာဂျီတစ်တန် စီးရပြန်သေးသည်။ .

အဖေ့ရဲ့ ဇာတိရွာဟာ ရောဝတီတိုင်း မြစ်ဝကျွန်းပေါ်က ကျေးရွာလေး တစ်ရွာပင် ...။ အဖေ့ရွာကို မောင်ကြီးငယ်ငယ်က အဖေ ခေါ်သွားလို့ ရောက်ဖူးသည်ဆိုပေမယ့် ခုပြန်တွေးရင် ဘာမှ မမှတ်မိတော့တာမို့ ရွာက အစိမ်းကြီးဖြစ်နေသည်။ မောင်ကြီး အရွယ်ရောက်ချိန်ကတည်းက ကိုယ့်ကျောင်းကိစ္စ၊ သင်တန်းကိစ္စတွေကို အကြောင်းပြကာ အဖေ ရွာပြန်





တိုင်း လိုက်မသွားဖြစ်တော့ပါ။ ထို့ကြောင့် ကျေးလက်ရနံ့ဆိုတာ မောင်ကြီးနှင့် ခပ်စိမ်းစိမ်းပင် ရှိရပါသည်။

မောင်ကြီးကို သာစိန့် အဘွားအိမ်မှာ တည်းခိုနေထိုင်စေခဲ့တာဟာလည်း အဖေ့ရဲ့ ရက်စက်မှုကြီးတစ်ခု ဖြစ်ပါသည်။ အဲ့ဒီအိမ်မှာ ဘိုထိုင် အိမ်သာမရှိခြင်း၊ ရေချိုးခန်းမရှိခြင်းတို့ဟာ မောင်ကြီးရဲ့နေ့စဉ်ဘဝကို အကြီးအကျယ် ကမောက်ကမ ဖြစ်စေပါသည်။ သူတို့ရဲ့ အိမ်သာဟာ အိမ်နဲ့တွဲရက်နေရာမှာလည်း မဟုတ်။ ခြံထောင့်မှာ လုံးချင်းအိမ်သာ သေးသေးလေး ဆောက်ထားကာ အိမ်သာ သွားသည့် မြေပေါ်လမ်းကြောင်း တစ်လျှောက်မှာ အုတ်နီခဲတွေကို ခြေတစ်လှမ်းစာလျှင် တစ်လုံး ကျ ခင်းထားပေးသည်။ ကိုယ့်အိမ်မှာဆို ကိုယ့်အိပ်ခန်းက မာစတာဘသ်ရှုန်းမို့ အိမ်သာ ရေချိုးခန်းက အခန်းနှင့်တွဲလျက်ပင်။ ဒီမှာတော့ ရေချိုးလည်း ကိုယ့်ဗလကို လူမြင်သူမြင် ဗလာကျင်းကာ ဘာအမိပ္ပာယ်မှန်းနှင့်မှန်းမသိ အိမ်ရှေ့မှာ ချထားသော ရာဝင် စဉ့်အိုးကြီးထဲက ရေကို ထွက်ထွက်ချိုးနေရသည်။ ရွာလမ်းက လာသမျှသူတွေက လှည့်လှည့်ကြည့်သွားကြတာမို့ ကိုယ့်မှာ ရေလဲပုဆိုး ကပိုကရိုဖြင့် ဂျီးတောင် ဘယ်မမြင်ကွယ်ရာမှာ သွားတွန်းရမှန်းမသိတာမို့ ဂျီးမတွန်းဘဲသာ ရေချိုးရပါသည်။ ဒီရေချိုးခန်း အိမ်သာကိစ္စမှာတင် မောင်ကြီးအဖို့ ကသိကအောက် ဖြစ်လှပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာလည်း ဘယ်လို ကသိကအောက်ဖြစ်စရာတွေ ကြုံရမည်မှန်း မသိသေးပါ။ သူ့ ရွာရောက်ကတည်းက မပြတ်ဆုတောင်းမိတာကတော့ ဘောသူမ လှလေးခင်နဲ့ ဘယ်တကွေ့ကွေ့မှာမှ မတွေ့ပါရစေနဲ့ ဟူ၍ပင် ...။

"ဆရာ ... သွားရအောင်၊ ကျောင်းချိန်နီးနေပြီ"

"အိုကေလေ ..."

သာစိန်က လှမ်းပြောလိုက်တာမို့ မောင်ကြီးက အိမ်ပေါ်မှ လှမ်းဆင်းလာရင်း ...

"အဟား ... ဒီဖိနပ်က မင်းတို့တောနဲ့ ကွက်တိ အိုကေတယ်ကွ၊ တွေ့လား ... တော်ရုံ ရွှံ့လောက်ကတော့ မပေနိုင်တော့ဘူး ..."

ဟုပြောကာ ရှေ့ကနေ ခပ်မော့မော့ ထွက်သွားသဖြင့် သာစိန်က ပုဆိုးလေး ကပျာကယာပြင်ဝတ်ကာ နောက်မှ လိုက်လာခဲ့ရပါသည်။

ရွာလယ်လမ်းအတိုင်း ဆံပင်သပ်ခါသပ်ခါလျှောက်လာသော မောင်ကြီးပုံစံကို အိမ်တိုင်းလိုလိုက ထွက်ကြည့်ကြတာမို့ မောင်ကြီးက စိတ်ထဲ ကသိကအောက်ဖြစ်လာကာ ရင်ဘတ်မှာ ချိတ်လာသည့် နေကာမျက်မှန်ကို ဖြုတ်တပ်လိုက်ရင်း ...

"သာစိန် ..."

"ဗျာ ... အစ်ကို"





"မင်းကျောင်းက ဘယ်မှာလဲ၊ မရောက်သေးဘူးလား"

"ကျောင်းက ရွာအပြင်ဘက် လယ်ကွင်းစပ်မှာပါ အစ်ကို၊ ရောက်တော့မှာပါ"

သာစိန်က မောင်ကြီးရှေ့သို့ ကျော်တက်သွားပြီး ရှေ့ကလျှောက်နှင့်သည်။ မောင်ကြီးက သာစိန့်နောက်က ခပ်တည်တည် လိုက်လာသော်လည်း ကိုယ့်ကို အပြေးအလွှား ထွက်လာကြည့်ကြသည့် လူတွေကို ခဏခဏတွေ့တော့ စိတ်ထဲမှာ ရှက်သလိုဖြစ်လာသည်။ ဒီကြားထဲ တချို့ခြံတွေထဲက ခွေးထွက်ထွက်ဟောင်တတ်သေးတာမို့ ကြက်သီးတွေ ဘာတွေတောင် ထချင်လာရသော်လည်း အားတင်းကာသာ လျှောက်ခဲ့ရပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ... ဘာပုံလဲ ကျောင်းဆရာ"

"ဟင် ..."

ကျောင်းထဲကို ကိုယ်ပိုင် ယူနီဖောင်းစတိုင်လ်ဖြင့် ခပ်မော့မော့ လှမ်းဝင်လာသော မောင်ကြီးမှာ နောက်မှ ကပ်၍ ပေါ်လာသည့် အလွန်တရာ ရင်းနှီးလှသောအသံကြောင့် လန့်ဖျပ် တုန်တက်သွားရကာ ချာခနဲ လှည့်ကြည့်လိုက်မိလေသော အခါ ...

ကိုယ့်နောက်မှာ ခပ်တည်တည် လက်ပိုက်ရပ်နေသော အင်္ကျီအဖြူ ရင်ဖုံးအင်္ကျီနှင့် လုံချည်စိမ်းဝတ် ကျောင်းဆရာမဟာ ...

"တော ... တောသူမ"

"အခေါ်အဝေါ်ကို ခုချက်ချင်း ပြင်လိုက်ပါ ကျောင်းဆရာ"





တောသူမက လက်ညှိုးတစ်ချောင်းကို ထောင်၍ လှုပ်ယမ်းပြလိုက်ရင်း ဆရာမကြီးလေသံဖြင့် အပေါ်စီးက ပြောလိုက်ပါသည်။

မောင်ကြီးမှာ ရုတ်တရက် အံ့အားအသင့်ကြီးသင့်လျက် တောသူမကို ကြောင်ငေးကြည့်နေလိုက်မိပါသည်။

တောသူမပုံစံက မယုံနိုင်စရာ။ မြင်နေကျ ဆံပင်နှစ်ဖက်ခွဲစည်းထားသည့် ပုံစံမျိုးမဟုတ်တော့ဘဲ ဆံထုံးပို့ပို့ထုံးကာ စံပယ်တစ်ကုံးကို ဆံဆုံးမှာ ရစ်ခွေ၍ပန်ထားသည်။ ရင်ဖုံးလက်ရှည်ခါးတိုအင်္ကျီဖြူ လုံချည်စိမ်းစိမ်းဖြင့် သပ်ရပ်ရှင်းကျော့နေကာ မျက်နှာမှာတော့ ထုံးစံအတိုင်း သနပ်ခါး အစင်းခြစ်ရာ ခပ်ပါးပါးနှင့် မျက်ခုံးမွေးပေါ်မှာ သနပ်ခါးအနည်းငယ် စွန်းတင်လျက်ပါပင်။

မောင်ကြီးသည် မမျှော်လင့်ဘဲ သူမကိုအတွေ့မှာ ကြောက်ရွံ့လန့်ထိတ်ရခြင်း၊ ဒေါသဖြစ်ရခြင်းများကြောင့် ချွေးတွေပင် တစိမ့်စိမ့်ထွက်လာရကာ သာစိန့်ဘက်ကို လှည့်ကြည့်ရင်း ...

"သာ ... သာစိန်၊ သူ ... သူက ..."

"ဒေါ်လှလေးခင်က ဒီကျောင်းက ကျောင်းဆရာမလေး အစ်ကို ..."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ထအော်လိုက်သော မောင်ကြီး၏ အသံကြောင့် ဆူညံပြေးလွှားဆော့ကစားနေကြသော ကျောင်းသားတွေအားလုံး ရုတ်တရက် ငြိမ်သက်သွားသည်မှာ မီးကို ရေနှင့်သတ်လိုက်သလိုပင် ...။

ကျောင်းမှာ သစ်သားကျောင်းလေးဖြစ်ပြီး စာသင်ခန်းတွေကို အကာအရံ ကန့်၍ခွဲမထားဘဲ အတန်းလိုက် ခုံတွေ စီချထားတာမို့ ကျောင်းထဲမှာ ရှိရှိသမျှ လူတွေအားလုံး အချင်းချင်း လှမ်းမြင်နေကြရသည်။ ဆရာတွေ ထိုင်သည့် စားပွဲသုံးလုံးကလည်း အချင်းချင်း လှမ်းမြင်နိုင်သည်ပင်။

ကျောင်းသားတွေ အားလုံးသည် မောင်ကြီးရဲ့အသံကြောင့်ရော မောင်ကြီးရဲ့ စတိုင်လ်ကြောင့်ရော အံ့သြငြိမ်သက်လျက် မောင်ကြီးကို ဝိုင်းအံ့ကြည့်လာကြသည်။

မောင်ကြီးသည် ကိုယ့်ကို ဆရာမကြီးစတိုင်လ်ဖြင့် အပေါ်စီးကကြည့်နေသော ဆရာမတဖြစ်လဲ တောသူမကို ဘယ်လိုမှ ကြည့်မရနိုင်တော့ဘဲ ...

"ငါ ပြန်မယ် သာစိန် ..."

"ဟင် ... ဘယ်ကိုပြန်မှာလဲ"

"မြို့ကိုပြန်မယ်၊ ရန်ကုန်ကိုပြန်မယ်၊ ငါ ဒီမှာ လုံးဝ ကျောင်းဆရာ မလုပ်နိုင်တော့ဘူး"

မောင်ကြီးက ခပ်ပြတ်ပြတ်ပြောကာ ကျောင်းမှ ပြန်လှည့်အထွက် ...





"ကျောင်းဆရာက လှလေးကို တော်တော်ကြောက်ရှာတာပဲကိုး ..."

"ဘာ ..."

ခနီးခနဲ့ စကားကြောင့် မောင်ကြီးက တောသူမဘက်သို့ ချာခနဲ ပြန်လှည့်လာကာ မဲ့ရွဲ့ပစ်လိုက်ရင်း ...

"နင့်ကို ငါက ဘာကိစ္စ ကြောက်ရမှာလဲ ..."

တောသူမက မောင်ကြီး စကားကြောင့် နှုတ်ခမ်းပေါ် လက်ညှိုး ကန့်လန့်ဖြတ်တင်လိုက်ရင်း ...

"တိုးတိုးပြောပါ ကျောင်းဆရာ၊ ဆရာတပည့်ဖြစ်လာမယ့် ကလေးတွေ စိတ်ထဲမှာ ငါတို့ဆရာဟာ ဒီလို စကားရိုင်းရိုင်းပြောတတ်တဲ့သူပါလားလို့ မှတ်ယူမသွားစေချင်ဘူး၊ ဟိုမှာကြည့်လိုက်ပါဦး ... ကလေးတွေ ဆရာ့ကို ဝိုင်းကြည့်နေကြတယ်"

မောင်ကြီးက ခုမှပဲ ကလေးတွေရဲ့အကြည့်ကို သတိထားမိသွားကာ လေသံကို နည်းနည်းနှိမ့်လိုက်ရင်း ...

"ဘယ်သူက ဆရာလုပ်မယ်လို့ ပြောနေလို့လဲ ဖွေးတုတ်မရဲ့၊ နင်နဲ့ တစ်ကျောင်းထဲမှာ ဆရာလုပ်ရမယ့်အစား ရွာလယ်ချောင်းထဲကိုပဲ ခုန်ချသေလိုက်တော့မယ်"

မောင်ကြီး၏စကားသံတိုးတိုးက လှလေးရဲ့ဒေါသကို ဆွလိုက်ပါသည်။ လှလေးခင်တို့ကလည်း ကလေးတွေရှေ့မှာမို့ ဣန္ဒြေဆည်ကာ ဒင်းကို ဆရာလို့ခေါ်နေရတာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



လှလေးက သူ့လိုပဲ လေသံကိုနှိမ့်ချပစ်လိုက်ရင်း

"နင် မသေရဲဘဲနဲ့ လျှောက်ပြောမနေနဲ့ဟဲ့ . . .၊ နင့်ကို ငါက ဆရာခေါ်ချင်လို့ ခေါ်နေရတာမထင်နဲ့၊ ကလေးတွေရှေ့မှာမို့လို့ အရှိအသေမတန်အောင် ကောင်းကောင်း ပြောနေရတာဟဲ့ ကျက်သရေတုံးရဲ့ . . ."

ဟု ပြန်ပြောလိုက်ပြီးမှ ပုံမှန်သံဖြင့် . . .

"ဦးချက်ကလည်း လှလေးဆီ ဖုန်းဆက်ထားပါတယ်၊ ဆရာလာရင် မသိတာ မတတ်တာရှိရင် ကောင်းကောင်း သင်ပြပေးလိုက်ပါတဲ့ . . .၊ ဆရာပြန်ရင် သူ့ဆီ ဖုန်းလှမ်းဆက်ပြီး အကြောင်းကြားပေးပါတဲ့၊ သူ့မှာ ဆရာ့ကို ပြန်မလာအောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိထားပါတယ်တဲ့ . . ."

ကြည့်စမ်း . . . တောသူမ။ ငါ့အားနည်းချက်ကို နင်းပြန်ပြီ။

တောသူမက မောင်ကြီးကို စေ့စေ့ကြည့်ကာ ပညာရှိပြုံးမျိုးလေး ပြုံးပြလိုက်ရင်း . . .

"ဒီနေ့တော့ ဆရာကြီးက မြို့မှာ အစည်းအဝေးသွားတက်နေရလို့ ဒီကျောင်းကို ကျွန်မ ခဏ တာဝန်ယူထားရပါတယ် ဆရာ၊ ဆရာက သူငယ်တန်းကို တာဝန်ယူပြီး သင်ဖို့ ဆရာကြီးက မှာထားခဲ့ပါတယ်၊ လောလောဆယ် ဆရာ့ကို မေတ္တာရပ်ခံချင်တာက ဆရာ အိမ်ခဏပြန်





အဝတ်အစားလဲပြီး ဆရာ့ဆံပင်ကို ဆီလိမ်းပြီး သေသေချာချာ နောက်လှန်ဖြီးလာခဲ့ဖို့ပါပဲ . . ."

တောက်။ မောင်ကြီးက စိတ်ထဲမှ ကျိတ်ခဲမရ တက်ခေါက်လိုက်မိသော်လည်း ကိုယ့်ကို မျက်လုံးအပြုံးသားဖြင့် ဝိုင်းကြည့်နေကြသည် ကလေးတွေရှေ့မှာမို့ ဘာမှဆက်ပြောမနေတော့ဘဲ အဝတ်လဲရန် အိမ်ပြန်လာခဲ့ရပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟင် … တစ်လုံးမှလည်း မဝိုင်းကြပါလား၊ ဝလုံးတိုင်း ပိန်လိန်နေကြပါလား …"

မောင်ကြီးသည် သူငယ်တန်း ကလေးတွေ ရေးလာပြသည့် ဝလုံးတွေကိုကြည့်ရင်း စိတ်ဓာတ်ကျသွားရလေသည်။ ဟိုဆရာမ ဒေါ်ဖွေးတုတ် ပြောတာကတော့ အလွယ်လေး။ ကလေးတွေ ဝလုံးရေးတတ်အောင်ပဲ သင်၊ ဘာမှမခက်ဘူးတဲ့၊ အဲ့ဒီလောက်တော့ဖြစ်တယ်မဟုတ်လားတဲ့ …။ ဒီကောင်ကလည်း အိုကေ … သိပ်ဖြစ်ပေါ့၊ ဒါများ ဘာခက်လို့လဲ …။

သို့သော် … ခုတော့ မောင်ကြီးမှာ အခက်ကြီးခက်နေရလေသည်။ ကလေးတွေ ရေးလာသမျှကို ဝိုင်းနိုး ဝိုင်းနိုးနှင့် စောင့်စောင့်ကြည့်သော်လည်း လူသာကုန်သွားရော အဝိုင်းလေး တစ်ဝိုင်းတောင် မတွေ့ရချေ …။ ဝလုံးမှန်သမျှတို့သည် ပိန်လိန်တွန့်ရှုံ့လျက်သာတည်း …။ ဘာ့ကြောင့် ဒီလောက်များ ခက်နေရပါသနည်း။





မောင်ကြီးသည် စိတ်လက်မရှည်ဖြစ်လာကာ မြေဖြူခဲယူပြီး ကျောက်သင်ပုန်းပေါ်မှာ ရေးပြရပြန်သည်။

"ဒီမှာကြည့်လေ … ဒီလိုရေးကြလေ၊ ဝိုင်းဝိုင်းလေးဖြစ်အောင် မရေးတတ်ဘူးလား၊ ဟိုးမိုးပေါ်က လမင်းကြီးလို ဝိုင်းစက်နေအောင် ရေးကြလေ …"

မောင်ကြီးက ပြောတော့ ကလေးတွေကလည်း ကုန်းကုန်း ကုန်းကုန်းနှင့် ရေးကြပြန်သည်။ လာပြကြပြန်သည်။ မဝိုင်းကြပြန်ချေ။

မောင်ကြီးသည် ပြောရလွန်းလို့ အာခေါင်တွေပင် ခြောက်လာကာ မဝိုင်းရကောင်းလားဟု စိတ်တိုကာ ချွေးတွေလည်း ပြန်လာသည်။

"ချရာလေး … ဒီမှာ တား ဝလုံးလေး အမှတ်ခြစ်ပေးပါဦး၊ ရှွတ် … ရှလူး …"

"ဟင် …"

ကလေးတစ်ယောက်က အမှတ်ခြစ်ပေးဖို့ လာပြရင်း နှာခေါင်းဝမှာ ပြူတစ်နေသော နှပ်ချေးကို ရှလူးခနဲ ရှုံ့တင်လိုက်သဖြင့် သူ အံချင်သလို ပျို့ချင်သလို ဖြစ်လာကာ ကျောက်သင်ပုန်းကို ကမန်းကတန်းယူကြည့်လိုက်ရသည်။ ဝလုံးကား လုံးဝ မဝိုင်းတဲ့အပြင် ဖရဲသီးစိတ်ကလေးလို ခပ်ကွေးကွေးလေး ဖြစ်နေသည်။ မောင်ကြီးက စိတ်တိုသွားကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဒါလား ဝလုံး၊ လမင်းကြီးနဲ့ တူပစေလို့ ငါပြောထားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ လမင်းကြီးနဲ့တူအောင် တား ရေးထားတာ"

"တူအောင်ရေးရင် ဝိုင်းရမှာပေါ့၊ မင့်ဟာက အဝိုင်းမှ မဟုတ်ဘဲ ..."

"ညက တား တွေ့တဲ့ လမင်းကြီးကလည်း အဝိုင်းမှ မဟုတ်တာ၊ ဟို ... ဖရဲသီး စိတ်လေးနဲ့ တူတယ်လေ ..."

မောင်ကြီးသည် သေရောကွာ ... ဟု ကိုယ့်နဖူးကိုယ် ပြန်ရိုက်မိသွားသည်။ ညက လသည် လဆုတ်ရက်မို့ အခြမ်းကလေးလောက်သာ မြင်ရလေသည်။ မောင်ကြီးသည် ရယ်လည်း ရယ်ချင် စိတ်လည်းရှုပ်ကာ ...

"ငါပြောတာ လပြည့်ည လမင်းကို ပြောတာကွ၊ သွား သွား ... ပြန်ရေးချည်"

"ဟုတ်ကဲ့ ... ရွှတ် ... ရှလူး ... ဖလူး ... ဗျိုး ... ဗျစ်"

"ဟာ ... ဟာ ... ဟော့ ..."

ကလေးက နှာခေါင်းဝကနေ ထွက်ဖို့ အချက်ပြနေသည့် နှပ်ချေးကို ရှုံ့ကာ ရှုံ့ကာ ထိန်းထားရင်းက မထိန်းနိုင်တော့ဘဲ အတန်းလိုက် ကျလာသော နှပ်ချေးကို မောင်ကြီးရှေ့မှာပင် အင်္ကျီအောက်နားစဖြင့် ဆွဲသုတ်ညှစ်ချပစ်လိုက်သောအခါ





မောင်ကြီးသည် တစ်ချက်ပျို့လာကာ မြန်မြန် မျက်နှာလွှဲလိုက်ရင်း ...

"ဟော့ကောင် ... ဟော့ကောင် ငါ့ရှေ့မှာ နှပ်လာမညှစ်နဲ့၊ သွား ... သွား ... နှပ်ချေးကို အင်္ကျီနဲ့သုတ်စရာလားကွ၊ မင်း လက်ကို ရေသွားဆေးစမ်း ..."

ဟု အော်လိုက်မိသည်။

လှလေးခင်ကတော့ မောင်ကြီးရဲ့ဖြစ်အင်ကို လှမ်းကြည့်ရင်း ပြုံးစိစိဖြင့် တစ်ဖက်သို့လှည့်ကာ မသိချင်ယောင်ဆောင်နေလိုက်သည်။

မောင်ကြီးက လှလေးခင်ထံသို့ ခြေလှမ်းကျဲဖြင့် လျှောက်သွားရင်း ...

"ဒီမှာ ကျောင်းဆရာမ ..."

"ပြော ... ကျောင်းဆရာ"

"ခင်ဗျားပြောတော့ ဝလုံးရေးတတ်အောင် သင်တာ ဘာမှ မခက်ဘူးဆို၊ အခုထိ ခင်ဗျား ကလေးတွေက တစ်လုံးမှ ကို မဝိုင်းသေးပါလား ..."

"ရှင့်သင်နည်းက ဟုတ်မှမဟုတ်တာ ..."

"ဒီလိုမသင်လို့ ဘယ်လိုသင်ရမှာလဲ၊ ပြောရတာလည်း အာပေါက်တော့မယ်၊ နားကိုမဝင်ဘူး ..."

"ရှင့်စိတ်ကို ရှည်ရှည်ထားစမ်းပါ ကျောင်းဆရာ၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကလည်း ဆရာ ဆရာမတွေက ဒီလိုသင်ခဲ့ရတာပဲ၊ ရှင်ကိုယ်တိုင်လည်း ဝလုံးဝိုင်းအောင် ဘယ်လောက်ကြာကြာ သင်ခဲ့ရလဲ၊ ကိုယ်ချင်းစာဦးမှပေါ့ ...”

“ကဲ ... ကျုပ်ကို လာဆုံးမ မနေနဲ့၊ ဘယ်လိုသင်ရမှာလဲသာ ပြော ...”

“သူတို့ လက်ကလေးတွေကို ရှင့်လက်နဲ့အုပ်ကိုင်ပြီး လက်အနေအထားမှန်အောင် ထိန်းပြီး ရှင်နဲ့အတူ ရေးခိုင်းပေါ့၊ အဲ့ဒီလို ခဏခဏ ရေးလိုက်၊ သူတို့ဘာသာ ရေးခိုင်းလိုက် လုပ်ရင် ရေးတတ်လာမှာပေါ့”

မောင်ကြီးသည် မှုန်ကုပ်ကုပ်ဖြင့် လှလေးခင်ရှေ့မှ ပြန်လှည့်လာသည်။ အရေးထဲမှာ ခေါင်းလိမ်းဆီ Gel လိမ်းပြီး နောက်လှန်ဖြီးလာရသည့် ဆံပင်ကလည်း မျက်နှာနား ပြန်ပြုတ်ကျလာတာမို့ သပ်တင်ရသည်။ အမေ ဝယ်ပေးလိုက်သည့် ကျောင်းစိမ်းပုဆိုးကလည်း ကွင်းကျယ်ကြီးမို့ မောင်ကြီး ခန္ဓာကိုယ် ခပ်ပိန်ပိန်နှင့် ဝတ်ရ ပြုရ အဆင်မပြေဘဲ ပုဆိုးကလည်ထွက်နေကာ ခါးပုံစကလည်း ခပ်ကြီးကြီး၊ ပုဆိုးက ခပ်တိုတို၊ ဝတ်နေမကျသဖြင့် ခဏခဏ ပြင်ပြင်ဝတ်ရသေးသည်။ ရာသီဥတုကလည်း အိုက်စပ်စပ်မို့ နေရထိုင်ရ အဆင်မပြေရတဲ့အထဲ ဝလုံးတွေ ဝိုင်းမလာသေးတာကလည်း စိတ်ပျက်ဖွယ်။ ဟိုဘက်အတန်းကနေ ကိုယ့်ကို ထစ်ခနဲရှိ စကားအနိုင်





ယူပြောဖို့ စောင့်နေတဲ့ ဒေါ်လှလေးခင်ကလည်း မျက်မုန်းကျိုးဖွယ်။

မောင်ကြီးသည် ဆံပင်ကိုသပ်ကာ၊ ပုဆိုးကို ပြင်ဝတ်ကာ၊ နဖူးပေါ်က ချွေးသီးချွေးပေါက်တွေကို လက်ဖမိုးဖြင့် ပွတ်ဆွဲသုတ်ပစ်ကာဖြင့် ကလေးတွေနားသို့ ပြန်ရောက်လာသည်။

လက်တွေကို ကိုင်ပြီး ရေးဆိုတော့လည်း ရေးရတော့မှာပေါ့ဟုတွေးကာ ကိုယ်ကိုင်ရမည့် ကလေးတွေရဲ့ လက်တွေကို ကြည့်မိလေသောအခါ ...

မည်းညစ်နေသော လက်ကလေးများ ...

ကြေး(ချိုး) စင်အောင် တွန်းမထားသော လက်ကလေးများ ...

လတ်လတ်ဆတ်ဆတ် နှပ်ချေး သုတ်ထားသော လက်ကလေးများ ...

လက်သည်းထဲမှာ ကြေး(ချိုး)ဝင်နေသော လက်ကလေးများ ...

နှာခေါင်းထဲသို့ စိမ်ပြေနပြေ လက်ညှိုးကလေးဖြင့် ထိုးနှိုက်လျက် နှပ်ချေးဖေး ကလော်နေသော လက်ကလေးများက မောင်ကြီးကို ကြိုစောင့်နေကြလေသည်။

ဒီ ... ဒီလက်တွေကို အုပ်ကိုင်ပြီး သင်ပေးရမတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အေ့ ...။

မောင်ကြီးက တစ်ချက်ပျို့မိ၏။

"ဒီမှာ ကျောင်းဆရာ ..."

နောက်ဘက်မှ လှလေးခင်၏အသံကို ကြားရတာမို့ လှည့်ကြည့်မိတော့ သူမက ဆေးဘူးလေးတစ်ဘူး မောင်ကြီးထံ ကမ်းပေးလာသည်။

"ရော့ ... ဒါယူထား"

"ဒါက ဘာလဲ ..."

"အစာကြေ လေနိုင်ဆေးလေ ... ရှင် အစာမကြေလို့ ခဏခဏ ပျို့နေတာမဟုတ်လား"

"ခင်ဗျားဆေး ခင်ဗျားပြန်ယူသွား၊ ကျုပ်ဗိုက်က အစာမကြေတာမဟုတ်ဘူး၊ စိတ်က အစာမကြေတာ၊ ခင်ဗျားကို အစာမကြေဖြစ်နေတာ ရှင်းလား ..."

မောင်ကြီးက ဘုပြောတာမို့ မောင်ကြီးကို တမင်လာရွဲ့သော လှလေးခင်က ဘာမှဆက်မပြောတော့ဘဲ နောက်ပြန်လှည့်တော့မှ မောင်ကြီးက ခနဲ့ခနဲ့ ပြုံးစိစိဖြင့် သူမကိုစိုက်ကြည့်ရင်း ...

"ဒီမှာ ... ကျောင်းဆရာမ"

"ပြော ... ကျောင်းဆရာ"

"ကျုပ် ... တစ်ချက် နှစ်ချက် ပျို့တာတောင် ခင်ဗျားက





မြင်တယ်ဆိုတော့ မဟုတ်မှလွဲရော ကျောင်းဆရာမက ကျုပ်ကို မျက်တောင်မခတ်တမ်း ငေးကြည့်နေခဲ့တာလား ..."

"ရှင့်ကို ငေးကြည့်စရာ ဘာအကြောင်းမှမရှိဘူး၊ ကလေးတွေကို ရှင်သင်နေတာ စိတ်မချလို့ လှမ်းလှမ်းကြည့်နေရင်း တွေ့တာ ..."

လှလေးခင်က မျက်နှာထားတင်းတင်းနှင့် သူ့အတန်းဘက်သို့ ခပ်မြန်မြန် ပြန်လျှောက်သွားသည်။

မောင်ကြီးမှာတော့ ကိုယ်သင်ရမည့် ကလေးတွေဘက်သို့ ပြန်လှည့်လာကာ ညစ်ပတ်ပေသော လက်ကလေးများထဲမှ သန့်နိုးရာရာ လက်ကလေးတစ်ဖက်ကို ရွေးချယ်ရှာဖွေနေမိသည်။

မကြာခင်မှာပင် အသားဖြူဖြူကလေးတစ်ယောက်ရဲ့ လက်ဖြူဖြူလေးကို ရှာဖွေတွေ့ရှိသွားသည်။ ကလေးတကာရဲ့ လက်ထဲမှာတော့ ဒီကလေးရဲ့ လက်ကလေးက အသန့်ပြန့် အဖြူဖွေးဆုံး ဖြစ်လေသည်။

မောင်ကြီးက ထိုကလေးနားမှာထိုင်ချကာ ကလေးရဲ့ လက်ကလေးကို အုပ်ကိုင်လိုက်ရင်း ...

"ဒီမှာကြည့် ... ဝလုံးလေးကို ဒီလိုလေးရေး ... ဟင် ..."

မောင်ကြီး၏ လက် ရုတ်တရက် ငြိမ်သက်သွားသည်မှာ ချွဲကျိုသော အထိအတွေ့ကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကလေး၊ မင်းလက်က ..."

"ရွှတ် ... ရှီး ..."

"အောင်မလေးဗျာ ..."

ကလေးက နှုတ်နဲ့မပြော ...၊ သူ့နှာခေါင်းကို သူ ပွတ်သုတ်လိုက်ခြင်းဖြင့် သူ့လက်ဟာ နှပ်ပေလက်စပါဟု ပြောပြီးသား ဖြစ်တော့သည်။

မောင်ကြီးသည် အဆက်မပြတ် သုံးလေးချက် ဖျို့ကာဖျို့ကာဖြင့် ကျောင်းရေ့ အုတ်ကန်လေးသို့ပြေးကာ လက်ဆေးရသည်။ အဲဒီနောက်တော့ ဒီနေ့အဖို့ လက်ကိုင်၍ ဝလုံးရေးခြင်းအလုပ်ကို ခဏရပ်နားပစ်လိုက်ရသည်။

နောက်ပြဿနာရဲ့အစမှာ နေ့ခင်း ကျောင်းဆင်းချိန်၌ ဖြစ်ပေါ်လာရလေသည်။

ကျောင်းမှာ မောင်ကြီးတို့ နေ့လယ်စာ စားဖို့အတွက် သာစိန်က ထမင်းချိုင့် လာပို့ပေးသွားသဖြင့် မောင်ကြီးက ကိုယ့်စားပွဲမှာ ထမင်းစားဖို့ ထမင်းချိုင့်ကို ဖြုတ်ချလိုက်ပြီး ဟင်းတွေကို စေ့ငုလိုက်သည်။

ဟင်းတွေဟာ ဘာမှလည်းမဟုတ်၊ ငါးကို ရိုးရိုးကြော်ကာ၊ ကြက်ကို ရိုးရိုးချက်ထားတာပင် ...။ မောင်ကြီး စားနေကျ ငါးရှဉ့်ချဉ် ကြက်ချဉ်စပ် ဘာညာ အထူးအထွေမဟုတ်ဘဲ တောချက်ကြီးမို့ ခံတွင်းမတွေ့မှာ သေချာသော်လည်း ဗိုက်ဟောင်းလောင်း မနေနိုင်တာမို့ စားနေလိုက်ရသည်။





ထိုသို့ စားနေချိန် ...၊ ဘေးဘီသို့ သိပ်ဂရုမပြုမိခင်မှာ မောင်ကြီး၏ စားလက်စ ချိုင့်ထဲသို့ ဟင်းတုံးမျိုးစုံဖိုးခနဲ ဖတ်ခနဲ ကျလာကာ ...

"ဆရာ ... တား ဟင်း စားပါဦး"

"ချရာ ... ဟမီး ဟင်း စားပါနော်"

ဟူသော အသံတွေကို ကြားလိုက်ရလေသည်။ မောင်ကြီး မော့ကြည့်မိတော့ လက်မှာ ဟင်းစတွေ ထမင်းလုံးတွေ ပေရေနေသော၊ နှာခေါင်းဝမှာ နှပ်ချေး၊ ပါးစပ်တစ်ဝိုက်မှာ ထမင်းလုံးတို့ ပေကျံလျက်ရှိသော ကလေးများရဲ့ အပြုံးမျက်နှာ ...။

မောင်ကြီး ငုံ့ကြည့်မိတော့ ကိုယ့်ချိုင့်ထဲမှာ သူတို့ထည့်ထားသည့် ထမင်းလုံး ပေလူးသော ဘဲဥဟင်း၊ အာလူးဟင်း၊ ငါးဟင်း အတုံးအဖတ်များ ...။ ဘုရား ... ဘုရား ...။ မောင်ကြီးသည် လည်ချောင်းဝထိ ဖျို့တက်လာသော တစ်စုံတစ်ရာကို ထိန်းထားရဆဲ ...

"ဆရာ ... စားပါနော် ... စားပါ"

ဟု တညီညီ တိုက်တွန်းချက်ကြောင့် ဟင်းတစ်ဖတ်ကို ကောက်ဝါးပြလိုက်တော့မှ ကလေးတွေက ဘေးသို့ ရဲသွားသည်။

မောင်ကြီးသည် ချက်ချင်းပင် ကျောင်းနောက်သို့ အပြေးသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ့ ...၊ အေ့ ... အမလေး ..."

ဟု အသံဗလံမျိုးစုံထွက်၍ အန်ချနေဆဲ ... နောက်ဘက်မှ မုန်းစရာကောင်းသော အသံတစ်သံ ပေါ်လာသည်။

"အဲ့ဒါကြောင့် အစာကြေဆေး ဆောင်ထားပါလို့ ပြောတာပေါ့ ..."

မောင်ကြီးက လှလေးခင်ကို စိတ်နာလွန်းတာမို့ လှည့်ကိုမကြည့်ဘဲ ကျောင်းထဲသို့ ခပ်မြန်မြန် ပြန်ဝင်လာသည်။

ထိုနေ့ ညနေ ကျောင်းဆင်းတော့ လှလေးခင် အတန်းမှ ကလေးတွေက လှလေးခင်၏ ဆွဲခြင်းကို ဆွဲသူကဆွဲ၊ လှလေးခင်လက်ကို တွဲသူကတွဲနှင့် ရွာလမ်းအတိုင်း လျှောက်သွားကြသည်။

မောင်ကြီး လက်ကိုလည်း ကလေးတွေက လာတွဲတာမို့ မောင်ကြီးက လက်ကို အမြန်ရုန်းထွက်ကာ ဟိုမြှောက် ဒီမြှောက်လုပ်ပြရင်း ...

"ဒီမှာ ... ဒီမှာကြည့်၊ ဆရာတို့ မြို့က စတိတ်ရှိုးတွေမှာ အဆိုတော်တွေက စင်ပေါ်က သီချင်းဆိုရင် အောက်က ပရိသတ်တွေက လက်ကို ဒီလိုမြှောက်ယမ်းပြီး အားပေးတာကွ၊ မင်းတို့လည်း လုပ်ကြည့်၊ ဒီလို ... ဒီလို၊ မင်းတို့ လက်တွေ လေထဲကို မြှောက်ထားလိုက် ..."

သူက လက်နှစ်ဖက်လုံးကို မြှောက်ကာ ယိမ်းကာ





နမူနာလုပ်ပြတာမို့ ကလေးတွေကလည်း သူ့လိုလိုက်လုပ်ကြကာ ထိုနေ့အဖို့ နှပ်ချေးပေ လက်များဆီမှ လွတ်မြောက်ခွင့်ရလာပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

✻ ✻ ✻

"ကဲ... ကဲ... လာကြ... လာကြ၊ ဆပ်ပြာလေးက မွှေးနေတာနော်၊ ဒီဆပ်ပြာက ဈေးကြီးတယ်၊ ဒီဆပ်ပြာနဲ့ လက်ကို စင်စင်ဆေးပြီး စာရေးရင် ဝလုံးလေးတွေ ဝိုင်းလာမယ်"

ညကမှ အကြံကောင်းတစ်ချက် စဉ်းစားလိုက်မိသော မောင်ကြီးသည် ဒီနေ့မနက်မှာ ဆပ်ပြာမွှေးတစ်တုံးနှင့် လက်သုတ်ဝတ်ကြီးကြီး တစ်ထည် ယူလာကာ ကျောင်းရှေ့ ရေကန်ပေါင်ပေါ်မှာ တင်ထားလိုက်ပြီး ကလေးတွေအားလုံးကို လက်လာဆေးဖို့ စတင်ဆွဲဆောင်လိုက်လေသည်။

ကလေးတွေကလည်း မောင်ကြီး စကားကို နားထောင်ကြသည်။ ရေကန်လေးနားမှာ စုပြုံတိုးဝှေ့နေကြတာမို့ မောင်ကြီးက စည်းကမ်းတကျဖြစ်အောင် ကြပ်မတ်နေရသည်။

"မတိုးကြနဲ့နော်... တန်းစီကြ၊ တစ်ယောက်ပြီးမှ တစ်ယောက် ဆေးကြပါ၊ စင်စင်လေးဆေးပြီး လက်ကို





သေချာခြောက်အောင်သုတ်ကြပါ၊ ပြီးရင် လက်သည်းညှပ်မယ်၊ သာစိန့်ရှေ့မှာ ပြန်တန်းစီပါ"

လက်ဆေးပြီးသွားသော ကလေးတွေကို လက်သည်းညှပ်ဖို့အတွက် သာစိန်က ကျောင်းရှေ့မှာ ခုံတစ်လုံးပေါ်ထိုင်၊ လက်သည်းညှပ်ကိုင်ပြီး စောင့်ကြိုနေရသည်။ သာစိန့်မျက်နှာကား တယ်ပြီး မကြည်လှ...။ 'ဒါ ငါ့ ဝေယျာဝစ္စမဟုတ်ဘူးကွ၊ မင်းတို့ဆရာက ကလေးတွေရဲ့ ဝေယျာဝစ္စ'ဟု မောင်ကြီးက ဖျောင်းဖျထားသဖြင့်သာ ဤတာဝန်ကို ထမ်းဆောင်ပေးရခြင်း ဖြစ်လေသည်။

မောင်ကြီးသည် ထိုနည်းလမ်းများဖြင့် ကလေးတွေရဲ့ လက်ကို သန့်ရှင်းပေးပြီးမှ ထိုလက်ကလေးတွေကို အုပ်ကိုင်ကာ ဝလုံးအတူရေးပြ သင်ကြားနိုင်လေသည်။

နေ့ခင်း ကျောင်းဆင်းချိန်သို့ ရောက်သောအခါ မောင်ကြီးက...

"ကလေးတွေ... ဆရာ ဒီနေ့ကစပြီး သက်သတ်လွတ်စားတယ်၊ မင်းတို့ဟင်းတွေ လာမထည့်ကြနဲ့၊ အသားဟင်း မဟုတ်လည်း မင်းတို့ဟင်းထဲမှာ ငံပြာရည်ပါတော့ သက်သတ်မလွတ်ဘူး၊ ဆရာ စားလို့မရဘူး..."

ဟု ပြောလိုက်တာမို့ ကလေးတွေက ဟင်းလာမထည့်ကြတော့...။ မောင်ကြီးလည်း စိတ်ဖြောင့်လက်ဖြောင့် စားခွင့်ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက သာစိန့်အဘွား ချက်ထည့်ပေးလိုက်သော ဝက်သားဟင်းဖြင့် စားနေဆဲ လှလေးခင် တိတ်တဆိတ် အနားကပ်လာကာ ထမင်းချိုင့်ထဲ ငုံ့ကြည့်လိုက်ရင်း ...

"ကျောင်းဆရာ ... သက်သတ်လွတ် စားတယ်ဆို၊ ဝက်သားတုံးကြီး အဆီတဝင်းဝင်းနဲ့ပါလား"

"ကျုပ်ဘာသာ ဘာနဲ့စားစား ကျောင်းဆရာမ အပူပါသလား ..."

"ကလေးတွေကို လိမ်ညာပြောတာတော့ မကောင်းဘူးပေါ့ ကျောင်းဆရာရယ် ..."

"ကျုပ် ထမင်းဖြောင့်ဖြောင့် စားပါရစေ ..."

"အဟင်း ... ဟင်၊ စားပါ ... စားပါ"

လှလေးခင်က ခနိုးခနဲလေးပြောကာ မောင်ကြီးရဲ့ စားပွဲနားမှ ပြန်လှည့်ထွက်သွားသည်။

မောင်ကြီးကတော့ လှလေးခင် ကိုယ့်ကို ဘယ်လိုပဲ ချောင်ပိတ်ရိုက်ရိုက် ကိုယ့်ဘာသာ ထွက်ပေါက်ကလေးတွေ ရှာဖွေကာ ရုန်းထွက်နိုင်သည့် အရည်အချင်းမျိုး ကိုယ့်မှာရှိတာ သေချာတာမို့ လှလေးခင်ကို သိပ်ပြီး ကြောက်မနေတော့ပါ။ ကြွယ်ဝချမ်းသာလှတဲ့ အဖေ့ရဲ့ အမွေဖြတ်တာကို ခံရမှာကလွဲရင် တခြားကိစ္စတွေဟာ ဘာမှအရေးမကြီးတာမို့ လောလောဆယ်တော့ ဒီရွာမှာပဲ ပျော်သလို ကြည့်နေတော့မည်ဟု ဆုံးဖြတ်ထားပါသည်။





နောက်နေ့တွေမှာလည်း မောင်ကြီးက ကိုယ့်အတန်းက ကလေးတွေကို ကိုယ်လိုချင်သည့် ပုံစံမျိုးဖြစ်အောင် တဖြည်းဖြည်း ပုံသွင်းယူဖို့ ကြိုးစားရပါသည်။

တစ်နေ့မှာ မောင်ကြီးက ရွာရဲ့ တစ်ဦးတည်းသော ဆံသဆရာကို ကျောင်းသို့ခေါ်လာပြီး ကလေးတွေကို ဆံပင်ညှပ်စေလိုက်သည်။ အဲ့ဒီအတွက် ကုန်ကျမည့် ပိုက်ဆံကိုတော့ ကိုယ့်အိတ်ထဲမှ စိုက်ရပါသည်။ တကယ်တော့ လက်ရှိအခြေအနေမှာ မောင်ကြီး ဘဝကလည်း ချောင်ချောင်လည်လည် မရှိလှပါ။ အမေ လက်သိပ်ထိုး၍ ထည့်ပေးလိုက်သည့် ပိုက်ဆံလေး သုံးသောင်းကို ခြစ်ခြုပ်သုံးရသည့် ဘဝအခြေသို့ ဆိုက်ရောက်နေသည်။ လခထုတ်မှပဲ ကိုယ့်တစ်နေ့စာ မုန့်ဖိုးလောက်သာရှိသည့် လခလေး သုံးသောင်းကို တစ်လလုံး လောက်အောင် သုံးစွဲရတော့မှာပင် ...။ ထမင်းကိုတော့ သာစိန့် အဘွားအိမ်က ကျွေးပေလို့သာ တော်ပါသေးရဲ့ဟု ဆိုရမှာပင် ...။ မောင်ကြီးသည် ခုမှပဲ ဘဝ စ,နာသည်ဟု ဆိုရလေမလား ...။

သူက အလွန် အသန့်အပြန့်ကြိုက်သူမို့ သူစာသင်ရသည့် ကလေးတွေကိုလည်း သန့်သန့်ပြန့်ပြန့်လေးမှ သင်ချင်စိတ်ရှိလာမှာမို့ လောလောဆယ်တော့ သန့်ရှင်းရေးကိစ္စအတွက် ငွေကုန်ကြေးကျ များနေရသည်။

အင်မတန် အေးဆေးလှသော ကျောင်းအုပ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဦးဘဖေကတော့ စာသင်စရာရှိတာ သင်ပြီး အားရင် ဘုရားစာရွတ်၊ ပုတီးတခြောက်ခြောက် စိတ်နေတတ်သူမျိုး ...။ လှလေးခင် တစ်ယောက်သာ နေရာတကာ စပ်စပ် စပ်စပ်ပါကာ အတန်းတကာက ကလေးတွေကို အော်ဟယ် ငေါက်ဟယ်၊ ဆုံးမဟယ် ...။

ဆရာကြီးက မောင်ကြီး၏ လုပ်ဆောင်ချက်တွေကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ...

"ဆရာလေး ... ခုလိုလုပ်တာ ကောင်းတယ်၊ ဆက်လုပ် ဆက်လုပ် ..."

ဟု အားပေးသွားပါသည်။

ရွာကျောင်းမှာ ထူးဆန်းအံ့ဩဖွယ်ရာ ကိစ္စတွေ မကြာခဏ ကြုံတွေ့ရလေ့ရှိပါသည်။

ကျောင်းလာတက်သည့် ကျောင်းသားတချို့ဟာ သူတို့ရဲ့ ပုလုကွေး မောင် ညီမလေးတွေကို ခါးထစ်ခွင်ကာ၊ လက်ဆွဲကာ ထိန်းကျောင်းရင်း ကျောင်းကို ခေါ်လာကြတာမို့ မူလတန်းကျောင်းက မူလကျောင်း ပီပီသသမဖြစ်ရဘဲ မူကြို ကျောင်းသဖွယ်ဖြစ်ကာ ကလေးငိုသံတွေ ကျွတ်ကျွတ်ညံနေတတ်ပါသည်။

မောင်ကြီးသည် တစ်နေ့ တစ်နေ့ နားတွေလည်းငြီး၊ စိတ်တွေလည်းတို၊ အာရုံတွေနောက်ပြီး ရှုးချင်လာရကာ ...

"ဟော့ ... ကလေးငိုသံတွေနဲ့ ဘယ်လို စာသင်ရမလဲ၊





သွား ... သွား ... မင်းတို့ ညီတွေ ညီမတွေ အိမ်ပြန်ပို့လိုက်၊ နောက်နေ့လည်း ခေါ်မလာနဲ့ ..."

ဟု အော်ငေါက်လိုက်တာမို့ လှလေးခင်က အနားရောက်လာကာ ...

"ဒီမှာ ကျောင်းဆရာ ... အဲဒီ ကလေးတွေကို ကျောင်းကို ခေါ်မလာရင် သူတို့ ကျောင်းလာတက်လို့မရဘူးဆိုတာ ရှင် မသိဘူးလား"

မောင်ကြီးက နားမလည်စွာ မျက်မှောင်ကြုတ်လိုက်ရင်း ...

"ဘာဖြစ်လို့လဲ ..."

"ရှင့်ဘဝက မွေးကတည်းက အချီတော် အချော့တော်တွေနဲ့ နေလာရတာဆိုတော့ ဒါမျိုးကို ဘယ်နားလည်ပါ့မလဲ၊ သူတို့အိမ်မှာက အမေရော အဖေပါ အလုပ်သွားရင် ကျန်ခဲ့တဲ့ ကလေးပိစိကွေးတွေကို သူတို့ပဲ ထိန်းရတာ၊ ကျောင်းကိုခေါ်မလာရင် သူတို့ ကျောင်းမတက်ဘဲ အိမ်မှာ ကလေးထိန်းနေရုံပဲ ..."

"သူတို့ မိဘတွေအလုပ်ကို ခေါ်သွားပေါ့ဗျာ၊ ဒီမှာ နားငြီးလို့ သေတော့မယ်၊ စာကလည်း အော်သင်ရသေး၊ ဟိုကလေးက အော်ငိုလိုက်၊ ဒီကလေးက ဖြောင်းဆန်အောင် ဆော့လိုက်နဲ့ ရှုပ်နေတာပဲ၊ ကဲ ... ကဲ ... သွားကြ၊ ပြန်ပို့ကြ ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက ဖွတ်ပင်ပြန်ပို့ခိုင်းလိုက်တာမို့ လှလေးခင်က မောင်ကြီးကို ခပ်ချဉ်ချဉ် တစ်ချက်ကြည့်ကာ လှည့်ထွက်သွားသည်။ ကလေးပိစိကွေးတွေ ပြန်သွားတော့မှ မောင်ကြီးလည်း နားအေးပါးအေး နေခွင့်ရသွားသည်။

သို့သော် ... နောက်တစ်နေ့မှာ မောင်ကြီးအတန်းမှာ ကျောင်းသား တစ်ဝက်လောက် ကျောင်းမလာ ...။ လှလေးခင်က မောင်ကြီးကို 'ငါမပြောဘူးလား' ဟု မပြောရုံတမည် လှမ်းကြည့်သည်။

နေ့လယ်ခင်းကျတော့ လှလေးခင်က ကိုင်နေကျ ကြိမ်လုံးလေး တယမ်းယမ်းနှင့် မောင်ကြီးနားသို့ ရောက်လာကာ

"ကဲ ... လိုက်ခဲ့"

ဟု ကြိမ်လုံးလေး တစ်ချက်ယမ်းပြရင်း ခေါ်လိုက်သည်။ မောင်ကြီးက စိတ်တိုသွားကာ လေသံမာမာဖြင့် ...

"ဘယ်ကိုလဲ ..."

"ကျောင်းမတက်တဲ့ ကလေးတွေကို လိုက်ခေါ်ရမယ်၊ ခေါ်မရရင် သူတို့ရှိတဲ့နေရာမှာ စာလိုက်သင်ရမယ်"

"ကျုပ် မလိုက်ချင်ဘူး၊ ခင်ဗျားနဲ့ဆို ပိုပြီး မလိုက်ချင်ဘူး"

"မလိုက်ချင်လို့ မရဘူး၊ ဒါ ဆရာကြီး ပေးလိုက်တဲ့ တာဝန်ပဲ ..."





ဆရာကြီးကိုတော့ အားနာရတာမို့ မောင်ကြီးက လှလေးခင်နောက်သို့ လိုက်လာခဲ့ရပါသည်။

ကျောင်းသားတွေ အိမ်ရောက်တော့ လှလေးခင်ပြောသလိုပင် အရွယ်နဲ့မမျှအောင် အိမ်မှုကိစ္စတွေလုပ်ရင်း ကလေးထိန်းနေရသော ကလေးတွေကို တွေ့ရသည်။ မောင်ကြီးနည်းနည်းတော့ စိတ်မကောင်းဖြစ်မိသွားပါသည်။

လှလေးခင်က ကလေးတွေကို ချော့မော့ပြောသည်။

"သား ... မနက်ဖြန် ကျောင်းလာတက်နော်၊ သားညီလေးပါ ခေါ်ခဲ့ ဟုတ်လား ..."

ကလေးက လှလေးခင် စကားကို နားထောင်နေရင်းက မောင်ကြီးကို မဝံ့မရဲ လှမ်းကြည့်သည်။

"ကျောင်းဆရာ ... ကလေးက ရှင့်ကိုကြောက်နေတာ၊ ပြောလိုက်ဦး ... ခေါ်လာခဲ့လို့"

မောင်ကြီးက သက်ပြင်းချကာ ...

"ခေါ်လာခဲ့ကွာ ... ခေါ်လာခဲ့"

ဟု ပြောမှ ကလေးက တက်တက်ကြွကြွ ခေါင်းညိတ်ပြသည်။ လှလေးခင်က ကလေးကို အိမ်စာတချို့ ပေးလိုက်သည်။

ကလေးတွေအိမ်က ပြန်လာတော့ မောင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရွာလမ်းကျဉ်းကျဉ်းမှာ လှလေးခင်နှင့်အတူ ခပ်ခွာခွာလျှောက်လာရင်း လှလေးခင်ကို မကြာခဏ ငဲ့ကြည့်မိပါသည်။

ခုလိုကျတော့လည်း တောသူမရုပ်က ဂျစ်ကန်ကန် မဟုတ်တော့ဘဲ ဆရာမပီပီသသပုံပေါက်သား။ ဆရာမဝတ်စုံကြောင့်လားတော့ မသိ ... သိမ်မွေ့သည့် ပုံစံမျိုးလေးတော့ ပေါ်နေသည်။ မျက်ခုံးမွေးထူထူထင်းထင်းပေါ်မှာ သနပ်ခါးတွေ တင်နေတာကို သူမစတိုင်လ်ပဲလားတော့ မသိ ...၊ အဲ့ဒီ သနပ်ခါးတွေကို မြင်တိုင်း မောင်ကြီးစိတ်ထဲမှာ အမြင်မတော်သလို ဖြစ်လာတတ်ပြီး လက်သည်းဖြင့် သွားခြစ်ချလိုက်ချင်စိတ် ပေါ်လာတတ်ပါသည်။

မောင်ကြီးကြည့်မိနေဆဲမှာ လှလေးခင်က မောင်ကြီးဘက်သို့ လှည့်ကြည့်လာသည်။ အကြည့်ချင်းဆုံတော့ မောင်ကြီးက မဲ့ပြုံးပြီး တစ်ဖက်သို့ လှည့်သွားသည်။ လှလေးကလည်း အပြိုင်မဲ့ပြကာ တစ်ဖက်သို့ လှည့်လိုက်သည်။

အဲ့ဒီကောင် ... အဲလေ ... ခုတော့ ကျောင်းဆရာပေါ့။ အဲ့ဒီ ... မောင်မောင်ကြီးဆိုတဲ့ ကျောင်းဆရာလက်သစ်လေးဟာ တော်တော်မုန်းဖို့ကောင်းပြီး တော်တော်လည်း ရယ်စရာ ကောင်းပါသည်။

ရန်ကုန်မှာကတည်းက သူက လှလေးခင်ကို အမျိုးမျိုး ချောက်ချခဲ့ရုံမက လှလေးကို ကားတွန်းခိုင်းခဲ့တာတွေ၊ လှလေးပုံတွေကို facebook မှာ တင်ခဲ့တာတွေကြောင့် လှလေး





ပြန်ခါနီးမှာ တိုင်စာတစ်စောင် ပြောင်ပြောင် မြောက်မြောက် ရေးပြီး ဦးချက်ကို ပေးခဲ့ရတာပင် ...။

ဒင်းကို ဒဏ်ခတ်တဲ့အနေနဲ့ ဦးချက်က သူ့သားကို လှလေးတို့ရွာသို့ ပို့ခဲ့ပြန်ရာ လှလေးမှာ သူနဲ့မတွေ့ချင်လည်း တွေ့ရကာ သူ့ရဲ့ ကမောက်ကမနိုင်ပုံတွေကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါသည်။

ကျောင်းကိုလာပြီဆို ပုဆိုးတိုတိုနှင့် ဆတ်တောက်ဆတ်တောက် လမ်းလျှောက်လာရင်း သူ့ဆံပင် ကြက်အမောက်ကေက ပြုတ်ကျလာလိုက်၊ ပြန်သပ်တင်လိုက် ...။ လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ ကလေးတွေကြားထဲက ကလေးတစ်ယောက်လိုပုံစံမျိုး ဖြစ်နေတတ်တာမို့ လှလေးက အမြင်ကတ်ရင်းနဲ့ပဲ ကျိတ်ရယ်ရတတ်သည်။ ဒင်းနဲ့လည်း ဘယ်လိုရေစက်လည်းမသိ၊ 'မကြည့်ချင် မြင်ရက်သား' ဖြစ်နေရတာပင်။

မောင်ကြီးဟာ ဘဝင်မြင့် အောက်ခြေလွတ်သည့် လူတန်းစားမျိုးဖြစ်ပေမယ့် ကလေးတွေအပေါ် စေတနာ ဆိုးဆိုးဝါးဝါး မရှိ၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းမရှိ၊ စိတ်ညစ်သော်လည်း အောင့်အည်းသည်းခံနေရင်း သူလည်း အဆင်ပြေ၊ ကလေးတွေလည်း အဆင်ပြေအောင်လုပ်ဆောင်နေသည့်အတွက် အမှတ်တစ်မှတ်လောက်တော့ ပေးမိပါသည်။

မောင်ကြီးက မျက်နှာလွှဲလိုက်ပြီးမှ လှလေးခင်ကို တစ်ဖန်ပြန်လှည့်ကြည့်လာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျောင်းဆရာမ ..."

"ဘာတုန်း ..."

"တောသူမလို့ မပြောရဘူး၊ ထူးပုံကိုက ..."

"သူများနဲ့ဆိုရင်တော့ ကောင်းကောင်းထူးပါတယ်၊ ရှင်နဲ့ဆိုရင်သာ အဲ့ဒီလိုပဲ ထူးချင်တာ ..."

"ကျုပ်တစ်ယောက်တည်းကိုမှ အထူးပြုပြီး ထူးတာဆိုပါတော့ ..."

"ဒါပေါ့ ..."

"ဒါဆို ... ကျုပ်က ခင်ဗျားရဲ့ စပါယ်ရှယ်ဝမ်းလား ..."

"မုန်းတဲ့ နေရာမှာတော့ စပါယ်ရှယ်ဝမ်းပဲ ..."

"ခင်ဗျားကတော့ ကျုပ်အပေါ် မရိုးတော့ဘူး ..."

"ဘာ ..."

"အလကားနေရင်း မုန်းတယ် မုန်းတယ် ဖြစ်နေတတ်တဲ့ သူတွေဟာ တစ်နေ့ကျ သူတို့မုန်းတဲ့သူတွေကို ချစ်ချစ်သွားတာ တွေ့ဖူးလို့ပါ ..."

"သူများတွေတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ လှလေးခင်တို့ကတော့ အဲဒါမျိုး ဘယ်တော့မှမဖြစ်ဘူး၊ အလကားနေရင်းလည်း မမုန်းတတ်ဘူး၊ မုန်းဖို့ အကြိုးအကြောင်းနိုင်လုံလို့ မုန်းတာ ..."

"ချစ်ဖို့ အကြိုးအကြောင်းနိုင်လုံရင်ကော ချစ်မှာလား"





"မောင်ကြီး ... နင် ငါ့ကို ရိသဲ့သဲ့ပြောနေတာလား၊ ကိစ္စရှိလို့သာ ကျောင်းပြင်ထွက်လာပေမယ့် ဒါ အလုပ်အချိန်ဟဲ့ ..."

"အလုပ်အချိန်ဆိုရင်လည်း နင်တွေ ငါတွေ ဟဲ့တွေ သုံးမနေနဲ့ပေါ့ ကျောင်းဆရာမရယ်၊ ဆရာ ဆရာမအချင်းချင်း ယဉ်ယဉ်ကျေးကျေး ဆက်ဆံမှပေါ့"

"တောက် ..."

"ကျောင်းဆရာမဖြစ်ပြီး တောက်ခေါက်ရသလား ..."

လှလေးခင်က မောင်ကြီးကို မျက်လုံးပြူး၍ကြည့်လိုက်ပြီးမှ ဒေါသကိုထိန်းကာ တစ်ဖက်သို့ ပြန်လှည့်သွားသည်။ မောင်ကြီးက တစ်ချက်ရယ်လိုက်ရင်း ...

"ကျောင်းဆရာမနဲ့ ကျွန်တော်လည်း ခဏခဏ ရန်ဖြစ်ခဲ့ရလို့လား မသိဘူး၊ တော်တော်တောင် ရင်းနှီးနေပြီနော်"

"နင့်ဘာသာ ရင်းနှီးချင်ရင်းနှီး မရင်းနှီးချင်နေ၊ ငါ့စိတ်ထဲမှာ လုံးဝ မရင်းနှီးဘူး"

"ဟော ... နင်တွေ ငါတွေ ပြောပြန်ပြီ၊ 'နင် ငါ' ပြောတာကိုက ရင်းနှီးတဲ့သဘောကို ဆောင်နေတာပဲ"

"ရှင့်ပါးစပ်ကို ပိတ်ထားရင်ကောင်းမယ် ကျောင်းဆရာ"

"ဆရာမကို မေးစရာ တစ်ခုရှိလို့ မပိတ်ပါရစေနဲ့ဦး၊ ဆရာမက ဒီရွာမှာပဲ ဒီလို ကျောင်းဆရာမအလုပ်ကို အမြဲလုပ်သွားမှာလား ..."



www.burmeseclassic.com

www.burmeseclassic.com



လှလေးခင်က ဖြေချင်သလို မဖြေချင်သလို မျက်နှာစူပုပ်ပုပ်လေးနှင့် မောင်ကြီးကို ကြည့်လိုက်ပြီးမှ ...

"လှလေးက ဆယ်တန်း အောင်ပြီးသား၊ တက္ကသိုလ်မတက်ခင် ခဏလုပ်အားပေးနေတာ"

လှလေး၏ မော်ကြွားကြွားပုံစံဖြင့် ခေါင်းမော့မျက်ကြောစင်းကာ ဖြေလိုက်ပုံက အမြင်ကတ်စရာ...။ သို့သော် နည်းနည်းတော့လည်း ချစ်စရာ။ မောင်ကြီးက လှလေးခင်ကို စ,ချင်လာကာ ...

"ခင်ဗျားကို ရွာကျောင်းမှာ ကျောင်းဆရာမအဖြစ် မြင်လိုက်ရတော့ ကျွန်တော် အရမ်းအံ့သြသွားတာ၊ ကျွန်တော်က ခင်ဗျား ရွာပြန်ပြီး ကောက်စိုက်နေတယ်ပဲ အောက်မေ့တာ ..."

"ဘာ ..."

"ဪ ... ခင်ဗျား စတိုင်လ်က ဖွေးတုတ်စတိုင်လ်နဲ့ ဆိုတော့ ကောက်စိုက်တဲ့အလုပ်နဲ့ဆို အရမ်းလိုက်ဖက်ညီနေလို့ပါ"

"မောင်ကြီး ... နင် ငါ့ကို ရန်မစနဲ့ဟဲ့"

"ဆရာမကလည်း ဒေါသကိုလျော့မှပေါ့၊ တော်ကြာ ကလေးတွေမြင်ရင် မရိုသေဘဲ နေဦးမယ်"

"ကလေးတွေက နင့်အကြောင်းသိရင် နင့်ကိုပဲ မရိုသေကြမှာ၊ ငါက ငါ့သဘောနဲ့ငါ ဝင်လုပ်နေတဲ့ စေတနာ





ဆရာမ၊ နင်က နင့်အဖေ လက်စင်ပေးလိုက်လို့ ရောက်လာတဲ့ မရေမရာ ဆရာ ..."

"ဟော ... မိုးရွာလာပြီ ..."

ရုတ်တရက် မိုးက ခပ်ဖွဲဖွဲရွာလာရာကနေ သဲသဲမဲမဲ ရွာချလိုက်တာမို့ မောင်ကြီးရော လှလေးပါ နီးစပ်ရာ ဈေးဆိုင်လေးထဲသို့ ပြေးဝင်လာခဲ့ပါသည်။

ဆိုင်လေးက မနက်ပိုင်း မုန့်ဟင်းခါးရောင်းသည့် ဆိုင်လေးပင် ...။ ခပ်သေးသေး ဆိုင်လေးကို ဝါးကြမ်းခင်း ခင်းပြီး ဓနိမိုးထားကာ အကာအရံတော့ မပါ။ မောင်ကြီးတို့ နှစ်ယောက်က ဆိုင်ရဲ့တစ်ဖက်စွန်းစီမှာ ခပ်ခွာခွာလေး ဝင်ထိုင်လိုက်ကြပေမယ့် နှစ်ဖက်စလုံး မိုးရေပက်စင်ခြင်း ခံနေရတာမို့ မောင်ကြီးက အတွင်းဘက်သို့ ရွှေ့ထိုင်လိုက်သည်။ လှလေးကလည်း မောင်ကြီးဘက်သို့ လှည့်မကြည့်ဘဲ ထိုင်နေရာက မိုးပက်လာသဖြင့် အတွင်းဘက်သို့ ရွှေ့ထိုင်လိုက်သည်။

နှစ်ယောက်လုံးက မိုးပက်လာတိုင်း အမှတ်တမဲ့ နည်းနည်းစီ အတွင်းဘက်သို့ တိုးတိုးထိုင်ကြရင်း ပခုံးချင်းထိမိတော့မှ ဖြုန်းခနဲ လူချင်းခွာကာ တစ်ဖက်စွန်းစီမှာ ပြန်ထိုင်လိုက်ကြရပါသည်။ ပြီးတော့ ... ပြိုင်တူလိုလို ...

"မိုးကလည်း တိတ်ပဲမတိတ်နိုင်တော့ဘူး"

ဟု ပြောမိပြီးမှ တစ်ယောက်ကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးကြည့်ကာ မျက်နှာကို ဆန့်ကျင်ဘက်သို့ လှည့်ထားလိုက်ကြပါသည်။

မိုးကမစဲနိုင်ဘဲ အုန်းအုန်းသဲသဲရွာနေဆဲမှာ ရွာလမ်းအတိုင်း လျှောက်လာသည့် ကောက်စိုက်မ တစ်သိုက်ကို လှမ်းတွေ့လိုက်ကြရပါသည်။

ကောက်စိုက်မတွေက ခါးကိုင်း၍ ကောက်စိုက်တဲ့အခါ ခေါင်းရော ကျောပါလုံအောင် ဆောင်းရသည့် 'ပလီမ'ဟု ခေါ်သော နှီးခမောက်လို အုပ်ဆောင်းရှည်တွေကို ဆောင်းလာကြသည်။ သူတို့ က လှလေးတို့ကိုမြင်သွားကာ လှလေးတို့ထံ ပြေးလာလိုက်ကြပြီး ...

"ဆရာလေးနဲ့ ဆရာမလေး မိုးမိနေကြတာလား၊ ရော့ရော့... ဒီမှာ ကျွန်မတို့ ပလီမ ယူဆောင်းသွားပါ၊ ကျွန်မတို့က စိုလက်စ အရေးမကြီးဘူး၊ ရော့ပါ ... ယူပါ"

ဟု ပေးနေကြတာမို့ လှလေးရော မောင်ကြီးပါ ကျေးဇူးတင်ကြောင်းပြောပြီး တစ်ခုစီ လှမ်းယူလိုက်ကြသည်။

မောင်ကြီးက အဆောင်းရှည်ကြီးကို အပြန်ပြန် အလှန်လှန် ကြည့်ကာ...

"ဘာကြီးလဲ ... ထီးလည်းမကျ ခမောက်လည်း မက"

"အဲ့ဒါ ပလီမလို့ ခေါ်တယ်၊ မှတ်ထား ..."

လှလေးက ပြောပြောဆိုဆို ပလီမကို ခေါင်းပေါ် ဆွဲ၍ ဆောင်းလိုက်ပြီး မိုးရေထဲသို့ လှမ်းထွက်လိုက်တာမို့





မောင်ကြီးလည်း လှလေးဆောင်းသလို ခပ်မြန်မြန်ဆောင်းကာ မိုးရေထဲသို့ ထွက်လိုက်လာသည်။

မိုးက သဲသဲမဲမဲ ရွာချနေသည်။

မိုးရေထဲမှာ လှလေးနှင့် မောင်ကြီးက ပလီမ တစ်ခုစီဆောင်းလျက် ရွာကျောင်းလေးဆီသို့ အပြေးကလေး လှမ်းလာနေခဲ့ကြသည်။ ပြီးတော့ ... တစ်ယောက်ကိုတစ်ယောက် မိုးရေတွေကြားမှ လှမ်း၍ကြည့်ရင်း ခဏလေး ဒေါသပြေပျောက်ကာ ရယ်မောမိကြလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးကြည့်ကာ မျက်နှာကို ဆန့်ကျင်ဘက်သို့ လှည့်ထားလိုက်ကြပါသည်။

မိုးကမစဲနိုင်ဘဲ အုန်းအုန်းသဲသဲရွာနေဆဲမှာ ရွာလမ်းအတိုင်း လျှောက်လာသည့် ကောက်စိုက်မ တစ်သိုက်ကို လှမ်းတွေ့လိုက်ကြရပါသည်။

ကောက်စိုက်မတွေက ခါးကိုင်း၍ ကောက်စိုက်တဲ့အခါ ခေါင်းရော ကျောပါလုံအောင် ဆောင်းရသည့် 'ပလီမ'ဟု ခေါ်သော နှီးခမောက်လို အုပ်ဆောင်းရှည်တွေကို ဆောင်းလာကြသည်။ သူတို့ က လှလေးတို့ကိုမြင်သွားကာ လှလေးတို့ထံ ပြေးလာလိုက်ကြပြီး ...

"ဆရာလေးနဲ့ ဆရာမလေး မိုးမိနေကြတာလား၊ ရော့ရော့... ဒီမှာ ကျွန်မတို့ ပလီမ ယူဆောင်းသွားပါ၊ ကျွန်မတို့က စိုလက်စ အရေးမကြီးဘူး၊ ရော့ပါ ... ယူပါ"

ဟု ပေးနေကြတာမို့ လှလေးရော မောင်ကြီးပါ ကျေးဇူးတင်ကြောင်းပြောပြီး တစ်ခုစီ လှမ်းယူလိုက်ကြသည်။

မောင်ကြီးက အဆောင်းရှည်ကြီးကို အပြန်ပြန်အလှန်လှန် ကြည့်ကာ...

"ဘာကြီးလဲ ... ထီးလည်းမကျ ခမောက်လည်း မက"

"အဲ့ဒါ ပလီမလို့ ခေါ်တယ်၊ မှတ်ထား ..."

လှလေးက ပြောပြောဆိုဆို ပလီမကို ခေါင်းပေါ်ဆွဲ၍ ဆောင်းလိုက်ပြီး မိုးရေထဲသို့ လှမ်းထွက်လိုက်တာမို့





မောင်ကြီးလည်း လှလေးဆောင်းသလို ခပ်မြန်မြန်ဆောင်းကာ မိုးရေထဲသို့ ထွက်လိုက်လာသည်။

မိုးက သဲသဲမဲမဲ ရွာချနေသည်။

မိုးရေထဲမှာ လှလေးနှင့် မောင်ကြီးက ပလီမ တစ်ခုစီဆောင်းလျက် ရွာကျောင်းလေးဆီသို့ အပြေးကလေး လှမ်းလာနေခဲ့ကြသည်။ ပြီးတော့ ... တစ်ယောက်ကိုတစ်ယောက် မိုးရေတွေကြားမှ လှမ်း၍ကြည့်ရင်း ခဏလေး ဒေါသပြေပျောက်ကာ ရယ်မောမိကြလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

မောင်ကြီးသည် ကိုယ့်ရှေ့မှာ လက်ပိုက်တန်းစီရပ်နေသော ဖွဲရန်အောင်၊ ကျော်ဟိန်းပိုင်နှင့် နေမျိုးမောင်(နာမည်တွေကတော့ ဗီဒီယိုကား အကြည့်နာတဲ့ မိဘတွေ ပေးထားတဲ့ နာမည်မှန်း သိသာသည်။) တို့ ရှေ့ကခုံကို ကြိမ်လုံးဖြင့် တဖြန်းဖြန်း ရိုက်လိုက်ရင်း ...

"မင်းတို့တွေကို ငါ ဘယ်နှခါ ပြောရမလဲ၊ ကျောင်းလာရင် ဖိနပ်မပါဘဲ မလာနဲ့လို့ ပြောထားတာ မမှတ်ဘူးလား"

ဟု ကြုံးအော်လိုက်သော်လည်း ကလေးတွေက တုတ်တုတ်မျှမလှုပ်ချေ ... ။

"ဖိနပ်မစီးတော့ မင်းတို့ ခြေထောက်တွေ ညစ်ပတ်လာမယ်၊ ရောဂါပိုးမွှား ကပ်လာမယ်၊ ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး၊ ခြေဗလာနဲ့နေရတာကို တော်တော် လွတ်လပ်နေကြတယ်ပေါ့လေ ... ဟုတ်လား"





"ဒီမှာ ... ကျောင်းဆရာ"

မောင်မောင်ကြီးက ဆူကောင်းဆဲ လှလေးခင်အသံပေါ်လာပြန်တာမို့ စိတ်တိုစွာ ချာခနဲ လှည့်ကြည့်လိုက်ရင်း ...

"ဒီမှာ ကလေးတွေကို ဆုံးမနေတယ်၊ ပြောစရာရှိရင် နောက်မှပြောပါလား ကျောင်းဆရာမ ..."

"ရှင့်ဆုံးမမှုက တလွဲကြီးဖြစ်နေလို့ လာပြောတာ ကျောင်းဆရာ၊ ရှင့်ကြည့်ရတာ ကျွန်မ ကြားဖူးတဲ့ ဟိုမိဖုရားနဲ့ တူလာပြီ"

"အရေးထဲမှာ ဘာတွေလာပြောနေတာလဲဗျာ၊ နားမလည်ဘူး"

"နားမလည်ရင် ရှင်းပြမယ်လေ၊ ဟိုတုန်းက တိုင်းပြည်တစ်ပြည်မှာ တိုင်းသူပြည်သားတွေက အစာရေစာ ငတ်မွတ်ခေါင်းပါးကြလို့ ဘုရင့်နန်းတော်ရှေ့မှာ ပေါင်မုန့်ပေးပါ၊ ပေါင်မုန့်ပေးပါလို့ တစာစာ သွားအော်ကြတယ်တဲ့၊ တိုင်းသူပြည်သားတွေ အဲ့ဒီလို အော်နေကြတာကို မိဖုရားက ကြားတော့ အံ့အံ့သြသြနဲ့ သူတို့ ဘာလို့ ဒီလို အော်နေကြတာလဲ၊ ပေါင်မုန့်မရှိရင် ကိတ်မုန့်စားကြပေါ့လို့ ပြောတယ်တဲ့၊ ရှင်လည်း အဲ့ဒီလို ဖြစ်နေပြီ"

"ဘာဆိုင်လို့လဲ ..."

"ရှင်က အရာရာ ပြည့်စုံနေတဲ့သူဆိုတော့ သူများတကာရဲ့ မပြည့်စုံမှုကို နားမလည်ဘူးလေ၊ ရှင်က ဖိနပ်အသစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အရံ ၂၀ လောက်ကို အမျိုးမျိုး လဲစီးနိုင်ပေမယ့် တစ်ရံနဲ့တစ်ရံ အလျင်မီအောင် မစီးနိုင်တဲ့လူတွေလည်း အများကြီး ရှိတယ်၊ အဲ့ဒီကလေးတွေ ဖိနပ်မစီးဘဲလာတာ ရှင့်စကားကို နားမထောင်ချင်လို့ မဟုတ်ဘူး၊ သူတို့ ဖိနပ်ပြတ်သွားတဲ့အချိန်နဲ့ သူတို့အိမ်က ဖိနပ်သစ် ဝယ်ပေးနိုင်တဲ့အချိန်နဲ့ မကိုက်ညီသေးလို့ ခြေဗလာနဲ့ စောင့်နေကြရတာရှင့်”

“ဟင် ...”

ဘယ်လိုမှ ထင်မှတ်မထားသော စကားကြောင့် မောင်ကြီးမှာ ဘာမှ ဆက်မပြောနိုင်ဘဲ ငြိမ်သက်သွားပါသည်။ ပြီးတော့ ရင်ဝမှာ ဆို့တက်ကာ ဝမ်းနည်းသလိုကြီး ဖြစ်လာသည်။ ကလေးတွေရဲ့ မျက်နှာကို ကြည့်တောင်မကြည့်ရဲတော့သလိုပင် ...။

“သွား ... သွားကြတော့”

မျက်နှာလွှဲလွှဲနှင့်ပင် လက်ပြ၍ သွားခိုင်းလိုက်ပြီး ကိုယ့်စားပွဲမှာ ဝင်ထိုင်လိုက်မိသည်။ လှလေးကတော့ မောင်ကြီးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး သူ့အတန်းဘက်သို့ ပြန်လျှောက်သွားပါသည်။

မောင်ကြီးသည် ခေါင်းငိုက်စိုက်ဖြင့် အကြာကြီး ငြိမ်ထိုင်နေမိသည်။ နေ့ခင်းရောက်တော့လည်း စိတ်မကောင်းလွန်းလို့ ထမင်းတောင် ဝင်အောင်မစားနိုင်။





လှလေး ပြောသလိုပဲ သူက ဒီကလေးတွေ ဖိနပ်စီးမလာတာ ဒီအကြောင်းကြောင့်ဟု လုံးဝကို မစဉ်းစားမိခဲ့တာပင် ...။

ညနေကျောင်းဆင်းတော့ အိမ်ပြန်ရေမိုးချိုး အဝတ်လဲပြီး မောင်ကြီးက ကိုယ့်မှာကျန်သမျှ ပိုက်ဆံလေးတွေကို စုဆောင်းကာ ရွာလယ် ကုန်စုံဆိုင်သို့သွား၍ ကလေးတွေအတွက် ဖိနပ် သုံးရံ ဝယ်လာခဲ့ပါသည်။

မောင်ကြီးက ဖိနပ်ထည့်ထားသည့် အထုပ်ကိုဆွဲကာ လျှောက်လာနေဆဲ ...

“ဟဲ့ ... ဒါ ဘယ်ကပြန်လာတာလဲ”

နောက်ဘက်မှ လှမ်းမေးလိုက်သော လှလေးခင် အသံကြောင့် မောင်ကြီးက ခြေလှမ်းတုံ့ရပ်၍ လှည့်ကြည့်လိုက်မိသည်။

ညနေဆည်းဆာအချိန်လေးမှာ အဝါရောင် အပွင့်အခက်အဆင် လုံချည်နှင့် အင်္ကျီဆင်တူဝတ်ထားလျက် မျက်နှာမှာ သနပ်ခါး အစင်းရာခပ်ထင်ထင် လိမ်းထားသော လှလေးခင်၏ ပုံစံက သရက်ပင်ပေါ်က မှည့်ဝင်းနေသည့် သရက်သီးလို ဝါဝင်းနေသည်။

မောင်ကြီးက သူမကို မကြည့်သလို ကြည့်သလိုနှင့် မျက်နှာကို ခပ်ပုပ်ပုပ်ထားရင်း ...

“ကုန်စုံဆိုင်မှာ ဈေးသွားဝယ်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဝယ်လာလဲ ..."

"ဘာဝယ်ဝယ်ပေါ့ ..."

မောင်ကြီးက လက်မှာဆွဲလာသည့် ပလတ်စတစ်အိတ်ကို နောက်ဘက်ပစ်၍ ကွယ်လိုက်ရင်းပြောတော့ လှလေးခင်က တစ်ချက်ရယ်လိုက်ရင်း ...

"ကွယ်မနေပါနဲ့၊ ငါမြင်လိုက်ပါတယ်၊ ကလေးစီးဖိနပ်တွေ မဟုတ်လား၊ နင် ငါပြောလိုက်လို့ သံဝေဂရပြီး ကလေးတွေကို သနားလာတာ မဟုတ်လား"

"ငါ့ဘာသာ သနားချင် သနားမယ်၊ နင်ပြောလို့ သနားတာတော့ မဟုတ်ဘူး"

"အေးပါ ... ထားပါတော့၊ ဒါနဲ့ နင် ထမင်းစားပြီးပြီလား ..."

"စားချင်စိတ်ကို မရှိဘူး"

"ဘာဖြစ်လို့လဲ ..."

"နင်တို့ရွာက ချက်သမျှ ဟင်းတွေက တောချက်တွေချည်းပဲ၊ ငါ့ပါးစပ်နဲ့ ခံတွင်းကိုမတွေ့ဘူး၊ သာစိန့်ဘွားဘွား ဒေါ်အေးသုန် ချက်လိုက်မှဖြင့် ဆီပြန်ရင်ပြန်၊ မပြန်ရင် ဆီကြော် ...၊ ဟင်းထဲမှာ ငရုတ်သီး ကြက်သွန်နဲ့ ဆီဆား အချို့မှုန့်ကလွဲရင် ဘာမှကို ထည့်မချက်တတ်တော့ဘူး၊ အနားပါးနီး အိမ်တွေက လာပို့သမျှ ဟင်းတွေကလည်း ဒါမျိုးချည်းပဲ ..."





"ဟင်းထဲမှာ အဲ့ဒါတွေပဲ မထည့်လို့ ဘာတွေထည့်ရဦးမှာလဲ"

"ထည့်ပါလား ... ခရုဆီတို့ ... ရှာလကာရည်တို့ ...၊ ဟင်းခပ်အမွှေးအကြိုင်တို့ ...၊ ဆော့စ်တို့ ...၊ နင်တို့ရွာက လူတွေက တုံးကိုတုံးတာ ..."

"အလကားလည်း စားသေး၊ ကြေး(ဂျီး)ကလည်း များသေး"

"ငါတော့ ရန်ကုန်ပြန်ပြီး ဟိုတယ်သာ တက်စားချင်တော့တာပဲ၊ ပိုက်ဆံမရှိလို့သာ၊ ရှိတဲ့ ပိုက်ဆံလေး တစ်ပဲခြောက်ပြားကလည်း ဆံပင်ညှပ်ခ ပေးရတာနဲ့၊ ဖိနပ်ဝယ်ရတာနဲ့ ကုန်ပြီ ..."

ရှေ့ဆံပင် အစွေ ခပ်ရှည်ရှည်ကို ဘီးကုပ်နှင့်လှန်တင်ထားပြီး အပွင့်ကားကား ဒူးလောက်ဘောင်းဘီတိုနှင့် တီရှပ်လက်ပြတ် ခပ်ပွပွကို ဝတ်၊ ခုံဖိနပ်ကို စီးကာ ကလေးလိုလိုမျက်နှာထားနှင့် ညည်းတွားနေသော မောင်ကြီးပုံစံကြောင့် လှလေးက ပြုံးမိနေရပါသည်။ မောင်ကြီးက လှလေးကို စွေကြည့်ရင်း ...

"ဘာပြုံးတာလဲ နင်က ..."

"နင့်ပုံစံကို ရယ်ချင်လို့ပေါ့ ..."

"ငါ့ပုံစံက ဘာဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လှလေးက မောင်ကြီး ခြေထောက်ကို ငုံ့ကြည့်လိုက်ရင်း ...

"ဩော် ... ခုံဖိနပ်တွေ ဘာတွေ စီးထားလို့ပါလား"

"ငါ့ဖိနပ်အကောင်းနဲ့ တောနဲ့ မတန်လို့ တွေ့ရာဖိနပ်ပဲ ကောက်စွပ်လာတာ၊ ကဲ ... တော်ပြီကွာ၊ နင်နဲ့ စကားပြောရတာ သိပ် အဆီအငေါ်မတည့်ဘူး၊ သွားတော့မယ်"

မောင်ကြီးက ခုံဖိနပ်သံ တခွပ်ခွပ်ဖြင့် လှည့်ထွက်လာဆဲ ...

"မောင်ကြီး ... နင် ငါတို့အိမ်မှာ ထမင်းလိုက်စားမလား"

လှလေး မေးခွန်းကြောင့် မောင်ကြီး ခြေလှမ်းတုံ့သွားသည်။ လှည့်မကြည့်သေးဘဲ အင်တင်တင် လေသံဖြင့် ...

"ဘာဟင်းချက်လို့လဲ ..."

"တောချက် မဟုတ်တဲ့ ဟင်းပေါ့ ..."

မောင်ကြီးမျက်နှာ ဝင်းဖန့်လျက် လှလေးဘက်သို့ လှည့်လာပြီး ...

"တကယ်လား ..."

ဟု အားတက်သရော မေးလိုက်သည်။ လှလေးက အမြင်ကတ်ကတ်နှင့် သူ့ကို မျက်စောင်းကလေး ထိုးမိရင်း ...

"မယုံရင်လည်း လိုက်မစားနဲ့ပေါ့ ..."





ဟု ပြောကာ လှည့်ထွက်လာတော့မှ မောင်ကြီးက နောက်မှ ပျာပျာသလဲ လိုက်ပါလာပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

* * *

"စား ... ဆရာလေး စား၊ အားရပါးရသာ စား၊ ဆရာလေး လာမစားလည်း တစ်ရက်လောက် ဆရာလေးကို အိမ်မှာ ထမင်းဖိတ်ကျွေးရအောင်လို့ သမီးကို ပြောနေတာ"

လှလေး၏ ဖခင်က ခေါင်းမဖော်တမ်း စားနေသော မောင်ကြီးဘေးမှာ ထိုင်ရင်း ထမင်းဝိုင်းကို ယပ်ခပ်ပေးနေသည်။ လှလေးခင်က မီးဖိုချောင်ထဲမှာ ဟင်းတွေထပ်စီစဉ်နေသည်။ စားရသည့် ဟင်းအပေါင်းဟာ တရုတ်စာ ဖွယ်ဖွယ်ရာရာတွေချည်းပဲမို့ မောင်ကြီးက အံ့အားလည်း သင့်ရပါသည်။

"ဦးက ငယ်ငယ်ကတည်းက အချက်အပြုတ် ဝါသနာပါတာ ဆရာလေးရဲ့၊ ဦး ဝါသနာက စာဖတ်တာနဲ့ ချက်ပြုတ်တာပဲ၊ အဲ့ဒါကြောင့် ဦးကိုဆို လူဦးတို့က အခြောက်လို့တောင် ပြောချင်ကြတာ၊ ဦးကမြို့မှာ ကျောင်း





သွားတက်ကတည်းက ကျောင်းပိတ်ရက်ဆို ဟင်းချက်သင်းတန်းတွေ သွားသွားတက်ထားလို့ အစုံချက်တတ်နေတာ၊ လှလေးကိုလည်း ဦးပဲ သင်ပေးထားလို့ တရုတ်စာ၊ ယိုးဒယားစာ အစုံချက်တတ်နေတာ၊ ဆရာလေး အဖေ ချက်စူဆို ဦးချက်တဲ့ ဟင်းကို သိပ်ကြိုက်တာ ..."

မောင်ကြီးက လှလေးအဖေ ပြောသမျှကို နားထောင်ခေါင်းညိတ်ရင်း လာချပေးသမျှကို အားပါးတရ စားနေမိသည်။

လှလေးခင်တို့ မိသားစုက ရွာမှာ အတော်ပင် ချောင်လည်ပုံရပါသည်။ လှလေးအဖေက ကျောင်းဆရာအလုပ်က ထွက်ကတည်းက လယ်ယာအလုပ်ကို အာရုံစိုက်လုပ်သည်ဟု ဆိုသည်။ သူတို့မှာ လယ်တွေ အများကြီးရှိပြီး စာရင်းငှားတွေ အများကြီးနှင့် အလုပ်လုပ်နေတာပင် ...။ အိမ်မှာလည်း စလောင်းနှင့် ဖုန်းနှင့်။ အိမ်က တိုက်ခံ နှစ်ထပ်အိမ်ကြီးကြီး။ ပရိဘောဂတွေကလည်း ပြောင်ပြောင်ရောင်ရောင်၊ ခြံထောင့်မှာ မီးစက်လည်း တွေ့ရသည်။ တောသူဌေးသမီးမို့ လှလေးခင်တို့ အခြေကြီးလေသလား မပြောတတ်ပါ။

လှလေးခင်က ပညာတော့ ထူးချွန်ပုံပင်။ ဧည့်ခန်း နံရံမှာ သူမ ငယ်ငယ်က ဆုယူနေသော ပုံတွေကို ချိတ်ထားသည်။

မူရင်းပုံစံအားဖြင့် သိပ်ပြီး မသိမ်မွေ့လှတဲ့ ခပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



စွာ မိန်းမသား လှလေးခင်ဟာ ခုလို မီးဖိုချောင်ကိစ္စမှာ နိုင်နင်းနေတာကတော့ အံ့လောက်စရာပင် ...။ လာချပေးလေတဲ့ ဟင်းတွေဟာ စားသောက်ဆိုင်က တရုတ်စာတွေထက် လက်ရာမလျော့။ ပြင်ဆင်ထားပုံကလည်း အဆင့်မီမီပင် ...။

ဒီလိုဟင်းမျိုးကို ရွာရောက်ကတည်းက မောင်ကြီးမစားရ၊ ငတ်နေတာကြာလှပြီ။ ရန်ကုန်အိမ်ကို လာလည်ဖူးကြတဲ့ အဖေ့သူငယ်ချင်း တောသားမိသားစုတွေက သူတို့အိမ်မှာ ထမင်းလာစားဖို့ ဖိတ်ခေါ်ပေမယ့် မောင်ကြီးက မျက်နှာထားခပ်တင်းတင်းနှင့် ငြင်းလွှတ်ခဲ့တာပင် ...။ အဲ့ဒီ အဖေ့သူငယ်ချင်းတွေကို မောင်ကြီးစိတ်ထဲမှာ သိပ်မကြည်လှ၍ပင် ...။

လှလေးတို့အိမ်မှာ ထမင်းစားပြီး ပြန်ခါနီးတော့ လှလေးက မောင်ကြီးကို ခြံတံခါးဝထိ လိုက်ပို့ပေးသည်။ မောင်ကြီးက ဒါမျိုးဟင်းတွေ အမြဲစားရအောင် ဘယ်လိုကြံရင်ကောင်းမလဲဟု စဉ်းစားကာ ...

"တောသူမ ..."

"ပြော ..."

"နင်တို့မိသားစုက စေတနာကောင်းတယ် မဟုတ်လား"

"ကောင်းသင့်တဲ့ သူအပေါ်ဆိုရင်တော့ ကောင်းသင့်သလောက် ကောင်းပါတယ်"

"ဘာပဲပြောပြော ကိုယ့်ရွာက ကျောင်းဆရာအပေါ်တော့ စေတနာကောင်းသင့်ပါတယ်"





"စေတနာရှေ့ထားပြီး ရောက်လာတဲ့ ဆရာမျိုး မဟုတ်ပေမယ့်လည်း ငါတို့က စေတနာကောင်းလို့သာ နင့်ကို အိမ်ခေါ် ထမင်းကျွေးတာပေါ့"

"နင့်စေတနာက ဒီလောက်ပဲလား ..."

"နင်က ဘယ်လောက်တောင် လိုချင်သေးလို့လဲ"

"နင် အပမ်းမကြီးရင် နင် ကျောင်းလာတိုင်း ငါ့ဖို့ပါ ထမင်းတစ်ဘူး ပိုထည့်ခဲ့ပါလား"

"ဩော် ..."

လှလေးက မောင်ကြီးရဲ့ ရောင့်တက်ပုံကို အမြင်ကတ်လာကာ ...

"အဲ့ဒီလောက်ကျတော့ ငါ့အတွက် အပမ်းကြီးသွားပြီ မောင်ကြီး၊ အဲ့ဒီလောက်ထိတော့ မမျှော်ကိုးနဲ့ပေါ့ဟာ၊ ငါ နင်တို့အိမ်မှာ လာနေတုန်းကဆို ပဲခေါက်ဆွဲလေး စားတာတောင် ကိုယ့် အက်ဖ်အီးစီနဲ့ ကိုယ် ရှင်းရတာလေ ...၊ လူဆိုတာ ကိုယ်ပေးသလောက်ပဲ ကိုယ်ပြန်ရတတ်ပါတယ်၊ အခုဆို နင်ပြန်ရတာက နင်ပေးတာထက် ပိုတောင်နေပါပြီ၊ ဒါ့ထက်ပိုပြီး မျှော်ကိုးမနေပါနဲ့တော့ ...၊

"ငါက အင်မတန် စိတ်ထားကောင်းလို့သာ နင် ငါ့ကို ပညာပြခဲ့တာကို လက်စားချေတဲ့အနေနဲ့ နင့်ကို ပြန်ပညာမပြတာ၊ ငါ ပညာပြချင်ရင် ငါ့ရွာမှာ ငါပဲ နားလည်တဲ့ နည်းလမ်းတွေမှ အများကြီး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါက နင့်လို အကျင့်မပုပ်လို့ နင့်ကို ကလဲ့စားပြန်မချေတာပဲ ကျေးဇူးတင်လိုက်ပါဦး မောင်ကြီး ...”

လှလေးခင်က မျက်နှာထား ခပ်တင်းတင်းနှင့် ပြောလိုက်တာမို့ မောင်ကြီးက အနာပေါ် တုတ်ကျသလို ရှက်လည်းရှက်၊ စိတ်လည်းတိုကာ ...

“နင့်ထမင်းကို အခုတောင် ပြန်အန်ထုတ်ပစ်လိုက်ချင်တယ်၊ စားရတာနဲ့တောင် မကာမိဘူး အပြောခံရတာက၊ စေတနာမရှိရင်လည်း အစကတည်းက ခေါ်မကျွေးနဲ့ပေါ့၊ ကျွေးတုန်းက ကျွေးပြီး စားမိတဲ့သူ လည်ပင်းနင်အောင် ပြောတာ ကောင်းသလား”

ဟု မခံချိမခံသာပြောပြီး ရှေ့က ခဲတစ်လုံးကို ပိတ်ကန်ကာ တောသူမရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။

● ● ●



❧ ❧ ❧

“ဟော့ကောင်တွေ ... မင်းတို့ လာမှဖြင့်လည်း မြန်မြန်လာကြ၊ ငါ ဒီမှာ ပျင်းပြီး ငေါ်ပြီး သေတော့မယ် ...”

မောင်ကြီးသည် ရွာထိပ် ကုန်စုံဆိုင်က အခပေး ကမ်းရိုးတန်းဖုန်းနှင့် ဝေယံတို့ဆီ ဖုန်းလှမ်းဆက်ရင်း ပေါက်ကွဲနေပါသည်။

“မင်းတို့လာရင် လက်ချည်းမလာကြနဲ့၊ ငါမှာတာတွေ တစ်ခုမှမကျန်အောင် ဝယ်လာခဲ့ ...၊ ဟော့ကောင်တွေ မင်းတို့ ရိုစီကိုတော့ လုံးဝ ခေါ်မလာနဲ့နော် ...”

“မောင်ကြီး ... မင်း ဘာတွေဖြစ်နေတာလဲ၊ အငမ်းမရ ခဏခဏမှာနေတဲ့ ပစ္စည်းတွေကလည်း အစားအသောက်ချည်းပဲ၊ မင်း အဲ့ဒီမှာ တော်တော်မှ ငတ်ပြတ်နေလား၊ ရိုစီကို မင်းပြောတော့ဖြင့် ရွာက မင်းကို အိုးစည်ဗုံမောင်းနဲ့တောင် လာကြိုတာဆို၊ ခု မင်းအသံကြားရတာ ဘဝပျက်လုနီးနီး အသံမျိုး ဖြစ်နေပါလား ...”



www.burmeseclassic.com

www.burmeseclassic.com



"လျှာမရှည်နဲ့ကွာ ..."

"ရိစီ ပြောတာတော့ မှန်နေပြီ"

"ဘာပြောလို့လဲ ..."

"မင်း ဖြီးနေတာ အသိသာကြီးတဲ့ ..."

"သူတို့သားအဖက ကဲ့ရဲ့တတ်လွန်းလို့ ငါ ပါးစပ်ထဲ တွေ့ရာ လျှောက်ပြောလိုက်တာ၊ ငါ ဒီမှာ အရမ်းပျင်းနေပြီကွာ၊ မင်းတို့ မြန်မြန်လာခဲ့တော့ ...၊ မင်းတို့အိမ်တွေကိုလည်း တစ်ပတ်လောက်ကြာမယ်လို့ ခွင့်တောင်းလာခဲ့၊ ဩော် ... ပြီးတော့ ငါ့ဖို့ ပိုက်ဆံ ပိုပိုသာသာ ထည့်လာခဲ့ဦး၊ အဖေ့အိမ် ငါပြန်ရောက်ရင် နှစ်ဆပြန်ဆပ်မယ်၊ တော်ပြီ ... ဒါပဲ၊ ကြာကြာပြောရင် ဖုန်းဖိုးကုန်တယ်"

မောင်ကြီးက ပြောပြောဆိုဆို ဖုန်းကိုချပစ်လိုက်ပါသည်။

ခုတလော မောင်ကြီး စိတ်ထဲမှာ မကြည်လင်ပါ။ စိတ်ထဲမှာလည်း ဘာကိုမှ အလိုမကျဘဲ အထီးကျန် ပျင်းရိနေရပါသည်။ လှလေးခင်ကို သူက စကားမပြောတော့ လှလေးခင်ကလည်း 'နေသာသပ လေညာက' ပုံစံမျိုး ချိုးနေသည်။ စကားမပြောတော့ စကားလည်း မများရ၊ ရန်လည်းမဖြစ်ရတော့ပါ။ ခုမှ နေရထိုင်ရတာ တစ်ခုခုပဲ လိုနေတော့သလို ပျင်းရိသွေ့ခြောက်နေရပါသည်။





နောက်နှစ်ရက်အကြာမှာတော့ မောင်ကြီး သူငယ်ချင်းတွေအားလုံး ရွာသို့ ရောက်ချလာပါသည်။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်၍ မောင်ကြီး အိမ်မှာရှိနေသည်။ ဝေယံတို့က လာမည့်ရက်ကို အတိအကျပြောမထားတာမို့ ဒီလောက် မြန်မြန်ရောက်လာလိမ့်မယ်လို့ မထင်ခဲ့ပါ။

"မောင်ကြီးရေ ... မောင်ကြီး"

အိမ်ရှေ့ဆီက ထော်လာဂျီသံနှင့်အတူ ဆူဆူညံညံ အော်ခေါ်သံတွေကြောင့် မောင်ကြီးက ခုံဖိနပ်တစ်ရံကို အလွယ်တကူ ကောက်စွပ်ကာ အိမ်ပေါ်မှ ပြေးဆင်းလာပါသည်။

"ဟာ ... ဟေ့ကောင်တွေ"

"ဟား ... ဟား ... ခုံဖိနပ်ကြီးနဲ့၊ မင်း အခု တောသားဖြစ်နေပြီ မဟုတ်လား"

"မင်းတို့ သုံးယောက်လုံး လာမယ်လို့ ငါ လုံးဝထင်မထားတာ ..."

"သုံးယောက် မကဘူးကွ၊ လေးယောက် လေးယောက်"

"တစ် ... တစ်ယောက်က ..."

"ဟဲ ဟဲ ... ဟိုမှာလေ ..."

ဝေယံက လက်မကို နောက်ပြန်ညွှန်ပြလိုက်သည်။ မောင်ကြီး လှမ်းကြည့်တော့ ခနဲ့တဲ့တဲ့ ပြုံးလျက် ထော်လာဂျီပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော ရိစီကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်းကွာ ... ခေါ်မလာပါနဲ့ဆိုမှ ..."

"မခေါ်လို့ မရဘူးကွ၊ ငါတို့ မင်းဆီလာဖို့ တိုင်ပင်နေတာကို သူကြားသွားတာ၊ ထားခဲ့ရင် တစ်သက်လုံး အကောခံနေရမှာ"

"ဟိုင်း ... ဆရာကျောင်း ... ပညာဒါနလုပ်လို့ မဝသေးဘူးလား ... အဟား"

ရိစီက ခပ်ဟားဟားလေးပြောရင်း မောင်ကြီးတို့ဆီ လျှောက်လာနေသည်။ ခြေကျင်းဝတ်ထိ ဖစ်ပိတ်ဝတ်ရသော အနက်ရောင် လည်သာ ဒေါက်ဖိနပ် မြင့်မြင့်၊ ဒူးလောက် ဘောင်းဘီတိုအဖြူ၊ တီရှပ် ပန်းဆီရောင် တောက်တောက်နှင့် အညိုရောင် နေကာ မျက်မှန်အဝိုင်းကြီး တပ်ထားကာ ဂျင်းသား အိတ်ပျော့ကြီးကြီးကို လွယ်၍ မော်ဒယ်လျှောက် လျှောက်လာနေသော ရိစီ့ကို ရွာက ကလေးတွေက ဝိုင်းကြည့်နေကြသည်။ မခေသူ ရိစီကလည်း သူ့ကိုယ်သူ မင်းသမီးဟု ထင်လေသလား မသိ ... ဝိုင်းအုံကြည့်နေကြသည့် ကလေးတွေကို လက်တပြပြနှင့် လျှောက်လာသည်။ ပြီးတော့ မောင်ကြီးရှေ့မှာ ခါးတစ်ဖက်နွဲ့၍ မော်ဒယ်ရပ် ရပ်လိုက်ရင်း ...

"သစ္စာဖောက် မောင်ကြီး၊ ငါ့ကို ခွဲခြား ခွဲခြား ထားပစ်ခဲ့နိုင်းတာ အစာမကြေဘူး သိလား ...၊ နင် မလိုက်စေချင်မှန်းသိလို့ကို ဖွတ်လိုက်လာခဲ့တာ ..."





"နင်ပါလာတော့ အလုပ်ရှုပ်တာပေါ့၊ ငါတို့ ယောကျ်ားလေးတွေချည်းပဲဆို အေးဆေးပဲ"

"အရင်လည်း အတူတူသွားလာနေကြပဲဟာ၊ ဘာ ခုမှ အဆန်းလုပ်နေတာလဲ ..."

"အရင်နဲ့ မတူဘူးလေ၊ အခုဟာက သူများရွာမှာ ..."

"ဆရာလေးရေ ... ဆရာလေး ဧည့်သည်တွေ အိမ်ပေါ် ခေါ်ခဲ့လေ ..."

အိမ်ပေါ်က သာစိန့်အဘွား ဒေါ်အေးသုန်က လှမ်းခေါ်တာမို့ မောင်ကြီးတို့ အားလုံး အိမ်ပေါ်တက်လာခဲ့သည်။

အဘွားက မောင်ကြီးတို့ကို ဧည့်ခံရင်း ...

"ဆရာလေး သူငယ်ချင်းတွေက အဘွားအိမ်မှာပဲ တည်းကြပေါ့၊ ဟို ... သမီးလေးကိုတော့ ဆရာမလေးတို့အိမ်မှာ တည်းဖို့ စီစဉ်ပေးမယ်"

"အဘွား ... ရိစီ ဒီမှာပဲတည်းလို့ မဖြစ်ဘူးလား"

"သမီးက မိန်းကလေးလေ၊ ယောကျ်ားတွေနဲ့အတူ တည်းလို့ ဘယ်ဖြစ်ပါ့မလဲ ..."

"ရိစီတို့က သူငယ်ချင်းတွေပဲ၊ ဖြစ်ပါတယ်"

"သမီးက ဖြစ်ပေမယ့် အဘွားတို့ ရွာမျက်စိထဲတော့ မဖြစ်လို့ပါကွယ် ..."

ရိစီက နှာခေါင်းလေး တစ်ချက်ရှုံ့ရင်း ပခုံးတွန့်လိုက်သည်။ ပြီးတော့ ... မောင်ကြီးနားနား ကပ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မောင်ကြီး ဆရာမလေးဆိုတာ ဘယ်အရွယ်လဲ၊ ငါတို့အရွယ်ပဲလား"

မောင်ကြီးက ရယ်ချင်သွားကာ ...

"အေး ... မတိမ်းမယိမ်းပဲ"

"နာမည်က ဘယ်သူတဲ့လဲ"

"ဒေါ်လှလေးခင်တဲ့ ..."

"ဟင် ..."

ရှိစီက အံ့သြခြင်းကြီးစွာဖြင့် မျက်လုံးပြူးကာ မောင်ကြီးကို စိုက်ကြည့်နေလိုက်ပြီးမှ ရယ်ချလိုက်ရင်း ...

"ဟား ... ဟား ... ဒါဆို နင်နဲ့ သူက တစ်ကျောင်းတည်းမှာ စာသင်နေရတာပေါ့၊ အဲ့ဒါကြောင့် နင်တို့နှစ်ယောက် ရေစက်ပါတယ်လို့ ငါပြောတာပေါ့ ..."

"ဟဲ့ ... တိုးတိုး၊ သူများအိမ်မှာ အာဖြဲနဲ့ ရယ်မနေနဲ့"

ရှိစီက သူ့ပါးစပ်သူ ပိတ်၍ ဆက်ရယ်နေသည်။ ဝေယံတို့ကလည်း မောင်ကြီးကို ပြုံးစိစိကြည့်နေကြတာမို့ မောင်ကြီးက စိတ်တိုတိုနှင့် မျက်နှာကို စူပုပ်ထားလိုက်ပါသည်။

တကတည်းဗျာ ... စိတ်တိုနေရတဲ့အထဲ သူတို့က ပါ လူကို ဟားချင်နေသေး ...။

● ● ●



❦ ❦ ❦

အဆင်ပြေသည်။

မောင်ကြီးသည် ခုတော့ ပျင်းစရာကောင်းသည့် ရွာမှာ သူငယ်ချင်းတစ်စုနှင့်အတူ ပျော်ရွှင်စရာကောင်းသည့် ကိစ္စတွေကို ရဲရဲတင်းတင်း လုပ်နေရသဖြင့် အဆင်တွေပြေလျက် ရှိလေသည်။

ဝေယံတို့အတွက် ရွာခလေ့သည် အသစ်အဆန်း ဖြစ်ရသဖြင့် ပျော်စရာကြီးဟုဆိုကာ ညညဆို တော်တော်နဲ့ မအိပ်ကြ ...။ ဒေါ်အေးသုန် မွေးထားသည့် ကြက်တွေကို တစ်ညတစ်ကောင်နှုန်း ဘဝပြောင်းပေးကာ ကြက်သားကာလသားချက် ချက်စားရင်း ဂစ်တာ ဒေါင်ဒင်ခေါက်ကြ၏။

ရွာလယ်ချောင်းသည် သူတို့အတွက် အကြီးစား ရေကူးကန်အဖြစ် ရေကူးလို့ အဆင်ပြေသည့်အပြင် အင်းလျားကန်သဖွယ် လှေစီးလို့လည်း အိုကေပြန်ပြီး ငါးကန်ကဲ့သို့ ငါးမျှားသည့်နေရာမှာလည်း အသုံးတည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာတွင် ရှိသမျှ မြင်းဟူသမျှ နွားဟူသမျှသည် မောင်ကြီးတို့လူစု၏ စီးတော်ယာဉ်များဖြစ်ရပြီး တစ်ရွာလုံးသာမက ရွာပြင် ရွာပ မွှေနှောက်သွားလာလျက် ရှိသည်။ တစ်ဖန် ထော်လာဂျီများမှာလည်း သူတို့၏ လက်တည့်စမ်း မောင်းနှင်စရာ ဖြစ်ရသည်။

မောင်ကြီးတစ်ယောက်တည်း ရောက်လာစဉ်က ခုလောက်မဆိုး၊ အဖော်မပါသဖြင့် သိပ်မစွာနိုင် ...။ ခုတော့ ဝေယံတို့ မွှေနှောက်နေသည့်အထဲ ရောပါကာ အပြိုင်အဆိုင် မွှေနှောက် သောင်းကျန်း၍နေလေသည်။

ထိုသတင်းသည် မကြာမတင်မှာပဲ တစ်ရွာလုံးသို့ ပျံ့နှံ့သွားပြီးနောက် လှလေးနားသို့ ရောက်လာခဲ့သည်။

မောင်ကြီးအပေါ်သဘောထား ပျော့ပျောင်းစပြုပြီ ဖြစ်သော လှလေးသည် ကြားရသော သတင်းစကားများကြောင့် မောင်ကြီးကို မျက်မုန်း ပြန်ကျိုးလာသည်။

တနင်္ဂနွေ ကျောင်းပိတ်ရက် တစ်ရက်မှာ သာစိန်က လှလေးတို့အိမ်သို့ အပြေးအလွှား ရောက်လာသည်။

"ဆရာမ ... ဆရာမ ..."

"အမောတကောနဲ့ ဘာဖြစ်လာတာလဲ သာစိန် ..."

"ဆရာလေးကို ကြည့်ပြောပါဦး ဆရာမရယ်"

"ဘာတွေ မွှေပြန်ပြီလဲ ..."





"ဆရာလေးတို့အုပ်စုလက်ချက်နဲ့ အဘွားကြက်တွေ ကုန်တော့မယ်ဗျ"

"ဟယ် ... အဲ့ဒီလောက်တောင်ပဲလား"

လှလေးသည် ဒေါသထွက်လာကာ ဆတ်ခနဲ ထရပ်လိုက်ရင်း ...

"သူ အခုဘယ်မှာလဲ သာစိန်"

"ချောင်းစပ်မှာ ငါးကင်စားနေကြတယ်ဗျ"

"အေး ... တွေ့မယ်"

လှလေးက ကိုင်နေကျ ကြိမ်လုံးလေးကို ဆွဲယူပြီး အိမ်မှ ခပ်သုတ်သုတ် ထွက်လာသည်။

သာစိန် ညွှန်လိုက်သည့် ချောင်းစပ်ကိုရောက်တော့ လား ... လား ... ဒင်းတို့က ချောင်းကမ်းနံဘေးကို ပင်လယ်ကမ်းခြေအမှတ်နှင့် ထိုင်ခုံတွေ စားပွဲတွေချပြီး လတ်လတ်ဆတ်ဆတ် ငါးကို ကင်သူက ကင်၊ စားသူက စား ...၊ ဂစ်တာတီးသူက တီး၊ ကမ္ဘာလောကကြီးမှာ သူတို့ချည်းပဲ ရှိသလို ပျော်မြူးလွတ်လပ်နေသည်။

လှလေးသည် ကြိမ်လုံးလေးကိုင်လျက် ချောင်းစပ်သို့ ဆင်းသွားကာ ...

"ဟဲ့ ... မောင်ကြီး"

ဟု ခေါ်တော့ ငါးကင်ကိုက်နေသော မောင်ကြီးက မျက်လုံးစွေကြည့်လိုက်ရင်း ဘာလဲဟူသည့် သဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးပင့်၍ မေးခွန်းထုတ်ဟန်ပြသည်။ ပါးစပ်ကတော့ ငါးကင်ကိုက်လက်စမို့ မအား ...။

"နင် ... တော်တော် ငတ်ကြီးကျနေပါလား အကုသိုလ်ကောင်"

မောင်ကြီးက ကိုက်ပြီးသား ငါးကင်ကို ဝါးလိုက်ရင်း ပလုတ်ပလောင်းသံဖြင့် ...

"ဘာကိစ္စရှိလို့ပါလဲ ဒေါ်လှလေးခင်"

"နင် ဘာလို့ဒီလောက်တောင် အစားအသောက် သောင်းကျန်းနေတာလဲ ...၊ ကျောင်းဆရာဖြစ်ပြီး ရွာရိုးကိုးပေါက် လျှောက်ဆော့နေတာ ကောင်းသလား၊ ဘွားအေးသုန် ကြက်တွေကို ဖြန်းတီးနေတာ ကောင်းသလား၊ နင့်သတင်းက ကြားရတာ နားနဲ့မဆံ့တော့ဘူး"

"ငါ့ဘာသာ ဘယ်ပုံဘယ်နည်းနဲ့ ဘာတွေပဲ စားစား နင့်အိမ်မှာ လာမစားရင် ပြီးရောပေါ့ ..."

"ထမင်းတစ်နပ် ကောင်းကောင်း ချက်ကျွေးထားတဲ့ မျက်နှာကိုမှ မထောက်၊ နင်က ငါ့ကို ထေ့ငေါ့ပြောနေတာလား"

"မသဒ္ဓါရေစာ ထမင်းတစ်နပ်ကျွေးပြီး တစ်သက်လုံး အသားယူ ပြောမဆုံးဖြစ်တော့မယ်ထင်တယ်"

"မောင်ကြီး ... နင် တော်တော့်ကို မလိမ်မိုးမလိမ္မာ ဖြစ်နေတာပါလား"





"မလိမ္မာတော့ နင်က ဘာလုပ်ချင်လို့လဲ ..."

လှလေးသည် အောက်နှုတ်ခမ်းကို ဖိကိုက်လျက် မောင်ကြီးကို တစ်ချက် စိုက်ခနဲကြည့်လိုက်ပြီးမှ ...

"ဒါလုပ်ချင်တယ်ဟဲ့ ... ဒါလုပ်ချင်တယ်"

"အား၊ ဟာ ... ဟာ ..."

လှလေးက လက်ထဲက ကြိမ်လုံးဖြင့် မောင်ကြီး ခြေထောက်ကို ဖြန်းခနဲ ရိုက်လိုက်တာမို့ မောင်ကြီးက လန့်အော်ထခုန်လိုက်သည်။

လှလေးကတော့ ရိုက်ပြီးပြီးချင်း သူတို့အုပ်စုရှေ့မှ ချာခနဲ လှည့်ထွက်လာပါသည်။

ဒင်းကို ဒေါသထွက်ရတာနဲ့ လှလေးပဲ လုံးပါးပါးလေမလား၊ ဒင်းပဲ လှလေး ဒေါသကြောင့် ပြာကျလေမလား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"လှလေး ... လှလေး ..."
"အင် ... အင်ဟင် ..."
"ထ ... ထပါဦး"

အိပ်မောကျနေသော လှလေးသည် ရိစီ့အသံကြောင့် အိပ်ရာမှ နိုးလာရပါသည်။

"လှလေး ... ထပါဦး၊ ရိစီ အိမ်သာသွားချင်လို့ လိုက်စောင့်ပေးပါဦး"

အင်း ... ဒါလည်း တစ်ဒုက္ခပါလား။

လှလေးသည် မရှည်သော စိတ်ကို ဆွဲဆန့်ကာ အိပ်ရာမှထရပါသည်။ ဒီဒုက္ခကို လှလေးတို့အိမ်မှာ ရိစီ လာတည်းကတည်းက ကြုံရတာပင်။ သူ့မှာ ညဆို အိမ်သာက တက်ချင်ပြီ။ ပြီးတော့ တစ်ယောက်တည်းလည်း မသွားရဲ ...။ လှလေးတို့အိမ်ရဲ့ အိမ်သာက ခြံထောင့်မှာ အုတ်ဖြင့် အခိုင်အမာ ဆောက်ထားသော အိမ်သာမျိုးပင်။ ရွာမှာဆို အကောင်း





ဆုံး အိမ်သာစာရင်းဝင်ပေမယ့် သူတို့မြို့မှာလို အိပ်ခန်းနဲ့တွဲနေတဲ့ ဘိုထိုင်အိမ်သာမျိုးတော့ မဟုတ်ပေဘူးပေါ့။

ညညဆို ... အပေါ့ အလေး ပြဿနာတက်တတ်တဲ့ ရိစီဟာ သူ့သရိုးသရီဖြစ်ပြီဆို လှလေးကို နှိုးပါပြီ။ လှလေးမှာ အိပ်ချင်မူးတူးနဲ့ လိုက်စောင့်ရပါပြီ။ ဒီဒုက္ခဟာလည်း မောင်ကြီး ပေးတဲ့ ဒုက္ခတစ်ခုဖြစ်ပါသည်။

"လှလေး ... လိုက်စောင့်နော်၊ လိုက်စောင့်ပေးမယ်မဟုတ်လား"

"အေးပါ ... သွား ... သွား"

လှလေးက တစ်ချက် သမ်းလိုက်ပြီး လက်ဆွဲမီးအိမ်တစ်ခုကို ဆွဲကာ ရိစီ့နောက်မှ လိုက်လာသည်။

ရိစီ အိမ်သာထဲဝင်သွားတော့ လှလေးက မလှမ်းမကမ်း သစ်ငုတ်လေးပေါ်မှာ ငိုက်မြည်းလျက် ထိုင်စောင့်နေလိုက်သည်။

သို့သော် ... ရိစီက လှလေး ကောင်းကောင်းမငိုက်ရအောင် ခဏခဏ လှမ်းလှမ်း စကားပြောနေသည်။

"လှလေး ..."
"အင် ... အင်ဟင်၊ ဘာလဲ ရိစီ ..."

လှလေးကလည်း ငိုက်နေရင်းက ပြန်ထူးရသည်။

"ညနေကလေ ..."
"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးရယ်လေ … ရှင် သူ့ခြေထောက်ကို ရိုက်ပြီး ပြန်သွားတော့ ငိုင်ကျန်ရစ်တာပဲ သိလား"

"အင်း …"

"မောင်ကြီးကလေ …"

"အင်း …"

"ရှင့်ကိုများ ချစ်နေသလား မသိဘူး …"

"အင် …"

ငိုက်မေးနေသော လှလေး မျက်လုံးတွေ ပြူးကျယ်လာရပါသည်။

"လှလေး …"

"အင် …"

"ရှင်ရော မောင်ကြီးကို မချစ်ဘူးလား"

"ရီစီ … ရှင်လုပ်စရာရှိတဲ့ကိစ္စကိုသာ မြန်မြန်လုပ်ပါ၊ လှလေး အိပ်ချင်လှပြီ …"

"ရှင်နဲ့ မောင်မောင်ကြီးက ရေစက်ကိုပါတာ လှလေးရဲ့၊ ရှင်က သူ့မြို့ကိုသွားလိုက်၊ သူက ရှင့်ရွာကို လာလိုက်၊ ဒီလိုအကြောင်းတိုက်ဆိုင်လာတာကိုက ရေစက်ပါလို့ပဲ၊ ရှင် ရေးရေစက်ဆိုတာကို ယုံကြည်လား …"

"ဘာတွေ လာမေးနေတာလဲ ရီစီရယ်၊ ရေစက်ပါဖို့ ဝေးလို့ သူ့နာမည်ကြားတာနဲ့တောင် ဒေါသဖြစ်ရလွန်းလို့ပါ"





"ဒါလည်း သူ့အတွက် ရှင့်ရဲ့အထူးပြု ခံစားချက်တစ်ခုပဲလေ၊ ရှင့်စိတ်ထဲမှာ သူ ရှိကိုရှိနေတာ …"

"အဲ့ဒါ ရှင့်ထင်မြင်ချက်တွေပါ …"

ရီစီက ငြိမ်သွားပြန်သည်။ သို့သော် ခဏနေတော့ စကားစပြန်သည်။

"လှလေး …"

"ပြော … ပြော … ဘာလဲ"

"မောင်ကြီးကလေ … ဘယ်မိန်းကလေးကိုမှ မချစ်ဖူးဘူး သိလား၊ စင်ကာပူမှာ ကျောင်းသွားတက်တုန်းက ရီစီနဲ့ တတွဲတွဲ သွားလာနေတာတောင် ရီစီ့အပေါ် လုံးဝ စိတ်မကစားဘူး"

"ရီစီ … ရှင့်ကိစ္စက ခုထိ မပြီးသေးဘူးလား"

"ရှင့်ကိုကြည့်တဲ့ မောင်ကြီးမျက်လုံးတွေထဲမှာ အဓိပ္ပာယ်တွေ ပြည့်နှက်နေတာ ရီစီမြင်ရတယ် သိလား၊ သူ ရှင့်ကို အမြင်ကတ်ရင်းကပဲ ချစ်စနိုးဖြစ်ပြီး ချစ်ချစ်လာပုံရတယ်"

"ရီစီ … ရှင် ဒီအကြောင်းပဲ ဆက်ပြောမယ်ဆိုရင်တော့ လှလေး ရှင့်ကို ထားပစ်ခဲ့တော့မှာနော်"

"ကဲ … ကဲ … ဒါဆိုလည်း တခြားအကြောင်းပြောမယ်၊ ရှင် မနက်ကျရင် ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပို့မယ်လေ ..."

"မနက်ကျ မိုးမရွာရင် ရှင်သွားခါနီးကျ ရှီစီကို နိုး"

"ဘာလုပ်မလို့လဲ ..."

"စောစော ထပြေးမယ်လေ၊ ကျန်းမာရေး ... ကျန်းမာရေး ..."

လှလေးက နှုတ်ခမ်းကို မဲ့ပစ်လိုက်ပါသည်။ အဲ့ဒီရောဂါကလည်း တစ်မျိုး။ ကျန်းမာရေးလား အလှပြရေးလား မသိ၊ ရှီစီတို့ ရောက်ကတည်းက မိုးမရွာသည့် မနက်ခင်းတွေမှာ ထထပြေးတတ်ပါသည်။ သူ့အပြောကတော့ ရန်ကုန်မှာဆိုလည်း အင်းလျားကန်ပေါင်မှာ မနက်တိုင်း ထ,ပြေးနေကျဟု ဆိုသည်။ အင်းလျားကန်ပေါင်မှာ ဘောင်းဘီတိုနဲ့ ပြေးတာက အများအမြင်မှာ အထူးအဆန်းမဟုတ်လှပေမယ့် လှလေးတို့ရွာမှာ ဘောင်းဘီတိုနဲ့ ပြေးတာကတော့ အုတ်အော်သောင်းနင်းဖြစ်ချင်စရာ ...။ ကလေးတွေက လိုက်ကြည့်၊ ခွေးတွေက တစီစီ။ ဒါလည်း ရှီစီတို့က ဂရုမစိုက်ဘဲ ပြေးမြဲ ...။

"လှလေး ..."

"အေး ... ပြော"

"မောင်ကြီးဆိုတဲ့ ကောင်ကလေး ရှင်လိုလူမျိုးနဲ့ ရမှ အပိုးကျိုးမှာ သိလား"

"ရှီစီရေ ... ငါသွားပြီ"





"ဟယ် ... နေဦးလေ၊ လှလေး ... လှလေး ... ရှီစီကို တစ်ယောက်တည်း မထားခဲ့နဲ့လေ"

လှလေးက ရှီစီကိုထားခဲ့ပြီး အိမ်ဘက်ကို ပြန်လျှောက်လာခဲ့တာမို့ ရှီစီက တကြော်ကြော်အော်ခေါ်ကျန်ခဲ့သည်။ ခဏနေမှ အိမ်သာထဲက အူယားဖားယား ပြေးထွက်လာသည်။

မနက်စောစော လှလေး ဆွမ်းချိုင့်ပို့ဖို့ အိမ်ကထွက်တော့ ရှီစီကလည်း အားကစား ဘောင်းဘီတိုအနီရဲရဲနှင့် အားကစားအင်္ကျီ အနက်ရောင်တိုတို ကျပ်ကျပ် လက်ပြတ်လေးကို ဝတ်လျက် အိမ်ကထွက်လာသည်။

ပြီးတော့ ... ပြုံးစိစိနှင့် လှလေးကိုကြည့်ကာ ...

"လှလေး ... ငါ မြန်မြန်ပြေးဖြစ်အောင် ဘယ်လိုလုပ်လဲ သိလား"

"ဘယ်သိမလဲ ..."

"ဒီမှာ ကြည့်၊ ဟဲ့ ... ခွေး"

"ဝုတ် ... ဝုတ် ..."

ရှီစီက ပြောပြောဆိုဆို မလှမ်းမကမ်းမှာ အမြီးနန့်နေသည့် ခွေးတစ်ကောင်ကို ခဲနဲ့ကောက်ပစ်လိုက်တာမို့ ခွေးက တဝုတ်ဝုတ် ဟောင်ကာ ရှီစီကို ကိုက်ဖို့ပြေးအလိုက်မှာ ရှီစီက တလှစ်လှစ် ပြေးထွက်သွားသည်။

ရှီစီ့လုပ်ရပ်ကြောင့် လှလေးက ဗိုက်နှိပ်၍ ရယ်ကျန်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လှလေးတို့ ရွာမှာ ညဆို မောင်ကြီးရဲ့ ယောကျ်ားလေး သူငယ်ချင်းတွေ သောင်းကျန်းတတ်ပြီး မနက်ဆို မိန်းကလေးသူငယ်ချင်းက အဲ့ဒီလို ရွာဆူအောင် လုပ်တတ်ပါသည်။

• • •



ကျောင်းပိတ်ရက် တစ်ညနေမှာ ...

"ဆရာမရေ၊ ဆရာမ ... ဆရာမ၊ ဒုက္ခတော့ ဖြစ်ကုန်ပြီ ဆရာမ ..."

အသံကုန် အော်ဟစ်ခေါ်ရင်း ပြေးလာသော သာစိန်ကြောင့် လှလေး ရင်ထိတ်သွားရပါသည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ပြန်ပြီလဲ"

"ဟိုဟာ ... ဟိုဟာ ... ယောဟဲ ... ယောဟဲ ... ဟိုမှာ"

သာစိန်က အမောဆို့ကာ တော်တော်နဲ့ မပြောနိုင်။

"ဟဲ့ ... ဖြည်းဖြည်းပြော၊ နားပြီးပြော ..."

"ဒုက္ခ ... ဒုက္ခ ဖြစ်ကုန်ပြီ ဆရာမ၊ ဆရာလေးတို့တွေ ချောင်းထဲမှာ လှေလျှောက်စီးရင်း လှေမှောက်လို့ ရေ... ရေနစ် ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



လှလေးသည် ဖြုန်းခနဲ အိမ်ပေါ်မှ ခုန်ဆင်းကာ ချောင်းစပ်သို့ ပြေးထွက်လာသည်။ သာစိန်ကလည်း လှလေးနှင့် အတူ ပြေးလာသည်။

ချောင်းစပ်ရောက်တော့ ရေစီးသန်သော ချောင်းထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေသော မောင်ကြီးတို့လှေစုကို တွေ့ရသည်။ ပြေးဆင်းလာသော ရွာသားတချို့က မောင်ကြီး သူငယ်ချင်း သုံးယောက်ကို သွားဆယ်နေကြသည်။ ရေစီးနှင့် မျောပါစပြုသဖြင့် ခပ်ဝေးဝေးသို့ရောက်သွားသူများမှာ မောင်ကြီးနှင့် ရိုစီလှဦး နှစ်ယောက်တည်းသာ ...။

သာစိန်က ရေထဲခုန်ဆင်းသွားကာ အနီးဆုံးက ရိုစီလှဦးကို လှမ်းဆွဲနိုင်သွားသည်။ တစ်ယောက်တည်း မြုပ်ချည်ပေါ်ချည် ကျန်ရစ်သူမှာ မောင်ကြီးတစ်ယောက်တည်းသာ။

လှလေးသည် ရင်တွေ ဝုန်းဒိုင်းကျဲခုန်လျက် ထုမှုနေကာ ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ ရေထဲသို့ ခုန်ဆင်းလိုက်မိလေသည်။

"ဟာ ... ဆရာမ ... ဆရာမ ဖြစ်ပါ့မလား"

ရိုစီကို ကမ်းစပ်သို့ ဆွဲတင်နေသော သာစိန်က လှမ်းအော်သည်။ မောင်ကြီး မျောနေသောနေရာက ရွာကလူစုနှင့် ဝေးလာသည်။ လှလေးက ရေကူးကျွမ်းကျင်သူမို့ မောင်ကြီးဆီသို့ အားသွန်ကူးရင်း နီးကပ်လာသည်။

မောင်ကြီး ခန္ဓာကိုယ်ကို လှမ်း ဆွဲလိုက်ချိန်မှာ





လှလေးခန္ဓာကိုယ်က လေးလံမောဟိုက်လာသည်။ မြုပ်ချည် ပေါ်ချည်နှင့်ပင် လှလေး သူ့ကိုဆွဲခေါ်လာနိုင်သည်။ သို့သော် လှလေး အသက်ရှူမဝတော့ ...။ ရေမွန်းကာ မျက်လုံးတွေ ပြာလာသည်။ ထိုအခိုက်မှာ လှလေးတို့ဆီသို့ အားသွန်၍ လှော်လာသော လှေတစ်စီးကို လှမ်းမြင်လိုက်ရသည်။ လှလေးကတော့ လှလေးရဲ့ အသိစိတ်တို့ ပျောက်ဆုံးမသွားခင်အထိ သူ့ကိုမလွှတ် တမ်း ဆွဲ၍ ကူးခတ်နေခဲ့ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

"ဆရာမ … ဆရာမ"

"လှလေး … လှလေး …"

ခေါ်သံသဲ့သဲ့နှင့်အတူ လှလေး မျက်လုံးတို့ပွင့်လာသည်။ လှလေးအာရုံထဲမှာ ရေနစ်နေသော မောင်ကြီးပုံက ထင်းထင်းပေါ်လာသည်။

လှလေးသည် လဲလျောင်းနေရာမှ ဝုန်းခနဲ ထထိုင်လိုက်ရင်း …

"မောင်ကြီးရော … မောင်ကြီး ဘယ်မှာလဲ၊ မောင်ကြီး သေပြီလား …"

လှလေး မေးပုံကြောင့် ရှိစီက ကျိတ်ပြုံးကာ လှလေးကို ဆွဲထားလိုက်ရင်း …

"လှလေးရဲ့ စွန့်လွှတ်စွန့်စားမှုကြောင့် မောင်ကြီး မသေပါဘူး လှလေးရဲ့ … ၊ ဒီလောက်လည်း စိတ်မပူပါနဲ့ …





အဟင်း … ဟင်း … အရေးကြုံတော့လည်း မသိစိတ်ထဲက ခံစားမှုအစစ်က ပွင့်ထွက်လာရတာပေါ့လေ …"

ဟု ခနဲ့ခနဲ့ အပြုံးလေးဖြင့် ပြောလိုက်သည်။ လှလေးက ရှိစီ့စကားကို သတိမထားနိုင်ဘဲ ရှိစီ့လက်မှ ရုန်းကာ ထရပ်လိုက်ရင်း …

"မောင်ကြီး အခုဘယ်မှာလဲ"

"သာစိန်တို့အိမ်မှာ …"

"တွေ့မယ် … ဒင်းတော့လား"

လှလေးက မောင်ကြီးကို မာန်မဲလိုက်ချင်စိတ်ဖြင့် မောင်ကြီးရှိနေသည့်နေရာသို့ ခပ်သွက်သွက် လျှောက်ထွက်သွားလေသည်။

"မောင်ကြီး … မောင်ကြီး ဘယ်မှာလဲ၊ နင် … မသေသေးရင် ခဏထွက်ခဲ့"

စောင် ခေါင်းမြီးခြုံထဲမှာ ကွေးနေသော မောင်ကြီးသည် လှလေးအသံကြောင့် ခေါင်းမြီးခြုံကို အသာလှပ်ကာ အိမ်ရှေ့သို့ ချောင်းကြည့်လိုက်သောအခါ ဒေါင်းတီမောင်းတီ အမူအရာဖြင့် အိမ်ပေါ်သို့တက်လာနေသော လှလေးခင်ကို တွေ့လိုက်ရပါသည်။

ဒီတစ်ကြိမ် လှလေးကို မြင်ရတာ သူ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းကို မသိပါ … ။ အေးချမ်းတာ၊ ပီတိဖြစ်တာ၊ အားကိုးယုံကြည်တာ … စသဖြင့် ခံစားချက်တွေဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား မြစ်မကြီးဆီမှ မြစ်လက်တက်ပေါင်းများစွာလို တငြိမ့်ငြိမ့် ခွဲဖြာစီးဆင်းလာပါသည်။

မောင်ကြီးသည် စောင်ကို ခေါင်းမြီးခြုံကာ မျက်နှာကလေးပဲဖော်၍ သူမကို တိတ်ဆိတ်စွာ လှမ်းကြည့်ရင်း နှုတ်ခမ်းအစုံက ပြုံးတုံ့နေပါသည်။

"ဟဲ့ … မောင်ကြီး"

ရုတ်တရက်ပင် လှလေးက မောင်ကြီးရှေ့သို့ ရောက်လာသည်။

"ခုမှ ခေါင်းမြီးခြုံပြီး ပုန်းမနေနဲ့ဟဲ့"

လှလေးက မောင်ကြီးခေါင်းပေါ်က စောင်ကို ဆွဲလှန်လိုက်တာမို့ မောင်ကြီးက ရှို့ရှို့ကုပ်ကုပ် အမူအရာလေးဖြင့် ထထိုင်လိုက်သည်။ လှလေးက မောင်ကြီးရှေ့မှာ ခါးထောက်ရပ်လိုက်ရင်း …

"နင့်ကို အဲ့ဒီချောင်းထဲ ရေဆင်းမကူးဖို့ ငါ ဘယ်နှခါ ပြောခဲ့လဲ …၊ ဒီချောင်းက ရေစီးသန်လို့ တော်ရုံ ရေကူးတတ်တဲ့သူတွေတောင်မနည်းကူးရတယ်လို့ ပြောတော့ နင်က အေးဆေးပါဆို၊ ရေကူးကန်မှာ ကူးနေကျမို့ ဒီလောက်ကတော့ အေးဆေးလေးပါဆို၊ ခု ငါသာမကယ်ရင် နင် သေမှာဟဲ့ သိရဲ့လား"

လှလေးရဲ့ ဒေါမာန်ပါပါ ပြောနေပုံလေးကို မောင်ကြီးက ခေါင်းမော့မော့လေး ငေးကြည့်နေလိုက်မိပါသည်။





ဒေါသနဲ့ပြောနေတဲ့ လှလေးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်ကြည်တို့ ရစ်လည်နေပြီး မော့ကြည့်နေမိတဲ့ မောင်ကြီးရဲ့ မျက်ဝန်းထဲမှာလည်း မျက်ရည်ရောင်ဖြင့် လဲ့လဲ့စွတ်စိုလာပါသည်။

မောင်ကြီးအကြည့်က ဆန်းကြယ်နူးညံ့လှတာမို့ လှလေးက စကားမဆက်နိုင်ဘဲ ငြိမ်သက်သွားတော့မှ မောင်ကြီးက ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာမလေး"

မထင်မှတ်သော နူးနူးညံ့ညံ့စကားကြောင့် လှလေးက ခဏလေး အငိုက်မိသလို ဖြစ်ရလျက် မောင်ကြီးကို စိုက်ကြည့်နေမိပြီးမှ သတိဝင်လာကာ မျက်စောင်းတစ်ချက်ထိုးရင်း မောင်ကြီးရှေ့မှ လှည့်ထွက်လာရပါသည်။

လှလေး ရင်ထဲမှာလည်း ဘာကြောင့်မှန်းမသိ ကတုန်ကရင်ဖြစ်နေသည်။ အဲ့ဒီကောင်ပုံစံက ဘာပုံစံလဲ …။ အမြင်ကတ်စရာ ကောင်းလိုက်တာနော် …။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ခြောက်အိမ်တန်းရွာ၌ ထိုကဲ့သို့သော အရေးကိစ္စများ ပေါ်ပေါက်နေချိန်တွင် ...

ရန်ကုန်မြို့ရှိ မောင်ကြီး၏အိမ်သို့ ရိုစီလှဦးအဖေ ကြောင်လျှာသီးက ဒေါသတကြီး ရောက်ရှိလာပါသည်။

ဦးလှဦးသည် ကားပေါ်မှဆင်းလျှင် သူ့နက်ခ်တိုင်ကို တည့်မတ်အောင်ပြင်ပြီးမှ ကားတံခါးကို လိုတာထက်ပို၍ အရှိန်ပြင်းပြင်း ပစ်ပိတ်ပစ်လိုက်ပြီး ဦးမောင်မောင်ကို အော်ခေါ်လျက် အိမ်ထဲသို့ လှမ်းဝင်လာပါသည်။

"ချက်ရှု ... ချက်ရှုရှိလား၊ ဟေ့ကောင် ချက်ရှု ... မင်းနဲ့ငါ စာရင်းရှင်းစရာ ရှိတယ်ကွ"

"အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်လာတာလဲ မစ္စတာကြောင်လျှာသီး"

မောင်ကြီးအဖေက ထမင်းစားခန်းထဲမှာ ပဲပြုတ်





ထမင်းနယ်စားနေရာမှ အိမ်ရှေ့သို့ထွက်လာရင်း လှမ်းမေးလိုက်ပါသည်။

"မင်း ... ဒီကိစ္စကို ဘယ်လိုရှင်းမလဲ"

"ဘာကိစ္စလဲ၊ မင်းနဲ့ငါ ပတ်သက်စရာ ဘာကိစ္စမှမရှိဘူး ..."

"မင်း တရားလက်လွှတ် မပြောနဲ့၊ မင်းသား ငါ့သမီးကို ခိုးပြေးသွားတဲ့ကိစ္စကို မင်းက သားရှင်မို့လို့ မသိဟန်ဆောင်နေတာလား"

ဦးမောင်မောင်က မျက်ခုံးပင့်သွားကာ ...

"ပြဿနာပါလား ...၊ ဘာတွေ လာစွပ်စွဲနေတာလဲ၊ ငါ့သား မောင်ကြီးက ငါ့ရွာမှာ ကျောင်းဆရာသွားလုပ်နေတာ ကြာပြီလေ၊ ရန်ကုန်မှာ ရှိနေတဲ့ မင်း သမီးနဲ့ ဘာများပတ်သက်စရာ ရှိလို့လဲ"

"ငါလည်း အဲ့ဒီလိုထင်ခဲ့တာပဲ ...၊ ရိုစီက သူ့ မိန်းကလေး သူငယ်ချင်းတွေနဲ့ ပြင်ဦးလွင်ကို တစ်ပတ်လောက် အလည်သွားမယ်လို့ပြောပြီး ထွက်သွားတာ သုံးလေးရက်ကြာတော့မှ ရိုစီသွားတာ ပြင်ဦးလွင်ကို မဟုတ်မှန်း ငါသိခဲ့ရတာ ..."

"မင်း သမီးက ဘယ်ကိုသွားတာတဲ့လဲ ..."

"ခြောက်အိမ်တန်းကို သွားတာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါနဲ့ပဲ ငါ့သားက မင်း သမီးကို ခိုးတယ်လို့ ယူဆလိုက်ရောလား၊ ဘယ်တုန်းကတည်းက ကျိတ်သဘောတူနေတာလဲ ..."

"မင်း ... ငါ ... ကောက်ပေါက်လိုက်ရ"

ကြောင်လျှာသီးက အနားက ပန်းအိုးတစ်လုံးကို ကောက်ကိုင်ရွယ်လိုက်ပြီးမှ ...

"ငါ ... ကမ္ဘာပေါ်မှာ အကြောက်ဆုံးက မင့်သားလို ဆန်ကုန်မြေလေးနဲ့ ငါ့သမီးနဲ့ ဖူးစာဆုံသွားမှာကိုပဲ"

"အေး ... စကြဝဠာကြီးမှာ ငါအကြောက်ဆုံးကလည်း မင်း သမီးလို ရိုစီလှဦးဆိုတဲ့ ခပ်ကြောင်ကြောင် နာမည်ပိုင်ရှင်၊ အပူပိုင်းဇုန်ဖက်ရှင်နဲ့ ခပ်ဂေါက်ဂေါက် မိန်းကလေးမျိုးနဲ့ ငါ့သားနဲ့ မပြောကောင်း ပြောကောင်း ဖတ် ... ဖတ် ... ဖူးစာဆုံသွားမှာကိုပဲ"

"ဒီမှာ ... ချက်စု"

"ပြော ... ကြောင်လျှာသီး"

"မင်းရော ငါပါ ခြောက်အိမ်တန်းကို လိုက်သွားမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"မင်း သား ငါ့ သမီးကို ခိုးတဲ့ကိစ္စကို ရှင်းမှဖြစ်မှာပေါ့ကွ"

"ခိုးတယ် ... ခိုးတယ်နဲ့ မပြောစမ်းနဲ့ကွာ၊ အကယ်၍





သူတို့ချင်း ပတ်သက်မှုရှိရင်တောင် ငါ့သားက မင်း သမီးကို ခိုးသွားတာမဟုတ်ဘူး၊ မင်း သမီးကသာ ငါ့သားနောက်ကို လိုက်သွားတာ၊ ဒါ ရှင်းနေတာပဲ"

"မင့်သား ခေါ်လို့သာ လိုက်သွားတာ နေမှာပေါ့ကွ ..."

"ခေါ်တိုင်း လိုက်စရာလားကွ၊ ဦးနှောက်ပါရင် ဆင်ခြင်ဦးပေါ့"

"နှလုံးသားပဲ ပါပြီး ဦးနှောက်မပါလို့သာ လိုက်သွားတာပေါ့ကွာ"

"ငါ့သားက သူ့ဟာနဲ့သူတောင် အနေအထိုင် အစားအသောက် စိတ်တိုင်းမကျလို့ စိတ်ဆင်းရဲနေတာ၊ ဒီအချိန်မှာ မင်း သမီးကိုခေါ်ဖို့တော့ ဝေးရောပဲ"

"အဲ့ဒါ မင်း သေချာသိနိုင်လို့လား"

"ကိုယ့်သားအကြောင်း ကိုယ်အသိဆုံးပေါ့"

"ဒီမှာ ချက်စု ..."

"ပြော ..."

"ငါ အခု ခြောက်အိမ်တန်းကို သွားမယ်၊ မင်း လိုက်မှာလား၊ မလိုက်ဘူးလားပဲ ပြော"

"လိုက်မယ်ကွာ ... လိုက်မယ်၊ မင်းချည်းလွှတ်လိုက်ရင် ငါ့သားကို ချောင်ပိတ်ပေးစားနေဦးမယ်"

ဦးမောင်မောင်က အမြန် အဝတ်အစားပြောင်းလဲပြီး ပိုက်ဆံအိတ် ချိုင်းကြားညှပ်၍ ပြန်ထွက်လာပါသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်လျှာသီး၏ ကားပေါ်သို့ တက်ထိုင်လိုက်စဉ်မှာ ကြောင်လျှာသီးက ကားမောင်းထွက်လာသည်။

မတည့်သော်လည်း ကားတစ်စီးတည်းစီး၍ ဖာတိသို့ အတူပြန်လာရတာမို့ ဘေးပတ်ဝန်းကျင်ရှုခင်းတွေကို ကြည့်ရင်း ငယ်ကအကြောင်းတွေကို ပြန်ပြောင်းအောက်မေ့စရာ ဖြစ်လာပါသည်။

ဦးမောင်မောင်က ကားထိုင်ခုံနောက်မှီကို လက်ပြန်ပိုက်လျက် သက်သောင့်သက်သာ မှီလျောထိုင်လာရင်း ကြောင်လျှာသီးကို ငဲ့ကြည့်ကာ ...

"ကြောင်လျှာသီးရာ ... မင်းပြောတော့ဖြင့် မင်းတို့မိသားစုက ဝက်ဆန် (west–ဝက်–အနောက်) တယ်ဆိုကွ ..."

"ဟုတ်တယ်လေ၊ ဆန်သားပဲ"

"ကဲ ... ဒါဆို မင်းကို ငါက တစ်ခုမေးမယ်၊ မင်းသမီးက ယောကျ်ားတစ်ယောက်ယောက်နဲ့ ခဏတစ်ဖြုတ်အတူသွားနေပြီး မင်းဆီပြန်လာရင် မင်းစိတ်မှာ အေးဆေးပဲဆိုပြီး နေနိုင်လား"

"မင်းမှာ သမီးမရှိလို့ ငါ့ကို ဒါမျိုးလာမေးတာလား"

"မင်း သမီးက ယောကျ်ားလေး တစ်ယောက်နဲ့ လက်မထပ်ဘဲ အတူနေရင်ရော မင်း လက်ခံနိုင်မလား"

"မင်းမှာ သမီးရှိရင်သာ လက်ခံလိုက်ပေါ့၊ ငါကတော့ လုံးဝ လက်မခံဘူး"





"အဲဒါပဲကွ ...၊ မင်းဘာသာ အပေါ်ယံက ဘယ်လောက်ပဲ အနောက်တိုင်းဆန်အောင်နေနေ ဒီလိုကိစ္စမှာတော့ အနောက်တိုင်း မဆန်နိုင်ဘူးမဟုတ်လား၊ မင်းကို တောမှာမွေးတာကွ၊ မင်းက တောသား၊ မြန်မာပီသတဲ့ အတွေးအခေါ်တွေက မင်းခေါင်းထဲမှာ စိမ့်ဝင်ပြီးသား၊ မင်းဘယ်တော့မှ သူတို့ နိုင်ငံကလူလို ဖြစ်လာမှာမဟုတ်ဘူး၊ ဘိုရူး ရူးမနေနဲ့၊ ရှက်စရာကောင်းတယ်၊ တောသားဟာ တောသားပေါ့ကွ ဘာဖြစ်လဲ၊ တောသားက ကြီးပွားလာတာ ပိုတောင် ဂုဏ်ယူစရာကောင်းသေး ..."

ကြောင်လျှာသီးက ခွန်းတုံ့မပြန်ဘဲ ကားကိုအာရုံစိုက်၍ မောင်းနေသည်။ ခြောက်အိမ်တန်းရွာသို့ သွားရမည့် လမ်းလေးထိပ်မှာ ကားရပ်တော့ ဦးမောင်မောင်က ထိုလမ်းဆီ လက်ညှိုးထိုးပြလိုက်ရင်း ...

"ဟောကောင် ... ဟိုမှာကြည့်စမ်း၊ ငါတို့ ငယ်ငယ်တုန်းက အဲ့ဒီလမ်းလေးကို နေ့တိုင်း ဖြတ်ပြီး မြို့ကျောင်းမှာ ကျောင်းသွားတက်ရတာ မင်း မှတ်မိသေးလား"

"မမှတ်မိပါဘူး"

ဦးမောင်မောင်က အရေးမစိုက်သလိုလုပ်နေသော ကြောင်လျှာသီးကို ပြုံးမဲ့မဲ့ မျက်နှာထားဖြင့် စွေကြည့်လိုက်ရင်း ...

"တစ်ညနေ ကျောင်းကအပြန်မှာ ငါ့ခြေထောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကွဲရှလို့ မင်း ငါ့ကို ကုန်းပိုးပြီး ပြေးခဲ့ရတာကို တော့ မှတ်မိဦးမှာပေါ့နော်”

“အဲ့ဒါ ... မင်း သက်သက်လူပါးဝတာ ဟော့ကောင်၊ မင်းဘာသာ လျှောက်နိုင်ရက်သားနဲ့ ငါ့ကို တမင်နှိပ်စက်တာ၊ အလကားကောင် ... ခွေးကောင်”

“ဟား ... ဟား ... မမှတ်မိဘူးဆိုကွ ...”

ဦးမောင်မောင်က အော်ရယ်လိုက်တော့ ကြောင်လျှာသီးက လက်သီးနဲ့ထိုးဖို့ ရွယ်သည်။ ဦးမောင်မောင်က ခေါင်းငုံ့ရှောင်လိုက်ပြီး ကြောင်လျှာသီး လည်ပင်းက နက်ခ်တိုင်ကို ပြန်ဆွဲတည့်ပေးလိုက်သည်။ ပြီးတော့ ... ကြောင်လျှာသီး ရင်ဘတ်ကို တစ်ချက် နှစ်ချက် ခပ်ဖွဖွပုပ်ပေးလိုက်ပါသည်။

“ဖယ်ကွာ ... လာဖားမနေနဲ့”

ကြောင်လျှာသီးက ဦးမောင်မောင် လက်ကို ပုတ်ထုတ်ပြီး လမ်းကြမ်းကြမ်းဆီသို့ ကားကိုချိုးကွေ့ဝင်လိုက်သည်။ ဦးမောင်မောင်ကတော့ ကြောင်လျှာသီးကို စ,ပဲ စချင်နေကာ

“သြော် ... နောက်တစ်ခု သတိရစရာ ရှိသေးတယ်ကွ၊ မယဉ်မေလေ ...၊ မှတ်မိတယ် မဟုတ်လား၊ မယဉ်မေကို မင်းနဲ့ ငါ အပြိုင် လူပျိုလှည့်တုန်းက မယဉ်မေက ငါ့ကို ပြန်ကြိုက်ကြောင်း ရေးထားတဲ့ စာကို မင်းက တစ်ဆင့် ငါ့ကိုပေးခိုင်းလိုက်တုန်းကဆို မင်းမျက်နှာကြီး ဖြစ်သွားလိုက်ပုံများ ငါ ခုထိ မမေ့ပါဘူးကွာ ...”





“ချက်ရှ ... မင်းပါးစပ် ပိတ်”

“ဟား ... ဟား ... ဟား ... ဟား”

ချက်ရှ (ခေါ်) ဗိုလ်ချုပ် (ခေါ်) ဦးမောင်မောင်၏ ရယ်သံက ဟိုးဝေးဝေးဆီက ဓာတ်ရွာလေးသို့ လွင့်မျောသွားလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

သာစိန်တို့အိမ်ပေါ်တွင် သာစိန့်အဘွား ဒေါ်အေးသုန်၊ ကျောင်းအုပ်ဆရာကြီး ဦးဘဖေ၊ ဆရာမလေး လှလေးခင်၊ မောင်ကြီး အဖေ ဦးမောင်မောင်နှင့် ရိုစီလှဦး အဖေ ဦးလှဦး တို့ စုံညီစွာ ဝိုင်းထိုင်လျက် မောင်ကြီးတို့လူစုကို စောင့်စားနေကြပါသည်။

မောင်ကြီး၊ ရိုစီလှဦးနှင့် သူငယ်ချင်းတစ်သိုက်ကို သာစိန်က သွားပြေးခေါ်နေပါသည်။ ဝိုင်းထိုင်နေကြသူများမှာ နှုတ်ဆိတ်ရင်ထိတ်နေသည်။ ဦးလှဦးမျက်နှာက တင်းတင်းမာမာ၊ ဦးဖိုးမောင် မျက်နှာမှာတော့ လှောင်သရော်သလို အပြုံးကလေးကို ဆင်မြန်းထားပါသည်။

မကြာခင်မှာပဲ အိမ်တံခါးဝမှာ ရိုစီကို လှမ်းမြင်လိုက်ကြရပါသည်။

စိတ်မထိန်းနိုင်သော ကြောင်လျှာသီးမှာ ရိုစီ့ထံသို့ ဝုန်းခနဲ ထ,သွားကာ လက်ကိုဆောင့်ဆွဲခေါ်လိုက်ရင်း ...





"ရိုစီ ... အမိုက်မ၊ နင် ဒါ ဘာအချိုးချိုးတာလဲဟင်၊ ငါ့မျက်နှာကို အိုးမည်းသုတ်လိုက်တာလား ..."

"မသုတ် ... မသုတ်ပါဘူး ဒက်ဒီ၊ ဒက်ဒီ့မျက်နှာကို ရိုစီက ဘာလို့ အိုးမည်းသုတ်ရမှာလဲ၊ ဒက်ဒီ့ကို သုတ်ဖို့ဝေးလို့ ရိုစီတောင်မှ အိုးမည်းကို မကိုင်ချင်တာ"

ရိုစီက ရှုတ်တရက်ကြီး လူစုံ တက်စုံ စုဝေးနေတာကို မြင်လိုက်ရတာမို့ အံ့သြလျက် ခပ်ကြောင်ကြောင် ပြန်ပြောသည်။ ကြောင်လျှာသီးကတော့ ဒေါသကိုပဲ ရှေ့တန်းမှာတင်ကာ ...

"နင်က မိဘကို လှည့်စားတယ်ပေါ့လေ ... ဟုတ်လား၊ ပြောတော့ဖြင့် မိန်းကလေး သူငယ်ချင်းတွေနဲ့ ပြင်ဦးလွင်ကိုဆို၊ ဝေယံအမေနဲ့တွေ့မှ ငါ အမှန်အတိုင်းသိရတယ်"

"အဲ့ဒါ ... အဲ့ဒါက ရွာသွားမယ်ဆိုရင် ဒက်ဒီက မလွှတ်မှာစိုးလို့ ညာပြောခဲ့တာပါ"

"နင် တော်တော် မိုက်လုံးကြီးပါလား ရိုစီရယ်၊ နင့်ကြောင့် ချက်စူရှေ့မှာ ငါ ဘယ်လောက်မျက်နှာငယ်ရတယ် မှတ်သလဲ ..."

"ဟင် ... ဦးလေးချက်စူရှေ့မှာ ဘာမျက်နှာငယ်စရာအကြောင်းရှိလို့လဲ"

"နင် လိုက်လာတာ သူ့သားနောက်ကိုလေ၊ ဒီလိုကောင်မျိုးရဲ့ သားနဲ့ နင့်ကို ငါ ဘယ်လိုသဘောတူရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဒင်းရှေ့မှာ မျက်နှာအောက်ချ ညှိုးငယ်ရအောင်
နင် လုပ်သွားတာလေ ... ရိုစီလှဦးရဲ့"

"ဟာ ... မဟုတ်တာ၊ မဟုတ်ဘူး ..."

ရိုစီသည် အထိတ်တလန့် ငြင်းလိုက်ပြီးမှ လွဲရသည့် အဖြစ်ကြီးကို ရယ်ချင်သွားရပါသည်။ ပြီးတော့ ဝိုင်းထိုင်နေကြသည့် လူအပေါင်းကို မျက်လုံးဝေ့၍ ကြည့်လိုက်ပါသည်။

ရိုစီ သေသေချာချာ မြင်လိုက်ရသည်မှာ လှလေးရဲ့ စိုးထိတ်နေသော မျက်ဝန်းကလေးဖြစ်သည်။ ထိုမျက်လုံးကလေးသည် ရွှန်းစိုရီလဲ့လျက် တစ်စုံတစ်ရာကို ကြောက်ရွံ့လျက်ရှိသည်။

ရိုစီသည် ဒီနေရာမှာ 'ငါသာလျှင် ဖူးစာရေးနတ်ဖြစ်တော့သည်' ဟု ခံယူကာ လှစ်ခနဲပြုံးလိုက်မိရင်း ...

"မောင်ကြီးနဲ့ ရိုစီနဲ့က ဘာမှမဆိုင်ဘူး ဒက်ဒီ၊ ရိုစီလည်း ရိုစီနဲ့ စရိုက်တူတဲ့ မောင်ကြီးကို ယူဖို့ တစ်ခါမှ မစဉ်းစားမိဘူး၊ မောင်ကြီးကလည်း သူနဲ့တူတဲ့ ရိုစီကို ဘာညာ ဘာညာ ဘယ်လိုစိတ်မှ မရှိဘူး ..."

ရိုစီ ဖြေရှင်းနေဆဲမှာ မောင်ကြီး ရောက်လာကာ

"ရိုစီ ... ဘာဖြစ်၊ ဟင် ... လူစုံတက်စုံပါလား၊ ဟာ ... အဖေ"

မောင်ကြီးက အူကြောင်ကြောင်ဖြစ်နေဆဲ ဦးမောင်မောင်က မောင်ကြီးနားသို့ ထလာကာ ...





"မင်း ပြဿနာထုပ်ကို ရှင်းဖို့လိုက်လာရတာ၊ ကြောင်လျှာသီးက စွပ်စွဲတော်မူတယ်လေ၊ သူ့သမီးက မင်းနောက်ကို လိုက်လာတာတဲ့ ..."

"ဟုတ်တယ်လေ ..."

"ဘာ ..."

မောင်ကြီး အဖြေကြောင့် ဦးမောင်မောင်က ဘာခနဲ အအော်၊ ကျန်လူကြီးများက မျက်ခုံးအပင့်။

မောင်ကြီးက အားလုံးကို နားမလည်သလိုကြည့်ရင်း ...

"ဝေယံတို့ သားဆီ လာလည်ကြလို့ ရိုစီပါ လိုက်လာလည်တာလေ ..."

"အေး ... အဲ့ဒါကိုကွာ ကြောင်လျှာသီးက သူ့သမီးနဲ့ မင်းနဲ့ ခိုးပြေးပါတယ်ဆိုပြီး ..."

"ဟင် ... ဟုတ်လား၊ ဟား ... ဟား ... ရိုစီကိုလား သားက ခိုးပြေးမှာ ..."

"ဟော့ကောင် ... မင်း ဘာစကား ပြောတာလဲ"

အမှတ်တမဲ့ ရယ်ချလိုက်သော မောင်ကြီးမှာ ကြောင်လျှာသီးက လှမ်းအော်တော့မှ ပါးစပ်ပိတ်သွားရပါသည်။

ဦးလှဦးက မောင်ကြီးကို မသင်္ကာသလိုကြည့်နေတာမို့ မောင်ကြီးက အနားမှာ ရပ်နေသည့် ရိုစီ့ကို တံတောင်နဲ့ တွတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရိစ် ... နင့်အဖေကြီးက ငါ့ကို ဘယ်လိုကြည့်နေတာလဲ၊ ရှင်းလိုက်ဦးလေ"

"အေးပါ ... နင် အသာနေ"

ရိစ်က မောင်ကြီးနှင့်အတူ ယှဉ်ရပ်နေရာမှ ရှေ့သို့ တိုး၍ ရပ်လိုက်ရင်း ...

"ဒက်ဒီ ... ဘာမှ မယုံသင်္ကာမဖြစ်နဲ့၊ မောင်ကြီးက ရိစ်ကို ဘယ်တော့မှ လက်မထပ်မှာလည်း သေချာတယ်၊ ဘယ်တော့မှ မချစ်မှာလည်း သေချာတယ်၊ သူတကယ်ချစ်တာ တကယ်လက်ထပ်ချင်တာက လှလေးခင် ..."

"ဟင် ..."

"ဟယ် ..."

"ဟာ ..."

ရှိသမျှလူအားလုံးက အံ့သြတကြီး ...။ မောင်ကြီးက မျက်လုံးကြီးပြူးလျက် ရိစ်ကို လှည့်ကြည့်လာသည်။ လှလေးရဲ့ မျက်ဝန်းထဲမှာတော့ ရှက်လန့်တကြားဟန်ကလေး ရိပ်ခနဲ ဖြတ်ပြေးသွားသည်။ ရှိနေသမျှ လူအားလုံးက လှလေးကို ဝိုင်းကြည့်လိုက်ကြတာမို့ လှလေးက ထမယ်အပြင် ...

"နေဦးလေ ... ဟုတ်မဟုတ် စောင့်နားထောင်သွားဦးမှပေါ့ ဆရာမလေးရဲ့ ..."

အားရင် တရားစာ ရွတ်နေတတ်သော ဆရာကြီး





က ဒီတစ်ခါတော့ ဘာစိတ်ကူးပေါက်သည်မသိ လှလေးလက်ကို လှမ်းဆွဲထားရင်း အများကြားအောင် ရေရွတ်လိုက်သည်။

မောင်ကြီးသည် ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသော အခြေအနေကို မေ့လျော့စွာပင် လှလေးရဲ့ ရှက်စနိုး အပြုအမူလေးကို ကြည်နူးပီတိဖြာဝေလျက် ငေးကြည့်နေမိဆဲ ရိစ်က မောင်ကြီးကို လှမ်းမေးလိုက်ပါသည်။

"မောင်ကြီး ... ငါပြောတာ မှန်တယ်မဟုတ်လား"

"မှန်တယ်၊ သိပ်မှန်တယ်"

မောင်ကြီးက ဘယ်သူ့ကိုမှ မမြင်တော့ဘဲ လှလေးကိုသာ အကြည့်မပျက် စိုက်ကြည့်လျက်ကပင် အားပါးတရ ခေါင်းညိတ်၍ အဖြေပေးလိုက်လေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

ရွာကပြန်ခါနီးမှာတော့ ဦးမောင်မောင်ရဲ့ မျက်နှာပေါ်မှာ ပီတိပန်းကြီး ပန်ဆင်ထားတာကို အထင်အရှား မြင်နိုင်ပါသည်။

ကြောင်လျှာသီး ဦးလှဦးရဲ့ မျက်နှာသည်လည်း အလာတုန်းကလို ပုပ်သိုးမနေတော့ဘဲ ကြည်လင်နေပါသည်။ သို့သော် … ကြာကြာ မကြည်လင်လိုက်ရပါ။ အလိုက်ကန်းဆိုး မသိသော သမီးက ရွာလူကြီးတွေ့ရှေ့မှာ တောင်းဆိုလာပါသည်။

"ဒက်ဒီ … နှစ်ကုန်လောက်ကျရင် ဒီရွာရဲ့ မူလတန်းကျောင်းအသစ်လေးကို အုတ်မြစ်ချတော့မှာတဲ့ ဒက်ဒီရဲ့၊ ဦးလေးချက်စူ ထည့်ထားတဲ့ အလှူငွေတွေနဲ့ ဆောက်ရမှာလေ၊ ဒက်ဒီလည်း ဒီရွာသားပဲဟာ၊ အလှူငွေလေး ဘာလေး ထည့်သွားပါလား၊ ရိုစီရေနှစ်တုန်းကဆို ဒီရွာ





က လူတွေပဲ ကယ်ထားရတာ၊ သူတို့ကျေးဇူး ရိုစီ့မှာ ရှိတယ်လေ ဒက်ဒီရဲ့ …"

ရိုစီ့အသံက ခပ်ကျယ်ကျယ်။ ထိုအသံကြောင့် အနားမှ လူအပေါင်းရဲ့ အာရုံက ဦးလှဦးထံ ရောက်လာကာ ဦးလှဦး ဘယ်လိုများ တုံ့ပြန်မှာပါလိမ့်ဟု မသိမသာ အကဲခတ်နေကြသည်။

ဦးလှဦးသည် ထိုမျက်လုံးများရဲ့အလယ်မှာ ချွေးတွေပျံလာကာ စိတ်ထဲမှ ကိုယ့်သမီးကို မေတ္တာပို့ရင်း ပိုက်ဆံအိတ်ကို အနည်းငယ်တုန်ရင်သော လက်အစုံဖြင့် ဆွဲဖွင့်လိုက်ရပါသည်။

ဦးလှဦးတို့ အပြန်မှာ ရိုစီနှင့် ဝေယံတို့အားလုံး လိုက်ပါသွားကြမည် ဖြစ်သည်။

မောင်ကြီးကတော့ ကျောင်းကြီးပိတ်မှ ပြန်ရမှာပင် …။

ကားထွက်ခါနီးမှာ ဦးမောင်မောင်က သားဖြစ်သူ၏ မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ရင်း …

"ဟော့ကောင် မောင်ကြီး …"

"ဗျာ … အဖေ"

"မင်း … လှလေးအချစ်ကို မရရင် ငါနဲ့အတွေ့ပဲ …"

ဦးမောင်မောင်က ထိုသို့ ကြိမ်းဝါးပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးကို ချာခနဲ ကျောခိုင်းကာ ကားဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်လေသည်။

● ● ●



❧ ❧ ❧

"တစ်ယောက်စကား ..."

"တစ်ယောက်စကား"

"တစ်ယောက်နားမှာ ..."

"တစ်ယောက်နားမှာ"

"မခါးရအောင် ..."

"မခါးရအောင်"

"သတိဆောင်၍ ..."

"သတိဆောင်၍"

"... ... ..."

"... ... ..."

ရွာကျောင်းလေးထဲမှာတော့ မောင်မောင်ကြီး၏ စာချပေးနေသော အသံက အကျယ်ဆုံးဖြစ်လေသည်။

ဆံပင်လေး ပိပိရိရိခွဲလျက်၊ ပုဆိုးစိမ်းစိမ်း၊ ရှပ်ဖြူ ဖြူကလေးဖြင့် အပိုးကလေးကျိုးနေကာ ကြုံးရှန်းအော်ဟစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကျောင်းဆရာကလေးကို လှမ်းလှမ်းကြည့်ရင်း ဆရာမကလေးက မကြာခဏ ပြုံးမိရပါသည်။

ကလေးတွေက ဝိုင်းအုံ လက်တွဲတိုင်း လက်ကို ပြန်မရုန်းတော့ပြီဖြစ်သော၊ နေ့ခင်းကျောင်းဆင်းချိန်ဆို ကလေးတွေနှင့်အတူ ဝိုင်း၍ ထမင်းစားတတ်နေပြီဖြစ်သော၊ အားလပ်ချိန်တွေမှာ ကစားနည်းမျိုးစုံကို ကလေးတွေနှင့်အတူ ချစ်ခင်ရင်းနှီးစွာ ကစား၍ နေတတ်ပါသော၊ မကြာခဏဆိုသလို လှလေးကို ခိုးခိုးငေးတတ်ပါသော မောင်ကြီးက လှလေးရင်ထဲသို့ တစိမ့်စိမ့် တိုးဝင်လာခဲ့ပါသည်။

မောင်ကြီးကတော့ ရွာကလေးရဲ့ နိုက်ကလပ်မပါသော ညတွေ၊ ကော်ဖီဆိုင်မပါသော နေ့တွေကို 'လှလေးရှိသားပဲလေ' ဟူသော အသိဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းရင်း 'သြော်... အချစ်ဆိုတာ ဒီလိုပါလား' ဟု သိမြင်ခံစားလာရသည်။

နံနက်ခင်းတစ်ခုမှာတော့ မောင်ကြီးက မနက်စောစော ထကာ ရွာထိပ် ခရေပင်ကြီးဆီသို့ လျှောက်လာခဲ့ပါသည်။

ခရေပင်အောက်မှာ ခရေပန်းကြွေတွေ ပြန့်ကျဲလျက်ရှိပြီး ခရေပန်းနံ့ကလေး သင်းသင်းမွှေးလျက်ရှိသည်။

မောင်ကြီးက ပုဆိုး ခါးပုံစကြီးကြီးထုတ်၍ ဝတ်လိုက်ပြီး ခရေပွင့်တွေကောက်ကာ ခါးပုံစထဲသို့ ထည့်လိုက်သည်။ မကြာခင် ခါးပုံစတစ်လုံးစာ ခရေပန်းတွေ ပြည့်သွားသည်။





မောင်ကြီးက ခရေပင်အောက်မှာ အေးအေးလူလူ ထိုင်ပြီး ဘွားမယ်သုန်ထံက တောင်းလာသည့် အပ်ကြီးကလေးကို ထုတ်ယူကာ ခရေကုံးကလေးဖြစ်အောင် သီကုံးနေလိုက်သည်။

နေရောင်ခြည်က ခရေပင်ကြီးတစ်ဝိုက်သို့ ဖြန့်ကျက်လာချိန်မှာ ဆွမ်းချိုင့်ကလေးဆွဲ၍ လျှောက်လာနေသော လှလေးကို လှမ်းမြင်လိုက်ရသောအခါ နံနက်ခင်းကြီးတစ်ခုလုံး လိုအပ်ချက်မရှိ သာယာလှပသွားသည်ဟုပင် ထင်လိုက်ရသည်။

မောင်ကြီးက ခရေပန်းကုံးကလေးကို ကိုင်၍ ခရေပင်အကွယ်မှာ ရပ်လျက် သူမကို စောင့်နေလိုက်သည်။

ခရေပင်အောက်ရောက်တော့ လှလေးက ပဆစ်တုပ်လေး ထိုင်ချကာ ခရေပန်းကြွေတွေ လိုက်ကောက်နေသည်။

မောင်ကြီးက သူမထံ လျှောက်လာခဲ့ကာ ငုံ့ကိုင်း၍ သူမလည်ပင်းမှာ ခရေပန်းကုံးကလေး စွပ်ပေးလိုက်ပါသည်။

"ဟင်..."

လှလေးက မောင်ကြီးကို တအံ့တသြမော့ကြည့်လာတော့ မောင်ကြီးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်သည်။

သူမက ပြုံးသလို မပြုံးသလို အိုးတိုးအမ်းတမ်း မျက်နှာထားကလေးဖြင့် အမြန်ထရပ်လိုက်ပြီး မောင်ကြီးရှေ့မှ ခပ်သွက်သွက် လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ လည်တိုင်ကျော့ကလေးမှာ မောင်ကြီးရဲ့ ခရေပန်းကုံးကလေး သီတွဲလွှပ်ယမ်း လိုက်ပါသွားသည်။

မောင်ကြီးရဲ့ ညတွေမှာ လှလေးရဲ့ မပြုံးတုံ့ပြုံးတုံ့ မျက်နှာကလေးကို မြင်ယောင်မိတိုင်း သူမအချစ်ကို ရခဲ့ပြီဟု စိတ်ချသေချာနေခဲ့ရပါသည်။

● ● ●



မိုးစက်လေးတွေ စိပ်စိပ်ရွာသော နေ့ရက်များ ...

နေရောင်ခြည် နွေးထွေးသော နေ့ရက်များ ...

ဆောင်းဦးနှင်းမြူတို့ ပါးပါးကျသော နေ့ရက်များကို ကုန်လွန်ဖြတ်သန်းခဲ့ပြီးနောက်တွင် ...

မောင်ကြီး မြို့ပြန်ရမည့်နေ့သို့ ရောက်ရှိလာပါသည်။

ထိုနေ့မှာပင် ကျောင်းသစ်အုတ်မြစ်ချမည်ဖြစ်၍ မောင်ကြီး အဖေ၊ ရိစီ့အဖေနှင့် ရိစီ၊ ဝေယံ၊ ဘိုဘို၊ ညီထက်တို့ အားလုံး ရွာသို့ ရောက်လာကြသည်။

တစ်ရွာလုံးလည်း အိုးစည်ဗုံမောင်းသံများဖြင့် စည်ကားနေသည်။ မောင်ကြီး နံဘေးမှာလည်း လာရောက်နှုတ်ဆက်နေသော တပည့်များ၊ ကလေးမိဘများဖြင့် စည်ကားနေပါသည်။ ရွာထွက် မြေပဲ၊ ငှက်ပျောခိုင်၊ သစ်သီးဝလံ ... အစရှိသည့် လက်ဆောင်များလည်း တစ်ခုပြီးတစ်ခု ရောက်ရှိလာပါသည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးကို ကွက်ကြည့် ကွက်ကြည့်လုပ်နေသော ဦးမောင်မောင်က လူရှင်းတာနှင့် မောင်ကြီးနားသို့ ရောက်လာကာ ...

"ဟေ့ကောင် ... မောင်ကြီး"

"ဗျာ ... အဖေ"

"ဘယ်လိုလဲ ..."

"ဘာကိုလဲ အဖေ ..."

"အခြေအနေ ..."

"ဘာအခြေအနေလဲ အဖေ ..."

"လှလေးခင်နဲ့ မင်းနဲ့ အခြေအနေကို မေးတာကွ"

"ဩော် ... ဒါလား ..."

"အခြေအနေ မကောင်းဘူးလား"

"သားတို့က ငယ်ပါသေးတယ် အဖေ"

"မင်း အသုံးမကျရင် အသုံးမကျဘူး ပြော"

"ဟေ့ကောင် ဗိုလ်ချုပ်၊ အုတ်မြစ်ချတော့မှာကွ၊ မြန်မြန်လာ ..."

အဖေ့သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်တာမို့ အဖေက မောင်ကြီးကို ဘဝင်မကျသလို ပေစောင်းစောင်းကြည့်ရင်း အုတ်မြစ်ချမည့်နေရာသို့ လိုက်သွားရသည်။

မောင်ကြီးကတော့ လူအုပ်ကြားမှာ လှလေးကို ရှာနေမိပါသည်။ ရှာလည်းရှာ၊ မေးလည်းမေး ...။





"သာစိန် ... လှလေးကို တွေ့မိလား"

"မတွေ့မိဘူး အစ်ကို"

"ဘွားဘွား ... လှလေး တွေ့မိလား"

"မတွေ့မိပေါင်ကွယ် ..."

"ကလေးတွေ မင်းတို့ ဆရာမ တွေ့မိလား"

"မတွေ့မိပါဘူး ဆရာလေး"

မောင်ကြီးက လည်ပင်းရှည်မြင့်ကာ လူအုပ်ကြားမှာ လှလေးကို လိုက်ရှာသော်လည်း မတွေ့။ မဖြစ်မနေ ရှိကို ရှိနေရမည့်အချိန်မှာ လှလေးက ပျောက်နေပါသည်။

"ဆရာလေး ... ဆရာလေး"

မောင်ကြီး ရှာနေဆဲမှာ ကလေးတစ်ယောက်က မောင်ကြီးကို အော်ခေါ်ရင်း ပြေးလာနေသည်။

"နေမျိုးမောင် ... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"ဟို ... ဟို ... ဆရာမလေးရယ် ... ခရေပင်အောက်မှာ ငိုနေတယ်"

မောင်ကြီး ရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သွားသည်။

မောင်ကြီးက လူအုပ်ကိုဖယ်ခွာကာ ခရေပင်ကြီးဆီသို့ ပြေးလာနေပါသည်။

"လှလေး ..."

ခရေပင်ခြေမှာ ငြိမ်ငြိမ်လေး ခေါင်းငုံ့ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လှလေးရှေ့မှာ မောင်ကြီးက ထိုင်ချလိုက်ပြီး လှလေးမျက်နှာကို မြင်ရအောင် လိုက်ငုံ့ကြည့်ရင်း ...

"လှလေး ... ဘာဖြစ်တာလဲ၊ ငိုနေတာလားဟင်"

"ဘာလို့ ငိုရမှာလဲ၊ ဘယ်သူက ငိုလို့လဲ၊ မငိုပါဘူး"

လှလေးက ခပ်ဆတ်ဆတ်ပြောပြီး မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ မောင်ကြီးက ပြုံးလိုက်ရင်း ...

"လှလေးကကွာ ... စကားကို ချိုချိုသာသာ ပြောမှပေါ့၊ တစ်နေ့တစ်နေ့ ကလေးတွေကိုကျတော့ ပါကဗျာ သင်ပေးနေပြီး ..."

"ဘယ်ကဗျာလဲ ..."

"ကြားချင်ရင် ရွတ်ပြမယ်လေ ...၊ နားထောင်ကြည့်"

မောင်ကြီးက တပည့်လို လက်ကလေးပိုက်လိုက်ရင်း ကလေးတွေရဲ့ သံနေသံထားကို အတုခိုးကာ ...

"တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ"

ဟု ဟန်ပါပါ ရွတ်ပြလိုက်တော့ လှလေးက တင်းမထားနိုင်ဘဲ တစ်ချက်ပြုံးကာ မျက်စောင်းလှလှ ထိုးလာသည်။

မောင်ကြီးက အနီးကပ် မြင်နေရသည့် လှလေး မျက်နှာလေးကို တငေးတမော ကြည့်မိရပါသည်။ ချစ်စရာကောင်းတဲ့ တောသူမကလေးရဲ့ မျက်နှာပေါ်မှာ သနပ်ခါး အစင်းခြစ်ရာကလေး ရေးရေးထင်လျက်၊ မျက်ခုံးမွေးထူထူပေါ်





မှာ သနပ်ခါးတို့တင်လျက် ...။ ကလေးဆိုးလို နှုတ်ခမ်းတင်းတင်း စေ့ထားလိုက်တော့ ပါးကလေးတွေက ဖောင်းလာကာ ဘယ်လိုကြည့်လို့ကောင်းမှန်းမသိ၊ ဟိုတုန်းကတော့ အမြင်ကတ်ခဲ့ရတာပေါ့လေ ...။

"လှလေး ... ငါပြန်ရင် ငါ့ကို လွမ်းကျန်ခဲ့မှာလား"

"မလွမ်းသေးဘူး ..."

"ခုကတည်းက ကြိုလွမ်းပြီး မျက်ရည်ကျတာမဟုတ်ဘူးလား"

"မကျပါဘူး၊ ခုန လက်ဖက်သုတ်ထဲက ငရုပ်သီးစိမ်း ဝါးစားမိလို့ မျက်စိစပ်ပြီး မျက်ရည်ထွက်လာတာ ..."

"နင် ငါ့ကိုပြောဖူးတဲ့ စကားတစ်ခွန်း ရှိတယ်၊ မှတ်မိလား ..."

"ပြောတဲ့ စကားတွေ အများကြီးပဲကို၊ ဘယ်လိုလုပ် မှတ်နိုင်မလဲ ..."

"နင်ပဲ ပြောခဲ့တယ်လေ၊ လှလေးတို့က အလကားနေရင်း မမုန်းတတ်ဘူးတဲ့၊ မုန်းဖို့ အကျိုးအကြောင်း ခိုင်လုံလို့ မုန်းတာတဲ့၊ ဒါဆို ချစ်ဖို့ အကျိုးအကြောင်းခိုင်လုံရင်ကော ချစ်မှာလားလို့ ငါ မေးတော့ နင်မဖြေဘူး၊ အဲ့ဒါ အခုဖြေပေး ..."

"မဖြေပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြေပါ လှလေးရယ် ...၊ ခုထိ ငါ့ကို ချစ်ဖို့ အကျိုးအကြောင်း မခိုင်လုံသေးဘူးလား"

"နင် ဘယ်တုန်းက ငါ့ကိုချစ်တယ် ပြောဖူးလို့လဲ ..."

"ပြောဖူးတယ်လေ၊ ရှိစီမေးတုန်းက ငါ ပြောတယ်လေ"

"ရှိစီက မှန်လားမေးတာကို နင်က မှန်တယ် မှန်တယ်ပဲ ပြောတာပါ"

"ဩော် ... ဒါဆို ခုပြင်ပြောမယ်၊ ချစ်တယ် ... ချစ်တယ်"

လှလေးက မျက်နှာကလေး ရဲသွားကာ ...

"ပြောပုံက ပေါ့တီးပေါ့ဆနဲ့ ..."

ဟု ပြောပြီး မောင်ကြီးရှေ့မှ ထထွက်သွားသည်။ မောင်ကြီး အမီလိုက်လာတော့ လှလေးက လူအုပ်ကြားထဲသို့ ရောနှောပျောက်ကွယ်သွားသည်။

အိုးစည်ဗိုင်းတွေရဲ့ တီးမှုတ်သံက ရွာလုံးဟိန်းညံနေသည်။ ကျောင်းတစ်ဝိုက်မှာ လူတွေက ကျိတ်ကျိတ်တိုးနေသည်။ မောင်ကြီးက လှလေးကို လူတွေထဲ တိုးဝှေ့၍ ရှာနေမိသည်။

မကြာခင်မှာပဲ ဦးမောင်မောင်နှင့် ဦးလှဦးတို့ အတူတကွ ရွာကျောင်းကလေးကို အုတ်မြစ်ချပေးလိုက်ကြသည်။

ခဏနေတော့ ဦးမောင်မောင်တို့အားလုံး ပြန်ကြတော့မှာမို့ ရပ်ထားသော ကားများဆီသို့ လျှောက်လာကြသည်။ ကားနောက်ဖုံးတွေထဲမှာတော့ ရွာလက်ဆောင်များဖြင့် ပြည့်လျှံ





နေသည်။ လိုက်ပါပို့ဆောင်ကြသော လူအုပ်က ပို၍များလာပြီး အိုးစည်ဗိုင်းက လက်သံပိုပြောင်လာပါသည်။

"ဟော့ကောင် ... မောင်ကြီး၊ လာလေကွာ ..."

လူအုပ်ကြီးကို နှုတ်ဆက်လက်ပြရင်း လူအုပ်ထဲမှာ လှလေးကို ရှာနေသော မောင်ကြီးကို ဝေယံတို့က လှမ်းအော်ခေါ်နေကြသည်။

မောင်ကြီးက နောက်သို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ကားဆီသို့ လျှောက်လာနေသည်။

ဝေယံ မောင်းမည့် နောက်အဖွင့် Surf ကားကြီးပေါ်သို့ လှမ်းတက်လိုက်ရသော်လည်း မောင်ကြီးရင်ထဲမှာ လေးလံနေသည်။

ကားဘီး စလိမ့်သည်။

လူအုပ်ကြီးက မောင်ကြီးကို လက်ပြ နှုတ်ဆက်နေသည်။

မောင်ကြီးကလည်း ရင်တနင့်နင့်ဖြင့် လက်တပြပြ နှုတ်ဆက်နေရသည်။

ထိုအချိန်မှာပဲ လူအုပ်ကြားမှ တိုးထွက်လာသော လှလေးကို လှမ်းတွေ့လိုက်ရသည်။

လှလေးက သူ့ကို လက်ဝှေ့ယမ်းပြနေသည်။

သူ့ရင်ထဲမှာလည်း ယမ်းခါသွားသည်။

"ရပ် ... ရပ်၊ ကား ... ခုရပ် ..."



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက ကြုံးအော်လိုက်တော့ ကားတန်းကြီးက ရပ်တန့်သွားသည်။

အိုးစည်ဗုံမောင်းသံတွေလည်း ရပ်တန့်သွားသည်။

"ဟော့ကောင် ... မင်း ဘာလုပ်မလို့လဲ"

ညီထက်က ကားပေါ်ကခုန်ဆင်းလာဆဲဆဲ မောင်ကြီးရဲ့ အင်္ကျီစကို လှမ်းဆွဲရင်းမေးလိုက်သည်။

"ငါ ... လုပ်ချင်တာလေးတစ်ခု ကျန်နေလို့ကွာ၊ အဲ့ဒါလေးတော့ လုပ်ဖြစ်အောင် လုပ်သွားချင်သေးတယ်"

မောင်ကြီးသည် ညီထက်လက်မှ ရုန်းလျက် ကားပေါ်မှ ခုန်ဆင်းလာပါသည်။

အားလုံးသော လူအပေါင်းက ငြိမ်သက်လျက် မောင်ကြီးကို လှမ်းကြည့်နေကြချိန်မှာ မောင်ကြီးက လှလေးထံသို့ ပြေးသွားနေခဲ့သည်။

ထို့နောက် ... မောင်ကြီးသည် လှလေးရှေ့မှာ ရပ်လိုက်ပြီး လှလေးရဲ့ မျက်ခုံးမွေးပေါ်မှာ တင်နေသည့် သနပ်ခါးတွေကို လက်မကလေးနှင့် အသာအယာ ခြစ်ချပေးလိုက်လေသည်။

"ဟေး၊ ဝေးမေား ..."

"စိန်အိုးစည် လွှယ်သလေလေ လွှယ်သလေလေ၊ လွှယ်သလေလေ လွှယ်သလေလေ၊ လိမ်ဖယ်ဖယ် တီးပါ့ မောင်ရယ်၊ လိမ်ဖယ်ဖယ် တီးပါ့ မောင်ရယ် xxx"





အိုးစည်ဝိုင်းက ရုတ်တရက် ဝမ်းမြောက်ဝမ်းသာ ထ၍ တီးမှုတ်အော်ဟစ်လိုက်ကြချိန်မှာ လှလေးက မျက်လွှာကလေးချ၍ ပြုံးနေခဲ့သည်။

မောင်ကြီးက လှလေးကို ကြည့်ရင်း နောက်ဆုတ်နောက်ဆုတ်နှင့် ကားဆီသို့ ပြန်သွားနေရင်း လက်ဝှေ့ယမ်းပြနေခဲ့သည်။

မကြာမီ ... မောင်ကြီး လိုက်ပါသွားသော ကားက တရွေ့ရွေ့ ဝေးသွားနေခဲ့သည်။ လှလေးခင်နှင့် မောင်ကြီးကတော့ တစ်ယောက်ကိုတစ်ယောက် ပျပျလေးသာ မြင်ရချိန်အထိ လက်ဝှေ့ယမ်းပြနေခဲ့လေသည်။

• • •



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

BURMESE CLASSIC .com

မောင်ကြီး မြို့ပြန်သွားပြီး မကြာခင်မှာပဲ လှလေးခင်က တက္ကသိုလ်တက်ဖို့ မောင်မောင်ကြီးတို့ မြို့ကို ရောက်လာခဲ့ပါတယ် ...။

ပြီးတော့ ... သူတို့ နှစ်ယောက် ချစ်သူဘဝနဲ့ ပျော်ပျော်ရွှင်ရွှင် လက်တွဲရင်း ပညာ ဆက်လက်သင်ယူခဲ့ကြတယ်။

နှစ်ယောက်စလုံး ကျောင်းပြီးသွားရင် ပုဂ္ဂလိက မူလတန်းကျောင်းလေး ဖွင့်ကြမယ်လို့ တိုင်ပင်ထားကြတယ်။

ခြောက်အိမ်တန်း ရွာကလေးကိုလည်း ကျောင်းပိတ်ရက်တွေမှာ မကြာမကြာ အလည်သွားပါတယ် ...။

ဗိုလ်ချုပ်(ခေါ်)ဦးမောင်မောင်ကတော့ မောင်ကြီးတို့ နှစ်ယောက်ကို ကြည့်ပြီး စိတ်ချမ်းသာနေတယ်။

ကြောင်လျှာသီး (ခေါ်) ဦးလှဦးကလည်း ဝက်





ဆန်ဆန် နေမြဲဆိုပေမယ့် သူ့ဇာတိကို မကြာခဏပြန်ပြီး ရွာကျောင်းကလေးအတွက် ဆက်ပြီး ပံ့ပိုးကူညီနေခဲ့ပါတယ်။

ရိုစီလှဦး တစ်ယောက်ကတော့ စတိတ်ရှိုး သွားမြဲ၊ နိုင်ငံတကာလှည့်ပြီး ဈေးဝယ်ထွက်မြဲပါပဲ ...။

ဒီလိုနဲ့ နောက်နှစ်ခါ ကျောင်းဖွင့်ရာသီမှာတော့ ရိုစီလှဦးတစ်ယောက် ခြောက်အိမ်တန်းကို အပို့ခံလိုက်တယ်။

သမီးဖြစ်သူကို သိပ်ကြည့်မရတော့တဲ့ မစ္စတာကြောင်လျှာသီးက မောင်ကြီးကို သူ့အဖေ ဒဏ်ခတ်သလို ရိုစီ့ကို ဒဏ်ခတ်ခဲ့တာပေါ့ ...။

ခုချိန်ဆို ဆရာမကလေး ဒေါ်ရိုစီလှဦးတစ်ယောက် လေးလက်မမြင့်တဲ့ ဒေါက်ဖိနပ်ကြီးနဲ့ပဲ ရွှံ့ထဲမှာ ရုန်းနေမလား ...

စကဒ်ဖြူဖြူ၊ တီရှပ် အစိမ်းကို ကိုးရီးယားကားယား ဝတ်ပြီးတော့ပဲ ကျောင်းတက်နေမလား ...။

ပိန်ပိန်လိန်လိန် ဝလုံးတွေကို ကြည့်ပြီးတော့ပဲ ဒေါသထွက်နေလေမလား ...။

မနက် မနက်ဆို ဘောင်းဘီတို ဝတ်ပြီး ခွေးတစ်စီနဲ့ပဲ အပြေးလေ့ကျင့်နေလေမလား ...။

ရိုစီ ဘယ်လိုများဖြစ်နေမှာပါလိမ့်လို့ တွေးဆကြည့်မိတိုင်း မောင်ကြီးနဲ့ လှလေးတို့ နှစ်ယောက်လုံး ရယ်မောမိကြပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ရှိစီလှူဦးတစ်ယောက် တောသား တစ်ယောက် ယောက်နဲ့ တွေ့မတွေ့ဆိုတာကတော့ ရှိစ္စီရဲ့ ဖူးစာကံအတိုင်း ပါပဲ . . . ။

ဖူးစာဆိုတာကလည်း ကြိုမမြင်နိုင်တဲ့ အရာမျိုး လေ . . . ။

ပုညခင်
3.6.2010
10 : 15 Pm



www.burmeseclassic.com